
# ရာမာခရစ်ရှနာ၏ ပုံပြင်များ

သုခ

(ဆဋ္ဌမအကြိမ်)



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံတော်ဦးတည်ချက်(၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သုခ

# ရာမခရစ်ရှနာ၏ ပုံပြင်များ

ပါရမီ
စာပေ

၂၉၀၆၅
အမှတ် ........

**ရာမာခရစ်ရှနာ၏ပုံပြင်များ**

ဆဋ္ဌမအကြိမ်၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ  သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၆၀၇၀၅၁၀ နှင့် စာမူခွင့်ပြုချက်အမှတ် ၃၂၀၅၉၅၀၅၀၈ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၁၂၀၀ ကျပ်

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

# မာတိကာ


| | |
|---|---|
| ပါရဂူ၏အမှာ | ၅ |
| ဤစာအုပ်ငယ်ဖြစ်လာရခြင်း | ၉ |
| နိဒါန်း | ၁၃ |
| ၁။ ခါးစည်းတစ်လွှာကြောင့် | ၃၉ |
| ၂။ အိမ်ရာထောင်လျှင် လူ့ဘောင်၌အစေအပါး | ၄၇ |
| ၃။ စိတ်သာရှင်စော ဘုရားဟော | ၅၆ |
| ၄။ ဝါစာ ကမ္မာ | ၆၀ |
| ၅။ အတ္တသမံ ပေမံနတ္ထိ | ၆၄ |
| ၆။ ဝီရိယနှင့် အဓိဋ္ဌာန် | ၇၀ |
| ၇။ အရွက်ကို မရေတွက်ပါနှင့် | ၇၈ |
| ၈။ ဆုံးမချင်သူ | ၈၀ |
| ၉။ ရှေ့သို့ | ၈၅ |
| ၁၀။ ရဟန်းတို့၏ဂုဏ် | ၉၁ |
| ၁၁။ ဂုရု(တရားပြဆရာ) | ၉၉ |
| ၁၂။ လှေနံဓားထစ် | ၁၁၅ |
| ၁၃။ တရားရှာ ကိုယ်မှာတွေ့ | ၁၁၈ |
| ၁၄။ ခြောက်သင့်လျှင်ခြောက် | ၁၂၀ |
| ၁၅။ အတုမှအစစ်သို့ | ၁၂၅ |

၁၆။ မိန်းမ ယောကျ်ား မဟူပြား ၁၃၀
၁၇။ ဘုရား၏ရယ်ခြင်း ၁၃၅
၁၈။ စာတွေနှင့်ငါတွေ ၁၃၈
၁၉။ ဘဝဟူသည် အိပ်မက်ရှည် ၁၄၄
၂၀။ တဏှာကွန်ရက် ၁၄၈
၂၁။ တန်ဖိုး ၁၅၁
၂၂။ သမထတန်ခိုးကို လောကီပေကြိုးနှင့်မတိုင်းသင့် ၁၅၃
၂၃။ ရဟန်းခံ လူသန် လိုးဒိတောင်း ၁၅၇
၂၄။ ဟီရိ ဩတ္တပ္ပ ၁၅၉
၂၅။ လောကထဲမှ မထွက်နိုင်သေးလျှင် ၁၆၂
၂၆။ အသိနှင့်အမြင် ၁၆၄
၂၇။ လောကီအပုပ်နံ့ ၁၆၈
၂၈။ အမှန်တရား ၁၇၀

# ပါရဂူ၏အမှာ

ဟိန္ဒူဘာသာတရားသည် ဘီစီ ၂၀၀၀၊ ၁၅၀၀ နှစ်အတွင်းလောက်က ပေါ်ပေါက်ခဲ့သည်။ ရှေးအကျဆုံးဘာသာတရားဖြစ်သည်။ ဟိန္ဒူဘာသာသမိုင်းကို လေ့လာကြည့်လျှင် ခရစ်နှစ်အစပိုင်းလောက်မှ စတင်၍ ဟိန္ဒူဘာသာစည်ပင်တိုးတက်ရေးအတွက် ပြုပြင်ရေးခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများ တစ်ဦးပြီးတစ်ဦး ပေါ်ပေါက်ထွန်းကားခဲ့သည်ကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်များအနက် ရာမာခရစ်ရှနာသည် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။

ရာမာခရစ်ရှနာ (ငယ်မည် ဂဒါဓရ) သည် ၁၈၃၆ ခု ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဘင်္ဂါနယ်ရွာတစ်ရွာတွင် ဗြာဟ္မဏအိမ်ထောင်စု၌ ဖွားမြင်သည်။ ငယ်စဉ်ကပင် ဘာသာတရားစိတ်ပြင်းပြလျက် အသက် ၁၈ နှစ်အရွယ်တွင် 'ဆန်နုယာဆီ'ခေါ်သည့် ဟိန္ဒူဘုန်းကြီးဘဝသို့ ရောက်ခဲ့သည်။ ရာမာခရစ်ရှနာ၏ဘာသာရေးဘဝသည် ထွေပြားသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်။ သူသည် ဟိန္ဒူဘုန်းကြီးဘဝဖြင့် မူဆလင်ဘာသာထဲ ဝင်ကြည့်သည်။ ခရစ်ယာန်ဘာသာထဲ ကူးပြောင်းကြည့်သည်။ နောက်ဆုံး၌ အမည်နာမအမျိုးမျိုးတတ်ထားသော်လည်း အမှန်တရားမှာ တစ်ခုတည်းသာ ဖြစ်၏ဟု သူသဘောပေါက်သွားသည်။ ဟိန္ဒူဘာသာသည် သူနှင့်

အလေးဂရုကျက်ပတ်ဆုံးသော ဘာသာတရားဖြစ်၏ဟု အပြီးသတ်၌ သူ ဆုံးဖြတ်ချက်ချလိုက်၏။ ဟိန္ဒူအဘိဓမ္မာများထဲမှလည်း ဝေဒန္တအဘိဓမ္မာ ကို သူအကြိုက်ဆုံးဖြစ်၏။ သူ၏တရားများမှာ ယေဘုယျအားဖြင့် ဝေဒန္တ အဘိဓမ္မာကို အခြေခံထား၏။

မကွယ်လွန်မီ ခြောက်နှစ်ကာလအတွင်း၌ ရာမာခရစ်ရှနာသည် ဆွာမိဝိဝေကာနန္ဒအမှူးရှိသော တပည့်သံဃာအဖွဲ့ကြီးတစ်ခု တည်ထောင် ဖွဲ့စည်းပေးသွားခဲ့သည်။ ရာမာခရစ်ရှနာမစ်ရှင်မည်သောအဖွဲ့မှာ ယင်းအဖွဲ့ ကြီးပင် ဖြစ်သည်။ ကိုအဖွဲ့သည် ရာမာခရစ်ရှနာထံမှ 'လူကိုအကျိုးပြုလျှင် ဘုရားသခင်ကို အကျိုးပြုသည် မည်၏' ဟူသော တရားအမွေအနှစ်ရရှိထား လိုက်သည်။ ရာမာခရစ်ရှနာမစ်ရှင်အသင်းကြီး၏ လူထုအကျိုးပြု လှုပ်ရှားမှု များမှာ ရာမာခရစ်ရှနာ၏ ယင်းတရားဒဿနအမတွင် အခြေခံလေသည်။

ရာမာခရစ်ရှနာသည် ယောကျ်ားမိန်းမ အားလုံး၌ ဘုရားသခင်ကို တွေ့မြင်သည်။ ယောကျ်ားမိန်းမအားလုံးကို ဘုရားသခင်ကို ဆက်ဆံသကဲ့ သို့ ဆက်ဆံသည်။ သူ၏ဘဝကစ်လျှောက်၌ ဆင်းရဲသားလူထုအကျိုးကို မနားမနေ သယ်ပိုးဆောင်ရွက်သွားခြင်းမှာ ယင်းစိတ်ဓာတ်မှပေါက်ဖွားလာ ခြင်းဖြစ်တန်ရာသည်။

ရာမာခရစ်ရှနာ၏ဘဝ၌တွေ့ရသော အထူးခြားဆုံးအချက်မှာ ဘာသာတရားများညီညွတ်စည်းလုံးရေးနှင့် ကမ္ဘာ့ချစ်ကြည်ရေးကို ဦးစား ပေးခြင်းဖြစ်၏။ သူ၏ဘဝအတွင်း၌ အချင်းချင်းရန်ဖြစ်နေကြသည့် ဘာသာ တရားများနှင့်အယူအဆများ လက်တွဲနေသည်ကို တွေ့ရသည်။ သူ၏ အကြောင်းကို စာအုပ်နှစ်အုပ်ဖြင့် ဂုဏ်ပြုရေးသားသော အနောက်တိုင်း ပညာရှင် ရိုမိန်ရိုလန်က 'ရာမာခရစ်ရှနာ၌ လူသားတို့၏ထောင်ပေါင်းများ စွာသော ဘာသာတရားများ ထူးထူးခြားခြားစုဝေးပေါင်းဆုံနေသည်ကိုတွေ့ရ သည်' ဟု မှတ်ချက်ချထားသည်။ ရာမာခရစ်ရှနာ၏ဘဝသည် ကမ္ဘာ့ ချစ်

ကြည် စည်းလုံးရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သည်။

ရာမာခရစ်ရှနာသည် တရားဒေသနာများစွာကို ဟောကြားပြသသွားခဲ့လေသည်။ ထိုတရားစကားများမှာ ပညာရှိတစ်ဦးဦး၏နှုတ်မှထွက်လာသည့်စကားမျှသာမဟုတ်ဘဲ ရာမာခရစ်ရှနာ၏ဘဝကျမ်းဂန်ထဲမှ စာမျက်နှာများဖြစ်နေကြပေသည်။ အကြောင်းမူကား သူ၏တရားစကားများသည် သူ၏ဘဝအတွေ့အကြုံထဲမှထိုးထွက်ပေါ်ပေါက်လာကြသည့် တရားစကားဖြစ်ကြသောကြောင့်တည်း၊ သူ၏တရားစကားများကို စုပေါင်း၍ သူ၏တပည့်ကြီးတစ်ဦးက အက္ခရာရေးတင်ထား၏၊ ထိုတရားဒေသနာပေါင်းချုပ်မှာ မူလဘင်္ဂါလီဘာသာဖြင့် အတွဲငါးတွဲရှိ၏။ 'ရှရီရာမာခရစ်ရှနာကထာမရိတ' ဟူသောအမည်ဖြင့် ထင်ရှား၏။ ထို မူလဗင်္ဂါလီဘာသာစာအုပ်ကို ဘာသာအမျိုးမျိုးဖြင့်ပြန်ဆိုထုတ်ဝေကြသည်။

ရာမာခရစ်ရှနာ၏ ထိုတရားပေါင်းချုပ်ထဲမှ သုတ္တန်ပုံပြင်များကို ဆရာသုခက ဖော်ထုတ်ထားသည်။ မြန်မာစာဖတ်ပရိသတ်အဖို့ ရာမာခရစ်ရှနာ တရားစကားကို ကောက်ကာငင်ကာ ဖတ်ရှုလေ့လာနိုင်ခွင့်ရရှိပြီဖြစ်၍ ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ ရာမာခရစ်ရှနာ၏ပုံပြင်များမှာ မဟာကဝိတဂိုး၏ကဗျာများနှင့်ဆင်တူသည်ကို တွေ့ရသည်။ တဂိုး၏ကဗျာအချို့မှာ အပေါ်ယံအကြမ်းဖျင်းအားဖြင့်ကြည့်လိုက်လျှင် အချစ်အကြောင်းကိုဖွဲ့နွဲ့ထားသည်ဟုထင်ရသော်လည်း ဓမ္မအဓိပ္ပာယ်လည်း တစ်စွန်းထွက်နေသည်ကို တွေ့ရသည်။ ရာမာခရစ်ရှနာ၏ပုံပြင်အချို့မှာ သာမန်အားဖြင့် ကြည့်လျှင် ရိုးရိုးဉပဒေသပေးသည့်ပုံပြင်များဟုထင်ရသော်လည်း အတွင်းနိုက်၍ကြည့်လျှင် ဓမ္မအဓိပ္ပာယ်ဖြင့် အပြည့်အဝပါရှိနေသည်ကို တွေ့ရသည်။ ထိုဓမ္မအဓိပ္ပာယ်ကို ဆရာသုခက နိုက်၍ပြထားသည်။ အချို့ပုံပြင်များမှာ ဓမ္မကိုအဓိက ထားသော်လည်း ခေတ်အတွေးခေတ်အမြင်နှင့်လည်း အံဝင်ခွင်ကျဖြစ်နေကြသည်။ ဉပမာအားဖြင့် 'လေ့နံ့ဓားထစ်'ဟူသောပုံပြင်မှာ တရားသေ

စာအုပ်ကြီးသမားများအား သတိပေးနေသည်။

ဆရာသုခက ရာမာခရစ်ရှနာ၏ ပုံပြင်များကို ဇာတ်နိပါတ်များဖြင့်လည်းကောင်း၊ ပိဋကတ်တော်လာ တရားဥပဒေများဖြင့်လည်းကောင်း၊ မြန်မာ့သာသနာဝင် အဖြစ်အပျက်များဖြင့်လည်းကောင်း ရှင်းလင်းဖြည့်စွက်အမွှမ်းတင်ပြထား၏။ သို့ဖြစ်၍ ပုံပြင်များသည် ဗုဒ္ဓဘာသာပါးဝနေသည့် မြန်မာပရိသတ်အဖို့ ပိုမိုတောက်ပြောင်သွားဖွယ်ရာရှိပေ၏။

ပါရဂူ
(၂.၉.၆၆)

# ဤစာအုပ်ငယ်ဖြစ်လာရခြင်း

မခေါ်ပင့်ချေ။ လွန်ခဲ့သော ၁၉၆၅ ခု မတ်လ ၁ ရက်နေ့က ကျွန်တော့်အိမ်သို့ ဟိန္ဒူဘုန်းတော်ကြီးတစ်ပါး၊ မြန်မာဒါယကာတစ်ဦးနှင့် အတူ ကြွလာခဲ့သည်။ ဟိန္ဒူဘုန်းတော်ကြီးမှာ ရာမာခရစ်ရှနာသာသနာပြု အသင်းမှ အတွင်းရေးမှူး ဆွာမိသူရိယနန္ဒာတည်း။

ကိစ္စကား ရာမာခရစ်ရှနာ ဘုန်းတော်ကြီး ကွယ်လွန်ခဲ့သည့် အနှစ်ရှစ်ဆယ်ပြည့် အခမ်းအနားတွင် ၎င်းပုဂ္ဂိုလ်ကြီး၏ ထေရုပ္ပတ္တိကို ကျွန်တော်က မြန်မာဘာသာဖြင့် ဟောပြောပေးရန်ဖြစ်၏။ အခမ်းအနားအစီအစဉ်ကို အိန္ဒိယသံအမတ်ကြီးကဆောင်ရွက်၍ ဆွာမိသူရိယနန္ဒာက အင်္ဂလိပ်လို ဟောပြီးလျှင် ဆက်ရာနာရာရန်ဂိုအင်ကာ အမည်ရှိ ဟိန္ဒူဥပါသကာ တစ်ဦးက ဟင်ဒီဘာသာဖြင့် ဟောပြီးသည့်နောက် ကျွန်တော်က မြန်မာဘာသာဖြင့် ဟောပြောမှုကို တာဝန်ယူရန်ဖြစ်သည်။ ဟောပြောပွဲပြုလုပ်မည့် နေရာကား ၎င်းတို့၏ရာမာခရစ်ရှနာအသင်းတိုက်တွင်ဖြစ်သည်။ ဟောပြောရမည့်နေ့ရက်မှာ မတ်လ ၈ ရက်နေ့ဟုဆို၏။

ကျွန်တော်နှင့်ဆွာမိသူရိယနန္ဒာမှာ မကြာသေးမီကပင် မျက်မှန်းတမ်းမိခဲ့ရပါသည်။ မြန်စာပြန့်အသင်းမှကြီးမှူးကျင်းပခဲ့သော ပါရဂူ၏ သုန္ဒရာနန္ဒစာအုပ်၏အဖွင့်ဟောပြောပွဲနှင့် စာရေးဆရာရွှေတိုင်ညွန့်၏မိဘမေတ္တာသီချင်းဟောပြောပွဲကို ၎င်းတို့အသင်းတိုက်၌ ဟောပြောခဲ့ရဖူးရာ ထိုနှစ်ပွဲစလုံးတွင် ဆွာမိသူရိယနန္ဒာက မြန်စာပြန့်အသင်းနှင့်တွဲဖက်၍ အစစ

အရာရာဆောင်ရွက်ပေးခြင်း၊ နေရာထိုင်ခင်းနှင့်အသံချဲ့စက်များပါ ဝိုင်းဝန်းကူညီခြင်းဖြင့် ကျေးဇူးပြုခဲ့ရသည်။

သို့ဖြင့်လင့်ကစား ယခု သူပြောလာသော ဟောပြောပွဲအတွက်မူ ကျွန်တော့်မှာ ဟိန္ဒူဘာသာဟူ၍ နကန်းတစ်လုံးမျှ မတတ်။ ရာမာခရစ်ရှနာ၏ အတ္ထုပ္ပတ္တိကိုလည်း လေ့လာခဲ့ဖူးခြင်းမရှိ။ ထို့ကြောင့် ဟောပြောဖို့မဖြစ်နိုင်ကြောင်းဖြင့် ငြင်းရ၏။ တောင်းပန်ရ၏။ ဤပွဲမျိုးနှင့်သင့်တော်သော ဆရာပါရဂူအား ညွှန်ပြကာ လူစားထိုးပေး၏။ ဆရာပါရဂူမှာ သက္ကတ၊ ဟင်ဒီတို့မှ တိုက်ရိုက်မြန်မာပြန်နေသောပုဂ္ဂိုလ်တည်း။

"မငြင်းပါနဲ့ဆရာသုခ၊ ဆရာ ကောင်းကောင်းဟောနိုင်ပါလိမ့်မယ်လို့ ဆရာပါရဂူကလက်ထောက်ချလိုက်တာပါ" ဟု ဆွာမိကြီးက ဆို၏။

"ကျွန်တော် ရာမာခရစ်ရှနာအကြောင်းနဲ့ပတ်သက်ပြီး ဘာမှသိထားခဲ့တာမရှိပါဘူး" ဟု ကျွန်တော်ကအကြောင်းပြ၏။ ထိုအခါ–

"ကိစ္စမရှိပါဘူး၊ ကျွန်တော်စာအုပ်တွေယူလာပါတယ်" ဟု ဆိုကာ ကျွန်တော်လေ့လာရန်အဆင်သင့်ယူလာသော စာအုပ်သုံးအုပ်ကိုထုတ်ပေးတော့သည်။ ပြီးတော့–

"ဆရာသုခဟောပြောပွဲတွေမှာ ကျွန်တော်အများကြီးကူညီခဲ့ပါတယ်၊ အခု ကျွန်တော်တို့အသင်းအတွက် တစ်လှည့်ကူညီပေးပါ၊ နောက်ပြီးတော့ ဆရာ့ကိုညွှန်ကြားလိုက်တဲ့ပါရဂူရဲ့မျက်နှာကိုလည်း ထောက်ထားပေးပါ" ဟု အကျပ်ကိုင်တော့သည်။

သူယူလာသောစာအုပ်များကို ကျွန်တော်ကကြည့်လိုက်မိသည်။ သူတို့အသင်းကထုတ်ဝေ၍တက္ကသိုလ်ကထိကဦးကျော်ရင်မြန်မာပြန်သော ရာမာခရစ်ရှနာ၏ဝတ္ထုပုံတော်များ၊ ဦးမျိုးသန့်မြန်မာပြန်သော ရာမာခရစ်ရှနာ အတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ၎င်း၏အာဘော်များဟူသည့်စာအုပ်များဖြစ်

ကြသည်။

ဆိုကြပါစို့။ ဤသို့ဖြင့် ကျွန်တော်သည် ထိုစာအုပ်များနှင့်အကျွမ်းဝင်ခဲ့ရပါသည်။ ဟောပြောပွဲအတွက် စေ့စေ့ငုငု ဖတ်ရှုလေ့လာရပါသည်။ ကိုတောင်းလှသောအချိန်ကာလအတွင်း အကျဉ်းချုပ်စာအုပ် နှစ်အုပ်သုံးအုပ်မျှဖတ်ရှုရရုံနှင့် ဘာသာတစ်ရပ်ကို ကျွန်တော့်အနေဖြင့် လင်းပါးနိုင်ဖွယ်မရှိကြောင်းသတိပြုမိပါသည်။ ထို့အပြင်လည်း ဟင်ဒီဘာသာအယူဝါဒ ဓမ္မရေးရာကို ကျွန်တော်က ကောက်ချက်ချဖို့မလိုပါ။ ပုဂ္ဂိုလ်ကျော်တစ်ဦး၏ အတ္ထုပ္ပတ္တိ၊ သူဟောပြောခဲ့သော နီတိနှင့်ပုံဝတ္ထုများကိုသာ လက်လှမ်းမီသရွေ့ ကျွန်တော်က ဖောက်သည်ချပေးရန်သာရှိပါသည်။

ကျွန်တော်တို့သည် ဗုဒ္ဓ၏မုက္ခပါဠ်မဟုတ်စေကာမူ လောကီလောကုတ္တရာအတွက် နည်းဥပဒေသထုံးမွမ်းသော ဟိတောပဒေသ၊ စာဏကျနီတိ၊ လောကနီတိ၊ ဓမ္မနီတိ၊ ဂမ္ဘီသာရဩဝါဒထူးစသည်စသည်တို့ကို အမြတ်တနိုး ရင်ဝယ်ပိုက်ခဲ့ကြရသည်။

ထို့အတူ ယခု ရာမာခရစ်ရှနာ၏သုတ္တန်ပုံပြင်များကို ကျင်လည်ကျက်စားခွင့်ရလာသောအခါ ကျွန်တော့်အနေနှင့် နှစ်ခြိုက်ခုံမင်စရာ ဆင်ခြင်သုံးသပ်စရာအရသာများကို တွေ့သင့်သလောက ် တွေ့၍ ခံစားသင့် သလောက် ခံစားခဲ့ရပါသည်။ ရာမာခရစ်ရှနာ၏ ဘဝပေးအခြေအနေနှင့် အတွေးအခေါ်အယူအဆအချို့မှာလည်း စိတ်ဝင်စားစရာများဖြင့် ရပ်တည်နေခဲ့ကြောင်း သိခဲ့ရပါသည်။

ထို့ကြောင့် လိုလိုချင်ချင်ပင် ရာမာခရစ်ရှနာ ဟောပြောပွဲသို့တက်ရောက်ကာ သူ၏အတ္ထုပ္ပတ္တိအကျဉ်းနှင့် သူ၏အာဘော်အချို့အဝက်ကို မြန်မာဘာသာဖြင့် ဖွင့်ဆိုဟောပြခဲ့ပါသည်။ ထိုသို့ဟောပြောရာ၌ သူ၏ ဒဏ္ဍာရီ၊ သုတ္တန်၊ အာဘော်၊ နီတိစသည်တို့ကို ဗုဒ္ဓမတ္တညု ဓမ္မဒေသနာအချို့၌ ဟောကြားတော်မူခဲ့ဖူးကြောင်း ဆက်သွယ်စပ်လျဉ်း၍ တွဲယှဉ်တင်ပြခဲ့ပါ

သည်။ ကျွန်တော်တို့၏ကျေးဇူးရှင်ဆရာတော်ကြီးများ၏ဩဝါဒဥပဒေသ အချို့နှင့် နီးစပ်ရာအကြောင်းအချက်အလက်များကိုလည်း နှိုင်းပြ၍ တန်ဆာဆင်ခဲ့ပါသည်။

ထိုပောပြောပွဲမှတစ်ဖန် ၁၉၆၅ ခု ဇွန်လမှစ၍ ငွေတာရီမဂ္ဂဇင်းတွင် ငါးလခန့် လစဉ်ရေးသားဖော်ပြခဲ့ပါသေးသည်။ ယခုစာအုပ်ငယ်တွင် ငွေတာရီမဂ္ဂဇင်းပါသုတ္တန်များသာမက ကောင်းနိုးရာရာကြွင်းကျန်နေသေးသောပုံဝတ္ထုကလေးများနှင့်ပူးပေါင်း၍ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ ဤရွေ့ ဤမျှရေးသားဖော်ပြခွင့်ရခြင်း၌ မူလမြန်မာပြန်သူ ဆရာဦးကျော်ရင် (ကွယ်လွန်သူ) နှင့် ဆရာဦးမျိုးသန့်တို့၏အထောက်အပံ့ ဥပကာရနှင့် မကင်းကြောင်း ကျွန်တော်ဝမ်းမြောက်စွာ ဂုဏ်ယူတင်ပြလိုက်ရပါသည်။

သုခ(၁၅.၉.၆၆)

သက္ကရာဇ်တစ်ရာ၏ ပတ်ဝန်းကျင် ဗုဒ္ဓပွင့်တော်မူအံ့ဆဲဆဲကာလ ကား အိန္ဒိယပြည်တွင် လောကမှထွက်မြောက်ကြောင်း တရားအမြိုက် ချမ်းသာကို ပုဂ္ဂိုလ်အတော်များများ ရှာဖွေကျင့်ကြံကြသောခေတ်ဖြစ်သည်။

မင်းဧကရာဇ်များ၊ စစ်သူကြီးများ၊ မင်းတိုင်ပင်အမတ်များ၊ မင်း အပူဇော်ခံ ဆရာဗြာဟ္မဏကြီးများ၊ သူဌေးသူကြွယ်များစသည်ဖြင့် လူတန်းစား အဖုံဖုံ ကာမဂုဏ်စွန့်ခွာ၍ ပစ္စည်းဥစ္စာရတနာတို့ကို စွန့်ကြဲလှူဒါန်းကြ ပြီးလျှင် ရသေ့ရဟန်းအဖြစ် တောထွက်ကြလေသည်။

ထိုအထဲတွင် ပိပ္ပလိသတို့သားကား ထူးခြားသည်ဟုဆိုရပေမည်။

မဂရာဇ်တိုင်း မဟာတိတ္ထမည်သော ပုဏ္ဏားရွာ၌ ကပိလ မည် သော ကဿပအနွယ်ဖြစ်သော မင်းပုဏ္ဏား၏ တစ်ဦးတည်းသောသား ဖြစ် သည်။ သူသည် သိတတ်သည့်အရွယ်ကစ၍ လောက၏အနှောင်အဖွဲ့မှ လွတ်ကင်းအောင် တရားချမ်းသာကို ရှာကြံနေခဲ့လေသည်။

တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ မိဘများက ကြင် လျာစုံဖက်ရန် တိုက်တွန်း၏။ ပိပ္ပလိလုလင်လည်း ...

"ကာမဂုဏ်ဖြင့်မွေ့လျော်ခြင်းကို အလိုမရှိပါ၊ မိဘနှစ်ပါးအသက် ရှည်နေသမျှကို အကျွန်ုပ်လုပ်ကျွေး၍ မိဘတို့လွန်သောအခါ ရဟန်းပြုပါ အံ့"ဟု ဆိုလေ၏။

မိဘများကလည်း နေ့စဉ်နှင့်အမျှ တိုက်တွန်း၏။ ကြာလတ်သော် ရွှေရုပ်နှင့်တူသူကိုရမှ အိမ်ထောင်ပြုပါမည်ဟု မတွေ့နိုင်လောက်သော အလှ

အသေး အရည်အချင်းတို့ကို သတ်မှတ်ကာ မိန်းမအရှာခိုင်းလေသည်။

ဖခင်ပုဏ္ဏားကြီး၏ကြိုးပမ်းချက်အရ ပိပ္ပလိ သတ်မှတ်ပေးသော ရွှေရုပ်ကလေးလိုလှသည့် ဘဒ္ဒကာပိလာနိ အမည်ရှိသည့် မဒ္ဒရာဇ်တိုင်း သာဂလမြို့သူကလေးကို လေးနှစ်မျှကြာအောင် ရှာဖွေပြီးမှ သွား၍တွေ့ရသည်။

အမျိုးတူ ဂုဏ်တူ ကြွယ်ဝသူချင်းဖြစ်သောကြောင့် အလွယ်တကူပင် မိဘချင်းစေ့စပ်လိုက်ကြ၏။ ထိုအခါ ပိပ္ပလိ သတို့သားက ဘဒ္ဒကာပိလာနိထံ လျှို့ဝှက်စာတစ်စောင် သဝဏ်လွှာပါးလိုက်သည်။ စာ၏အဓိပ္ပာယ်မှာ...

"ကျွန်ုပ်မှတစ်ပါး မျိုးရိုးတူမျှသော အခြားပုဂ္ဂိုလ်သတို့သားကို သာရှာဖွေလက်ခံပါ၊ ကျွန်ုပ်အဖို့မူ လူတို့ဘောင်တွင် ပျော်ရွှင်ခြင်းကို အလိုမရှိပါ၊ မိဘနှစ်ပါးတို့က အနိုင်အထက်ထိမ်းမြားသော်လည်း သူတို့၏ ဩဇာကိုနာခံသည်ဆိုရုံမျှနေ၍ မကြာမြင့်မီ အခြားတစ်ပါးသို့ထွက်ကာ ရဟန်းပြုမည်ဧကန်ဖြစ်သည်။ ထိုအခါ သင်နှလုံး မသာမယာနှင့် တစ်ဦးတည်းကျန်ခဲ့ရလတ္တံ့" ဟူသောစာဖြစ်သည်။

ဘဒ္ဒကာပိလနိ သတို့သမီးကလည်း ပိပ္ပလိကဲ့သို့ ဃရာဝါသသမ္ဘာကို ငြီးငွေ့စက်ဆုပ်နေသူ အမျိုးသမီးကလေးဖြစ်လေရာ စေ့စပ်ခြင်းမင်္ဂလာအတွက် နှလုံးမသာမယာရှိလှသောကြောင့် ပိပ္ပလိ သတို့သားထံ စာတမန်လွှတ်ထားပြီးဖြစ်လေသည်။ သူမ၏စာမှာလည်း ပိပ္ပလိ သတို့သား ၏စာပါ အာဘော်အတိုင်းပင်ဖြစ်လေ၏။

သို့သော် ရှောင်လွှဲ၍မရသော အကြောင်းတို့ကြောင့် လက်ထပ်မင်္ဂလာ ပြုကြရလေသည်။ သို့ပင်ပြုကြသော်လည်း ရှေ့အဖို့ ခရီးသွားရန် ကိုယ့်အကြံနှင့်ကိုယ် ရှိပြီးဖြစ်ကြလေ၏။

ညချမ်းသို့ရောက်လတ်သော် သတို့သားသည် ပန်းကုံးတစ်ခုကို

ကိုင်၍ သတို့သမီးကလည်း တစ်ခုသောပန်းကုံးကိုကိုင်၍ အိပ်ခန်းသို့ဝင်ခဲ့ကြပြီးလျှင် အိပ်ရာထက်၌ နှစ်ယောက်အကြား ပန်းကုံးနှစ်ခုကို ထားလေသည်။

"သင်၏ပန်းကုံးညှိုးလျှင် သင်ရာဂစိတ်ဖြစ်သည်ကို သိရလတ္တံ့၊ ငါ၏ပန်းကုံးညှိုးဘိမူကား ငါ ရာဂစိတ်ဖြစ်သည်ဟူ၍သိလေတော့၊ ရာဂကြူးသောပုဂ္ဂိုလ်ကို စွန့်ခွာစတမ်း"ဟု ကတိကဝတ်ပြု၍ ပိပ္ပလိသတို့သားသည် လက်ယာနံတောင်းဖြင့် စောင်း၍၊ ဘဒ္ဒကာပိလာနီလည်း လက်ဝဲနံတောင်းဖြင့်စောင်းလျက် ကိုယ်လက်မထိပါးစေရဘဲ ညဥ့်သုံးယံပတ်လုံး စက်မွေ့ကြလေသည်။

သို့နှင့် ကာမဂုဏ် မယှက်မြေးဘဲ သန့်ရှင်းစင်ကြယ်စွာ သဘောတူ နေကြပြီးသည့်နောက် ကာလအတန်ကြာ၍ နှစ်ဖက်သောမိဘက လက်ဖွဲ့သော သူတို့ပိုင်လယ်မြေများကို လှည့်လည်ကြည့်ရှုစဉ် လယ်လုပ်သူများ၏ ပယောဂဖြင့် ပိုးမွှားအများ သေကြေပျက်စီးရပုံကိုမြင်တွေ့ရလေ၏။ ထိုအခါ ကြောက်ရွံ့သောသံဝေဂရလျက် ဇနီးမောင်နှံနှစ်ဦးလုံး မိမိတို့ပိုင် စည်းစိမ်ချမ်းသာတို့ကိုစွန့်ခွာ၍ တောထွက်ခဲ့ကြသည်။

ပိပ္ပလိသတို့သားသည် ဗုဒ္ဓမြတ်စွာနှင့်တွေ့၍ ရှင်မဟာကဿပဟု ကျော်စောထင်ရှားသော ရဟန္တာကြီးဖြစ်ရုံမျှမက ဘုရားကိုယ်တော်တိုင်ကိုယ်စားပြုရသော၊ ချီးမွမ်းဂုဏ်ပြုခြင်းခံရသော၊ ဓုတင် ၁၃ ပါးကို မကွာတစေ ကျင့်သုံးခဲ့သော ဗုဒ္ဓဘုရားရှင်နှင့်သင်္ကန်းချင်း လဲလှယ်ဝတ်ရုံခွင့်ရခဲ့သော၊ ပထမဦးစွာဗုဒ္ဓ၏ပိဋကတ်ကို သင်္ဂါယနာတင်ခဲ့သော ပုဂ္ဂိုလ်ထူးကြီးတစ်ပါးပင် ဖြစ်ပေသည်။

*

ဤအကြောင်းကား ရာမာခရစ်ရှနာထေရုပ္ပတ္တိကို ဖတ်ရသော ကာလက ကျွန်တော်သတိရမိသော ရှင်မဟာကဿပမထေရ်ကြီး

အကြောင်းပင်ဖြစ်ပါသည်။

ရာမာခရစ်ရှနာအလောင်းဖြစ်သော ဂဒါးဒရ်လုလင်သည် ရှင်မဟာကဿပအလောင်းဖြစ်သော ပိပ္ပလိလုလင်ကဲ့သို့ လက်ထပ်ထိမ်းမြားသည့်ညကပင်လျှင် ထူးခြားချက်တစ်ရပ်နှင့် တွေ့ကြုံခဲ့ရသည်။

ဂဒါးဒရ်သည် လောကအတွင်းလှည့်လည်ရင်း လောကမှထွက်မြောက်ရာ ထွက်မြောက်ကြောင်း တရားအရသာကို ရှာဖွေနေခဲ့သူဖြစ်သည်။ မိဘဆွေမျိုးများက အိမ်ရာထောင်ပေးခြင်းအားဖြင့် စိတ်တည်ငြိမ်၍ အိမ်ထောင်မှုခြေချုပ်မိသွားလတ္တံ့ဟု ထင်ကြသည်။ ထို့ကြောင့် ဆာရာဒါဒေဝီအမည်ရှိသည့် အသက် တစ်ဆယ့်လေးနှစ်အရွယ် ကညာပျိုတစ်ဦးနှင့် လက်ထပ်ပေးကြသည်။

ထိုညတွင် ရာမာခရစ်ရှနာဟု ဘွဲ့အမည်ခံပြီးဖြစ်သော ဂဒါးဒရ်က သူ၏သတို့သမီးအသစ်စက်စက်ကလေးအား ဒူးထောက်၍ ဤသို့တောင်းပန်လေသည်။

"ဘုရားသခင်မက မိန်းမတိုင်းသည် သူ၏ကိုယ်စားတော်ဖြစ်သည်ဟု ငါ့အားညွှန်ကြားပေးသည်။ ထို့ကြောင့် မိန်းမအားလုံးသည် ဘုရားသခင်မ၏ရုပ်ပွားဖြစ်သည်ဟု ငါမြင်၏။ သင့်ကိုလည်း ဤအတိုင်း ထင်ပါ၏။ သို့ရာတွင် ငါ့ကိုယ်ကို သင့်ထံအပ်နှံပြီးဖြစ်၍ လောကီနယ်အတွင်းသို့ ငါ့ကိုဆွဲခေါ်လိုက သင်ဆွဲခေါ်နိုင်ပါသည်" ဟု တောင်းပန်လေသည်။

ထိုအခါ ဆာရာဒါဒေဝီကညာပျိုကလည်း အံ့ဩတွေဝေခြင်းမရှိဘဲ–

"အို အရှင်၊ သင်၏သမထလုပ်ငန်းမှ လောကီထဲသို့ ဆွဲချချင်သောဆန္ဒ ကျွန်မမှာ လုံးဝမရှိပါ၊ ကျွန်မသည်လည်း ဘုရားသခင်ထံ 'တပည့်တော်မ၏အကျင့်စာရိတ္တကို နှင်းဆီဖြူကဲ့သို့ ဖြူဖွေးသင်းပျံ့အောင်မ,စတော်မူပါ၊ လမင်းတွင် ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ရန်မျိုးငါးပါး

အစွန်းအထင်းမကင်းသော်လည်း တပည့်တော်မ၏ဘဝကို အစွန်းအထင်း ကင်းအောင် စောင့်ရှောက်တော်မူပါ'ဟု ဆုတောင်းခဲ့ဖူးပါသည်။ ထို့ကြောင့် တရားမြတ်ကို ကျင့်ကြံအားထုတ်နေသော အရှင်၏အနီးအပါးမှ သန့်ရှင်း သောကိုယ်ဖြင့် ဝတ်ကြီးဝတ်ငယ်ပြုရန် ကပ္ပိယဒါယိကာမအဖြစ် နေခွင့်ပြုပါ၊ တောင်းပန်ပါရစေ" ဟု ဆိုပေသည်။

ဤသို့အားဖြင့် သီရိရာမာခရစ်ရှနာက ဘုရားသခင်ကိုဆည်းကပ် ကိုးကွယ်သောယောကျ်ားတို့၏စိတ်သည် ကာမဂုဏ်အာရုံမှ လုံးဝကင်းစင် ကြောင်း လက်တွေ့ဖော်ပြခြင်းတွင် ပိပ္ပလိသတို့သားနှင့်တူလျက် ဆာရာဒါ ဒေဝီကလည်း ဘဒ္ဒကာ သတို့သမီးကဲ့သို့ နောက်ပါးက တရားကျင့်ရင်း လိုက်ပါနိုင်သည်မှာ ထူးခြားတူညီသောဖြစ်ရပ်တစ်ခုပါပေ။

ရာမာခရစ်ရှနာက–

"တဏှာရာဂဆိုသည်မှာ ဝမ်းတွင်းပါမဟုတ်ပါ၊ မစင်ကြယ်သော စိတ်နှလုံး၏တွေးတောမှုသာဖြစ်သည်"ဟု သူ့ဇနီးသည်အား ပြောကြားဖူး လေသည်။ ဤကား ကာမုပါဒါန်တရားနှင့် ကာမစ္ဆန္ဒနီဝရဏတရားကို ဖော်ပြရာရောက်သည်။

ရာမာခရစ်ရှနာ၏ဂုဏ်သတင်းကိုကြားရသော ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး၊ လောကုတ္တရာဆရာ၊ လောကဓာတ်ဆရာ၊ အဘိဓမ္မာ ဆရာ၊ ခရစ်ယာန်ဘာသာဝင်၊ ဆစ်ဘာသာဝင်၊ မဟာမေဒင်မှအစ လူအား လုံး၊ လူမျိုးမရွေး၊ ဇာတ်မရွေး၊ ဘာသာမရွေး၊ ယုံကြည်မှုမရွေး ရပ်ဝေး ရပ်နီးမှ သူ့ထံသို့လာရောက်ကြသည်။ သို့ရာတွင် ရာမာခရစ်ရှနာသည် တွေ့မြင်နေကျ ဓမ္မကထိကမျိုးမဟုတ်ပေ။ သူ၏'ဒသက်နိသွာရ်' ရွာကလေး မှ မထွက်ခွာ။ တရားဟောစင်မြင့်ပေါ်သို့လည်းမတက်၊ သူ့အကြောင်းကို သတင်းစာ၌လည်း မကြော်ငြာချေ။

သူ၏နီတိနှင့် သူ၏သုတ္တန်များက တရားနာသူ မှန်သမျှအား

သံဝေဂတရားပေါ်ပေါက်လာစေသည်။

သန်းပေါင်းများစွာသော ဟိန္ဒူလူမျိုးများ၏ အသည်းနှလုံးအတွင်းမှ ပြည့်ပြည့်ဝဝ နှစ်နှစ်ခြိုက်ခြိုက် လှိုက်လှိုက်လှဲလှဲ ကြည်ညိုသဒ္ဓါတရားဖြစ်ပွားလာအောင် စေ့ဆော်စွမ်းရှိသည့် သီရိရာမာခရစ်ရှနာဟူသောအမည်ဖြင့် လူသိနတ်ကြား ထင်ရှားသော ဥတ္တမပုရိသယောကျာ်းကောင်း တစ်ယောက်ကို ၁၈၃၆ ခု ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အိန္ဒိယပြည်ဝယ် ဖွားမြင်ခဲ့လေသည်။

မိဘများကား ဘင်္ဂလားပြည် ဟူဂလီခရိုင်လမ်းမရှိ 'ကမာရပုရ်' မည်သော ရွာသိမ် ရွာငယ်ကလေးမှ သာမန်ဆင်းရဲသား လယ်သမား လင်မယားသာဖြစ်၏။

လူ၏ အခြေအနေသာ ဆင်းရဲသော်ငြားလည်း ကိုယ်ကျင့်တရားကား သူဌေးသူကြွယ်ဟု ဆိုအပ်ပေမည်။ ရာမာခရစ်ရှနာ၏ ဖခင် 'မနီရမ်' မှာ ဘုရားတရားကို အလွန်ကြည်ညိုသူဖြစ်၏။ မှသာဝါဒကို စက်ဆုပ်၏။ ကိုယ်ကျင့်တရားဖြူစင်၏။ ကိုးကွယ်သောဘာသာတရားအရ များစွာသော အချိန်မှာ ဘုရားရှိခိုးခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းဖြင့် ဗြာဟ္မဏတစ်ယောက်၏ သိက္ခာကို တစ်သဝေမတိမ်း လိုက်နာသူဖြစ်သည်။

ထိုသို့ ကိုယ်ကျင့်တရားကောင်းလွန်း၍သာ ဘိုးစဉ်ဘောင်ဆက်က နေထိုင်ခဲ့သော 'ဒီရေပို' ရွာမှ 'ကမာရပုရ်' ရွာကလေးသို့ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။

အကြောင်းကား ဒီရေပိုရွာတွင် သူ၏ မြေပိုင်ရှင် သူဌေးက အခြားလယ်သမားတစ်ဦးအား ရုံးတော်တွင်တရားစွဲဆိုခဲ့ရာ ၎င်းအမှုကို မနီရမ်အား သူ့ဘက်မှ မတရားသက်သေလိုက်ရန် သိမ်းသွင်းတိုက်တွန်း၏။

မနီရမ်က မှသာဝါဒကို တောက်တောက်ခါးခါး ငြင်းဆန်၍ သက်သေအဖြစ် မလိုက်ခဲ့ပေ။ ထိုအငြိုးဖြင့် မြေပိုင်ရှင်က မနီရမ်အား ရွာ

တွင်မနေနိုင်လောက်အောင် ခနရှင်ပီပီ ဖိစီးညှဉ်းဆဲလေတော့ရာ ကြွယ်ဝတတ်သမျှသော ဘိုးဘပိုင်အိုးအိမ်လယ်ယာကလေးများကိုစွန့်ခွာ၍ ကမာရပုရ်သို့လွင့်လာခဲ့လေသည်။

ဖခင်ဖြစ်သူသာ ဤကဲ့သို့ကိုယ်ကျင့်တရား လက်ကိုင်ထားခဲ့သည်မဟုတ်။ မိခင်ဖြစ်သူ 'ဆာရီမတီ'သည်လည်း အလွန်နူးညံ့သော အမျိုးသမီးတစ်ဦးဖြစ်သည်။ ရိုးသားသည်၊ ရောင့်ရဲသည်၊ အိမ်နီးချင်းတို့ အပေါ်ဝယ် မေတ္တာကရုဏာဖြင့်ထောက်ပံ့လေ့ရှိသည်။ အခါများစွာ ဆိုသလိုပင် မိမိတို့ထက် ဆင်းရဲချို့တဲ့သူများအား ရှိသမျှအစားအစာတို့ကို ရက်ရက်ရောရောလှူဒါန်းလိုက်ပြီးလျှင် မိမိမှာ တစ်နေ့လုံးအငတ်ခံခဲ့ဖူးလေသည်။

ထိုသို့သော အသွင်တူသည့် အိမ်သူလင်မယား သူတော်စင်မိဘများက အတိတ်ထူး နိမိတ်ထူးများဖြင့် ရာမာခရစ်ရှနာဟု ကျော်စောအံ့သော သားရတနာကို မွေးဖွားလိုက်ခြင်းဖြစ်၏။ ငယ်မည်မှာ အတိတ်နိမိတ်ကို အကြောင်းပြု၍ 'ဂဒါးဒရ်' ဟု တွင်၏။

ဂဒါးဒရ်သည် ကစားသောအရွယ် သူငယ်ဘဝကပင် ဘုရားရှိခိုးအမျိုးမျိုးနှင့် အမျိုးသားရေးရာပုံပြင်ကြီးများကို အလွတ်နှုတ်ငုံရခဲ့သည်။ တစ်ယောက်တည်း တစ်နေရာတွင် စူးစူးစိုက်စိုက် စဉ်းစားနေတတ်သည်။ ကလေးအဖော်များနှင့် ရောရောထွေးထွေး ဟေးလားဝါးလား ကစားနေလေ့မရှိ၊ ထိုအမူအကျင့်သည် ခုနစ်နှစ်သားအရွယ်တွင် လယ်ကန်သင်းပေါ်၌ လျှောက်ရင်း ကောင်းကင်မှပြာမည်းနေသောတိမ်တိုက်ကြားအတွင်း ဖြူဆွတ်သောကြိုးကြာငှက်များ ဖောက်ထွင်းပျံသန်းသွားကြသည်ကို တအံ့တသြကြည့်ရှုနေရာမှ လောက၏သဘာဝမှ ဓမ္မကိုဆင်ခြင်သုံးသပ်၍ ပီတိအဟုန်ဖြင့် သတိမေ့သွားဖူးလေသည်။

သူသည် ကျောင်းစာကို ဝါသနာမပါခဲ့၊ မိရိုးဖလာ စာသင်ရမည်ကို ငြင်းဆန်ခဲ့သည်၊ ကျောင်းတွင် တစာစာ တည်ည် စာအံနေရမည့်အရွယ်

ဖြစ်သော်လည်း မိမိကိုယ်ကို ပြာများလိမ်းကျံ၍ သစ်ခေါက်ဆိုးအရောင် အဝတ်အစအနများကို ဝတ်ဆင်ကာ တရားစာများ ရွတ်ဖတ်သရဇ္ဈာယ်ပုံမျိုးဖြင့် ဆာဒူးဘုန်းကြီးလုပ်တမ်း ကစားတတ်သောကြောင့် မိဘများက အံ့အားသင့်ကာ ရယ်မောကြရလေသည်။

ဗြာဟ္မဏလူမျိုးတို့ထုံးစံကား ကိုးနှစ်အရွယ်တွင် ပရိတ်ကြိုးဆင်ပေးရမည့်အခါတည်း။ ၎င်းပရိတ်ကြိုးစလွယ်ဆင်ပြီးသည့်နောက် ကိုရင်ဘဝသို့ရောက်လျှင် ဗြာဟ္မဏတန်းတူ ဆွေမျိုးထဲမှ အလှူဝတ္ထုကို ခံယူရမည်ဖြစ်သည်၊ ဤကား ဗြာဟ္မဏတို့၏ ထုံးစံတည်း။

ထို ထုံးစံအစဉ်အလာကို ကိုးနှစ်သား ဂဒါးဒရ်က ရဲဝံ့စွာတော်လှန်လိုက်လေသည်။ အမျိုးတူဗြာဟ္မဏဆွေမျိုးတစ်ဦးထံမှအလှူခံရမည့် အစား အမျိုးလေးပါးတွင် အနိမ့်ဆုံး အညံ့ဆုံးအပယ်ခံဖြစ်သော သုဒြအမျိုးသမီးမိန်းမကြီးတစ်ဦး၏အလှူကို ဝမ်းပန်းတသာလက်ခံလိုက်ခြင်းဖြစ်လေ၏။

ထိုအမျိုးသမီး သူဆင်းရဲမကြီးကား သူ့အပေါ်ဝယ် ဖြူစင်သောစေတနာမေတ္တာဖြင့် ကြင်နာစွာစောင့်ရှောက်လာခဲ့ရုံမက စလွယ်ဆင်သည့်အခါတွင် မျက်နှာငယ်သောသူ၏လှူဖွယ်ဝတ္ထုကို လှူချင်စမ်းပါဘိဟု တောင့်တခဲ့ဖူးသောကြောင့်ဖြစ်လေသည်။

ဤအဖြစ်အပျက်မှာ ဗြာဟ္မဏထုံးတမ်းစဉ်လာကို ရိုသေသည့် ပတ်ဝန်းကျင်၌ အတော်ပင် ဂယက်ရိုက်သွားစေလေသည်။ အသက်အရွယ် ကိုးနှစ်မျှဖြင့် လူ့လောက ပညတ်တရားတို့ကို ပြောင်မြောက်စွာ ဖယ်ရှားလိုက်ခြင်းဖြစ်လေသည်။

"ဇာတ်အနိမ့်အမြင့်၊ အတန်းအစားဆိုသည်မှာ လူတွေ၏သညာသာဖြစ်ပါသည်။ ဇာတ်အနိမ့်အမြင့်ထက် စေတနာ အနိမ့်အမြင့်ရွေးတာက ပိုပြီးသဘာဝကျပါတယ်" ဟု ပြောဖူး၏။

လူတေသနစာကြည့်တိုက်
သာသနာ့တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
နံပါတ် အမှတ် ၁ အေး၊ ရန်ကုန်၊ ၂၁

သူ့အစ်ကိုတစ်ယောက်မှာ ကာလကတ္တားမြို့ ကျောင်းကြီးတစ်ကျောင်းတွင် သက္ကတ ကထိကတစ်ဦးဖြစ်သည်။ ဂဒါးဒရ်အရွယ်ရောက်၍ လူလားမြောက်လာသော် အသက်မွေးမှုအတန်းပညာများကို သင်ကြားရန် သာယာခြေင်စွာ ဖျောင်းဖျပြောဆိုခဲ့သောအခါ ဂဒါးဒရ်က ဤသို့ပြန်ဖြေဖူး၏။

"အစ်ကို၊ ထမင်းတစ်လုပ်စားနိုင်ရေးသက်သက်အတွက် သင်ပေးတဲ့ကျောင်းပညာရေးကို ကျွန်တော်မလိုလားပါ၊ ကျွန်တော်လိုချင်နေတာက စိတ်ဓာတ်တို့ထွန်းတောက်သွားမယ့်ပညာ၊ ကျေနပ်ခြင်း၊ ရောင့်ရဲခြင်း၊ အေးချမ်းခြင်းဆိုတဲ့ အကျိုးတရားတွေရနိုင်တဲ့ ပညာမျိုးသာ လိုချင်ပါတယ်"ဟု ပြတ်ပြတ်သားသား ပြောဆိုငြင်းဆန်ခဲ့လေသည်။

ဤသို့နှင့် သူ့ဆန္ဒအတိုင်းပင် ဘုရားရှိခိုးကျောင်း၌ တရားရှာရင်း သီရိရာမာခရစ်ရှနာဟူသောဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်၏။ အမှန်စင်စစ် ထိုဘွဲ့ကို အလွန်ကြည်ညိုလွန်းသော ဥပါသကာတစ်ဦးက စတင်သုံးနှုန်းခေါ်ဝေါ်သည်ဟုဆို၏။ ရာမာခရစ်ရှနာ ဟူသည်မှာ ဘုရား၏ဘွဲ့တော်တည်း။

ရာမာခရစ်ရှနာ တရားရှာပုံနှင့်ပတ်သက်၍ အလွန်ထူးခြား စိတ်ဝင်စားစရာများ တွေ့ရလေသည်။ ခြောက်လလုံးလုံး အစာရေစာ ထ၍မစားဘဲ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ မျက်ခွံကိုမှိတ်၍ အိပ်မရအောင်ဖြစ်ရခြင်း၊ သတိမေ့နေခြင်း၊ အမြဲတမ်း ဘုရားသခင်အားတမ်းတ၍ ငိုနေရခြင်း၊ သေမည့်ဆဲဆဲအထိ ဝေဒနာခံရခြင်းစသည့် ဒုက္ခရစရိယာအမျိုးမျိုးကိုလည်း ကျင့်ကြံခဲ့လေသည်။

ဝေဒနာကြီးတစ်ခုအနေနှင့် စိတ်ဖောက်ပြန်ရူးသွပ်နေသည်ဟု သတင်းပျံ့နှံ့သွားပုံမျိုးလည်းရှိသည်။ ဆရာဝန်ကြီးနှစ်ဦးက ရာမာခရစ်ရှနာအားစမ်းသပ်ကြည့်ရှုကြသည်အထိ ဆွေမျိုးသားချင်းများက ပူပန်ကြောင့်ကြသော်လည်း ရာမာခရစ်ရှနာက "ငါဘုရားကိုမတွေ့မချင်း တရားအား

၂၉၀၆၇

ထုတ်နေမှာပဲ" ဟူသော ပြင်းထန်သောဆုံးဖြတ်ချက်ကိုကား မလွှတ်ပေ။

ဆရာဝန်ကြီးများကလည်း အမျိုးမျိုးစမ်းသပ် စစ်ဆေးပြီးသည့်နောက် ရာမာခရစ်ရှနာတွင် ကိုယ်ရောဂါသော်လည်းကောင်း၊ စိတ်ဖောက်ပြန်ခြင်းသော်လည်းကောင်း အရိပ်အမြွက်မျှမရှိ။ သူပြောသကဲ့သို့ပင် ဘုရားရှင်အား အလွန်ကြည်ညိုလွန်းစွာ တောင့်တနေသောစိတ်သာရှိလိမ့်မည်ဟု မှတ်ချက်ချကြလေသည်။ ထို့နောက် သူသည် ကျင့်ဆဲဖြစ်သော တရားများကို ပြင်းပြင်းထန်ထန် ဆက်၍လေ့ကျင့်သည်။

ဤသို့ဖြင့် သူသည် ဟိန္ဒူဘာသာရေးအရ သမထဝိပဿနာကို ပြီးမြောက်အောင်မြင်သည်ဟု သူ့အတ္ထုပ္ပတ္တိတွင် ဖော်ပြသည်။

ရာမာခရစ်ရှနာသည် အမှန်တရားကို ရှာဖွေလေ့လာရာ၌ လူမျိုးကွဲပြားမှု၊ ဇာတ်အနိမ့်အမြင့် ကွာခြားမှုတို့ကိုသာ ဥပေက္ခာပြုသည်မဟုတ်။ အယူဝါဒ ဘာသာသဘောတရားခြားနားမှုများကိုလည်း လျစ်လျူရှုကာ စမ်းသပ်လေ့လာခဲ့ပေသည်။ ဥပမာ – ဗြာဟ္မဏဟိန္ဒူဘာသာနှင့်ပဋိပက္ခဖြစ်အောင် ဆန့်ကျင်သည်ဟု ယူဆလက်ခံနေကြသော မဟာမေဒင်ဘာသာကိုလည်း စနစ်တကျဝင်ရောက်ခံယူ၍ လက်တွေ့ကျင့်စဉ်တို့ကို အောင်မြင်ပေါက်ရောက်သည်အထိ ကမ္မဋ္ဌာန်းထိုင်ခဲ့ဖူးသည်။ ဂျိန်းဘာသာကိုလည်း နှံ့စပ်အောင် ကျင့်သုံးခဲ့ဖူးသည်။ ထို့မျှမက ခရစ်ယာန်ဘာသာနှင့် ပညတ်တော်ဆယ်ပါးတို့ကိုလည်း ကျေကျေလည်လည် သုံးသပ်ခဲ့ဖူးသည်။

ဗုဒ္ဓ၏ အဘိဓမ္မာဆိုလျှင် အဘယ်မျှ နက်နက်ရှိုင်းရှိုင်း ကျက်စားသုံးဆောင်ခဲ့ဖူးသည်ကို သူဟောသော သုတ္တန်များက ထင်ရှားစေလေသည်။

သူ၏ အဆုံးအမ သူ၏ သာသနာမှာ မွေးဖွားရာအရပ် မွေးဖွားရာနယ်မြေ မွေးဖွားရာတိုင်းပြည်အတွင်းလောက်သာ ထင်ရှားကျော်စောခဲ့သည်မဟုတ်။ သူကွယ်လွန်ပြီး၍ သူ၏ တပည့်ကြီးဆွာမိဝိဝေကာနန္ဒ လက်ထက်

တွင် ကမ္ဘာအနှံ့အပြား မြို့ကြီးပြကြီးများအထိ ပျံ့နှံ့ကျယ်ပွားသွားလေသည်။ သူ၏သာသနာရောက်လေရာဒေသတိုင်းမှာပင် ရာမာခရစ်ရှနာ သာသနာ ပြုအသင်းကြီးများ၊ စာကြည့်တိုက်များ၊ လူမှုဝန်ထမ်းဌာနများ၊ ကုသိုလ်ဖြစ် ဆေးရုံကြီးများ အလျို အလျိုပေါ်ပေါက်ခဲ့လေသည်။

ယခုကဲ့သို့ သူ့သာသနာအတွက် ငွေတန်ဖိုး သိန်းနှင့် သန်းနှင့် ကုဋေနှင့်ကြွယ်ဝကြီးပွားလာငြားသော်လည်း သူ့ဘဝတစ်လျှောက်တွင်မူ သက်န်းသုံးထည်နှင့်သပိတ်တစ်လုံးဟု ဗုဒ္ဓသားတော်များဆောင်ရွက်သကဲ့ သို့ တစ်စုံတစ်ခုမျှ စည်းစိမ်ချမ်းသာနှင့်ပတ်သက်၍ လက်ခံခြင်းမပြုခဲ့ပေ။ ပလိဗောဓ အဝဝကင်းစင်စွာ ရောင့်ရဲခဲ့ခြင်းသည် ကွယ်လွန်သည်အထိ ခိုင်မြဲ ခဲ့သည်။

သူ့အား အလွန်ကြည်ညိုသူ သူဌေးမကြီး ရာနီသေဆုံးသွားသော အခါ ကျန်ရစ်ခဲ့သော တိုက်တာအိမ်ခြေ လယ်ယာမိုးမြေပစ္စည်းအစုစုတို့ကို ရာမာခရစ်ရှနာ၏အမည်ဖြင့် လွှဲပြောင်းထားပေးလိုပါသည်ဟု လာ၍ပြော ၏။ ထိုစကားကြားလျှင် ရာမာခရစ်ရှနာသည် ဤသို့ထ,၍ အော်ဟစ်၏။

"ဟော့၊ မင်းတို့က ငါ့ကို လောကီသံယောဇဉ်ငြိတွယ်နေတဲ့လူဖြစ် စေချင်လို့လား" ဟု နာကျည်းခံပြင်းစွာအော်ဟစ်လိုက်လေသည်။ ငွေမှအစ ပစ္စည်းတစ်စုံတစ်ရာကို ပိုင်ဆိုင်ခြင်းသည် သူ့စိတ်နှင့်သူ့ကိုယ်၌ ဝေဒနာ တစ်ရပ်ပြင်းထန်စွာ ခံစားရသည်နှင့်တူကြောင်း ပြောဖူးလေသည်။

တစ်နေ့တွင်လည်း လက်ရှမိနာရရမ်းဆိုသူ မာရဝါရီသူဌေး တစ်ဦးသည် ရာမာခရစ်ရှနာ၏ခုတင်ပေါ်တွင်စွန်းထင်းနေသော ကော်ဇော ကိုမြင်၍ . . .

"ကိုယ်တော်၏အမည်ဖြင့် ဘဏ်တိုက်တွင် ငွေတစ်သောင်းမျှပေး သွင်းထားလိုပါသည်။ သို့မှ ကိုယ်တော်၏အလိုကျ ပစ္စည်းဝယ်ခြမ်းနိုင်ပါ မည်" ဟု ဆိုလာ၏။

ရာမာခရစ်ရှနာသည် ဤပြောကြားချက်ကို ကြားရသည်ပင် နာသာခံခက်ဖြစ်လှသဖြင့် လက်ဝါးကာ၍ ဤစကားကို ထပ်မံ၍မပြောပါရန် ကန့်ကွက်၏။ သို့သော် ကြည်ညိုလွန်းသောကြောင့် သူဌေးကြီးက အဖန်ဖန် အတန်တန်လျှောက်မြဲလျှောက်နေသောအခါ ရာမာခရစ်ရှနာသည် သူဌေးကြီးအား ငြင်းနေခြင်းကြောင့် အကြောင်းထူးမည်မဟုတ်တော့ ကြောင်းသိသည့်အတွက် ဘုရားကို ကပျာကယာထ၍ ရှိခိုးလိုက်ကာ . .

"အို...မယ်တော်ကြီး၊ မယ်တော်သည် အဘယ်ကြောင့် ကျွန်ုပ်နှင့် မယ်တော် ကင်းကွာအောင်ပြုမည့် ဤလူမျိုးကို ဘုရားကျောင်းသို့လာခွင့် ပြုပါသနည်း" ဟု ဝမ်းနည်းပန်းနည်း တိုင်တည်လိုက်လေ၏။ ဤတွင်မှ သူဌေးကြီးလည်း မိမိအကြံကို လက်လျှော့လိုက်ရလေသည်။

သူကိုယ်တိုင် သူ့တပည့်များအား တဖွဖွဟောပြောနေသောစကား တစ်ခွန်းမှာ ဘုန်းကြီးရဟန်းဟူသမျှ ငွေနှင့်မိန်းမကို သန့်သန့်ရှင်းရှင်း ကင်းနိုင်မှ ဘုရားအလိုတော်ကျ ရဟန်းကောင်း ရဟန်းမြတ်ဖြစ်သည်ဟု ခိုင်ခိုင်မြဲမြဲ ဆိုခြင်းပင်ဖြစ်၏။

မူလက စာပေ ပရိယတ္တိကြွယ်ဝခြင်းမရှိ။ ကျောင်းအတန်းစာမှ လူတန်းစေ့သင်ကြားခဲ့ရသူမဟုတ်သော ရာမာခရစ်ရှနာကို ဟိန္ဒူပဏ္ဍိတ်ကြီးများ၊ သာသနာရေးဆိုင်ရာ ဂိုဏ်းချုပ် ဥက္ကဋ္ဌကြီးများ၊ တရားနည်းပြ ဂုရုပ နိသယဆရာကြီးများ၊ လူပညာရှိ၊ ရဟန်းပညာရှိ များပြားစွာ လာရောက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နည်းပေါင်းအရာအထောင်ဖြင့် ပရမတ္ထသဘော တရားကို မိလိန္ဒနှင့်ရှင်နာဂသိန်ကဲ့သို့ ပညာစမ်းကြသည်။ နီးနှောလာသမျှ ပြေလည်ရုံမက တချို့ပုဂ္ဂိုလ်များအဖို့ ပြဿနာ မတင်ပြသေးမီပင် ရာမာခရစ်ရှနာက ရစ်နာရီမျှ အချိန်ကြာမြင့်အောင် ခရေစေ့တွင်းကျ ဟောပြောခဲ့ဖူးသည်ဟု သတင်းစာအယ်ဒီတာတစ်ဦးက ၎င်း၏မျက်မြင် ဖြစ်ရပ်တစ်ခုကို ပြောခဲ့ဖူးလေသည်။

၎င်း၏ ရာမာခရစ်ရှနာ ဘုန်းတော်ကြီးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကရိုက်နှိပ်သော ဓမ္မပဒပါဠိတော် မြန်မာပြန်ကျမ်း နိဒါန်း၌ ဤသို့ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

'အိန္ဒိယအမျိုးသား ရာမာခရစ်ရှနာခေါ် ပညာရှိကြီးကလည်း ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း ယဉ်ကျေးမှု၊ ဆက်ဆံမှုအထောက်အပံ့ အကူအညီအဖြစ်ဖြင့် ဗုဒ္ဓသာသနာ့ ပိဋကတ်စာပေ၌ အထင်ရှားဆုံး၊ အကျော်စောဆုံး၊ တန်ခိုးရှိန်ဝါအကြီးဆုံးဖြစ်သော ဓမ္မပဒဘာသာပြန်ကို အလေးဂရုပြုထိုက်သည်၊ သိသင့်သိထိုက်သိအပ်လှပေသည်ဟု သူကိုယ်တိုင်က ဟောကြားခဲ့ဖူးကြောင်း။'

ထို့ကြောင့် ရာမာခရစ်ရှနာ ဘုန်းတော်ကြီးသည် ဗုဒ္ဓ၏ သုတ္တန်များ၌လည်း အဘယ်မျှလောက် အရသာခံယူဖူးကြောင်း သိသာနိုင်ပါသည်။

ပရမတ္ထနှင့်စပ်သွယ်၍ ဤသို့လည်းဟောခဲ့ဖူးသေးသည်။

"အကျွန်ုပ် တရားအထူးကိုကျင့်၍ ရနိုင်ပါမည်လား" ဟု မေးလာလျှင် . . .

"အကျွန်ုပ်"ဆိုသောအမြင်ကို ပယ်ဖျောက်သွားစေမှ တရားအထူးကို ရနိုင်ပါလိမ့်မည်ဟု ဖြေရမည်ဖြစ်ကြောင်းနှင့် တပည့်များအား ဟောကြားဖူးလေသည်။

*

ကျွန်တော်က အထက်ပါ ရာမာခရစ်ရှနာ ဘုန်းတော်ကြီး၏ အကြောင်းအရာ အတ္ထုပတ္တိကို ဤမျှအထိ ရေးပြလာခြင်းမှာ နှိုင်းယှဉ်ရအံ့ထင်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးတစ်ပါးအကြောင်းကို စဉ်းစားမိ၍ဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာပြည်တွင် ထိုခေတ်နှင့်မတိမ်းမယိမ်း ကောဇာ

သက္ကရာဇ် ၁၂၃၉ ခုနှစ်(ခရစ်နှစ် ၁၈၇၇)က မြင်းခြံမြို့အနီး စွန်းလွန်းရွာကလေးတွင် အဘဦးသန့်၊ အမိဒေါ်တုတ်တို့မှ တပေါင်းလဆန်း ၂ ရက်၊ တနင်္လာနေ့နံနက် ၃ ချက်တီးကျော်တွင် စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားဟု ထင်ရှားလတ္တံ့သော မောင်ကျော်ဒင်ကလေးကို မွေးဖွားသန့်စင်ခဲ့လေသည်။ မျိုးရိုးကား လယ်သမားများပင်ဖြစ်၏။

ငယ်စဉ်က မြင်းခြံမြို့ မင်းကျောင်းဆရာတော်ထံအပ်နှံ၍ စာပေသင်စေခဲ့သော်လည်း ပါရမီနုံ့လှ၍ စာကောင်းစွာမတတ်သည်နှင့် ဆယ့်ငါးနှစ်အရွယ်တွင် ဖခင်ဦးသန့်နှင့်အတူ မြင်းခြံမြို့ အရေးပိုင်မင်းရုံးတော်၌ မင်းစေအဖြစ် ဝင်ရောက်အမှုထမ်းရလေသည်။

အသက်သုံးဆယ်တွင် မင်းစေအလုပ်မှထွက်၍ မိဘတို့၏လက်ငုတ် ယာအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။

ထိုအချိန်တွင် တစ်ရွာတည်းနေ မရွှေရီနှင့်သင့်မြတ်၍ သားသမီးလေးယောက် ထွန်းကားခဲ့လေပြီ။ ထိုကဲ့သို့ အိမ်ရာတည်ထောင် လူတို့ဘောင်တွင်နေရသော်လည်း ကိုကျော်ဒင်၏စိတ်မှာ သဘာဝတရားအစစ်ကို တောင့်တလေ့လာနေခဲ့ပေသည်။

၁၂၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ညတွင် ကိုကျော်ဒင်တို့ဇနီးခင်ပွန်းသည် သူတို့ယာမှထွက်သော နှမ်းဆီဖြင့် ဘုရားမီးပူဇော်ပွဲ၊ သံဃာတော်များအား ဆီဆွမ်းလောင်းပွဲပြုကြသည်။

ရပ်ရွာမှလာရောက်ကြသော ဧည့်သည်များအား ဇနီးမရွှေရီက ကွမ်း၊ ဆေး၊ လက်ဖက်ဖြင့်ဧည့်ခံနေစဉ် ကိုကျော်ဒင်ကား စေတီအနားကပ်၍ သူလှူထားသောဆီမီးတိုင်တို့ကို မမှိတ်မသုံကြည့်နေလေသည်။

ဆီမီးမှာ မီးစာအဖျားတွင် မီးလောင်ကျွမ်းနေသောကြောင့် မည်း၍လာသည်။ မီးညွန့်ကလေးများက မည်းနေသော ထိုမီးစာဖျားမှ တလျှပ်လျှပ်လင်းတောက်နေသည်။ ခွက်ထဲတွင် မီးစာစိမ်ထားသော နှမ်းဆီများ

ကား တဖျစ်ဖျစ်အသံမည်ကာ ဆူပွက်နေကြသည်။

စာမတတ်သော ကိုကျော်ဒင်သည် ဤသဘာဝက ပရမတ္ထဓမ္မကို တစ်စွန်းတစဆင်ခြင်လိုက်မိသည်။ အမည်မဖော်နိုင်သောအသိတစ်မျိုးဖြင့် တစ်ကိုယ်လုံး တုန်လှုပ်သွားမိသည်။ သူ့မျက်စိထဲတွင် မည်းကျွမ်းနေသော မီးစာ၊ မီးစာအပေါ်မှ တောက်လောင်နေသောမီးညွန့်၊ ၎င်းမီးညွန့်ကို ဖန်တီးပေးသော ပွက်ပွက်ဖျစ်ဖျစ်ဆူနေသည့် နှမ်းဆီ၊ မီးစာ၊ မီးညွန့်၊ ဆီပူ၊ မီးစာ၊ မီးညွန့်၊ ဆီပူ၊ မီးစာကလေးက ဆီပူကိုစုပ်ယူသည်။ ဆီပူက မီးစာထိပ်သို့ တက်လာသည်။ တက်လာသောနေရာအဖျား၌ မီးလောင်သည်။ မီးလောင် ခြင်းကြောင့် မီးစာကလေး မည်းညစ်သွားသည်။ ထိုမည်းညစ်နေသော ထိပ်ဖျားကလေးမှ မီးကလေး တဝင်းဝင်း ထတောက်နေသည်။

ကိုကျော်ဒင်သည် ဆီမီးကို ကသိုဏ်းရှုသလို ရှုနေရာက သာသနာတွင်း ဝင်ပြီးကာ ရဟန်းခံချင်စိတ် အပြင်းအပြဖြစ်ပေါ်လာတော့သည်။ ထို့ကြောင့် စေတီတော်ကို ဦးချလိုက်ကာ –

"တပည့်တော် ရဟန်းဖြစ်ရပါလို၏။ ရဟန်းဖြစ်သော် သတ္တဝါများအား တရားဟောပြဆုံးမနိုင်ရပါလို၏။ ဝေနေယျများသည် တပည့်တော် ဆုံးမသည်ကို လိုက်နာကျင့်ကြံ၍ တရားအားထုတ်နိုင်ကြပါစေသတည်း" ဟု လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်မိ၏။

ထိုသို့သာ ဆုတောင်းလိုက်မိစေကာမူ သူတစ်ပါးအား တရားဟောပြဖို့ကိုထား၍ သူကိုယ်တိုင်ကျင့်ကြံဖို့မှ ပရိယတ္တိအခြေခံမရှိသေးကြောင်း ဝမ်းနည်းပူပန်စွာ စဉ်းစားမိလေသည်။ သို့သော် သူ့ဆန္ဒကား လုပ်သလိုဖြစ်အောင် ဖြစ်သလိုလုပ်ဖို့ စိတ်ပိုင်းဖြတ်လိုက်မိ၏။

ထူးထူးခြားခြား သူ့စိတ်ထားက ပြောင်းလဲမှုတစ်ရပ်တော့ ကြုံရလေပြီ။

နေ့စဉ်နေ့တိုင်း ဘုရားကိုကြည်ညိုသည်ထက်ကြည်ညိုလာခြင်း

ပင်။ ဘုရားကို အမြဲဖူးနေချင်သည်။ ဘုရားကို အမြဲရှိခိုးနေချင်သည်။ ဆင်းတုတော်က သူ့အားပြုံးပြတော်မူသည်ဟု သူမြင်လာသည်။ ထိုသို့ပြုံးပြတော်မူခြင်းသည် 'မင်းသေတော့မယ်၊ မင်း မကြာခင်သေတော့မယ်၊ မင်းကိုသာမင်းမသိတာ၊ သေမှာကတော့ ငါမြင်တော်မူနေတယ်' ဟု ဗျာဒိတ်ပေးတရားဟောနေသလို သူ့အာရုံက ထင်မြင်လာသည်။ ထိုသဘောတရားသက်ဝင်အောင် မြတ်စွာဘုရားက ပြုံးပြုံးကလေး သတိပေးနေပြီဟု ယုံလာသည်။

'ငါသေရတော့မယ်၊ ငါသေရလိမ့်မယ်' ဟု ကိုကျော်ဒင် အလွိုင်းတကြီး ကြောက်လာခဲ့ပြီ။ ထိုအခါမှ ပြေးဝင်စရာ အားကိုးစရာလည်း ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါးအားဆည်းကပ်ခြင်းသာဖြစ်သည်ဟု ယုံလာမိသည်။

၁၂၈၁ ခုနှစ်တွင် မြင်းခြံမြို့နယ်တစ်ဝိုက်၌ ကပ်ရောဂါများဆိုက်၍ အသေအပျောက် များပြားလာလေသည်။ ထိုနှစ်တွင်ပင် ဦးကျော်ဒင်တို့မှာ စီးပွားဥစ္စာ တိုးတက်လာခဲ့သည်။ စီးပွားဥစ္စာတိုးတက်လာလျှင် လူပျက်စီးတတ်သည်ဟူသော အစွဲအလမ်းမှာ ဦးကျော်ဒင်အား ချောက်ချားနှိပ်စက်လေသည်။

'မြင်းခြံမှာလည်း ကပ်ရောဂါတွေဖြစ်နေတယ်၊ ဒီရောဂါထဲများငါပါသွားမလား မသိဘူး၊ ခုနေများ ငါသေသွားရင် ကုသိုလ်ဆိုလို့ ဘာမှ ဟုတ်တိပတ်တိ မရှိသေးဘူး' ဟုတွေးကာ အကြောက်ကြီးကြောက်လာခဲ့ပြန်သည်။ သို့စဉ်အတွင်း ညတစ်ည၌ သူ့အိမ်ရှေ့က မဏ္ဍပ်အတွင်းသို့ ဘုရားဆင်းတုတော်တစ်ဆူကြွလာပြီး ဦးကျော်ဒင်အား ပြုံးပြတော်မူသည်ဟု အိပ်မက် မက်ပြန်လေသည်။

အိပ်မက်ထဲက ဆင်းတုတော်က ပြုံးပြတော်မူခြင်းသည်–

"မင်းသေတော့မယ်၊ မင်း မကြာခင် သေတော့မယ်၊ မင်းကိုယ်

သာ မင်းမသိတာ၊ ငါကတော့ မြင်တော်မူတယ်" ဟု ဆိုလိုသည့်အလား သူ့စိတ်ထဲမှာ တွယ်ကပ်နေသည်။ ထို့ကြောင့် –

"ငါသေရတော့မယ်၊ ငါသေလိမ့်မယ်" ဟု အလှိုင်းတကြီး ကြောက်လန့်နေရှာသည်။ ထိုဘေးမှ ပြေးဝင်စရာ အားကိုးစရာမှာ ဘုရားရတနာ၊ တရား ရတနာ၊ သံဃာ ရတနာတည်းဟူသော ရတနာမြတ်သုံးပါးအား ဆည်းကပ်ခြင်းသာဖြစ်သည်ဟု ငယ်စဉ်ကနုတ်ငုံရခဲ့သော ဘုရားရှိခိုးကို အားကိုးယုံကြည်မိလေသည်။ ဦးကျော်ဒင်၏ ပရိယတ္တိအခြေခံမှာ ထိုမျှလောက်သာဖြစ်သော်လည်း တကယ့်တကယ် ယုံကြည်အားကိုးမှုသဒ္ဓါတရားက ပရိယတ္တိအကျော်အမော်တွေထက် မတုန်မလှုပ် မဖောက်မပြန် စွဲမြဲလက်ခံထားပြီးဖြစ်ပေ၏။

ထို့ကြောင့် ဦးကျော်ဒင်သည် သူ့အိမ်ရှေ့ဝယ် မဏ္ဍပ်ထိုး၍ ဘုရားပူဇော်ပွဲ လုပ်ပြန်သည်။ ရွာထဲမှ စာတတ်ပေတတ် သင်္ဂြိုဟ်ဆရာ အဘိဓမ္မာဆရာများ လာကြပြန်သည်။ မဏ္ဍပ်ခေါင်းရင်းတွင် ကွမ်း၊ ဆေး၊ လက်ဖက်ဝိုင်းနှင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပရမတ်, ပညတ်, ဟောကြ ပြောကြငြင်းကြ ခုန်ကြပြန်သည်။

ဦးကျော်ဒင်မှာကား ဤတရားဝိုင်းအနားက နားထောင်နေရသည်။

"ဒါတွေ ငါနားလည်ချင်စမ်းပါဘိ၊ ငါတတ်ချင်စမ်းပါဘိ၊ ငါလုပ်ချင်စမ်းပါဘိ" ဟူသော "စမ်းပါဘိ" ထဲတွင်သာ အားမလို အားမရဖြစ်နေရသည်။

သုံးရက်မြောက်သောနေ့တွင် စတီးဘရားသားစာရေးကြီးဦးဘစံဆိုသူထံမှ လယ်တီဆရာတော်ဘုရား၏ ဝိပဿနာ အာနာပါနအကြောင်းကို ပထမဆုံးကြားနာလိုက်ရလေ၏။ အာနာပါနဆိုသောစကားကို ကြားလိုက်ရသည်နှင့် ကြက်သီးမွေးညင်းများထ,အောင် ခံစားလိုက်ရသည်။ သို့

သော် သူ့ကိုယ်သူ သတိရလိုက်ပြန်သည်။

"ဦးဘစံရယ်၊ အဲဒီအလုပ်ဟာ စာမတတ်ဘဲနဲ့ လုပ်လို့ဖြစ်ပါ့မလားဗျာ" ဟု ဝမ်းနည်းပန်းနည်း မေးလိုက်မိသည်။

"အို၊ စာမတတ်တာ တတ်တာက လိုရင်းမဟုတ်ပါဘူး၊ သဒ္ဓါနဲ့ ဝီရိယသာ လိုရင်းပါ၊ ယုံကြည်မှုနဲ့ ဇွဲဝီရိယရှိရင် အလိုလိုတရားတွေလာပါလိမ့်မယ်" ဟုဖြေသဖြင့် –

"ဒါဖြင့် ဘယ်လိုက စ,လုပ်ရမှာလဲ"

"ထွက်သက် ဝင်သက်ကို သတိထားကြည့်ပေါ့ဗျာ၊ အဲဒါ အာနာပါနပါပဲ"

ဤသို့ဖြင့် ဦးကျော်ဒင်သည် အာနာပါနလမ်းစကို စ၍တွေ့ခဲ့ရလေသည်။ ယာထွန်ရင်း၊ ပြောင်းရိုးစင်းရင်း၊ ပေါင်းထိုးရင်း၊ ပေါက်တူးပေါက်ရင်း၊ ရေခပ်ရင်း၊ လမ်းလျှောက်ရင်း၊ ထွက်သက်၊ ဝင်သက်၊ ထွက်သက်၊ ဝင်သက် ဟုသာ သတိအမြဲကပ်နေလေတော့သည်။

တရားအားထုတ်ဖို့အတွက် နေရာဌာနဟု သီးခြားမရှိတော့ အိမ်မှာသော်လည်းကောင်း၊ ယာထဲမှာ သော်လည်းကောင်း၊ တောထဲမှာ သော်လည်းကောင်း၊ အိပ်ရင်းသော်လည်းကောင်း၊ ထိုင်ရင်းသော်လည်းကောင်း၊ သွားရင်းသော်လည်းကောင်း အားထုတ်နိုင်သည့်လမ်းစ စိတ်ကိုနိုင်းသည့် သဘာဝ ရ,လာခဲ့လေသည်။

ထို့ကြောင့် ထိ, သိ, သတိ ဟူသောစကားသည် စွန်းလွန်း ဆရာတော်ကြီးက သူသိခဲ့ လုပ်ခဲ့သလို အရပ်စကားနှင့်အရပ်သား နားလည်အောင် တရားညွှန်ပြသောနည်းဖြစ်ခဲ့သည်။ ပါဠိပါဠ်သား ကျမ်းကိုးကျမ်းကားစကားများကို ကြားနာရမည့်အစား –

"မသိတော့ လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ ပြုလုပ်တယ်၊ ပြုလုပ်တော့ ရတယ်၊ ရတော့ ဒုက္ခဖြစ်ကရော" ဟူသော

စကားသည်လည်း ပါဠိမနှောဘဲ လူသဘောဝင်ဆန်အောင် ဟောတော်မူ သည့် ဆရာတော်ကြီး၏အာဘော်ဖြစ်သည်။

လောကုတ္တရာတရားအရသာကို ကိုယ်တိုင်ခံစား၍ တစ်နေ့တခြား ရင့်ကျက်လာသောအခါ ဦးကျော်ဒင်အဖို့ လောကီသားတို့အကြား၌ အပြော အဆိုနှင့်သဘောအလို အမူစရိုက်တွေပါ ဖီလာဖြစ်လာတော့လေသည်။ "ဦးကျော်ဒင်တစ်ယောက် တရားထိုင်ရင်း ရူးသွားပြီ၊ စိတ်ဖောက်ပြန်သွား ပြီ၊ ပြောသမျှစကားတွေကလည်း လောကီကို လွန်နေပြီ၊ သဘာဝအတိုင်း မဟုတ်တော့ဘူး" ဟု ရပ်ရွာက သမုတ်လာကြသည်။ စွပ်စွဲလာကြသည်။

ထိုအခါ ဇနီးသည် ဒေါ်ရွှေရီကိုယ်တိုင် ဦးကျော်ဒင်အား စိတ်မချ တော့ပေ။ တရားအထိုင်ပျက်အောင် ဃရာဝါသော ဗဟုကိစ္စောများဖြင့် ဖွဲ့ နှောင်ရစ်ပတ်၍ ဟန့်တားသည်။ ဖျက်ဆီးသည်။ အနှောင့်အယှက်ပြုသည်။ ထိုအဖျက်အဆီး အဟန့်အတားကြားမှ ဦးကျော်ဒင်သည် သဒ္ဓါ ဝီရိယဖြင့် အနှောင်အဖွဲ့မှန်သမျှကို ခုတ်ဖြတ် ပယ်ထွင် ရှင်းလင်းစင်အောင် ဉာဏ်အမြင် တက်ခဲ့ရသည်။ ဇနီးသားမယားနှင့် နေ့မအားညမအားလုပ်ရသော လောကီ အလုပ်ကိုပါ စက်ဆုပ်လာခဲ့သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ဆရာတော်ကြီးက ဤသို့ပြောခဲ့ သည်။

"အကျိုးပေါ်က အကြောင်းရှာလိုက်တော့ သူတို့တစ်တွေက သံသရာတစ်ချိန်လုံး နှိပ်စက်လာတာဟာ သူတို့နဲ့ကြွေးမရှင်းခဲ့မိလို့ပဲ၊ ဒီတော့ ကြွေးရှင်းဦးမှဆိုပြီး ဇနီးကိုတောင်းပန်ရတယ်၊ 'မင်းတို့နဲ့ငါဟာ ဘဝက ရေစက်ဆုံလို့ တွေ့ကြုံကြရတယ်၊ ငါ့အပေါ် ပြုသင့် ပြုအပ်တဲ့ ကာယကံ ဝစီကံ ပြုမှုအကြွေးတွေကိုလည်း မင်းတို့မဆပ်ကြပါနဲ့တော့၊ မင်းတို့အပေါ် ငါပြုရမယ့်အကြွေးတွေလည်း ငါက မဆပ်ပရစေနဲ့တော့၊ တို့ သဘောတူ စာချုပ် ဖျက်ကြပါစို့ရဲ့၊ ဒီတော့ ငါကလည်း မင်းကို နမအရင်းလို အောက်

မေ့တော့မယ်၊ မင်းကလည်း ငါ့ကို မောင်အရင်းလိုအောက်မေ့ပြီး ရဟန်းပြု ခွင့်ပေးပါတော့' လို့ ခွင့်တောင်းရတယ်။

"ဒီတော့ မရွှေရီက ဘယ်လိုပြန်ပြောသလဲဆိုတော့ 'ကျွန်မအပေါ် မှာ ရှိတဲ့ကြွေးတွေလည်း ရှင်က မဆပ်ပါနဲ့တော့၊ ဘယ်မှလည်း မသွားပါနဲ့၊ ရဟန်းလည်း မခံပါနဲ့၊ အိမ်ဦးခန်းမှာပဲ မောင်ကြီးအရာထားပြီး ဝတ်ကြီး ဝတ်ငယ်မှစ၍ လုပ်ကျွေးသမှုပြုစုပါရစေ" လို့ တောင်းပန်တယ်၊ ဒီအချိန်မှာ ငါကလည်း ဗဟုသုတအလွန်နည်းတာကလား၊ ရဟန်းဘောင်ဝင်ရင် အိမ် က သားမယားက အသာတကြည်ခွင့်ပေးမှ ဝင်ရတယ် မှတ်နေတာကိုး။

"အဲဒါနဲ့ပဲ ရဟန်းမဖြစ်ရလို့ စိတ်ဆင်းရဲပြီး မစားနိုင်၊ မသောက် နိုင် စိတ္တဇဝေဒနာလိုဖြစ်ပြီး တစ်နေ့တခြား ကျန်းမာရေးတွေပါ ချွတ်ယွင်း အိပ်ရာထဲလဲ၊ နေ့လားညလား သေတော့မယ့်အခြေအနေကျမှ ခေတ္တခဏ ဒုလ္လဘရဟန်းအဖြစ် လုပ်ခွင့်ပေးတော့တယ်။

ဒါတောင် ရဟန်းမတက်ခင် ထယ်ရေးပက်လက်နဲ့မို့ ပဲကလေး ကြဲပေးခဲ့ပါဦးလို့ လုပ်သေးတယ်၊ ယာထဲဆင်းလာလို့ ထွန်ပေါ်တက်ပြီး နွားငေါက်တော့ အလျင်က အလွန်လိမ္မာတဲ့နွားနှစ်ကောင်ဟာ ဘယ် လောက်အော်ငေါက် ခြိမ်းခြောက်ပေမယ့် တစ်လှမ်းမှမရွေ့တော့ဘူး၊ ထုံ ပေပေနဲ့ ခံနေကြတော့တယ်၊ ငေါက်ပါများလာတော့ နွားနှစ်ကောင်စလုံး က ထွန်တုံးပေါ်က ငါ့ကိုပြန်ပြန်ကြည့်နေကြတယ်။

ဒီတော့မှ ဩော် ငါ့ကို ဒီလို လူ့အလုပ်က နှင်ထုတ်နေကြပါ ပကောလား၊ နွားတွေကတောင် သတိပေးနေမှဖြင့် ငါဘာဆက်လုပ်စရာ ကောင်းတော့မလဲ၊ ဟုတ်ပ့ါ ဟုတ်ပ့ါ၊ ငါ အိမ်မပြန်တော့ဘဲ ဒီယာထဲက တောက်လျှောက်သွားလိုက်ရုံပေါ့လို့ စဉ်းစားမိပြီး မောင်မင်းကြီးသား သတိ ပေးဖော်ရတဲ့ နွားနှစ်ကောင်ကို ထွန်ကဖြုတ်၊ ဘေးမဲ့ပေးပြီး ဘုန်းကြီး ဦးကျောက်ကျောင်းကို ရှေးရှုအသွား လမ်းမှာ ဒေါ်တင်ဆိုတဲ့ အမျိုးသမီးကြီး

နဲ့ တွေ့ပါလေရော။

"သူက 'မောင်ကျော်ဒင် ဘယ်သွားမလို့တုံး' လို့မေးတော့ ငါက "သက်န်းဝတ်ရအောင် သွားမလို့ပါဗျာ" လို့ပြန်ဖြေလိုက်တယ်ဆိုရင်ပဲ. . .

"နို့ မင်းမှာ သင်္ကန်း ပရိက္ခရာလည်း မပါပါဘဲကလား" ဆိုတော့

"ဘယ်ပါနိုင်မလဲ ကျုပ်ယာထဲက ထွက်လာခဲ့တာ"

"ဒါဖြင့်လည်း ငါ့မှာ ကေသီကလေးတစ်ထည်ရှိပါရဲ့ကွယ်၊ မင်းကို ငါပေးလိုက်ပါမယ်၊ မရွေရီလည်း မသိပါစေနဲ့"

"ဒီလိုနဲ့သူ့ဆီက ကေသီသင်္ကန်းရခဲ့တယ်၊ ဘုန်းကြီးကျောင်းရောက်တော့ ဦးကျောက်လို့ တို့က လူနာမည်ခေါ်ခေါ်နေတဲ့ဘုန်းတော်ကြီး ဦးဝိရိယက သင်းပိုင်တစ်ထည်စွန့်ပြီး ရှင်ကဝိဆိုတဲ့ဘွဲ့နဲ့ ရှင်သာမဏေ ချီးမြှင့်ပေးလိုက်တယ်"

ဤသို့နှင့် သက်တော်လေးဆယ့်သုံးနှစ်မှ သာသနာ့ဘောင်သို့ဝင်ခဲ့ရကြောင်း ဆရာတော်ကြီးက သူတောထွက်ပုံကို အမိန့်ရှိသည်။ ထို့နောက် ရဟန်းတက်ခဲ့သည်။

စွန်းလွန်းဦးကဝိ တရားထူးရသည် ရဟန်းကိစ္စပြီးသည်ဟု အုပ်မနိုင် ဖုံးမရ ဥက္ကောင္ဋေယျဖြစ်လာသောအခါ ငယ်စဉ်ကတည်းက စာပေပရိယတ္တိ မတတ်ကျွမ်းကြောင်း တစ်နယ်လုံးသိကြပြီးဖြစ်သောကြောင့် ကြားရသူတိုင်း အံ့ဩနေကြသည်။

မိတ္ထီလာမြို့ စာတတ်အကျော် ရေလည်ဆရာတော်ကြီးမှအစပြု၍ ထေရ်ကြီးဝါကြီး သာသနာ့ဝိဒူဆရာတော်ကြီးများအစုံစမ်းအမေးမြန်းကြွလာကြသည်။ သာသနာ့အာဇာနည်ကြီးများ၏အမေးအမြန်း အစစ်အဆေးကို သံသယကင်းရှင်းတော်မူကြရသည်အထိ သူ့အသိ၊ သူ့အသုံးအနှုန်း သူ့ဝေါဟာရများဖြင့် ပြေလည်အောင် ဖြေဆိုတော်မူနိုင်ခဲ့လေသည်။

တွေ့ဆုံစစ်ဆေးမေးမြန်းတော်မူခဲ့ကြသော တိပိဋကရေ၊ ဂန္ထန္တရ

ပါရဂူ၊ နိကာယဝိဉူ ဆရာတော်အဆူဆူတို့မှာ –

အဂ္ဂမဟာပဏ္ဍိတ တောင်သာဆရာတော်။

ညောင်လွန့်ဆရာတော်။

ဖက်ပင်အိုင်ဆရာတော်။

ငြုပ်ပင်ဆရာတော်။

ငမျာကြီးဆရာတော်။

ဆီမီးခုံဆရာတော်။

မြစ်သာဆရာတော်တို့ အပါအဝင်ဖြစ်ကြောင်း သိရသည်။

ကျေးဇူးရှင် စွန်းလွန်းဆရာတော်ကြီးသည် ၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့ ညနေငါးနာရီတွင် ခန္ဓာဝန်ချတော်မူလေရာ ရဟန်းပြုသည်မှ အနှစ်သုံးဆယ်လုံးလုံး ပရိယတ္တိ မကုံလုံသော သတ္တဝါဝေနေယျတို့အား ကိုယ်ချင်းစာ သနားတော်မူသဖြင့် ကိုယ်တော်တိုင်သိတော်မူခဲ့သည့်အရပ်စကားဖြင့် 'စွန်းလွန်းဝိပဿနာ' ဟူ၍ နာမတွင်ကြား ထင်ရှားကျန်ရစ်ခဲ့သည်အထိ ဝိပဿနာ သာသနာပြုတော်မူခဲ့ရာသည်။

သာမန်လယ်သမား၊ ယာသမား၊ ရွာသားများ နားလည်လွယ်အောင် ဟောဆိုညွှန်ပြသည့် တရားများမှာ လူပြိန်းတို့ပင် ဘဝင်မှာခိုက်ခနဲ ထိသွားနိုင်ပေသည်။

"သံသရာဆိုတာ ဒုက္ခသစ္စာနှင့်သမုဒယသစ္စာပဲ၊ အဲဒီတရားနှစ်ပါးက သတ္တဝါတွေကိုလှည့်ပြီး အကျိုးပေးနေတာ၊ ဒါကြောင့် သံသရာကို အဝေးကြီးလိုက်ရှာမနေကြနဲ့၊ ဒကာကြီးတို့ရဲ့အိမ်ထဲကပင် ကပ်လည်နေတယ်"

"အဝိဇ္ဇာကြောင့်ဆူး၊ ကိုယ့်ကိုယ်စူး၊ နုတ်လို့ရနိုင်ဘူး"

"ကိုယ့်အတတ်နဲ့ကိုယ်စူး၊ နုတ်လို့ရပေဘူး"

"မြင်တာကို သညာဖုံးတော့၊ သညာကို သက်ာရှင်းမှ၊ သက်ာ

ကင်းမယ်"

"မြင်တာကို သညာဖုံးတော့၊ သညာကို သင်္ခါရမရှင်းလျှင်၊ သင်္ခါ မကင်းဘူး"

"မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ပြုလုပ်၊ ပြုလုပ် တော့ ရ၊ ရတော့ ခံကြပေတော့"

"မခံသာ မှန်ပါဘိ သည်တရား၊ ခံသာလျှင် သံသရာကြောမှာ မျောလိမ့်အများ"

"ကိုယ့်ကိုယ်ကိုယ် ပါးတယ်၊ လည်တယ်ထင်မနေကြနဲ့၊ အပါး လည်တော့ အပါယ်လားလိမ့်မယ်"

"ကိုယ့်ကိုယ်ကိုယ် ကြွားချင် ဝါချင်စိတ် မရှိကြနဲ့၊ အဝါစိတ်ဟာ အဝိဇ္ဇာပဲ"

"နှာဝက လေတိုးတော့ ထိတာသိလိမ့်မယ်၊ သိတဲ့အပေါ် သတိ ထား"

ဤသို့သော တရားသဘော ဟောပြောမှုများမှာ ၁၂၈၀ ပြည့် ပတ်ဝန်းကျင်၌ အထိရောက်ဆုံးနှင့်အရှင်းလင်းဆုံး စကားပြေများဟု ထူး ထူးခြားခြား ဝေဖန်သတ်မှတ်ကြရသည်။

အကြောင်းခြင်းရာကို စပ်ဟပ်၍ကြည့်ရလျှင် ကျေးဇူးရှင်ဆရာ တော် ဘုရားကြီးကိုယ်တိုင် လက်တွေ့သဘောတရားကို လိုက်စားခဲ့ရသော အတွေ့အကြုံကြောင့် သူ့အသိအတွေ့များကို ဤသို့ပိုင်ပိုင်နိုင်နိုင် ဖောက် သည်ချတော်မူနိုင်ခြင်းဖြစ်သည်။

ဝိပဿနာတရားပြတော်မူရာ၌လည်း . . .

"အချိန်မပိုင်းနဲ့၊ မိမိတတ်စွမ်းသမျှအားထုတ်၊ ဣရိယာပုတ်ကို ကြာကြာနေနိုင်မယ့်ဟာကိုရွေး၊ ရွေးပြီးလို့ထိုင်မိရင် အသက်ကို ပြင်းပြင်းရှူ၊ မောလို့လည်း မနားနဲ့၊ ယားရင်လည်း မကုတ်နဲ့၊ အာရုံ တခြားစိတ် မသွား

ရအောင် မျက်စိကိုမှိတ်ပြီး နှာသီး၀၊ ကာယတံခါးက ထွက်လေ ၀င် လေကို ကိုယ်မသိဘဲနဲ့ မထွက်ရ မ၀င်ရလေအောင် အာရုံ၀ိတက်ကင်းကင်း နှင့် ခပ်ပြင်းပြင်းကလေး အားထုတ်ရှုရှိုက်ရမယ်"

"နှာသီးဖျား လေတိုးတော့ ထိတယ်၊ ထိတဲ့အပေါ် သိတယ်၊ သိတဲ့အပေါ် သတိထား၊ အဲဒါ ထိ၊ သိ၊ သတိတဲ့ဗျား"

"အဲသလို ထိ၊ သိ၊ သတိနဲ့နေတဲ့အခါ မျက်စိကလည်း တောင်ကြည့် မြောက်ကြည့် မကြည့်တော့ဘူး၊ အဲဒါ စက္ခုန္ဒြေ။

နားကလည်း ဟိုအသံ နားထောင်၊ ဒီအသံ နားထောင် မထောင်တော့ဘူး၊ အဲဒါသောတိန္ဒြေ။

နှာခေါင်းကလည်း ဟိုအနံ့ရှူ၊ ဒီအနံ့ရှူ မရှူတော့ဘူး၊ အဲဒါ ဃာနိန္ဒြေ။

ပါးစပ်ကလည်း ဟိုဟာစားချင်၊ ဒီဟာစားချင် မရှိတော့ဘူး၊ အဲဒါ ဇိဝှိန္ဒြေ။

ခန္ဓာကိုယ်ကြီးကလည်း ဟိုသွားချင်၊ ဒီသွားချင် မသွားချင်တော့ဘူး၊ အဲဒါ ကာယိန္ဒြေ။

အဲသလိုနဲ့ ဣန္ဒြေငါးပါးစလုံး လုံခြုံနေတယ်၊ အဲသလိုလုံခြုံနေတာ ဣန္ဒြိယသံ၀ရဖြစ်တယ်၊ ဣန္ဒြေဆိုတာ အစိုးရတာကို ဆိုတယ်၊ သံ၀ရဆိုတာ လောဘ ဒေါသ မောဟ စတဲ့ကိလေသာတွေကို မဖြစ်ရအောင်စောင့်တာခေါ်တယ်၊ ဒါကြောင့်မို့ ဣန္ဒြိယသံ၀ရသီလတဲ့၊ မှတ်ထားကြ၊ အေး. . အဲဒီဣန္ဒြိယသံ၀ရသီလကို တရားအားမထုတ်ဘဲနဲ့ ရရှိနိုင်ရန် အလွန်ခဲယဉ်းတယ်"

ဆရာတော်ဘုရားကြီးသည် ခန္ဓာ၀န်ချတော်မူသည်အထိ မည်သူ့ကိုမျှ ပစ္စည်းလေးပါးဒါယကာအဖြစ် ခွင့်ပြုတော်မမူ။ မည်သူမဆို သဒ္ဓါရှိ၍ လာရောက်လှူဒါန်းသည့်အခါ ပစ္စည်းလေးပါးဒါယကာအဖြစ် အာရုံပြုပေး

မည်ဟု အမိန့်တော်ရှိဖူးသည်။

အီတာလျှံဘုန်းတော်ကြီး ဦးလောကနာထက . . .

"စွန်းလွန်းဆရာတော်ကြီး၏ တရားဒေသနာ၊ ဟောကြားဆုံးမပုံ၊ အမျိုးမျိုးသောလျှောက်ထားချက်များကို ဖြေကြားပုံ၊ အနေအထိုင် အသွားအလာမှစ၍ အလုံးစုံတို့သည် ကြည်ညိုဖွယ်ရာဂုဏ်အပြည့်ရှိသည်ဖြစ်၍ အများသမုတ်ကြသည့်အတိုင်း ရဟန္တာအစစ်ဖြစ်သည်ဟု လှိုက်လှိုက်လှဲလှဲ စိတ်ချယုံကြည်ပါသည်" ဟု အတိအလင်း ထုတ်ဖော်ပြောကြားဖူးလေသည်။

*

ကျွန်တော်သည် အထက်က ပဋိညာဉ်အတိုင်း ရာမာခရစ်ရှနာဘုန်းတော်ကြီးနှင့် ကျေးဇူးရှင် စွန်းလွန်းဂူကျောင်းဆရာတော်ဘုန်းကြီးတို့ တူညီသောအချက်အလက်များကို အဖြွက်မျှ သိနိုင်ကောင်းအံ့ဟုထင်သဖြင့် ဖော်ပြခြင်းပြုပါသည်။

လက်ထပ်ထိမ်းမြားပါလျက်သားနှင့် လင်နှံမယား ဗြဟ္မစရိယကို ကျင့်နိုင်ကြပုံမှာ ပိပွလိ သတို့သမီးနှင့် ရာမာခရစ်ရှနာကတူ၍ ဂူ္ဏန္တရကြီး ပွားစွာသင်ယူခြင်းမရှိခဲ့ဘဲလျက် လောကုတ္တရာကိစ္စ ပြီးမြောက်အောင်မြင်သည်ဟု ကျော်စောခြင်းက ရာမာခရစ်ရှနာနှင့် စွန်းလွန်းဆရာတော်ဘုရားကြီးတို့ တူညီကြလိမ့်မည် ထင်ပါသည်။

စွန်းလွန်းဆရာတော်ဘုရားက အရပ်စကားနှင့် တရားသဘောကို ဥပမာ ဥပမေယျတင်စား၍ ဟောကြားတော်မူသည့်နည်းတူ ရာမာခရစ်ရှနာ၏ဘုန်းတော်ကြီးပုံပြင်ဝတ္ထုသုတ္တန်ကလေးများမှာလည်း အဘယ်မျှအရပ်စကားဆန်သည်ကို အကဲခတ်ကြရန်ဖြစ်ပါသည်။

အောက်စဖို့တက္ကသိုလ်၌ သက္ကတပါမောက္ခအဖြစ် ထမ်းရွက်ခဲ့သော ဂျာမန်လူမျိုး ပါမောက္ခကြီး မက်မိုလာက . . .

"သီရိရာမာခရစ်ရှနာ၏ စကားဥပမာများတွင် လူတစ်ဖက်သားအား တိုက်ရိုက်ဆွဲဆောင်နိုင်စွမ်းရှိသည်မှာ သူ၏စိတ်သည် ကျောင်းစာနှင့်ကင်းသောကြောင့်ဖြစ်သည်ဟု ရေးသားဖော်ပြခဲ့လေသည်။

ရာမာခရစ်ရှနာ၏သုတ္တန်ပုံပြင်များမှာ ပုဒ်ရေအများအပြားရှိပါသည်။ ၎င်းတို့အနက်မှ မြန်မာတို့နှင့်ဆီလျော်ရာ၊ ကောင်းနိုးရာများကိုထုတ်နုတ်၍ မူရင်းအာဘော်မပျက်စေရဘဲ မွမ်းမံဖော်ပြထားပါသည်။

သုခ

# ခါးစည်းတစ်လှသာကြောင့်

ရှေးသရောအခါ ဆာဒူးရသေ့တစ်ယောက်သည် လောကမှထွက်မြောက်ရေးတရားရှာဖွေရန် သူ့ဆရာဂုရုနှင့်တောထွက်လိုက်ပါခဲ့လေ၏။ တောတွင်းနေရာတစ်ခုသို့ရောက်သောအခါ ဆရာဂုရုက ဤသို့ဆို၏။

"တပည့်ကြီး၊ ဤနေရာသည် ဆိတ်ငြိမ်၏၊ အလှူခံစရာရွာနှင့်လည်း မနီးလွန်း မဝေးလွန်းရှိ၏၊ သစ်ကျားအန္တရာယ်တို့နှင့်လည်း ကင်းလွတ်နိုင်၏၊ ရေမိုးလည်း ရလွယ်၏၊ ထို့ကြောင့် ဤနေရာတွင်သစ်ရွက်မိုးတဲငယ်တစ်ခုထိုး၍ တရားကျင့်လေတော့၊ ငါမူကား ဟိမဝန္တာသို့ ခရီးဆက်သွား၍ ငါးနှစ်တိုင်တိုင် တရားကျင့်ပြီးမှ သင့်ထံပြန်လာပြီးလျှင် သင်၏အခြေအနေကိုကြည့်အံ့၊ ထိုအခါမှ သင့်အား တရားအဆင့်တက်ရန် ငါညွှန်ကြားပါအံ့" ဟုဆိုပြီးလျှင် တပည့်အား ထားခဲ့လေ၏။

ဆာဒူးရသေ့သည် ဆရာ၏ဩဝါဒအတိုင်း သစ်ရွက်မိုး တဲငယ်ကလေးတစ်ခုကိုထိုးကာ ငြိုးခြံစွာ တရားကျင့်နေတော့သတည်း။

အနီးအနားမှ ရွာသူရွာသားများသည် တရားကျင့်နေသော ဆာဒူးအားတွေ့၍ အလွန်ကြည်ညိုကြလေ၏။ ရွာတွင်းသို့ အလှူခံလာသောအခါ တတ်အားသမျှ လှူဒါန်းထောက်ပံ့ကြလေ၏။

ရသေ့သည် တဲတွင်းဝယ် ကမ္မဋ္ဌာန်းဘာဝနာများကို စ,တင်စီးဖြန်းသော နံနက်တိုင်း မိမိကိုယ်ကို ရေမိုးသန့်စင်စေပြီးနောက် သူ၏အဝတ်စိုခါးစည်းကို တဲအနားရှိသစ်ပင်ပေါ်ဝယ် လှန်းလေ့ရှိ၏။

တစ်နေ့သဌ် ရွာမှအလှူခံ၍ ပြန်အလာတွင် ကြွက်များကိုက်ဖောက်

ထားသည့် သူ့ခါးစည်းကို တွေ့ရလေသည်။ သူ့တွင် အပိုဟူ၍ ထို တစ်ထည်သာရှိလေရာ နောက်တစ်နေ့တွင် ရေမိုးချိုးဖို့ခါးစည်းတစ်ထည် လိုနေလေ၏။ ထို့ကြောင့် နောက်တစ်နေ့တွင် ရွာတွင်းဝင်ကာ ခါးစည်း တစ်လွှာ အလှူခံရလေသည်။ ရွာသားတစ်ယောက်က ဝမ်းမြောက်ဝမ်းသာ ရသေ့ကြီးအလိုရှိသောခါးစည်းတစ်ပိုင်းကို လှူလိုက်လေ၏။ ထိုခါးစည်း မှာလည်း မကြာခင်ရက်အတွင်း ကြွက်များက ကိုက်ဖောက်ထားခြင်းခံရပြန် လေရာ ရွာသို့ချဉ်းကပ်၍ ဒုက္ခများထံအကျိုးအကြောင်းပြောပြရပြန်သည်။

"ကြွက်များ ဒီလောက်ပေါလှတာ ကြောင်တစ်ကောင်လောက် မွေးထားပါတော့ကော" ဟု ရွာသားများက ပြောကြသည်။ ရသေ့လည်း မဆိုင်းမတွဘဲ ရွာထဲက ကြောင်ငယ်တစ်ကောင်ကိုခေါ်ဆောင်၍ မွေးမြူ လိုက်လေ၏။ ကြောင်ရောက်သည့်နေ့ကစ၍ ကြွက်များပြေးလေတော့၏။ ခါးစည်းလည်း အကိုက်မခံရတော့ပေ။ သို့သော် ကြောင်ငယ်အတွက်ကျွေး စရာမရှိ၍ ကြောင်ငယ်သောက်ရန် ရွာထဲသို့ နို့အလှူခံရပြန်လေသည်။

နေ့စဉ်နေ့တိုင်း နွားနို့ကို အလှူခံနေရသောအခါ–

"ဆာဒူးကြီး၊ အသင်အလှူခံသောနွားနို့ကို နေ့စဉ်ရက်ဆက် မည်သူကလှူဒါန်းနေနိုင်ပါမည်နည်း။ နွားမတစ်ကောင်ကို ရှာကြံ၍မွေး ထားပါလေ။ နွားမမှရအပ်သောနို့သည် ကြောင်ငယ်အတွက်သာမက ဆာဒူးကြီးအဖို့လည်း သောက်သုံးရမည် မဟုတ်ပါလား" ဟု အကြံပေးကြ၏။

"အိမ်း၊ ဟုတ်ပေသားပဲ၊ ငါလည်းသောက်ရတာပေါ့" ဟု ဆာဒူးကြီး က သဘောကျသွားသဖြင့် နွားမတစ်ကောင်ကို ရှာဖွေ၍ အလှူခံရပြန်လေ သည်။ ဆာဒူးကြီးအား ကြည်ညိုသောရွာသားတစ်ဦးက နွားမတစ်ကောင် လှူလိုက်သဖြင့် ဝမ်းပန်းတသာ ကျောင်းကလေးသို့ခေါ်ဆောင်လာလေ သည်။ ထိုအခါ ရွာသားများပြောသည့်အတိုင်း နွားနို့ကို ကြောင်ငယ်နှင့်

တကွ ရသေ့ကြီးပါ ဝဝလင်လင်သောက်ရသည်ကား မှန်ပါ၏။ သို့သော် နွားစားဖို့ ကောက်ရိုးအလှူခံရပြန်လေသည်။

"ဆာဒူးကြီး၊ ကျောင်းနားက မြေအနည်းငယ်ကိုထွန်၍ စပါးစိုက်ပါလား၊ ဆန်လည်း ရ,သေးသည်၊ ကောက်ရိုးလည်း ရသေးသည်" ဟု ရွာသားများက ပြောကြပြန်သည်။

"အေး၊ ဒါလည်း အကောင်းသားပဲ၊ ကဲ၊ ငါ့ကို ထွန်တို့၊ ပေါက်တူးတို့၊ မျိုးစပါးတို့ လှူကြပါဦး" ဟု အလှူခံရပြန်လေရာ ရွာသားများကလည်း တစ်ယောက်တစ်မျိုးစီ လှူဒါန်းလိုက်ကြသည်။

သို့နှင့် ရသေ့ကြီးသည် ကျောင်းနားကမြေကွက်ကလေး တစ်ကွက်ကို လယ်ဖြစ်အောင် ဖန်ဆင်းလုပ်ကိုင်၍ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း စ,သည့်ကိစ္စများဖြင့် မအားရအောင်ဖြစ်လေ၏။ ထိုသို့အားဖြင့် စပါးပေါ်လာ၍ရိတ်ရပြန်သည်။ ကျီကြဆောက်ရပြန်သည်။ မိမိတစ်ဦးတည်း မနိုင်သောအခါ စပါးပေးဖြင့် လူငှားရပြန်သည်။ ပိုလျှံနေသောစပါးကို ရောင်းရပြန်သည်။ ရောင်း၍ငွေရလာသောအခါ ငွေနှင့်ကျောင်းကို ထိန်းသိမ်းရန် မိန်းမယူရပြန်တော့သည်။

ငါးနှစ်ကြာ၍ သူ့ဆရာဂုရု ဟိမဝန္တာမှပြန်လာသောအခါ ဆာဒူး၏တဲငယ်နေရာတွင် အိမ်ကြီးတဲကြီးတစ်ခုဖြစ်နေသည်ကို တွေ့ရရုံမျှမက တောရကျောင်းပတ်ဝန်းကျင်မှာလည်း ရွာကလေးတစ်ရွာလိုဖြစ်ကာ လူသံသူသံ ဆူညံရှုပ်ထွေးနေလေ၏။

"ဘုရား၊ ဘုရား၊ ဆာဒူးကြီး ဘယ်လိုဖြစ်ပြီလဲ" ဟု ဂုရုကြီးက ဆာဒူးအားမေးမြန်းရှာဖွေ၍ တွေ့သောအခါ ဂုရုကြီးမှာအလွန်အံ့သြထိတ်လန့်သွားမိလေ၏။ ဆာဒူးကြီးမှာ ရသေ့သဏ္ဍာန်ပျောက်၍ အိမ်ထောင်ရှင်ယောက်ျားအလုပ်သမားကြီးတစ်ဦးဖြစ်နေရုံမျှမက သားတွဲလွဲ မယားတွဲလွဲ အခိုင်းအစေအခြွေအရံများနှင့်ပါတွေ့နေရလေ၏။

"ဘယ့်နှယ့်လဲ ဆာဒူးကြီး၊ လောကမှထွက်မြောက်ရန် ဧကစာရီ တရားကျင့်သော သင့်ဘဝက ရှုပ်ယှက်ခတ်သော ယခုဘဝသို့ရောက် အောင် ဘယ်အကြောင်းတွေက ပြောင်းလဲပစ်လိုက်လေသနည်း" ဟု ဝမ်း ပန်းတနည်းမေးသောအခါ ဆာဒူးကြီးမှာ မိမိ၏အမှားများကို သတိသံဝေဂ ရသောကြောင့် ရက်ကြောက်ခြင်းပြင်းစွာဖြင့် –

"ဤဘဝသို့ရောက်ရခြင်းမှာ ခါးစည်းတစ်လွှာကြောင့် ဖြစ်ရပါ သည်ဘုရား" ဟု သူ့ဆရာခြေရင်းတွင် ဝပ်စင်းငိုယို၍လျှောက်လိုက်လေ တော့သတည်း။

*

ဤပုံပြင်ကလေးမှာ ပလိဗောဓမည်သည် တရားအားထုတ်သော ရသေ့ ရဟန်းအား အကျင့်မှပိတ်ပင်တားဆီးတတ်ကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။ ပလိဗောဓမည်သော အပိုပစ္စည်းများမှာ ရသေ့ရဟန်းကိုယ်တိုင် က ရှာဖွေသိမ်းမြို့ထားခြင်းဖြင့်သော်လည်းကောင်း၊ ဗဟုသုတနည်းပါး သော ဒါယကာများက ပုဂ္ဂိုလ်စွဲဖြင့် အကြည်ညိုလွန်၍ ချဲ့ထွင်လှူဒါန်းတတ်သော ကြောင့်သော်လည်းကောင်း၊ မူလရည်ရွယ်ချက်ကောင်းကြီးများ ပျက်စီးသွား တတ်သည်ကိုလည်း သတိရှိနိုင်ကြစေသည်။

ဘုရားမြတ်စွာသည် သူ့တပည့်သား သံဃာများအား သင်္ကန်းသုံး ထည်နှင့်သပိတ်တစ်လုံးသာလျှင် ရဟန်းတို့၏အရေးကြီးဆုံး အားကိုးစရာ ဖြစ်သည်ဟု ဟောဆိုဆုံးမခဲ့လေသည်။ သို့သော် ရေးဘုန်း ရေးကံရှိပါမူ ကား. . . ဟူ၍ နောက်ဆက်တွဲခွင့်ပြုတော်မူသည်လည်း ရှိပါသည်။

သို့သော် ထို 'သို့သော်' မှာ 'မလွဲသာ၍' ဟု ဆိုလိုပါသည်။ ရေး ဘုန်း ရေးကံ ရှိပါမူကား အခြားမွန်မြတ်သော၊ အဖိုးထိုက်သောပစ္စည်းများကို အလှူခံလေတော့ဟု ခွင့်ပြုတော်မူခဲ့ခြင်းမှာလည်း သတိပညာ အမြဲမကွာ

သော သာဝက ကြီးတို့၏ သိက္ခာသီလ ကိုယ်ကျင့်တရားတို့ကို ယုံကြည်၍ မလွဲသာလျှင် လက်ခံလေတော့ဟု ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်တန်ရာပါသည်။

ဘုရား၏အလိုတော်ကို သိတော်မူသော ရဟန်းပေါင်းများစွာပင် ထိုပလိဗောဓများကို ရှောင်ကြဉ်ကြကြောင်း ဝိသုဒ္ဓိမဂ်၌ဖော်ပြထားသည့် ဝတ္ထုတစ်ပုဒ်မှာ အထက်ပါဝတ္ထုထက်ပင် နူးညံ့ပါသေး၏။

လင်္ကာဒီပ သီဟဠကျွန်းတွင် အနုရာဓမြို့သား မိတ်ဆွေနှစ်ဦးသည် ရဟန်းပြု၍တောထွက်ကြ၏။ တစ်ဦးက ထူပါရုံ၌နေ၍ တစ်ဦးက ပါစီနခဏ္ဍရာဇီမည်သောအရပ်သို့ ကြွသွား၍နေလေ၏။ မထေရ်ကြီးများဖြစ်လာကြသောအခါ ပါစီနအရပ်၌သီတင်းသုံးတော်မူသော မထေရ်က မိမိနေရာကား တရားအားထုတ်ရန် လျောက်ပတ်သောအရပ်ဟု အောက်မေ့၍ မိမိအဖော် ထူပါရုံမထေရ်အား အခေါ်အပင့်သွားလေ၏။

ထူပါရုံသို့ရောက်သော် ပါစီနမထေရ်က ညဉ့်ဦး၌ ဤသို့တွေးမိ၏။

"ဤ ထူပါရုံမထေရ်သည် ဤအရပ်၌ကြာမြင့်စွာနေသူဖြစ်သောကြောင့် ကြည်ညိုလှူဒါန်းသောဒါယကာများ ပေါများလိမ့်မည်။ ယခု ညဉ့်ဦးပင်လျှင် ငါ့အား ထောပတ်ဆီပျား တင်လဲစသောစတုမဓုများ ပို့လတ္တံ့" ဟု မျှော်လင့်နေမိ၏။ သို့သော် ဘာမျှမရောက်လာချေ။

"နံနက်၌ ယာဂုခဲဖွယ်များ ပို့ကောင်းပါ၏" ဟု မျှော်လင့်သော်လည်း ဘာမျှမရောက်လာ။ သို့နှင့် ဆွမ်းခံဝင်ချိန်ကျလတ်သော် -

"ရွာထဲက ဘောဇဉ်ခဲဖွယ်များ ပေါပေါများများ လောင်းလတ္တံ့" ဟု အောက်မေ့၍ ဆွမ်းခံအတူလိုက်ခဲ့လေ၏။ သို့သော်ပါစီနမထေရ် မျှော်လင့်သကဲ့သို့ ပေါပေါများများမဟုတ်။ နည်းနည်းပါးပါးသာရလာသောကြောင့် ထူပါရုံမထေရ်အား ဆွမ်းခံကအပြန်တွင် ဤသို့ပြောလေ၏။

"အရှင်ဘုရား၊ အခါခပ်သိမ်း ဒီလိုနဲ့ပဲ မျှတနေရပါသလား"

"ဟုတ်တယ် ငါ့ရှင်၊ နေ့တိုင်းနေ့စဉ် ဒီလိုနဲ့ပဲ မျှတနေခဲ့ပါတယ်"

"အရှင်ဘုရား၊ တပည့်တော်၏နေရာ ပါစီနအရပ်သည်ကားဆွမ်းဘောဇဉ်ပေါများလှပါ၏။ အလွန်ချမ်းသာစွာ တရားအားထုတ်ရပါသည်၊ တပည့်တော်၏အရပ်သို့ လိုက်တော်မူခဲ့ပါလော့" ဟု ပင့်ဖိတ်၏။

ထူပါရုံမထေရ်သည် မြို့၏တောင်ဘက်တံခါးဝမှထွက်လတ်သော် ကျောင်းလမ်းသို့မပြန်ဘဲ ပါစီနခဏ္ဍာရာဇီအရပ်သို့ ရှေးရှုကြွသွား၏။

"အရှင်ဘုရား၊ အဘယ်သို့ကြွမည်နည်း" ဟုလျှောက်လတ်သော်

"ငါ့ရှင်၊ သင်သည် သင်၏ပါစီနအရပ်သို့ ငါ့အားပင့်သည် မဟုတ်လော၊ ထိုအရပ်သို့ပင် သွားစို့" ဟု ထူပါရုံမထေရ်ကပြန်ပြော၏။ ထိုအခါ ပါစီနမထေရ်က –

"အသို့နည်း အရှင်ဘုရား၊ ဤအရပ်၌ အရှင်ဘုရားကြာမြင့်စွာနေခဲ့ပါပြီ၊ ကျောင်း၌ယူဆောင်စရာ ပရိက္ခရာများစွာ ရှိသေးသည်မဟုတ်ပါလော" ဟု မေး၏။

"ငါ့မှာ ဘာမျှမရှိ၊ ညောင်စောင်း အင်းပျဉ်မျှသာရှိသည်၊ ဤသည်ပင်လည်း သံဃိကဖြစ်၍ ဆွမ်းခံဝင်တိုင်း ကောင်းစွာသိမ်း၍ ထားခဲ့ပြီးဖြစ်လေပြီ၊ ထို့ပြင် ကြောင့်ကြစရာ ဘာမျှမရှိပါ" ဟု ပြန်ဖြေလျှင် ပါစီနမထေရ်သည် များစွာအံ့သြလျက် –

"အရှင်မြတ်အား ကြောင့်ကြစရာ မကျန်ရစ်သော်လည်း တပည့်တော်၏တောင်ဝှေး ဆီကျည်တောက် ဖိနပ်အိတ်များ ကျန်ရစ်ခဲ့ပါသေးသည်" ဟု လျှောက်၏။

"ငါ့ရှင်၊ သင်သည် တစ်နေ့မျှနေလျက် ဤမျှ များစွာကြောင့်ကြစရာ ကျန်ရစ်သေးသလား" ဟု တအံ့တသြ ပြန်၍မေးလိုက်လေသည်။

နောက်တစ်နေ့နံနက်တွင်ကား ပါစီနမထေရ်တစ်ပါးတည်းသာ ကိုယ့်အရပ်သို့ ကိုယ်ပြန်ကြွသွားလေရသတည်း။

ဤဝတ္ထုမျိုးနှင့်ပတ်သက်၍ တောရဆရာတော် ဦးသီလမထေရ်ကြီး၏ဆုံးမဩဝါဒကိုလည်း သွား၍သတိရမိသေးသည်။

ဆရာတော် ဦးသီလမှာ ၁၁၉၄ ခုနှစ်တွင်ဖွားမြင်သဖြင့် စွန်းလွန်းဂူကျောင်းဆရာတော်ကြီးထက် သက်တော် လေးဆယ့်ငါးနှစ်ကြီး၏၊ ရဟန္တာဟုပင်ကျော်စောခဲ့သူ ပုဂ္ဂိုလ်ထူးကြီးပင်ဖြစ်၏။ အရပ်တစ်ခုတွင် ကြာရှည်လေးမြင့်စွာ မနေ၊ ရသမျှသောပစ္စည်းလေးပါးကို သံဃာအားအမြဲလှူဒါန်းလေ့ရှိ၏။ မိမိကိုယ်တိုင် ပဋိပတ္တိကိုအားထုတ်၍ ပရိယတ္တိသာသနာကိုလည်း လွန်စွာချီးမြှောက်တော်မူလေ့ရှိသည်။

တစ်နေ့သော် ရဟန်းပျို တပည့်ငယ်တစ်ပါးအား စာပေသင်ကြားရန် အရပ်တစ်ပါးသို့လွှတ်လိုက်၏။ တပည့်ငယ်သည် သုံးလေးလကြာသောအခါ ဆရာတော်ခေတ္တသီတင်းသုံးရာကျောင်းသို့ ပြန်ရောက်လာ၏။

"ဟဲ့မောင်ပဥ္စင်း၊ ဘာကိစ္စ ပြန်လာတာလဲ"

"မှန်လှပါ၊ တပည့်တော်ကုလားတက်တစ်ခု အလိုရှိလို့ပါဘုရား"

"ကုလားတက်က ဘာလုပ်ဖို့တုံး"

"နံနက်စောစောထ၍ စာကျက်ဖို့ဖြစ်ပါတယ်ဘုရား"

"အမယ်မင်း မောင်ပဥ္စင်းရယ်၊ မင်းတို့မှာ ပလိဗောဓ များလိုက်တာ၊ တောထဲကကြက်တွေ မနက်ထဖို့ဘယ်သူက ကုလားတက်ခေါက်နှိုးရသတုံး" ဟု မိန့်တော်မူသောဟူ၏။

၁။ အာဝါသ ပလိဗောဓ = ကျောင်းနေရာ စသည်တို့ကို ကြောင့်ကြခြင်း။

၂။ ကုလ ပလိဗောဓ = ဒါယကာ ဆွေမျိုးစသည်တို့ကို ကြောင့်ကြခြင်း။

၃။ လာဘ ပလိဗောဓ = ပစ္စည်းလေးပါးကို ကြောင့်ကြခြင်း။

၄။ ဂဏ ပလိဗောဓ = ဂိုဏ်း သံဃာကို ကြောင့်ကြခြင်း။
၅။ ကမ္မ ပလိဗောဓ = အမှုကိစ္စအသစ်တို့ကို ကြောင့်ကြခြင်း။
၆။ အဒ္ဓန ပလိဗောဓ = ခရီးသွားရမည့်ကိစ္စတို့ကို ကြောင့်ကြခြင်း။
၇။ ဉာတိ ပလိဗောဓ = ဆရာ၊ တပည့်၊ တူ၊ တူမ၊ ညီအစ်ကို စသည်တို့ကို ကြောင့်ကြခြင်း။
၈။ အာဗာဓ ပလိဗောဓ = အနာရောဂါတို့ကို ကြောင့်ကြခြင်း။
၉။ ဂန္ထ ပလိဗောဓ = ပရိယတ် သင်ကြားပို့ချမှုတို့ကို ကြောင့်ကြခြင်း။
၁၀။ ဣဒ္ဓိ ပလိဗောဓ = ပုထုဇဉ်တို့ရအပ်သော တန်ခိုးတို့ကို ကြောင့်ကြခြင်း။

ဤ အလုံးစုံသော ကမ္မဋ္ဌာန်း ဘာဝနာအားထုတ်ခြင်းကို ပိတ်ပင်တားဆီးတတ်သောကြောင့်ပလိဗောဓမည်၏။ ထို့ပြင်လည်း ပြုပြင်မှု၌ ကြောင့်ကြစိုက်သူ၊ ဘဏ္ဍာစုဆောင်းသူ၊ ငွေကြက်သူအားသာ ပလိဗောဓဖြစ်သည်။

ပလိဗောဓ၊ ဒုက္ခမိုးရည်၊ နေခြည်ဟန့်တား၊ တရားထီးဝန်း၊
ရောင်ပြုထွန်းလျက်၊ မယွန်းမထောင်၊ အလားဖြောင့်လိမ့်။
စတုဓမ္မသာရပျို

# အိမ်ရာထောင်လျှင် လူ့ဘောင်၌အစေအပါး

ရှေးသရောအခါ ဂျေဘူမြို့ရှိ ဂေါ်ဝင်တစ်ကျောင်းသခ်မ်းတွင် ဗြဟ္မစာရကျင့်သော ရဟန်းအများရှိလေ၏။ ထိုရဟန်းများ၏ တန်ခိုးနှင့်အကျင့်သတင်းသည် ဂျေဘူဘုရင်မင်းမြတ်ထံသို့ပင် ပေါက်ရောက်လာလေ၏။

တစ်နေ့သ၌ ဘုရင်မင်းမြတ်က ထိုရဟန်းများကို နန်းတော်သို့ အပင့်ခိုင်းလေရာ ရဟန်းများကကြွမလာကြဘဲ "မင်းတို့ဘုရင်ကို ငါတို့ထံလွှတ်လိုက်" ဟု ပြောလိုက်လေ၏။

မာန်မာနခက်ထန်သောဘုရင်က ရဟန်းတို့၏စကားကိုကြားရသောအခါ –

"ငါကဲ့သို့သော ရေမြေ့ရှင်ကို မလေးမစားပြောရာသလော" ဟု ဒေါသပြင်းစွာထွက်၍ ထိုရဟန်းများအပေါ် အငြိုးဖွဲ့လေ၏။ မှူးကြီး မတ်ကြီးများနှင့်တိုင်ပင်သောအခါ သာသနာကိုမကြည်ညိုသောအမတ်တစ်ဦးက ဘုရင့်အလိုတော်ကျ ဤသို့နားတော်လျှောက်လေ၏။

"ဘုန်းကြီးလှသော မဟာရာဇာ၊ ဤရဟန်းများသည် ဗြဟ္မစာရအကျင့်မြဲခြင်းကြောင့်သာ မင်းကြီးအား မခြေမင် ပြန်ပြောကြခြင်းဖြစ်ပါသည်။ သူတို့အား အပြစ်ဒဏ်ခတ်ရန်ကလည်း လူနှင့်ရဟန်းဖြစ်နေသောကြောင့် ညှဉ်းပန်းနှိပ်စက်ဖို့ မလွယ်ကူနိုင်ပါ၊ အကယ်၍ သူတို့သာ အိမ်ရာတည်ထောင်သော လူ့ဘောင်သို့ပြန်ရောက်လျှင် အရှင်မင်းကြီးကပင် ခေါ်ဖို့မလိုဘဲ သူတို့ကိစ္စနှင့်သူတို့ အရှင်မင်းကြီးထံ အောက်ကျို့အသနားခံ၍

ခ,စား ဝန်းရံနေကြမည်ပင် ဖြစ်ပါသည် ဘုရား"

"အို မှူးမတ်ကြီးများ၊ ကိလေသာကာမဂုဏ်နှင့် ဇနီးမယား မယူဘဲ တောထဲသွားနေသောရဟန်းအား အဘယ်ကဲ့သို့ လူ့ဘောင်ရောက်အောင် သွေးဆောင်နိုင်ပါမည်နည်း၊ မိန်းမနှင့်ပတ်သက်၍ နဂိုကပင် ကင်းရှင်းစွာနေနိုင်ကြသူများ မဟုတ်ပါလား"

"သူတို့ရှောင်ခဲ့ ကွင်းခဲ့သော မိန်းမများမှာ ရုပ်သူရှာသူလယ်သူယာသူ မိန်းကလေးမျိုးသာဖြစ်ဟန်တူပါသည်ဘုရား၊ အရှင့်နန်းတွင်းက မောင်းမအပျိုတော်များမှာ လူမကနတ်တမျှ ချောမွေ့လှပကြပါသည်။ မူရာမာယာ ယောကျ်ားတကာကို ဆွဲဆောင်နိုင်သော ညို့ကွက်များလည်းရှိပါသည်။ အပြော အဆို အက သီချင်းစသည့်ပညာများကိုလည်း ပြည့်စုံကြွယ်ဝနိုင်နင်းကြပါသည်။ သူတို့ကို စေတော်မူပါက ခံနိုင်စွမ်းရည်မရှိဘဲ လူထဲ ကလူများဖြစ်လာကြပါလိမ့်မည် ဘုရား"

"အင်း၊ ကောင်းလှပြီ၊ အကျင့်သီလအားကိုးနှင့် ငါ့သို့သောမင်းကို တင်းတင်းမာမာ ပြောလွှတ်လိုက်သောရဟန်းတို့ သိကြစေအံ့" ဟု မင်းကြီးက လှပသွက်လက်သော မောင်းမအပျိုတော်များကိုလွှတ်ကာ သွေးဆောင်ဖျက်ဆီးစေလေသည်။

ထိုသို့ဖြင့် အပျိုတော်များကလည်း မဖြောင့်ရင်းအကြံနှင့် မာန်ကိလေသာ တဏှာပီယနှင့်၊ သိဒ္ဓိအစွမ်း မိန်းမတို့သရုပ်နှင့် အချုပ်ကိုကိုင်ကာ မလှုပ်နိုင်အောင် ဖမ်းကြသောကြောင့် ယမ်းနှင့်ကားမီး၊ မြက်ဖျားသမင်၊ လက်ဝါးပြင်၊ ဆားချဉ်သီးသို့၊ ထေရ်ကြီးမြတ်လှ တာပသတို့မှာ ပထမသိက္ခာ သီလပျက်၍ သူတို့ဘက်ပါရာလေသတည်း။

နေ့ရက်များစွာ မကြာပါလေ။

"အရှင်မင်းမြတ် အောင်စေသတည်း၊ အောင်စေသတည်း၊ ယခုအရှင်မင်းမြတ်အတွက် ဆုမွန်ကောင်းတောင်းရန် ကျွန်ုပ်တို့အခစားဝင်လာ

ခြင်းဖြစ်ပါသည်"ဟု ရဟန်းလူထွက်များက နှိမ့်ချရိုသေခြင်းကြီးစွာဖြင့် နန်းတွင်းသို့ဝင်လာကြလေ၏။

ဘုရင်နှင့်မှူးမတ်တို့က ပြုံးလိုက်ကြလေ၏။ ရဟန်းလူထွက်များသည် ပန်းခွေများကိုပြုလုပ်ယူခဲ့ကြသည်ဖြစ်ခြင်းကြောင့် ဘုရင်အား လက်နှစ်ဖက်ဖြင့် မြှောက်တင်ရင်း –

"ဤပန်းများကား ကျောင်းသခ်မ်းမှပွင့်သော မြင့်မြတ်သောပန်းတို့ပါတည်း၊ ဘုရင်ကေရာဇ်တို့နှင့်သာ ထိုက်တန်သောပန်းမျိုးဖြစ်ကြပါသည်။ ထိုပန်းကိုဆင်ခြင်းကြောင့် ဘုရင်မင်းမြတ်၌ ဘုန်းကျက်သရေ တိုးတက်လာပါလိမ့်မည်" ဟု မြှောက်ပင့်ကာ လက်ဆောင်ထိုး၍ ရှိခိုးသံတော်ဦး တင်ကြလေသတည်း။

ထိုကဲ့သို့သော ပန်းလက်ဆောင်များသည် သူတို့၏အိမ်ရာတည်ဖို့အတွက် မြေများ၊ သစ်သားများ၊ လယ်ယာများ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အိုးခွက်များနှင့် မင်းခစားနေရာ ရာထူးကလေးများရလိုရငြား လဲလှယ်ဖို့ တပင်တပန်းယူဆောင်လာခြင်းဖြစ်ကြောင်းကို ဘုရင်နှင့်တကွ မှူးမတ်များကပါ ကောင်းကောင်းကြီးရိပ်မိနိုင်စရာ ဖြစ်လေတော့သည်။

*

ဤဝတ္ထုကား အကျင့်မည်မျှကောင်း၍ ကျော်စောထင်ရှားသော ရဟန်းရသေ့ဖြစ်စေကာမူ မာတုဂါမနှင့် သတိလက်လွတ်ပတ်သက်ငြိစွန်းလာလျှင် လူတို့၏မျက်မှောက်ဝယ် အောက်ကျနောက်ကျဖြစ်လာရကြောင်း ညွှန်ပြသောပုံပြင်ဖြစ်လေသည်။ ထို့ပြင် ဓမ္မဝိဟာရတရား ကိုယ်ခံမမြဲလျှင်လည်း ကိလေသာ၏ဆွဲဆောင်ရာသို့ အလွယ်တကူပါတတ်ကြောင်း သက်သေနှစ်ရပ်ရနိုင်၏။

သတိလက်လွတ်၍ အောက်ကျနောက်ကျဖြစ်ရပုံကို ဗုဒ္ဓမြတ်စွာ

၏သုတ္တန်ဖြစ်သော မုဒုလက္ခဏဇာတ်၌ ဤသို့ဟောတော်မူ၏။

ရှေးသရောအခါ ဈာန်အဘိညာဉ်သမာပတ်နှင့်ပြည့်စုံသော ရသေ့တစ်ပါးသည် ဗာရာဏသီမင်း၏ ပင့်ခေါ်ကိုးကွယ်ရာသူတော်စင်ကြီးဘဝသို့ရောက်၍ မင်းနေပြည်ဥယျာဉ်ထဲ၌ ကျောင်းဆောက် ဆည်းကပ်ခံလျက်ရှိလေ၏။ တစ်နေ့သော် ကောင်းကင်ခရီးဖြင့် နန်းတော်သို့ဆွမ်းခံဝင်ရာ မုဒုလက္ခဏအမည်ရှိသော မိဖုရားကြီး၏ရုပ်ရုံကြောင့် ဈာန်သမာပတ်လျှောရလေ၏။

ကျောင်းသို့ပြန်၍ စိတ်ဆင်းရဲစွာဖြစ်နေရသော ရသေ့ကြီး၏အကြောင်းကိုသိသောအခါ မင်းကြီးကရသေ့ကြီးအား နှစ်သိမ့်စေ၍ မိဖုရားကြီးကိုပေးလိုက်၏။ မိဖုရားကြီးလည်း ရသေ့ကြီးနှင့်အတူရှိနေစဉ် အိမ်နေရာအတွက် ဘုရင်ကြီးထံတောင်းရန် နန်းတော်သို့လွှတ်လိုက်၏။ ရသေ့ကြီးလည်း မိဖုရား၏သြဇာအတိုင်း ဘုရင့်ထံအိမ်နေရာအတွက် တောင်းခံလေရာ ဘုရင်က ဥယျာဉ်အတွင်းရှိအိမ်သာပျက်တစ်နေရာကို ပေးလိုက်လေ၏။ ထိုအခါ မိဖုရားက ရသေ့လူထွက်ကြီးအား –

"ဘယ့်နှယ့်လုပ်ပြီး ဒီနေရာမျိုးမှာ ကျွန်မနေနိုင်မှာလဲ၊ ကျွန်မကို ဒီနေရာမှာပဲ ထားတော့မှာလား လူထွက်ကြီးရဲ့" ဟု ဆိုလေရာ –

"အနို့ သူကလည်းဒီနေရာပဲ ပေးလိုက်တာကိုး ဒကာမကြီးရဲ့" ဟု အယောင်ယောင်အမှားမှားနှင့် ပြန်ပြောလေ၏။

ဟုတ်တော့ဟုတ်ပါရဲ့၊ မိဖုရားဖြစ်လာခဲ့ရတဲ့ ကျုပ်နှမကြီး ဒီနေရာမျိုးနဲ့တော့ မတန်ဘူးပေါ့"

"ကဲ – ဒါဖြင့်လည်း မသန့်ရှင်းတာတွေ ဆေးကြောသုတ်သင်လို့ ပေးပါကော့"ဟု မိဖုရားကြီးက ဤသို့ခိုင်းရာတွင် လူထွက်ကြီးခမျာ ရေဆွဲရေလောင်း ရေဆေး တံမြက်လှည်း စ,သောအမှုဖြင့် ဖတ်ဖတ်မောနေရတော့သည်။ အိမ်သာကိုဆေးပြီး၍ မထိုင်ရသေးမိ –

"နေရာတော့ရပြီ ထားပါတော့၊ ဘာနဲ့စားကြရမလဲ၊ ရေအိုး၊ ထမင်းအိုး၊ ဆန်၊ ဆီ၊ ဆား ဆိုတာတွေကို သွားတောင်းပါအုံး" ဟု နန်းတော်သို့ ခိုင်းပြန်၏။

ရသေ့ကြီးလည်း မိဖုရားကြီးခိုင်းသည့်အတိုင်း အခေါက်ခေါက်အခါခါ နန်းတော်နှင့်ဥယျာဉ် ကူးချည်သန်းချည်လုပ်နေရရှာလေ၏။

"ကဲ...ညအိပ်ဖို့ ခေါင်းအုံးတို့ အခင်းတို့က ဘယ်မှာလဲ"

"အေးလေ၊ ဒါလည်း သွားတောင်းလိုက်တာပေါ့၊ ကျုပ်သွားတောင်းပါ့မယ်"

ဤသို့ဖြင့် ညအခါရောက်၍ ရသေ့ကြီးမောပန်းနွမ်းလျ၍ အိပ်ရာပေါ်ထိုင်မိမှ မိဖုရားကြီးက ရသေ့ကြီး၏မုတ်ဆိတ်ကျင်စွယ်ကို ဆွဲကိုင်ပြီးသော် –

"ဩော် – သနားလိုက်ပါဘိတော့ ရသေ့ကြီးရယ်၊ လွန်ခဲ့သောကာလက ကောင်းကင်မှာပျံနိုင်တဲ့ ဈာန်အဘိညာဉ်ရအောင်ကျင့်ခဲ့သည်မှာ ယခုလိုပင်ပန်းကြီးစွာနဲ့ အိမ်သာကိုရေဆေးပြီး ကျွန်မကိုပေါင်းရဖို့ ရည်ရွယ်ချက်နှင့်ကြိုးစားခဲ့ရသလို ဖြစ်နေတာပေါ့နော်" ဟုဆိုမှ ဟီရိဩတ္တပ္ပ သံဝေဂဖြစ်၍ ဟိမဝန္တာသို့ပြန်ပြေးလေတော့၏။

မြတ်စွာဘုရားသည် မာတုဂါမများနှင့်ပတ်သက်၍ အနှောင့်အယှက်ကြီးစွာဖြစ်တတ်သော သဘောတရားတို့ကြောင့် ရဟန်းတို့အား ကျပ်တည်းစွာ သတိပေးလေ့ရှိသည်။ မိန်းမဟူသည်ကား သမထ ဝိပဿနာတရား၏ အညစ်အကြေးအန္တရာယ်များသာဖြစ်လေသည်။

မာတုဂါမတို့က မိမိအားဆည်းကပ်လာသည့်တိုင်အောင် မာတုဂါမ၏အဆင်းကို မမြင်ရလေအောင်၊ အသံကို မကြားရလေအောင် နေရမည်ဟု မိန့်တော်မူ၏။ ဆွမ်းခံသောအခါနှင့်ဆွမ်းကပ်သောအခါတို့တွင်သော်မှ စကားမပြောဘဲနေခြင်း၊ မလွှဲမဖယ်သာ၍ စကားပြောရသည့်တိုင်

အောင် အမိလောက်ရှိသူကို အမိဟူ၍လည်းကောင်း၊ နှမလောက်ရှိသူကို နှမအရင်းဟူ၍လည်းကောင်း၊ သမီးလောက်ရှိသူကို သမီးအရင်းဟူသော စိတ်ဖြစ်စေ၍လည်းကောင်း၊ သတိကြပ်ကြပ်ပြုကြလော့ဟု ပရိနိဗ္ဗာန်ပြုအံ့ ကာလ၌ အာနန္ဒာမထေရ်အား အရေးတကြီး မိန့်မှာတော်မူခဲ့ပေသေးသည်။

ဓမ္မဝိဟာရတရား ကိုယ်ခံမြဲအောင် စွန်းလွန်းဂူကျောင်းဆရာတော် ဘုရားကြီးက ဥပမာပေးသည့်ပုံပြင်ဝတ္ထုကလေးမှာလည်း အတော်ခေတ်မီ လေသည်။

တပည့်တစ်ဦးက ဆရာတော်ဘုရားအား ဤသို့မေး၏။

"ဓမ္မဝိဟာရတရားဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးမှာ တည်ပါသလဲ ဘုရား"

"အေး...ဘယ်လိုပုဂ္ဂိုလ်မျိုးမှာတည်သလဲဆိုတော့ ရှေးရှေးတုန်း က ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုတယ်ဆိုပါတော့၊ ထိုအခါ တိုင်းစွန်ပြည်ဖျားမှာ ဓါးမြသူပုန်ထ,သတဲ့၊ သူပုန်ရန်ကို ဖြိုဖျက်ဖို့ ဗြဟ္မဒတ် မင်းကြီးက စစ်သူကြီးငါးဦးကို စေလွှတ်လိုက်တယ်၊ စစ်သူကြီးတွေက လည်း ဘုရင်မင်းမြတ်ရဲ့အမိန့်တော်အတိုင်း ရဲသတ္တိနဲ့ဝင့်ဝင့်ကြွားကြွား စွန့်စွန့် စားစား သွားကြတာပေါ့၊ အဲ...တိုင်းစွန်ပြည်ဖျားအနားလည်း ရောက်ရော သူပုန်တပ်တွေသွားကြတဲ့အတွက် ကောင်းကင်မှာ မြူမှုန်တွေ ထနေတာ အဝေးကလှမ်းမြင်ကြရတယ်။

"ဒီလိုလည်းမြင်ရော စစ်သူကြီးငါးဦးအနက်က တစ်ဦးဟာ

"ဟာ–မြူမှုန်တွေများသလောက် ထောက်ဆကြည့်ရင် သူပုန် တပ်သားတွေ နည်းနည်းနောနော မဟုတ်ဘူးဟ" ဆိုပြီး ကြောက်တာနဲ့ ကျန်ရစ်ပါလေရော။

"ဒါနဲ့ စစ်သူကြီးလေးယောက် ရှေ့ဆက်သွားပြန်တော့ သူပုန် တပ်တွေရဲ့အောင်လံတွေ တလူလူလွင့်နေတာမြင်ရပြန်သတဲ့၊ ဒီတော့ စစ်

သူကြီးတစ်ယောက်က…

"အောင်မာ၊ တယ်ခံ့ညားတဲ့အလဲကြီးတွေပါကလား ဟ" အလဲ တွေမြင်တာနဲ့ စိမ့်ကြောက်ပြီး တစ်ယောက်ကျန်နေရစ်ပြန်လေရော။

ဒီလိုနဲ့ ကျန်တဲ့စစ်သူကြီးသုံးယောက်တည်း ရှေ့ဆက်သွားကြ သတဲ့။ သူပုန်တပ်သားတွေက အောင်စည်အောင်မောင်းနဲ့ တံပိုးခရာတွေ နားဆူလောက်အောင် မှုတ်တီးကြရုံမကဘူး၊ စစ်ကြွေးသံတွေပေးတာကြားရ တော့ ဒီအသံတွေကြောင့် ကြက်သီးမွေးညင်းတွေထပြီး စစ်သူကြီးတစ်ယောက် ကျကျန်ရစ်ခဲ့ပြန်သတဲ့။

ကျန်တဲ့ စစ်သူကြီးနှစ်ယောက်ကတော့ 'အနိုင်တိုက်မဟဲ့' ဆိုပြီး ရဲသွေးရဲမာန်နဲ့သူပုန်တပ်ကို ရင်ဆိုင်ကြတယ်။ အဲဒီမှာ သူပုန်ခေါင်းဆောင် ကြီးနဲ့မတွေ့ခင် သူပုန်တပ်သားတွေကို ပိုင်းခနဲ ပိုင်းခနဲနဲ့ စစ်သူကြီးနှစ်ဦး တက်လာလိုက်ကြလိုက်တာ တစ်ယောက်သောစစ်သူကြီးခများမှာတော့ သူပုန်ခေါင်းဆောင်ကြီးက ဝင်ပိုင်းလိုက်တာကြောင့် ကျဆုံးသွားရရှာတယ်၊ အဲဒီမှာ တစ်ဦးတည်းကျန်တဲ့စစ်သူကြီးက သူပုန်ခေါင်းဆောင်ကို ဝင်ပိုင်း လိုက်တာ သူပုန်ခေါင်းဆောင်ကြီးကျပြီး ဒီတော့မှ သူပုန်တပ်ဟာ ဖရိုဖရဲနဲ့ အကုန်ထွက်ပြေးကြသတဲ့။

ဒီလိုနဲ့ တစ်ဦးတည်းသောစစ်သူကြီးသာ အောင်လံလွှင့်ပြီး ဘုရင် မင်းမြတ်ထံ အောင်ပွဲရစစ်သူကြီးအဖြစ်နဲ့ ပြန်လာနိုင်ခဲ့သတဲ့။

အဲဒါကို ဥပမာနဲ့ပြောရသေးတာပေါ့၊ ယခု ဘုန်းကြီးဆီရောက်နေ ကြတဲ့ ရဟန်းသာမဏေတို့ သတိထားကြရမှာကတော့ ဘယ်မြို့ ဘယ်ရွာ ဘယ်ဌာနေမှာ မည်သူ၏သမီးကလေးဟာအလွန်ချောသတဲ့လို့ သတင်း ကြားရတာနဲ့ ရလိမ့်နိုးနိုးပိုးရအောင် လူထွက်သွားတာကတော့ မြူမှုန်တွေ ထတာမြင်တာနဲ့ ကျနေခဲ့တဲ့စစ်သူကြီးနဲ့တူတယ်။

ဒီမှတစ်ဖန် သည်းခံနိုင်၍တက်ပြန်သော် ဆွမ်းခံအသွားမှာ ရပ်

အဆင်းလှလှနဲ့ ကလေးမကလေးတွေတော့ 'ဩော်...တစ်နေ့ကကြားရတဲ့အတိုင်း လူကိုယ်တိုင်မြင်ရတော့ လှလည်းလှပေသကိုး။ ငါလူထွက်ပြီးပိုးမှပဲ' လို့ အကြံနဲ့ လူထွက်တာ အောင်လံကြီးကိုမြင်လို့ကျသော စစ်သူကြီးနဲ့ ပမာတူတယ်။

အဲဒါကိုတစ်ဖန် သည်းခံနိုင်သေးလို့ရှိရင် ဒကာမကလေးက

'တပည့်တော်မတို့အိမ် ဆွမ်းခံကြွတော်မူပါဘုရား၊ နေ့စဉ်အမြဲထိုင်တော်မူပါဘုရား' လို့ပင့်ပြီး ပေါင်မုန့်မီးကင်ကို ထောပတ်များများသုတ်ပေးပြီး...

"ဘုဦးပေးတော်မူပါ ဘုရား၊ ဟောဒါက လက်ဖက်ရည်အချိုပါဘုရား။ သကြားလည်း ဖြည့်စွက်နိုင်ပါတယ် ဘုရား၊ အေးကုန်တော့မယ်ဘုရား၊ အလိုရှိတာကိုလည်း မိန့်တော်မူပါဘုရား။ ပူပူနွေးနွေးကလေး ဘုဦးပေးတော်မူလိုက်ပါဘုရား' အနားက ပျူပျူငှာငှာ တီတီတာတာပြောဆိုပြီး နေ့တိုင်း ကျွေးမွေးလှူဒါန်းနေတာပေါ့။

အဲသည်တော့ ဘယ်လိုဖြစ်ပြန်သလဲဆိုရင်...

"အောင်မယ်၊ ဒီမိန်းကလေးဟာငါ့ကို အတော်ပဲ စွဲနေပုံရတယ်၊ ငါယူရင် ရမှာပဲ' လို့ထင်တလုံးနဲ့ လူထွက်ပြန်ရော၊ အဲဒါ တပ်သံပေးတာကို ကြားတာနဲ့ကျတဲ့ စစ်သူကြီးနဲ့တူတယ်။

ကဲ...အဲဒီက တစ်ဖန် သည်းခံနိုင်သေးလို့ရှိပြန်တော့...

"ဒီကနေ့တော့ အလုပ်တွေရှုပ်ပြီး ဗျာများနေတာနဲ့ ဘယ်မှမသွားနိုင် မလာနိုင်လို့ ဆေးလိပ်တောင် မရှိသေးဘူးဘုရာ့၊ ညနေ ငါးနာရီလောက်တော့ ကြွခဲ့ပါဦးဘုရား"လို့ မိန်းကလေးက မှာလိုက်တယ်ဆိုပါတော့၊ ညနေငါးနာရီလည်းထိုးရော မိန်းကလေးက ပြတင်းပေါက်ကယွက်အမျှော်၊ သက်န်းခေါင်းမြီးခြုံပြီး စိုက်စိုက်နဲ့လာနေတာတွေတော့ တံခါးပေါက်ဆီသွား၊ တံခါးကို မစေ့တစေ့ပိတ်ပြီး အိပ်ချင်ယောင်ဆောင်နေတယ်၊ ဘုန်းကြီးက

တံခါးကိုကပ်ပြီး ကျွီခနဲတွန်းဖွင့်လိုက်တော့ အိမ်ထဲမှာ ကိုးရိုးကားရားအိပ်နေတာမြင်လိုက်ရင်ပဲ သိက္ခာတောင်ချမနေနိုင်တော့ဘူး။ ပြုတ်ကျပါလေရော၊ အဲဒါ သူပုန်ခေါင်းဆောင်ကြီးက ခုတ်ချလို့ ပြုတ်ကျ သွားတဲ့ စစ်သူကြီးနဲ့တူတယ်။

အဲဒါတွေခံနိုင်မှ ကျန်နေတဲ့စစ်သူကြီးက သူပုန်ခေါင်းဆောင်ကြီးကို ပိုင်းခနဲနေအောင် ခုတ်ချလိုက်သလို ကာမရာဂတည်းဟူသော သူပုန်ခေါင်းဆောင်ကြီးကို အပိုင်းပိုင်း အတစ်တစ်ခုတ်ထစ်ပြီး အသေသတ်နိုင်တာနဲ့တူတယ်။ အဲသလိုသတ်နိုင်သောသူမှသာလျှင် ဓမ္မဝိဟာရတရားတည်လိမ့်မယ်" ဟု ဟောကြားတော်မူဖူးသည်။

ရာဂနှင့်တူသော မီးသည် မရှိ၊
ဒေါသနှင့်တူသော ဖမ်းယူတတ်သောသတ္တဝါသည် မရှိ၊
မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ၊
တဏှာနှင့်တူသော မြစ်သည် မရှိ၊

ဓမ္မပဒ

# စိတ်သာရှင်စေ ဘုရားဟော

အခါတစ်ပါး မိတ်ဆွေနှစ်ယောက်သည် မြို့တွင်းသို့ အလည်အပတ် ထွက်လာခဲ့ကြရာ ဘဂဝါဂီတ ဖတ်နေကြသည့် လူတစ်စုကို လမ်းသွားရင်း တွေ့ကြလေသည်။

"ကဲကွာ...သူငယ်ချင်း၊ ဘဂဝါဂီတဖတ်နေတာ ဝင်ပြီးနားထောင်ကြရအောင်"

"ဟာကွာ၊ ငါက ပြည့်တန်ဆာမကလေးအိမ်ကို မင်းခေါ်မလို့ စိတ်ကူးလာတာ"

"ဟယ်...မင့်ဥစ္စာက အ,ကုသိုလ်အလုပ်ကြီးပါကွာ၊ လာပါ၊ ဘဂဝါဂီတကျမ်းစာကိုဖတ်တာ နားထောင်ရတာက ကုသိုလ်ပွားပါသေးတယ်"

"အေး...ဒီနေ့တော့ အိမ်ကစ,ထွက်လာကတည်းက အဲ ဟိုအိမ်သွားမယ်လို့ ရည်စူးထားတာ မောင်၊ ဒီနေ့ည ကောင်မလေးကအဆိုနဲ့အကနဲ့ဖျော်ဖြေမယ်တဲ့၊ ဘယ်လောက်ဇိမ်ရှိလိုက်မလဲ၊ နောက်နေ့များကျမှ မင်းရဲ့ဘဂဝါဂီတနားထောင်တော့မယ်"

ဤသို့ဖြင့် တရားနာလိုသောသူငယ်ချင်းက ပြည့်တန်ဆာမအိမ်ကို သွားခြင်းထက် တရားနာရခြင်းက အကျိုးရှိကြောင်း၊ ပြည့်တန်ဆာမအိမ်၏အပြစ်တို့ကို ပြောဆိုကန့်ကွက်သော်လည်း ခေါင်းမာသောသူငယ်ချင်းက သူ့လမ်းသူခွဲထွက်သွားသဖြင့် တစ်ယောက်သောသူငယ်ချင်းသာ အပြစ်တင်ရင်း တရားနာရလေ၏။

သို့သော် ပြည့်တန်ဆာအိမ်သို့ရောက်ခဲ့သော သူငယ်ချင်းမှာ သူ့မိတ်ဆွေအား သတိတရရဖြင့် သူ့ပတ်ဝန်းကျင်ကို ကြည့်ရင်း ကြည့်ရင်း ဝေဖန်လာမိတော့၏။

'ဟုတ်သားပဲ၊ ရက်စရာကောင်းလိုက်တာ၊ ငါဟာ ကိလေသာ အာရုံကို ဦးစားပေးပြီး သူတော်ကောင်း သူငယ်ချင်းကို အားမနာ ပါးမနာ ခွဲခွာလာခဲ့တာ မှားတယ်၊ အခု ခံစားနေရတဲ့ ကာမဂုဏ်ဟာ တကယ်ဆိုတော့ အလွန်မိုက်မဲ ညဏ်နည်းတဲ့အနွတွေရဲ့ကျက်စားရာသာ ဖြစ်ပါကလား၊ အခု နေအချိန်ဆိုရင် ငါ့သူငယ်ချင်းဟာ တဏှာရာဂမှကင်းကွာပြီး အလွန် မွန်မြတ်တဲ့ ဘဂဝါဂီတဥ္စမွေလျှော်၍ ပီတိဖြစ်နေတော့မှာပဲ၊ ငါ့မှာ အကျိုး ဆုံးရှုံးလေစွ' ဟု မကောင်းမှုမှရက်ခြင်း ကြောက်ခြင်းတို့ကြောင့် မိမိမျက်မှောက်ရှိ ငါးပါးအာရုံကို မခံ့မင်နိုင်လောက်အောင်ရှိလေ၏။

သို့သော် ဘဂဝါဂီတကိုနာယူသော သူ့ သူငယ်ချင်းကား သူထင်သလိုမဟုတ်ပါချေ။ ဘဂဝါဂီတဖတ်သံကို နာယူနေရသော်လည်း သူ့စိတ်မှာတော့ သူ့သူငယ်ချင်းခွဲထွက်သွားသော ပြည့်တန်ဆာမကလေးအိမ်သို့သာ အာရုံဝင်စားနေမိလေ၏။

"ဟုတ်သားပဲ၊ ငါညံ့လို့ လိုက်မသွားမိလေခြင်း၊ အခု ဤတရားကို စိတ်မပါ လက်မပါ နာနေရခြင်းထက် ပြည့်တန်ဆာမကလေးရဲ့သီချင်းသံညှတုတုကလေးကိုနာခံရင်း နူးညံ့သိမ်မွေ့သော ဖော့ဒ္ဗာရုံကို ခံစားနေရမယ်ဆိုရင် ဘယ်လောက်စည်းစိမ်ရှိလိုက်မလဲ၊ ဟိုငနဲတော့ ခုနေအချိန် ဇိမ်ကျနေရောပေါ့၊ ကောင်မကလေးသီချင်းဆိုပြီးတာနဲ့တစ်ပြိုင်နက် သေအရက်ကိုဝိုင်းသောက်ကြမယ်၊ သေရည်ကလေး တယစ်ယစ်နဲ့ ချစ်စရာကောင်းတဲ့ကောင်မကလေးကိုတွဲပြီး စက်ရာဆောင်ခန်းထဲ မောင်နှံစုံဝင်လို့ ချိုမြိန်သောအစားအစာတွေ အိပ်ရာအပေါ်ထားလို့ တွတ်တီးတွတ်တာ ပီယဝါစာ စကားကလေးတွေနဲ့၊ ဟီဟိ၊ အိစက်ညက်ညောတဲ့ ဖဲစက်ရာပေါ်

ဝယ်" -

သို့ဖြင့် နှစ်ကာလကြာညောင်း၍ သူတို့သူငယ်ချင်းနှစ်ဦးစလုံး သေဆုံးသွားကြသောအခါ မရဏာသနသေမင်းသည် ဘဂဝါဂီတနားထောင်သူအား ငရဲသို့ဆွဲချ၍ ပြည့်တန်ဆာအိမ်သွားသူအား နတ်ပြည်သို့ပို့လိုက်လေ၏။

ဘုရားသခင်သည် လူတစ်ယောက်၏နေပုံထိုင်ပုံကိုကြည့်၍ ဆုံးဖြတ်သည်မဟုတ်။ အတွင်းစိတ်ကိုသာကြည့်၍ ဆုံးဖြတ်သည်ကား မှန်ပေသတည်း။

ဤဝတ္ထုသည် စေတနာသာအဓိကဖြစ်ကြောင်း ရည်ညွှန်းလိုဟန်ရှိသည်။

မုဆိုးတစ်ယောက်၏ သောတာပန်တည်ပြီးသောမယားသည် မုဆိုးကြီးတောထွက်၍ အမဲလိုက်မည်ပြုစဉ် ထမင်းထုပ်နှင့်တကွသော လေးမြားတို့ကို ပေးလိုက်ခြင်း၊ တောမှအပြန်ရလာသော အမဲ သားငါးများကို ခုတ်ထစ်ခြင်းစသည်ဖြင့် မယား၏ဝတ္တရားအရ ပြုဖွယ်ရှိသမျှပြုလုပ်နေရသော်လည်း သူ့၌ စေတနာတစိုးတစိမျှမရှိသောကြောင့်၊ အ,ကုသိုလ်မဖြစ်ကြောင်း ဝတ္ထုတစ်ပုဒ်ကို မြတ်စွာဘုရား ဟောကြားခဲ့ဖူးသည်။ (သောတာပန်ဖြစ်လျှင် ကံငါးပါး လုံခြုံပြီးဖြစ်လေ၏။)

ထို့နောက် စက္ခုပါလမည်သောမထေရ်ကြီး၏အကြောင်း၌ စေတနာနှင့်ပတ်သက်၍ မြတ်စွာဘုရားဆုံးဖြတ်တော်မူဖူးသည်။ စက္ခုနှစ်ကွင်း အလင်းမရရှိသော စက္ခုပါလမထေရ်ကြီး စင်္ကြံလျှောက်ရာဝယ် ပိုးမွှားငယ်များ အဖိအနင်းခံကြရသည်ဖြစ်၍ သေကြေပျက်စီးကြသည်ကို အခြားရဟန်းတော်များက ပါဏာတိပါတကံဖြင့် စွပ်စွဲကြလေ၏။

မြတ်စွာဘုရားက စက္ခုပါလမထေရ်အား မေးမြန်းစစ်ဆေးတော်မူရာ "တပည့်တော် ပိုးမွှားကလေးများကို မမြင်ပါဘုရား၊ နင်းမိသည်ကို

လည်း မသိပါဘုရား၊ သူ့ခများများအား သေစေလိုသော စေတနာလည်း အလျှင်းမရှိပါဘုရား" ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက စွပ်စွဲလာသောရဟန်းများအား –

"ချစ်သားတို့၊ စက္ခုပါလမထေရ်သည် ပိုးမွှားငယ်များအားမမြင်ဘိသကဲ့သို့ ငါဘုရားသည်လည်း စက္ခုပါလမထေရ်၌အပြစ်ရှိသည်ကို မြင်တော်မမူပါ၊ 'စေတနာ' သာ အဓိကဖြစ်ပေသည်" ဟု အဆုံးအဖြတ်ပေးဖူးလေ၏။

နာမ်ခန္ဓာလေးပါးတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင်အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။

ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ပြော ဆိုသော်၊ ပြုလုပ်သော်၊ ကြံစည်သော်၊ ထိုအကြောင်း တရားများကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့ အစဉ်လိုက်ဘိသကဲ့သို့၊ ထိုသူသို့ ဆင်းရဲခြင်းသည် အစဉ်လိုက်လေ၏။

ဓမ္မပဒ

# ဝါစာ ကမ္ဘာ

တစ်ရံရောအခါ ရွာတစ်ရွာ၌ အလွန်ရိုးသားသော အလုပ်သမား လင်မယားနှစ်ယောက်ရှိကြ၏။ လင်ဖြစ်သူသည် ကိုယ်ကျင့်တရားနှင့်လည်း ပြည့်စုံ၏။ မယားအပေါ်လည်း ကြင်နာတတ်၏။ အစစအရာရာ ပြည့်စုံအောင် ရှာဖွေကျွေးမွေးနေသောကြောင့် သူတို့အိမ်ထောင်ကလေးမှာ ပူပန်စရာ ကြောင့်ကြစရာ မရှိသလောက်ဖြစ်နေလေ၏။

အခါတစ်ပါးသော် သူ၏မယားသည် နေ့စဉ်ရက်ဆက် စိတ်လက်မကြည်လင် မှိုင်တွေ၍နေသည်ကို ထူးဆန်းစွာတွေ့ရလေ၏။

"အဘယ် အိမ်ရှင်မ၊ အဘယ့်ကြောင့် စိတ်ဆင်းရဲဘိသကဲ့သို့ မှိုင်တွေနေဘိသနည်း၊ ငါ့အပေါ်၌အပြစ်တစ်စုံတစ်ရာတွေ့မြင်ပါသလား၊ ငါကား သင့်ကို အစစအရာရာ မညှိုးငယ်ရအောင် ကြံဆောင်ကြိုးစား၍ထားခဲ့သည် မဟုတ်ပါလော"

"အိုအရှင်၊ အရှင့်အပေါ်ဝယ် အပြစ်တစ်စုံတစ်ရာ မမြင်တွေ့ပါ၊ ကျွန်ုပ်စိတ်ဆင်းရဲနေသည်မှာ ကျွန်ုပ်၏အစ်ကိုအတွက်ဖြစ်ပါသည်"

"သင့်အစ်ကို၌ အဘယ်သို့သောအကြောင်း ရှိလေသနည်း"

"အစ်ကိုသည် လွန်ခဲ့သောလကစ၍ ဆွေမျိုးသံယောဇဉ်၊ သားမယားသံယောဇဉ်၊ ပစ္စည်းပစ္စယ သံယောဇဉ်တို့ကို တဖြည်းဖြည်း ဖြတ်တောက်နေပါပြီ"

"သူဘာကိုရည်ရွယ်၍ ထိုအမှုတို့ကို ပြုဘိနေရသနည်း"

"သူ ရသေ့ ရဟန်းလုပ်တော့မည်ဟု ဆိုပါသည် အရှင်၊ ထို့ကြောင့် သူ၏မယား၊ သူ၏သားနှင့်ကျွန်ုပ်တို့၏မိခင်ဖခင်တို့ပါ ဝမ်းနည်းကြေကွဲ၍ တောင်းပန်တားဆီးနေကြပါသည်။ ကျွန်ုပ်သည်လည်း အစ်ကိုတစ်ယောက် ဆုံးရှုံးလက်လွှတ်ရမည့်အရေးကိုတွေး၍ စိတ်မချမ်းမသာဖြစ်ရပါသည်" ဟု ဆိုလတ်သော် လင်လုပ်သူမှာ အားရပါးရ ရယ်မောနေတော့၏။

"အိုအရှင်၊ အရှင်က ရယ်မောနိုင်ပေတကား"

မယားက အပြစ်တင်သော်လည်း လင်ဖြစ်သူက အရယ်မရပ်နိုင်သေးပေ။

"ဘယ့်နှယ့်လဲ အရှင်၊ အကြင်နာတရား ခေါင်းပါးလှပါဘိ၊ တရားသိသောပုဂ္ဂိုလ်တစ်ယောက် တောထွက်သွားပြီဆိုလျှင် လူ့ဘဝက သေဆုံးသွားသကဲ့သို့ သူနှင့်တစ်သက်လုံး ကွေကွင်းသွားရတော့မည်မဟုတ်ပါလော"

လင်လုပ်သူက ရယ်၍သာနေပြန်တော့သည်။ ထိုအခါ မယားဖြစ်သူမှာ လင်ယောက်ျားက ပြက်ရယ်ပြုနေသည့်အတွက် ဒေါသအမျက်ထွက်လာတော့၏။

"အရှင့်မှာ တစ်သက်လုံး ဤသို့သာ ရယ်မောနေပါလေတော့၊ အကျွတ်တရားရပြီးသော ကျွန်ုပ်၏အစ်ကိုမှာတော့ သူ့မျက်နှာဝယ် ရယ်ခြင်းပြုံးခြင်းမှပျောက်ကွယ် ကုန်ပါလေပြီ" ဟု လင်သည်အား ခနိုးခနဲ့ပြောလိုက်လေ၏။

ထိုအခါ လင်ဖြစ်သူက ဖြုန်းခနဲအရယ်ရပ်လိုက်ကာ သူ့မိန်းမအားကြီးမားသောကြွေ့နှင့်စဉ်းစဉ်းစားစား ဖြည်းညင်းစွာပြောလိုက်လေသည်။

"အရှင်မ၊ စိတ်မဆိုးပါနှင့်၊ သင်၏အစ်ကိုဖြစ်ပုံမှာ ရယ်စရာဖြစ်နေ၍ ရယ်မိပါသည်၊ သင်စိတ်ဆင်းရဲခြင်း မရှိပါလင့်၊ သင်၏နောင်တော်

အတွက်လည်း ပူတောင့်ပန်းပင် မရှိပါလေနှင့်။ သူသည် ဘယ့်သောအခါမှ တောလည်းမထွက်နိုင်ပါ၊ ထို့ကြောင့် ရဟန်းလည်း မဖြစ်နိုင်ပါ၊ ဤနည်း ဤပုံဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ တောထွက်ပြီး ရဟန်းဖြစ်သွားသည်ဟု ငါမကြားခဲ့စဖူးပါ" ဟု ဆိုလေ၏။

အိမ်သူမယားသည် သူ့ယောကျ်ား၏စကားကို အံ့သြစွာ နားထောင်ရင်း ပြန်မေးလိုက်၏။

"သို့ဖြစ်မူ ဘယ်နည်း ဘယ်ပုံဖြင့် လူယောကျ်ားသည် ရဟန်းဖြစ်ပါသနည်း"

"ဤသို့နည်းဖြင့်သာ ရဟန်းဖြစ်ပါသည်ရှင်မ" ဟု ယောကျ်ားက ပြောပြောဆိုဆို အဝတ်အစားများကို ဆုတ်ဖြဲပစ်လိုက်ပြီးလျှင် အဝတ်တစ်ပိုင်းကို သူ၏ပခုံးပေါ်တင်၍ –

"ယနေ့မှစ၍ သင်နှင့်တကွမိန်းမဟူသရွေ့ ငါ၏မိခင်ဖြစ်ပြီ၊ ယခု ပင်တောထွက်ပါတော့အံ့" ဟုပြောလျက် အိမ်ပေါ်မှဆင်းသွားလေတော့ရာ တစ်ကြိမ်မှမပြန်သောခရီးသို့ ပေါက်ရောက်သွားလေ၏။

ဤဝတ္ထုမှာ နိက္ခမတရားကို နှုတ်မှကြိမ်းဝါးနေခြင်းဖြင့် အရာမရောက်နိုင်ဘဲ စွမ်းစွမ်းတမံ ပြတ်သားရဲရင့်စွာ တကယ်လုပ်မှဖြစ်နိုင်ကြောင်း ဖော်ပြခြင်းဖြစ်လေသည်။

လူပြော မသန်၊ လူသန် မပြောဆိုသော စကားပုံသည်လည်းကောင်း၊ ဝါစာကမ္မာဟု ပြောလေ့ပြောထရှိသော ဝေါဟာရသည် လည်းကောင်း၊ သဘောချင်းတူညီကြလေသည်။ (ဝါစာ=စကား၊ ကမ္မာ=ပြုခြင်း) စကားဖြင့်သာပြုခြင်း။

နိက္ခမ တောထွက်ခြင်းနှင့်တရားကျင့်ခြင်းတို့၌ အချိန်ကာလကို စောင့်စားခြင်း၊ အခြေအနေကို သုံးသပ်နေခြင်းတို့ဖြင့် ရည်ရွယ်ချက်မပြည့်မြောက်ဘဲ ဖင့်နွဲ့နေတတ်၍ နောက်ဆုံးတွင် ယောင်တိယောင်တောင် ဘာမှ

အကောင်အထည်မပေါ်နိုင်ခြင်းကို ဖော်ပြထားသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် အလုံမြို့ အနောက်ဘက် ရွှေတာဦးတောင်တွင် သီတင်းသုံးတော်မူခိုက် အလုံမြို့နေ အဘိဓမ္မာဆရာဦးထွန်းဦးနှင့်ဦးထွန်းလှတို့ စာပေအဟောအပြောကိုသာ အားကျ၍ ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာအလုပ်ကို အားမထုတ်ကြသည့် အတွက် ဩဝါဒတေးထပ်တစ်ပုဒ်ဖြင့် ဤသို့ဆုံးမတော်မူဖူးလေသည်။

ထွန်းဦးနှင့် ထွန်းလှ၊ လွမ်းစရာနှစ်လူ၊ ကျမ်းဓမ္မ အဆုဆုမှာ၊ သူမတူ ဉာဏ်သွား၊ ပြောဟောမှု ထွေအလာ၊ ပဒေသာနှုတ်လျှာ ကပါး၊ အလုပ်နှင့်အဟုတ်တယ်လျှင်၊ ဆုတ်ပြယ်ပြယ် လူစား၊ တကယ်ဆိုနှောင်သမား၊ ပြောင်ကြွားကြွားဟန်မို့ ပြောဟောဉာဏ် စာအရေးမှာတော့ လျှာကလေး သွက်ကြသကို သိလျက်သားနှင့် အမှားခို စကားထိုထို ရမယ်ဖွဲ့လို့ ဗယ်တဲ့ညာတဲ့ ယောင်ယောင် ဆေါင်ဆေါင်၊ ပြောကြ ဟန်ဆောင်၊ နှစ်မြဲ နှစ်ဖို့ အလွတ်ရှောင်လျှင်၊ အကျွတ်ဟိုနောင် ကွာလှမ်းရာလိမ့်လေး။

# အတ္တသမံ ပေမံနုတ္တိ

အခါတစ်ပါး ယောဂီတစ်ယောက်သည် သူ၏တပည့်ကို ဤသို့ သိမ်းသွင်းလေ၏။

"အို၊ တပည့်ကြီး၊ ငါနှင့်လိုက်၍ တောထွက်ကာ တရားကျင့်ပါ လော့၊ လူ့လောကသည် သခ်ါရသဘောဖြစ်၏။ မိမိ၏အားကိုးရာသည် မဂ်ဖိုလ်သာလျှင် ရှိ၏"

ထိုအခါ ရံဖန်ရံခါ တရားကျင့်နေခဲ့ဖူးသော တပည့်က...

"ကျွန်တော် တရားကိုမြတ်နိုးပါသည်၊ အားကိုးပါသည်၊ သို့သော် ကျွန်တော်၏မိခင်နှင့် ကျွန်တော်၏မယားသည် ကျွန်တော့်ကို အလွန်ချစ် ကြပါသည်၊ ကျွန်တော့်ကိုသာ သူတို့အားကိုးနေကြရာပါသည်၊ ကျွန်တော် မည်သို့ သူတို့အား စွန့်ပစ်ထားခဲ့နိုင်ပါမည်လဲ" ဟု ဆင်ခြေပေး၏။

"ငါ့တပည့်ကြီး၊ အထင်နှင့်အမြင် မှားယွင်းနေပြီ၊ မင်း၏သဘော တွင် ငါ၊ ငါဟူသော အတ္တအပြင် သူတစ်ပါးက မင်းအား တကယ်ချစ်ခင် တွယ်တာနေသည်ဟုထင်သောကြောင့် သဘောမပေါက်နိုင်အောင်ရှိနေရ သည်။ စင်စစ်မှာကား မည်သူမဆိုသတ္တဝါတိုင်း မိမိကိုယ်ကိုသာမိမိ ချစ် ခင်တွယ်တာကြရိုးဖြစ်သည်၊ မိမိမှလွဲ၍ မည်သူ့ကိုမှ တစိုးတစိ မချစ်ပါပေ"

"သို့သော် မိခင်ကြီးနှင့်ကျွန်တော့်မိန်းမကတော့ ကျွန်တော့်ကို တကယ်ချစ်ကြတာ မှန်ပါသည် ဆရာ"

"ကောင်းပြီ၊ သူတို့က မင်းကိုတကယ်ချစ်သည်မချစ်သည် ထင်

"ကောင်းပြီ၊ သူတို့က မင်းကိုတကယ်ချစ်သည်မချစ်သည် ထင်ရှားအောင် စုံစမ်းကြည့်ချင်ပါသလား၊ အကယ်၍ မင်းကိုယ်တိုင် အကြောင်းမှန်ကို မြင်ရကြားရလျှင် မင်း ငါနှင့်လိုက်၍ ကိုယ့်ကိုယ်ကိုယ်အတွက် ချမ်းသာရာချမ်းသာကြောင်း ရှာကြံပါမည်လား"

"ကျွန်တော်ကိုယ်တိုင်သိရလျှင် ဆရာနှင့်အတူ တရားကျင့်လိုက်ပါမည် ဆရာ"

"အိမ်း...ကောင်းလှပေပြီ၊ သူတို့က တကယ်ချစ်သည် မချစ်သည် သိရအောင် ဤဆေးလုံးကိုယူသွားပါလေ၊ အိမ်သို့ရောက်၍ ဤဆေးလုံးကို မျိုလိုက်ပါက သင်သည်မလှုပ်မရှား ထွက်သက်ဝင်သက်ကင်း၍ လူသေကဲ့သို့ဖြစ်သွားပါလိမ့်မည်၊ သို့သော် သတိလက်လွတ်ကား မဟုတ်၊ သင်ကိုယ်တိုင် အရာရာကို ကြားနိုင် မြင်နိုင်စွမ်းရှိပါလိမ့်မည်၊ သင်ဘာမျှမစိုးရိမ်ပါနှင့်၊ အချိန်တန်သောအခါ ငါကိုယ်တိုင်လာ၍ သင့်အား နဂိုအတိုင်းဖြစ်အောင် ဆောင်ရွက်ပေးပါမည်" ဟုပြောဆို အကြံပေးလေ၏။

တရားကျင့်ဖူးသော ယောဂီလုလင်သည် သူ၏ဆရာအား ယုံကြည်ကိုးစားသည်ဖြစ်၍ ဆရာပေးသောဆေးကိုယူဆောင်၍ အိမ်သို့ပြန်သွားလေ၏။ အိမ်သို့ရောက်လျှင် ရုတ်တရက်နေမကောင်းဖြစ်လာသည်ဟု ပြောဆိုကာ အိမ်သားများမမြင်အောင် ဆရာ၏ဆေးကို မျိုလိုက်လေ၏။ ချက်ချင်းပင် အိပ်ရာပေါ်၌ခဏမျှ လူးလိမ့်ကာခံရပြီးနောက် လူသေတစ်ယောက်ကဲ့သို့ ဖြစ်သွားလေ၏။

ထိုအခါ တစ်အိမ်သားလုံး ယူကျုံးမရ ငိုကြွေးကြ ပရိဒေဝ တောက်လောင်နေကြပုံကို ယောဂီလုလင်က အထင်အရှား ကြားမြင်နေရလေ၏။ မိခင်သည် လည်းကောင်း၊ မယားသည် လည်းကောင်း မြေပေါ်တွင် လိမ့်ကာ လူးကာ ပင်ပန်းစွာ တသပူဆွေးနေကြစဉ် အိမ်တွင်းသို့ ဗြာဟ္မဏတစ်ယောက်ဝင်ရောက်လာပြီးလျှင် အကြောင်းချင်းရာကို မေးမြန်း

လေ၏။ ထိုဗြာဟ္မဏကား မိမိဆရာဖြစ်ကြောင်း လူသေက မှတ်မိလိုက်၏။

တစ်အိမ်လုံးက ထိုဆရာအား ငိုကြီးချက်မနှင့် အဖြစ်အပျက်အလုံး စုံကို အကုန်အစင် ပြောပြကြလေ၏။

"ငါကား ဆေးဆရာတစ်ဦးဖြစ်သည်၊ ဤလူမမှာ တကယ်သေ သည် မသေသည်ကို စစ်ဆေးကြည့်ရမည်လား" ဟု ဗြာဟ္မဏက ပြော သောအခါ

"အောင်မယ်လေး၊ စစ်ဆေးကြည့်ပါ ဆရာရယ်၊ စစ်ဆေးကြည့် ပါ၊ ကယ်နိုင်ရင် ကယ်ပါဦး ကျေးဇူးရှင်ကြီးရယ်" ဟု ပျာပျာသလဲ တောင်းပန်ကြလေ၏။ ထိုအခါ ဗြာဟ္မဏဆရာက . . .။

"အကယ်၍ တကယ်မသေဘဲ ဆေးပြန်ကုရမယ်ဆိုရင်" ဟု ဆရာက လူသေအား စမ်းသပ်စစ်ဆေးရာက မေးလိုက်သော် . . .

"အလိုလေးလေး၊ တကယ်သာ မသေသေးလို့ ရှိရင် ဘယ်ပုံ ဘယ်နည်းနဲ့ ကုရကုရ၊ သူ့အသက်ချမ်းသာအောင်ကုဖို့ အဆင်သင့် ရှိပါ တယ်" ဟု ဝိုင်း၍ ပြောကြလေ၏။

"ကဲ ဒါဖြင့် ယခုပြောမယ်၊ ဤလူ အသက်မသေသေးပါ၊ အသက် ရှင်လျက်ပဲ ရှိသေးတယ်၊ ဆေးကုလျှင် လူကောင်းပကတိပြန်ဖြစ် သွားစရာ တတ်နိုင်ပါသေးတယ်"

"မြတ်စွာဘုရား ကယ်တော်မူပါ၊ ကျွန်မတို့ သိကြားဆရာနှင့်တွေ့ ရပါပေတယ်"

"နေပါဦး၊ ကျုပ်ကို အလျင်စလို မချီးမွမ်းကြပါနဲ့ဦး၊ လွယ်လွယ် ကူကူတော့ ကုလို့ရနိုင်တာမျိုး မဟုတ်ဘူး၊ ငါ၏ဆေးကို သူ့အားတိုက်ရိုက် တိုက်ကျွေးလို့ မဖြစ်ပါ၊ သူ့အလျင်တစ်ယောက်ယောက်က သောက်ပြီး အော့အန်၍ထွက်လာသော အန်ဖတ်ကိုတိုက်နိုင်မှ သူ့အသက်ရှင်နိုင်စရာ ရှိပါသည်၊ အေး–ယခုကတည်းက ဖွင့်ပြောရမှာတော့ ပထမဆေးကို

သောက်တဲ့လူအဖို့ဖြင့် အသက်ဆုံးရှုံးရပါလိမ့်မည်၊ ဒါပေမဲ့ ယခုကွယ်လွန် အံ့ဆဲဆဲဖြစ်နေတဲ့သူကို အလွန်ချစ်၍ သည်းထန်စွာငိုကြွေးနေသော မိခင်နှင့်မယားအနက် တစ်ယောက်ယောက်က သောက်ဖို့ဝန်လေး နှောင့်နှေးနေလိမ့်မည်မဟုတ်ဟု ငါထင်ပါသည်။ ကဲ အချိန်မီအောင် မည်သူအလျင်သောက်ပါမည်နည်း"

ဗြာဟ္မဏဆရာက ဤသို့မေးလိုက်သည်နှင့် တစ်ပြိုင်နက် ငိုရှိုက်နေသူတွေအားလုံး အငိုတိတ်၍ ဆိတ်ငြိမ်ကုန်ကြလေ၏။

"ကဲ...ကဲ၊ ပြောကြပါလေ၊ တစ်ယောက်ယောက်က စ,ပြောကြပါ၊ အချိန်မရှိဘူး"

ထိုအခါ မိခင်လုပ်သူက "ဤအိမ်ကို အုပ်ချုပ်သွားမည့်သူမှာ ငါသာဖြစ်သောကြောင့် ငါတော့မသောက်နိုင်ပါ" ဟု ဆိုလေ၏။ မိန်းမလုပ်သူကလည်း . . .

"ကျွန်မခင်ပွန်းသည် လူတို့၏သွားရိုးသွားစဉ်လမ်းသာ သွားခြင်းဖြစ်ပါသည်။ ကျွန်မမှာ ကလေးသုံးယောက် ဥမမည် စာမမြောက်ကလေးတွေကို ကြီးပြင်းအောင် မွေးမြူထိန်းသိမ်းသွားဖို့ရှိပါသေးတယ်၊ ထို့ကြောင့် ကျွန်မလည်း မသောက်နိုင်ပါ" ဟုဆိုလေ၏။

ထိုအခါမှ ဆရာဗြာဟ္မဏက လူသေအား

"ကဲ ငါ့တပည့်ယောဂီ၊ မင်းကို တကယ်ချစ်သူ တကယ်မရှိကြောင်း မင်းတကယ်ယုံပြီလား၊ မင်းကို တကယ်ချစ်မည့်သူမှာ မင်းကိုယ်တိုင်ပင်ဖြစ်သည်။ ယခုပင် ထလော့" ဟု ဆေးတစ်လုံးတိုက်ပြီးလျှင် လူကောင်းပကတိ ဖြစ်စေလေ၏။ ယောကျ်ားပျိုလည်း ချက်ချင်းထ,ထိုင်ကာ ဆရာ့အားရှိခိုးလျက် . . .

"ဆရာသခင် ကျေးဇူးရှင်ခင်ဗျား၊ ဆရာ၏နောက်သို့လိုက်၍ တရားကျင့်ရင်း ကျွန်တော့်ကိုယ်ကိုသာ ကျွန်တော်ချစ်ပါတော့မည်" ဟု

ပြောဆိုလျက် မိခင်နှင့်မယားအား စွန့်ခွာကာ လိုက်ပါသွားရာပေလေတော့သတည်း။

*

ဤပုံပြင်ကလေးကို ဟောကြားသောရည်ရွယ်ချက်မှာ 'အတ္တသမံ ပေမံနတ္ထိ' မိမိကိုယ်သာ မိမိချစ်တတ်ကြသည်ဟူသောစကားကို ဖွင့်ပြောထားပုံဖြစ်သော်လည်း အလှည့်ကလေးမှာ အလွန်အနုပညာဆန်၍သဘာဝကျပါသည်။ 'ကမ္ဘာမီးလောင် သားကောင်ချနင်း' ဟူသော စကားနှင့်ပုံပြင်မှာလည်း မိမိကိုယ်ကိုသာ အရေးကျလာလျှင်အချစ်ဆုံးဟု ဆိုလိုသော ဥပမာဖြစ်စေကာမူ (တကယ်မှန်သည့်ထားဦး) မိခင်၏ရက်စက်ရာကို သုံးနှုန်းသလို ရှိပါသေးသည်။ အလွန့်အလွန် အကြင်နာကင်းသောစိတ်ဖြင့်သာ ပြုလုပ်စရာရှိပါသည်။

ယခုဝတ္ထုမှာကား မိခင်နှင့်မယားဆိုင်ပေးထားသော ဇာတ်ကြောင်းက လောကသဘာဝကျနေပါသည်။ သားကိုချစ်ခြင်း၌ မိခင်နှင့်တူသူမရှိဟုဆိုသလို လင်ကိုတွယ်တာခြင်း၌ မယားနှင့်တူသူမရှိဟုဆိုသော်လည်း ယောက္ခမနှင့်ချွေးမ မျက်နှာချင်းဆိုင်ရာတွင်ကား မိန်းမသားများ တစ်ယောက်နှင့်တစ်ယောက် တွက်ကပ်နေကြသည်နှင့် သားအသက် လင်အသက်ကို မကြင်ရက်အောင် ဖုံးလွှမ်းနေကြပုံက သတိတရားရစရာကောင်းနေပါသည်။ တကယ်ချစ်သူကို့မည်သည်ကား ကိုယ်ကျိုးမကြည့်၊ သူ့ကို မတွက်ကပ်၊ မြင့်မြတ်သောမေတ္တာစေတသိက်ပင်တည်း။ သို့သော် ထိုစိတ်သည် ဗြဟ္မဝိဟာရနှင့် ဒါနပါရမီကို အရောက်မမီသေးသမျှကာလ ပတ်လုံး စွန့်ရဲသောသတ္တိ မပေါ်လာနိုင်ပေ။

ထို့ကြောင့် အတ္တသမံ ပေမံနတ္ထိသည် အမှန်တရားဖြစ်ပါပေသည်။

ဗုဒ္ဓမြတ်စွာက ဓမ္မပဒတွင် ဤသို့ဟောတော်မူခဲ့၏။

"မိမိကိုယ်ကိုချစ်အပ်၏ဟုသိပါမူ ထိုမိမိကိုယ်ကိုကောင်းစွာစောင့်ရှောက်ခြင်းဖြင့် ဆောင်ရွက်ရာ၏။

ပညာရှိသည် အရွယ်သုံးပါးတွင် တစ်ပါးပါးသောအရွယ်၌ လုံ့လထုတ်ကာ သုတ်သင်ရာ၏။

ထိုမှတစ်ပါး မိဘနှင့်သားမယားစသည်တို့မှာ ကိလေသာဝဋ်မှ ရန်သူဖြစ်ကြောင်း ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီးက ကိုယ်တွေ့ဟောကြားတော်မူခဲ့ပါသေးသည်။

"ရန်သူကိုရှာတော့ လောဘ ဒေါသ မောဟ မာနဆိုတဲ့တရားတွေပဲဆိုတာ သိမြင်ရတယ်။ လောဘ ဒေါသ မောဟ မာနဆိုပေမယ့် စိစစ်လိုက်တော့ ဒုက္ခအပေးဆုံးတရားဟာ လောဘပဲဆိုတာ သိရတယ်။ ဒီတော့ လောဘဟာ အဓိကရန်သူအစစ်ပဲဆိုပြီး လောဘကိုသတ်တာပေါ့။ နောက်တစ်ခါ ငါ့ရန်သူ ဘယ်သူများကျန်သေးသလဲလို့ ထပ်ပြီးရှာလိုက်တော့ အနီးကပ်ဆုံးဖြစ်တဲ့ရန်သူဟာ အတူနေဇနီး သားနဲ့ဥစ္စာပစ္စည်းများဆိုတာကို သိရပြန်တယ်၊ သိတော့ သူတို့ကို သံသရာကြွေးရှင်းပြီး စွန့်ရတာပေါ့" စ သည်ဖြင့် မိန့်ကြားတော်မူသည်။

အသက်ကြီးစွာ၊ ငါတို့မှာကား၊ ဘဇာတစ်၊ တာတွယ်
ရှိအံ့၊ မငြိမစွန်း၊ ရဟန်းပြုပြု၊ ကိုယ်တစ်ခုသာ၊ နေပေရာ၏။
အခါတန်လှ၊ ချိန်ဆုန်းဆ၍၊ နမငယ်လင်၊ နိဗ္ဗာန်ခင်သည်၊
အိမ်တွင် နေငြောင့်နေငြီးတည်း။

စတုဓမ္မသာရပျို့

# ဝိရိယနှင့် အစိဉာန်

အခါတစ်ပါးတွင် တိုင်းပြည်တစ်ပြည်၌ မိုးခေါင်လေသော ကြောင့် လယ်သမားများဒုက္ခရောက်ကြကုန်၏။ သူသူငါငါ ရေအလို့ငှာ ချောင်းတစ်ချောင်းမှ လယ်သို့တူးမြောင်းများကို ဖောက်ကြသည်တွင် လယ် သမားတစ်ယောက်မှာ စွဲမြဲစွာ သန္နိဋ္ဌာန်ချ၍ သူ၏လယ်နှင့်ချောင်းသို့ တူး မြောင်းတစ်ခု မပေါက်မချင်း ပေါက်တူးပေါက်မရပ်ဟု စိတ်ဆုံးဖြတ်ကာ စ,တင် မြောင်းတူးလေ၏။

ရေချိုးချိန်ရောက်သောအခါ သူ၏မိန်းမသည် သူ့သမီးအား လင် ထံသို့ ဆီတစ်ခွက်ပို့စေ၏။ သမီးငယ်က –

"ဖခင်၊ ယခု အတော်မှောင်နေပြီ၊ ဤဆီဖြင့်လိမ်းသပ်၍ ရေချိုးပါ တော့" ဟု တိုက်တွန်းရာ လယ်သမားက သမီးအားငေါက်ငမ်း၍ နှင်ပစ် လိုက်လေ၏။ နောက်တစ်ဖန် မယားကလာ၍ –

"အဘယ်ကြောင့် ရေမချိုးသေးသနည်း၊ ထမင်းအေးကုန်ပြီ၊ ရှင် လုပ်သမျှ အလွန်အကျွံချည်းပဲ၊ ကျန်သောလုပ်စရာများကို မနက်ဖြန်နံနက် ဖြစ်ဖြစ် ညစာစားပြီးမှဖြစ်ဖြစ် လုပ်နိုင်သားနဲ့" ဟု ရပ်နားခိုင်းရာ လယ်သမား က ပေါက်တူးပေါက်နေရင်း...

"ငါ့ကိုစကားလာမပြောနဲ့၊ ငါ့လယ်ကို ရေမရောက်မချင်း ငါရေ မချိုး၊ ထမင်းမစား၊ မင်းသာ ဒီနေရာက မြန်မြန်သွား" ဟု ဒေါသနှင့် နှင် လွှတ်လေ၏၊ မိန်းမကလည်း လင်၏စိတ်သဘောကိုသိ၍ မည်သို့မျှဆက်

မပြောဝံ့ဘဲ ကြောက်ရွံ့စွာ အိမ်သို့ပြန်သွားရလေ၏။

လယ်သမားသည် သူ့အဓိဋ္ဌာန်အတိုင်း တူးမြောင်းပေါက်၍ သူ့လယ်သို့ ရေမရောက်မချင်း တစပ်စပ်ပေါက်မြဲပေါက်နေလေ၏။ နောက်ဆုံးတွင်ကား တူးမြောင်းမှရေတွေ ဒလဟော စီးလာတော့၏။ လယ်သမားသည် ဤတွင်မှထိုင်၍ တသွင်သွင်စီးဝင်လာသောရေကိုကြည့်ကာ ပီတိဖြစ်ပြီး အိမ်သို့ပြန် ရေချိုးလေ၏။ ရေချိုးပြီးသော် ထမင်းကို စိတ်အေးလက်အေးစားသောက်ပြီးနောက် အပူအပင်အကြောင့်အကြမရှိဘဲ အိပ်ရာသို့ဝင်ရာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေ၏။

ထိုအရပ်၌ပင် အခြားသောလယ်သမားတစ်ဦးသည် သူ၏လယ်သို့ရေသွယ်ရန် တူးမြောင်းတူးနေဆဲ သူ့မိန်းမကလာရောက်၍အနားယူခိုင်းသောအခါ အိမ်ပြန်၍အနားယူလိုက်လေ၏။ ထိုလူမျိုးသည် မည်သို့သောအခါမျှ သူ့လယ်သို့ တူးမြောင်းဖောက်ပြီး ရေရောက်မည့်ပုဂ္ဂိုလ်မျိုးမဟုတ်ပေရာ တရားကျင့်ရာတွင်လည်း အောင်မြင်ပေါက်ရောက်လိမ့်မည် မဟုတ်ပေ။

*

ဤပုံပြင်ဝတ္ထုသည် ကမ္မဋ္ဌာန်းဝိပဿနာရှာကြံသူ ယောဂီများအတွက် ဝီရိယဆေးကြီးတစ်လက်ဖြစ်လေ၏။ လယ်သမားတစ်ယောက်သည် ချောင်းထဲကရေကိုမြင်ပြီး ဒီရေကို ဒီလယ်ထဲရောက်အောင်ပေါက်ယူလျှင်ပြီးတာပဲ၊ ရေတွေက ဘယ်မှထွက်မပြေးပါ၊ ခန်းခြောက်မသွားပါ၊ ယနေ့မရလျှင် ယနေ့မရောက်လျှင်လည်း နက်ဖြန်ပေါ့ဟု ခပ်အေးအေးလုပ်သောဝီရိယမျိုးကို ဖော်၍ တစ်ယောက်က ချောင်းထဲကရေကိုတွေ့ထားပြီးဖြစ်သောကြောင့် ယနေ့ရလျှင် ယနေ့ကစပြီးအကျိုးရှိမည်၊ ယခုရလျှင်ပင်ယခုကစ၍ ခံစားသုံးဆောင်နိုင်သည်ဟူသောစိတ်ထားမျိုး နှိုင်းယှဉ်၍ပြခြင်း

ဖြစ်သည်။ မြတ်စွာဘုရားက "ပြုဖွယ်မှန်သမျှ ယနေ့ပြုပါ၊ နက်ဖြန် သန်ဘက် ဆိုသည်ကား သင်သေသွားနိုင်သည် မဟုတ်လား၊ မည်သူ သိနိုင်ပါမည်နည်း" ဟု သတိပေးတော်မူသည်။

အထက်ပါဝတ္ထုမှာ ရေကိုတွေ့ပြီးသောလယ်သမားဖြစ်၍ အောက်ပါဝတ္ထုမှာ ရေကိုမတွေ့ရသေးသော ရွာသားတစ်ယောက်အကြောင်းဖြစ်သည်။ ဤဝတ္ထုနှစ်ပုဒ်မှာ ဝီရိယအကျိုးအကြောင်း ဆက်စပ်လျက်ရှိသည်။

*

ရှေးသရောအခါ ရေတွင်းတူးလိုသောလူတစ်ယောက်က မြေကြန်လက္ခဏာနားလည်သည်ဟု ကျော်စောသောပုဂ္ဂိုလ်တစ်ဦးအားကပ်၍ "အဘယ်နေရာ၌ ရေတွင်းတူးရသော် ရေမြန်မြန်ထွက်ပါမည်နည်း" ဟု မေးလေ၏။ ထိုအမေးခံရသောပုဂ္ဂိုလ်က "ဤနေရာတွင်တူးလော့" ဟု မြေတစ်ကွက်ကိုပြသဖြင့် ထိုယောကျ်ားသည် အားပါးတရ ဝီရိယနှင့်တူးလေ၏။ သို့သော် တစ်ဆယ့်ငါးတောင်နက်သည့်တိုင်အောင် ရေကိုမတွေ့ရ။ ထို့ကြောင့် စိတ်ပျက် လက်ပျက်ဖြစ်နေစဉ် အပါးသို့လူတစ်ယောက် ရောက်လာလေ၏။

"အဆွေ ဘာကို တူးသနည်း"

"ကျွန်တော်သည် ဤနေရာတွင် ရေတွင်းတူးနေပါသည်။ အခု ဆယ့်ငါးတောင် နက်ပါပြီ၊ ရေမတွေ့ရသောကြောင့် စိတ်မောလူမော ဖြစ်နေရပါသည်" ဟုဆိုသော် ထိုပုဂ္ဂိုလ်က...

"အို၊ အသင့်မြေကြီးက ရေထွက်နိုင်သောမြေကြီးမျိုးမဟုတ်၊ ဤနေရာထက်စာသော် ထိုနေရာက ရေမြန်မြန်ထွက်နိုင်သည်၊ မယုံလျှင် တူးကြည့်ပါ" ဟု နေရာတစ်ကွက်ကိုညွှန်ပြ၏။

ရေတွင်းတူးသမားသည် ဒုတိယပုဂ္ဂိုလ်ညွှန်ပြရာသို့သွား၍

အားရပါးရ တူးပြန်၏။ အတောင်နှစ်ဆယ် နက်သည့်တိုင်အောင် ရေကို မတွေ့ရ။ ထို့ကြောင့် ပို၍စိတ်ပျက်လာပြန်သည့်အခိုက် တတိယပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီးလျှင် မေးမြန်းရာက...

"ဘူမိဗေဒ မြေကြန်လက္ခဏာကို မတတ်ဘဲနဲ့ပြောခဲ့သောလူများ ကြောင့် ငါ့မိတ်ဆွေ အလဟဿ ပင်ပန်းနေရသည်၊ ယခုနေရာထက် ထို နေရာက ရေထွက်မြန်သည်။ စိတ်ချပါ၊ ယခုငါနှင့်လိုက်ခဲ့၍တူးကြည့်ပါ" ဟု ဆိုသောကြောင့် ရေတွင်းတူးသမားသည် ပေါက်တူးကိုကိုင်၍ ပြသ သောနေရာကို အားစိုက်ခွန်စိုက် တူးကြည့်ပြန်လေ၏။ အတောင်သုံးဆယ် နက်ခဲ့သည့်တိုင်အောင် ရေတစ်စက်မျှမတွေ့။ ထို့ကြောင့် စိတ်အပျက်ကြီး ပျက်ကာ လက်လျှော့တော့မည်ဟုကြံဆဲ စတုတ္ထလူတစ်ယောက် ရောက် လာပြန်လေ၏။

ထိုအခါတွင်တော့ ရေတွင်းတူးသမားက ဦးအောင် စ,တင်၍မေး လိုက်မိ၏။

"ဘယ်နှယ့်လဲ ဆရာကြီး၊ ခင်ဗျားကော ရေမြန်မြန်ထွက်တဲ့နေရာ ပြဦးမလို့လား၊ ကျုပ်တော့ တူးချင်စိတ်ကုန်နေပါပြီ" ဟု ဆိုရာ ထိုပုဂ္ဂိုလ်က

"အေးလေ၊ ငါ့စကားကိုယုံရင် ပေါက်တူးနဲ့တစ်ချက် နှစ်ချက် ပေါက်ကြည့်ပေါ့၊ ငါညွှန်ပြမယ့်နေရာသာ မင်းပေါက်တူးကိုင်ပြီးလိုက်ခဲ့ပါ၊ တစ်ချက်နှစ်ချက် ဒါမှမဟုတ် တစ်တောင်နှစ်တောင်တူးကြည့်လို့မှ ရေစိုစို မတွေ့ရရင် ဆက်မတူးနဲ့တော့ပေါ့ကွာ" ဟုခေါ်သွားကာ မြေကြီးတစ်နေ ရာကို ပြပြန်လေ၏။ ရေတွင်းတူးသမားသည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ တစ်တောင်နှစ်တောင်လောက်တူးကြည့်ရုံနှင့် ပို၍ပင်ပန်းတော့မည်မဟုတ် ဟုကြံစည်ကာ လိုက်သွားပြီး တူးကြည့်မိလေ၏။ သို့ပါသော်လည်း သူပြော သည့်အတိုင်း ဆယ်တောင်အထိ ရေစိုစိုကလေးမျှ မတွေ့ရပေ။ ထို့ကြောင့် စိတ်ပေါက်လက်ပေါက်နှင့် ပေါက်တူးကိုလွှင့်ပစ်လိုက်ကာ ရေတွင်းတူးခြင်း

ကိစ္စကို လုံးဝစွန့်လွှတ်လိုက်လေတော့သတည်း။

သို့ရာတွင် သူတူးခဲ့သော အတိုင်းအတာမှာ စုစုပေါင်းအတောင် ခုနစ်ဆယ်ကျော်မျှရှိသည်ဖြစ်ရာ အကယ်၍ တစ်နေရာတည်း၌ ထိုထက်ဝက်မျှ သည်းခံကြိုးစား၍တူးပါမူ သူ့ရေတွင်းအောင်မြင်မည်မှာ မုချဖြစ်လေသည်။

*

ရာမာခရစ်ရှနာဘုန်းတော်ကြီးက "သူတစ်ယောက်သည် မိမိ၏လုပ်ငန်း၌ အစဉ်တစိုက် အားမထုတ်ခြင်း၊ နောက်တွေ့သော ဥပနိဿယဆရာ၏စကားကို နားယောင်ခြင်း၊ မိမိလုပ်လက်စလုပ်ငန်းပေါ်တွင် စိတ်ချယုံကြည်မှုနည်းပါးခြင်းကြောင့် နောက်ဆုံး လုပ်ငန်းကို စိတ်ပျက်လက်လျှော့လိုက်ရသည်အထိ ကိုယ်ကျိုးနည်းတတ်သည်" ဟု ဖော်ပြထားလေသည်။

ကျွန်တော်တို့အနေနှင့် သူ၏အာဘော်ကိုသုံးသပ်ရန်၊ ဆင်ခြင်တွေးတောရန် အလွန်ကောင်းသည်။ ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းနှင့် များစွာအကျိုးဝင်ပါသည်။

အထက်ပါဝတ္ထုနှစ်ပုဒ်၏ရည်ညွှန်းချက်မှာ ဝီရိယချင်းတူသော်လည်း အကြောင်းခံချင်းကွဲပြားသည်ကို သတိပြုရန်ဖြစ်သည်။ ပထမဝတ္ထုသည် လယ်သမား၏အားကိုးစရာဖြစ်သောရေကို မျက်ဝါးထင်ထင် တွေ့မြင်ပြီးဖြစ်လျက် ဝီရိယချင်းခြားနားပုံကိုပြသည့် လယ်သမားနှစ်ယောက်အကြောင်းဖြစ်သည်။ ဒုတိယဝတ္ထုကား မိမိတို့၏ဘဝအတွက် အရေးတကြီး လိုလားအပ်သောရေကို ဒိဋ္ဌမျက်မြင်မဟုတ်။ ဘယ်အနက် ဘယ်အတိုင်းအတာတွင်မှ တွေ့ရမြင်ရ အကျိုးခံစားရမည်ကိုမသိဘဲ မြေကြန်လက္ခဏာဆရာကိုသာ ဦးစွာပထမဆည်းကပ်မှုကအရေးကြီးကြောင်း စဉ်းစားနိုင်စရာရှိနေသည်။ အကယ်၍ ကျောက်ဆောင် ကျောက်စလစ်ပြီးသော

ကုန်းခေါင်ခေါင်တွင် ညွှန်ပြထားပါက ကျင်းတစ်ကျင်းကို အတောင်ခုနစ်ဆယ် ဆက်၍တူးသည့်တိုင်အောင် အကျိုးကြီးမည် မဟုတ်ပေ။

ထို့ကြောင့် မူလဥပနိဿယဆရာသည် ပထမဖြစ်၍ ဝီရိယသည် ဒုတိယဖြစ်လေသည်။ ဆရာများ၏ တပည့်နှင့်နောက်ပါများပြင်မရအောင် မှားယွင်းခဲ့ကြပုံကို ဗုဒ္ဓရှင်တော်ဘုရားက ဇာတ်နိပါတ် ခပ်များများတွင် ဟောကြားသတိပေးတော်မူခဲ့သည်။

ထိုအကြောင်းတရားနှင့်ဆက်သွယ်၍ မူလကတည်းက ဆရာရှာနည်း၊ ကိုးကွယ်ချဉ်းကပ်နည်း၊ အကဲခတ်နည်းကို ဤသို့ဟောတော်မူခဲ့သည်။

"ရဟန်းတို့၊ သူတစ်ပါးစိတ်ကို မသိသော၊ စူးစမ်းလိုသောရဟန်းသည် မြတ်စွာဘုရား(ဆရာအစစ်) ဟုတ်သလော၊ မဟုတ်သလောဟုသိရန်အတွက် စူးစမ်းမှုကိုပြုအပ်၏။

မြတ်စွာဘုရား၌ အပြစ်ရှိသော ကာယကံမှု၊ ဝစီကံမှုရှိသလော၊ မရှိသလော။ ရံခါ အပြစ်ရှိ၊ ရံခါအပြစ်မရှိအားဖြင့် ရောထွေးနေသည့် ကာယကံမှု ဝစီကံမှု ရှိသလော၊ မရှိသလော၊ ထိုမှတစ်ဖန် တဆင့်တက်၍ မြတ်စွာဘုရား၌ ဖြူစင်သန့်ရှင်းသော ကာယကံမှု ဝစီကံမှု ရှိလေသလော၊ ရှိလျှင် ဖြူစင်သန့်ရှင်းသော ကာယကံမှု ဝစီကံမှုတို့သည် ကြာမြင့်စွာသော ကာလကပင် ပြည့်စုံနေခဲ့သလော။ သို့မဟုတ် မနေ့တစ်နေ့ကမှ ပြည့်စုံခြင်း ဖြစ်လေသလောဟု စူးစမ်းရမည်။

ကြာမြင့်စွာသော ကာလကပြည့်စုံခဲ့သည်ဟုသိလျှင် ဤအရှင်သည် ထင်ရှားကျော်စောသော အခြံအရံများခြင်းသို့ရောက်ပြီလော၊ ရောက်လျှင် ထိုအခြံအရံများကြောင့် မြတ်စွာဘုရား၌ အချို့သောအပြစ်များ ထင်ရှားဖြစ်ပေါ်လာသလောဟု ထပ်မံစူးစမ်းရမည်။

ရဟန်းတို့၊ ထင်ရှားကျော်စောသော၊ အခြံအရံများခြင်းသို့မရောက်

သော ရဟန်း၌ အချို့ (မာနထောင်လွှားခြင်းစသော) အပြစ်တို့သည် မဖြစ်ပေါ်တတ်သေးချေ။ ထင်ရှားကျော်စောသော၊ အခြံအရံများခြင်းသို့ရောက်သောအခါ၌ကား အလွန်မာနထောင်လွှားခြင်း စသောအပြစ်များ ဖြစ်ပေါ်လာတတ်သည်။

ထိုမှတစ်ဆင့်တက်၍ ဘေးရန်ကြောင့်ရှောင်ကြဉ်သူမဟုတ်ဘဲ ဘေးရန်မရှိပါဘဲလျက် ရှောင်ကြဉ်သူ ဟုတ်ပါ၏လော၊ ကာမဂုဏ်ကို မမှီဝဲခြင်းမှာလည်း ရာဂကုန်ခန်းနေသောကြောင့် ရာဂကင်းသည့်အတွက် မမှီဝဲခြင်း ဟုတ်ပါ၏လောဟု စူးစမ်းရမည်။

မြတ်စွာဘုရားသည် ဖြေကြားလိုပါက မြတ်စွာဘုရား၌အပြစ်ရှိသော ကာယကံ၊ ဝစီကံမှုတို့မရှိချေ။ အပြစ်ရှိ–မရှိ နှစ်မျိုးနှစ်ထွေရောနေသည့် ကာယကံ၊ ဝစီကံမှုမျိုးမရှိချေ။ ဖြူစင်သန့်ရှင်းသော ကာယကံ၊ ဝစီကံမှုတို့ရှိကြသည်ဟူ၍ ဖြေတော်မူလိမ့်မည်။

ရဟန်းတို့၊ ဤသို့ပြောဆိုလေ့ရှိသော ဆရာ(မြတ်စွာဘုရား)ကို တပည့်ဖြစ်သူသည် တရားနာ၊ တရားယူရန်ဆည်းကပ်ထိုက်၏" ဟု ဝိမံသကသုတ်၌ဟောတော်မူခဲ့ရာ ကမ္ဘဌာန်းဝိပဿနာဆရာကို ဆည်းကပ်မှီဝဲရာ၌ ကျွန်တော်တို့ စူးစမ်းနိုင်ခွင့်ရှိကြသည်။

ထို့အပြင် ကမ္မဌာန်းပေးတတ်သော ကလျာဏမိတ္တ ဂုဏ်အင်္ဂါများကို ဤသို့ဖော်ပြထားပြန်ပါသည်။

"ချစ်အပ်သူ၊ သီလရှိသူ၊ အလေးဂရုပြုအပ်သူ၊ သမာဓိကြီးသူ၊ ချီးမွမ်းထိုက်သူ၊ အပြစ်မြင်လျှင် မသိမဝှက်ပြောဆိုတတ်သူ၊ သူတစ်ပါး၏ အဆိုးကို သည်းခံနိုင်သူ(လောကီ လောကုတ် မေးသမျှပုစ္ဆာကိုဖြေနိုင်သူ)၊ နက်နဲသောစကားကို ပြောဆိုတတ်သူ၊ အကျိုးတရားဆုတ်ယုတ်နည်းပါးမှု အလုပ်များကို အားမပေးသူ။

ဤသို့သော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ဘုရား၊ ရဟန္တာ သာဝက

ထံသို့ ယုတ်စွအဆုံး ဗဟုသုတရှိသောဆရာမြတ်ထံသို့ချဉ်းကပ်၍ ကမ္မဋ္ဌာန်း ယူအပ်၏။ တရားရပြီးသောဆရာသည် တရားရပြီးသည်ကိုဟော၏။ (ကိုယ်တွေ့ကို ဟောပြညွှန်ကြား၏။) ဗဟုသုတဆရာကား ချုံရှုပ်ရာ၌ နင်းသွားသော ဆင်ပြောင်ကြီးကဲ့သို့ လမ်းမကြီးကို ထင်စွာပြ၍ဟောလတ္တံ့။

ဤသို့ ဆရာစစ် ဆရာမှန်ကို တွေ့ပြန်သောအခါ ရှုဋ္ဌပိဏ္ဍ ပါတိကတိဿ မထေရ်မြတ်၏တပည့်သုံးဦးကဲ့သို့ ကျင့်အပ်၏ " ဟု ဆက် လက်ဖော်ပြထားပြန်သည်။

ထိုတပည့်သုံးဦးသည် တစ်ဦးက...

"အရှင်မြတ်အား အကျိုးရှိမည်ဟုဆိုလျှင် အသူတစ်ရာချောက် အတွင်း ခုန်ဆင်းပါမည် " ဟူ၍လည်းကောင်း၊ တစ်ဦးက –

"ဖနောင့်မှစ၍ တစ်ကိုယ်လုံးကုန်အောင် ကျောက်ဖျာ၌ အပွတ် အသွေးခံပါမည် " ဟူ၍လည်းကောင်း၊ နောက်တစ်ဦးက –

"ထွက်သက် ဝင်သက်ချုပ်စေ၍ အသေခံပါမည် " ဟူ၍လည်း ကောင်း အသီးသီးတာဝန်ယူ၍ ကိုယ်ခန္ဓာ အတ္တဘောကို အရှင်မြတ်တို့အား စွန့်လှူအပ်နှင်းပါ၏ဟု စွန့်လှူကြကုန်၏။

> မန်လည်ဆရာတော်ဘုရားကြီး၏ ဆရာရှာဖွေရန် ဥပဒေသကား . . .
> ရှိသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊
> ဓမ္မနက်နဲ၊ ဟောနိုင်မြဲ၍၊ ကျိုးနဲ့မတန်း၊ ခုနစ်ခဏ်းနှင့်၊ ပြည့် 
> လျှမ်းညီညာ၊ ဤဆရာ၊ ရှာဖွေတပည့်ခံ။ ဟူသတည်း။

# အရွက်ကို မရေတွက်ပါနှင့်

အခါတစ်ပါးသူငယ်ချင်းနှစ်ယောက်သည် သရက်ဥယျာဉ်တစ်ခုသို့ သွားကြလေ၏။ တစ်ယောက်သောသူငယ်ချင်းကား လောကီပညာ (သင်္ချာ) ကျွမ်းကျင်တတ်မြောက်သူဖြစ်လေ၏။ ထို့ကြောင့် ချက်ချင်းပင် စူးစမ်းတွက်ချက်လိုက်လေ၏။ သရက်ပင်မည်မျှ၊ သရက်ရွက်မည်မျှ၊ သရက်တစ်ပင်တွင် အသီးမည်မျှဟူ၍ ဥယျာဉ်တစ်ခုလုံး၏တန်ဖိုးကို ခန့်မှန်းလိုက်မိပြီး ဖြစ်လေ၏။

သူ့အဖော်မှာမူ ပိုင်ရှင်ထံသွားပြီးနောက် မိတ်ဖွဲ့ကာ သရက်သီးများကို တောင်းယူလေ၏။ ခွင့်ပြုသောအခါ သရက်ပင်များကိုရေတွက်နေသော သူငယ်ချင်း၏အနားကသရက်သီးကို မြိန်ရှက်စွာစားနေလေ၏။

ဤသူငယ်နှစ်ယောက်တွင် မည်သူကပို၍လိမ္မာသည်ထင်သနည်း။ သရက်သီးစားရသူသည် ပို၍လိမ္မာသည်မဟုတ်ပါလော။ သရက်သီးကို စားရခြင်းဖြင့် အဆာအမွတ်ပြေ၏။ သရက်ရွက်၊ သရက်ပင်၊ သရက်သီးတို့ကို ရေတွက်နေခြင်းဖြင့် အာဟာရ မဖြစ်နိုင်ပါချေ။

*

ဤပုံပြင်ကလေးသည် တိုပင်တိုသော်လည်း အလွန်ထိရောက်လေသည်။ လောကီအတတ်ပညာဖြင့်(ဝါ)သိပ္ပံပညာ၊ တက္ကပညာ သဘာဝ ဓမ္မ ယထာဘူတပညာစသည်တို့ဖြင့် တွက်ချက်စေ့ငုသို့နိုင်းနေမည့်အစား

တရားအရသာကို ကိုယ်တွေ့ခံစားသုံးဆောင်ခြင်းက ပို၍အကျိုးရှိကြောင်း ဖော်ပြထားလေသည်။

ရင်းအပြင် ဤစကားနှင့်ပတ်သက်၍ ကျွန်တော်တို့ငယ်စဉ်က အလှူအိမ်၊ အသုဘအိမ်များတွင် စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ် တစ်ရာနှစ်ဆယ့်တစ်ပါး စသည်ဖြင့် သင်္ဂြိုဟ်ခြင်းကြရင်း ရန်ထဖြစ်ကြသည့် တရားပိုင်းများကို သွား၍သတိရမိသည်။

# ဆုံးမချင်သူ

ရှေးသရောအခါ တရားမမှုကို ကျင့်ကြံအားထုတ်နေသော သူတော်ကောင်းတစ်ယောက်သည် ကျောင်းသခ်မ်းသွားရာလမ်း အနီးအနား က ပြည့်တန်ဆာမ၏အိမ်တစ်အိမ်ကို သတိပြုမိလေ၏။

ထိုအိမ်သို့ ယောကျ်ားများအစဉ်သဖြင့်စုပေါင်း၍သော်လည်း ကောင်း၊ တစ်ယောက်ချင်းသော်လည်းကောင်း၊ ဥဒဟို ဝင်ထွက်သွားလာ နေသည်ကို တွေ့ရဖန်များသောအခါ ပြည့်တန်ဆာမကိုခေါ်၍...

"ဟယ်...ပြည့်တန်ဆာမ၊ သင်သည် ကာမနှင့်ပတ်သက်၍အလွန် ယုတ်မာသောအပြစ်ကြီးများကို ကျူးလွန်နေသူဖြစ်သည်။ နေ့စဉ် ညစဉ် သင်ပြုနေသော အ,ကုသိုလ်ကြောင့် နောင်ဘဝတွင် သင် ဒုက္ခ အကြီး အကျယ် ရောက်လတ္တံ့" ဟု ဆိုဆုံးမလေ၏။

ပြည့်တန်ဆာမကလည်း သူတော်ကောင်း၏ ပြစ်တင်ဆုံးမသော စကားကိုကြားရသောအခါ စိတ်နှလုံးထိခိုက်တုန်လှုပ်သွားလေ၏။ ထိုစဉ်မှ စ,၍ ဘုရားရှင်ထံ သူ့အပြစ်များကို ချမ်းသာပေးပါမည့်အကြောင်း နေ့စဉ် ထိတ်လန့်စွာ ရှိခိုးဆုတောင်းနေတော့၏။

သို့ရာတွင် ပြည့်တန်ဆာမ၏အလုပ်မှာ သူ၏အသက်မွေးဝမ်း ကျောင်းအတွက် တစ်ခုတည်းသော လုပ်တတ်သည့်အလုပ်ဖြစ်လေ၏။ သူမမှာ အပြစ်ကင်းသော အခြားအလုပ်ကို လွယ်ကူစွာမလုပ်နိုင်၊ မကိုင် တတ်ဖြစ်နေရကား မိမိအိမ်သို့ အဆက်မပြတ် ဝင်ထွက်သွားလာနေသော

ယောကျ်ားများ၏ အလိုသို့လိုက်ကာ ကိုယ်နှင့်ရင်း၍စီးပွားရှာမြဲ ရှာနေရလေ၏။

"ဟဲ့၊ ပြည့်တန်ဆာမ၊ နင့်ကို ငါဆုံးမသည်ကို မနာခံလေရော့သလား၊ နင့်အဖို့ ငရဲမှ လွတ်လမ်းမရှိတော့ပြီ" ဟု ခေါ်၍ပြောပြန်ရာ–

"တပည့်တော်မ၊ အရှင်ဘုရား၏ ဆုံးမသည်ကို နာခံလိုပါသည် ဘုရား၊ ဒါပေမဲ့ ထမင်းတစ်ဝမ်းအတွက် အခြားသောပရိယာယသနကို လုပ်ကိုင်နိုင်စွမ်းမရှိ၍ ဖွတ်လုပ်နေခြင်းဖြစ်ပါသည်၊ ဘုရားရှင်အား နေ့စဉ်ရှိခိုး၍ ဆုတောင်းနေလျက်ပါဘုရား" ဟု ပြန်လျှောက်၏။

"နင် လုပ်ချင်ရာလုပ်ပြီး ဘုရားရှိခိုးနေလို့ ဘုရားက အပြစ်လွှတ်မည်တဲ့လား"

သူတော်ကောင်းသည် သူ၏ ဆုံးမစကား အကျိုးမရှိသည်ကိုမြင်သောအခါ ဤမိန်းမထံသို့ ယောကျ်ားဘယ်နှစ်ယောက်လာသနည်းဟု စဉ်းစားတွေးတော၍ ပြည့်တန်ဆာမအိမ်သို့ လူတစ်ယောက်လာတိုင်း ကျောက်ခဲတစ်လုံးစီအမှတ်ပြုကာ ချေ့သည်အဝင်အထွက်ကို ရေတွက်မှတ်သားထားလေသည်။ ဤသို့ဖြင့် နေ့ရက်မကြာမီ ကျောက်ခဲပုံကြီး ဖြစ်လာတော့သတည်း။

တစ်နေ့သ၌ သူတော်ကောင်းသည် သူမှတ်ထားသော ကျောက်ခဲပုံကြီးကိုညွှန်ပြ၍ –

"ဟယ် – မိန်းမ၊ ဤကျောက်ခဲပုံကိုကြည့်လော့၊ သင့်ကို ငါဆုံးမသည့်နေ့ကစ၍ သင် အပြစ်လုပ်ခဲ့သမျှအကြိမ်ပေါင်းသည် ဤကျောက်ခဲပုံနှင့်အညီအမျှရှိပေပြီ၊ အခုတစ်ကြိမ် ထပ်မံ၍အပြစ်မပွားရန် ငါ သတိပေး၏" ဟုပြောလေ၏။

ထိုစကားကိုကြားရခြင်းကြောင့် ဒုက္ခိတ မိန်းမခမျာသည် သူ၏ မကောင်းမှု အစုအပုံကြီးကိုကြည့်၍ ထိတ်လန့်ကြောက်ရွံ့လှစွာ မျက်ရည်

အသွယ်သွယ် ယိုစီးလျက် -

'ဘုရားသခင်၊ ဤဒုက္ခမှ တပည့်တော်မအား ကယ်တင်ပါလော့'
ဟု စိတ်တွင်းမှဆုတောင်းလိုက်လေ၏။ ပြည့်တန်ဆာမသည် ထိုစိတ်နှင့်ပင် မကြာမြင့်မီ ကွယ်လွန်သွားလေ၏။ သူတော်ကောင်းသည်လည်း ဘုရားသခင်၏ ထူးဆန်းသောတန်ခိုးတော်ကြောင့် ထိုနေ့တွင်ပင် ကွယ်လွန်လေ၏။

မိဿနိုး၏စေတမန်တို့သည် နတ်ပြည်မှဆင်းသက်လာပြီးလျှင် ပြည့်တန်ဆာမ၏ဝိညာဉ်ကို နတ်ပြည်သို့ ယူဆောင်သွားလေ၏။ ယမမင်း၏ ငရဲသားများမှာမူ သူတော်ကောင်း၏ဝိညာဉ်ကို အဝီစိသို့ယူဆောင်သွားလေ၏။ ထိုအခါ သူတော်ကောင်းက-

"ဘုရားသခင်သည် တရားပါသလား၊ ငါသည် တစ်သက်လုံး ဆင်းရဲခြိုးခြံသောအကျင့်ဖြင့် တည်မြဲခဲ့သော်လည်း၊ ငါ့ကို ငရဲသို့ခေါ်ကုန်၏။ တစ်သက်လုံးအပြစ်ကျူးလွန်ခဲ့သူ ပြည့်တန်ဆာမကိုမူ နတ်ပြည်သို့ ခေါ်၏"
ဟု ငိုကြွေးရာ မိဿနိုး စေတမန်များက-

"ဘုရားသခင်၏အဆုံးအဖြတ်သည် မဖောက်မပြန်မှန်ကန်၏။ သင်၏စိတ်ထား သဘောထားကို အရင်းတည်၍ သင့်အတွက် ကောင်းကျိုးဆိုးကျိုး ခံရမြဲဖြစ်၏။ သင်သည် တစ်သက်လုံး ဂုဏ်ပကာသနနှင့်လူအကြည်အညိုကိုခံလို၍ အပေါ်ယံအကျင့်ကောင်း ကျင့်နေသည့်ဟန်အယောင်ဆောင်ခဲ့၏။ ထို့ကြောင့် ငရဲသို့သွားရခြင်းဖြစ်သည်။ ဤပြည့်တန်ဆာမသည်ကား ကာယကံအားဖြင့် အပြစ်လုပ်နေစေကာမူ နေ့ညမပြတ် ဘုရားသခင်အား နှစ်နှစ်ကာကာ လိုလားရှိခိုးနေပေ၏။ မိမိ၏ပြုလုပ်နေရသောအပြစ်အတွက် ယူကျုံးမရ တသသနှင့် နောင်တကြီးစွာရှိနေရှာ၏။ ထို့ကြောင့်သာ နတ်ပြည်သို့သွားရခြင်းဖြစ်၏။ အို ရသေ့ကြီး၊ သင်တို့၏ အလောင်းနှစ်ခုကို လူအများကပြုမူနေပုံကို ငုံ့ကြည့်စမ်းပါ။ သင်သည်ကား

ကာယကံအားဖြင့် အပြစ်မပြုခဲ့သောကြောင့် သင်၏ကာယကိုယ်အလောင်းကောင်ကို ပန်းကုံးပန်းပွင့်များနှင့်ဆင်ယင်ပြီး တူရိယာများတီးမှုတ်လျက် မြင့်မြတ်သောချောင်းတွင်း မျှောလိုက်ရန် စီစဉ်နေကြပြီ မဟုတ်လော။

အို – ရသေ့ကြီး ရှုအုံးလော့၊ ကာယကံမြောက် အကုသိုလ်ပြုခဲ့သော ပြည့်တန်ဆာမ၏အလောင်းကိုမူကား ချက်ချင်း လင်းတစာ၊ မြေခွေးစာ ကျွေးပစ်လိုက်ကြလေပြီ။ မည်သို့ပင်ဖြစ်စေ ပြည့်တန်ဆာမ၏မနောကံအားဖြင့် အပြစ်စင်ကြယ်ခြင်းကြောင့် စင်ကြယ်သောနတ်ပြည်သို့ သွားရခြင်းသာဖြစ်သည်။ သင်မူကား မနောကံအားဖြင့် ဤပြည့်တန်ဆာမ၏ အပြစ်များကိုသာ တွေးတောကြံစည်နေသောကြောင့် သင်၏စိတ်သည် မဖြူမစင် ဖြစ်နေရကား သင်သည် မဖြူစင်သောအပါယ်ငရဲသို့ သွားရမည်ဖြစ်၏။ စင်စစ် ပြည့်တန်ဆာဖြစ်သူမှာ ဤမိန်းမ မဟုတ် သင်ပင်တည်း"ဟု ပြန် ပြောလေ၏။

*

ဤသို့ စိတ်စေတနာနှင့်ဆိုင်သော ပုံပြင်တစ်ခု ပါခဲ့ဖူးလေပြီ။ သို့သော် ယခုဝတ္ထုက သူတစ်ပါး၏အပြစ်ကိုကြည့်ရှု၍ ကဲ့ရဲ့လိုသောစိတ်ထားက ထူးခြားနေလေသည်။

ဤသဘောတရားမျိုးကို ရှောင်ကြဉ်ရန် ဗုဒ္ဓသည် ရဟန်းများအား ဤသို့ဆုံးမဩဝါဒပေးလေ့ရှိသည်။

"ချစ်သားတို့၊ သူတစ်ပါး၏အပြစ်ကို ရှုလေ့ရှိသော၊ အမြဲအားဖြင့် သူတစ်ပါး၏အပြစ်ကို ကဲ့ရဲ့လေ့ရှိထသော အကြင်ပုဂ္ဂိုလ်အား အာသဝေါ တရားတို့သည် တိုးပွားကုန်၏။ ထိုပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်မှ အဝေးကြီး ဝေးလှ၏"

ထိုမှတစ်ပါး ဓမ္မပဒ၌–

"သူတစ်ပါးတို့၏ မလျော်သောအပြစ် အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု၊ မကောင်းမှု ပြု,မပြုသာလျှင်ကြည့်ရှုရာ၏" ဟု ဟောတော်မူခဲ့သည်။

# ရှေ့သို့

ရှေးသရောအခါ သစ်ခုတ်သမားတစ်ယောက်သည် ထင်းခုတ်ရန် တောထဲသို့ဝင်ခဲ့လေ၏။ နေ့စဉ်နေ့တိုင်း ခုတ်နေကျနေရာဖြစ်သော တောတစ်ဝိုက်၌ သစ်ပင်များကို ခုတ်လှဲနေဆဲကာလ ယောဂီဗြဟ္မစာရီတစ်ဦးနှင့် တွေ့လေရာ ထိုပုဂ္ဂိုလ်က–

"အချင်းသစ်ခုတ်သမား၊ ရှေ့သို့တက်ပါ" ဟုပြောသွားလေ၏။

သစ်ခုတ်သမားသည် ထိုနေ့က ထိုနေရာရှိသစ်ပင်များကိုသာ ခုတ်ယူ၍အိမ်သို့ပြန်ရောက်သောအခါ အဘယ့်ကြောင့်ဗြဟ္မစာရီက ရှေ့သို့ တက်ပါဟု ပြောလိုက်လေသနည်းဟု အမျိုးမျိုးအဖုံဖုံ စဉ်းစားကြည့်မိလေ၏။

"ငါ နိစ္စဓူဝ ဒီနေရာပဲ ခုတ်နေတာပဲ၊ ထင်းတွေလည်း ကောင်းကောင်းအရသားပဲ၊ ဒီနေရာက ရှေ့တက်ပါဟုပြောသွားပုံမှာ စူးစမ်းကြည့်ဖို့တော့ကောင်းတယ်" ဟု ကြံစည်မိလေ၏။ ထို့ကြောင့် နောက်တစ်နေ့ သစ်ခုတ်သွားသောအခါ ခါတိုင်းခုတ်ယူနေကျနေရာမှတစ်ဆင့် တိုး၍ တောနက်သည်ထက်နက်အောင် ဝင်ကြည့်မိလေ၏။

ဦးစွာပထမ ချုံတို့ဖြင့် ပိတ်ဆီးနေသော ပိတ်ပေါင်းသို့ရောက်သွားလေရာ ၎င်းတို့ကိုခုတ်ထွင်၍ ခရီးနှင်ရလေ၏။ ထိုမှတစ်ဆင့် စေးပျစ်ဟုခေါ်သော ချုံငယ်များ များသည်ထက်များလာသောဌာနသို့ရောက်ခဲ့ပြန်ရာ စိတ်ပျက်၍နေလေ၏။

သို့သော် ယောဂီကြီး၏အမှုအကျင့် ဥပဓိရုပ်လက္ခဏာကို ယုံ

ကြည်သောစိတ်နှင့် အချည်းနှီးတော့မဖြစ်တန်ရာ၊ သူ့တွင် ငါ့အတွက် စေတနာအပြည့်အဝရှိမည် မှန်၏' ဟု တွေးတော၍ များသည်ထက်များနေသော ချုံများကို အားစိုက်ခွန်စိုက်ရှင်းလင်းခုတ်ထွင်၍ ရှေ့ဆက်တက်လေ၏။ ထိုအခါ မရှင်းမလင်းသော ချုံငယ်များအစား စီတန်းနေသော ချုံငယ်များ ရှိသည့် ခင်တန်းသို့ရောက်သွားလေ၏။

"အင်း၊ ဒီနေရာမှာ သစ်ကြီးဝါးကြီးသာ မတွေ့သေးပေမယ့် ချုံရှင်းရတဲ့ဒုက္ခတော့ ကင်းသွားပါပကော၊ ယောဂီကြီးပြောတာ အကျိုးရှိမှာ သေချာပြီ" ဟု ဝမ်းသာအားတက်၍ ရှေ့တစ်ဆင့်တက်သွားလေ၏။

မကြာမီ သစ်ပင်ကြီးများပေါက်သော သာမန်တောရိုးရိုးဖြစ်သည့် အင်တိုင်းမှကျော်၍ တစ်ခေါ်လောက်ဝင်မိလျှင်ပင် သစ်ခုတ်သမားမှာ အတိုင်းမသိဝမ်းသာအံ့ဩ၍သွားရလေသည်။ အကြောင်းကား သူရောက်လာသောနေရာမှာ စန္ဒကူးနံ့သာပင်များသာပေါက်နေသော စုံဆိုသည့် တောမျိုးဖြစ်နေသောကြောင့်ပင်တည်း။

သစ်ခုတ်သမားသည် သူ၏လှည်းနှင့်အပြည့် စန္ဒကူးပင်များကို ခုတ်ဖြတ်၍ ဈေး၌ရောင်းချလေရာ ယခင်ကလို ထင်းအဖြစ်နှင့်ရောင်းရခြင်းမဟုတ်ဘဲ အဖိုးတန်နံ့သာတုံးများအဖြစ် ရောင်းရသည်ဖြစ်သောကြောင့် မကြာမီ ငွေကြေးများစွာ ကြွယ်ဝသွားလေ၏။

"ဗြဟ္မစာရီ သူတော်ကောင်းကြီးက ငါ့ကိုရှေ့တက်ပါဟုမှသွားသည့်ရည်ရွယ်ချက်မှာ ဤစန္ဒကူးတောလောက်ကိုသာ ရည်ရွယ်၍ပြောသွားခြင်းဟုတ်ပါရဲ့လား၊ ယခုထက် ရှေ့တစ်ဆင့်တက်ဖို့များ ရည်ရွယ်ချက်ရှိလေမည်လား" ဟုတွေး၍ လက်ရှိစန္ဒကူးတောမှသည် တောနက်ရာ ရှေ့သို့ တိုးဝင်ကြည့်မိပြန်လေ၏။

ဗြဟ္မစာရီသူတော်စင်ကြီး၏ဩဝါဒမှာ သစ်ခုတ်သမားအတွက် ယုံကြည်မှုနှင့်ပင်ပန်းရကျိုးနပ်ပါပေသည်။ အဘယ်ကြောင့်ဆိုသော် သူ

ရောက်သွားသောနေရာမှာ စိမ့်စမ်းတို့ဖြင့် သာယာအေးချမ်းလှသော မြိုင်ကြီးအလယ်သို့ ရောက်သွားရခြင်းဖြစ်ရာ ဆွေဆွေခုနစ်ရလောက်အောင် ရင်သပ်ရှုမောအံ့ဩလိုက်ရသည်ကား စမ်းချောင်းတစ်ခုအနားတွင် စမ်းရေစား၍ပေါ်ထွက်နေသော ငွေတွင်းကြီးတစ်တွင်းကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်လေ၏။

သစ်ခုတ်သမားသူကြွယ်သည် စန္ဒကူးအစား ငွေသားရတနာတွေကို လှည်းနှင့်တိုက်၍အိမ်ပြန်ခဲ့လေ၏။ သို့နှင့် သူကြွယ်ဘဝမှ သူဌေးဘဝသို့ စဏချင်းရောက်သွားသည့်တိုင်အောင် ရက်အတန်ကြာသော် တောနက်ရာသို့ တစ်ဆင့်တက်ချင်လာပြန်တော့၏။

သူ၏ဆန္ဒအတိုင်း တစ်ဆင့်တစ်ထောက်တက်လိုက်သည် ဆိုလျှင်ပင် မဝေးကွာလှသော စမ်းချောင်း၏ညာဘက်တွင် ရွှေတွင်းတစ်တွင်းတွေ့ပြန်လေ၏။ ဤအခါကား ဗြဟ္မစာရီယောဂီပုဂ္ဂိုလ်ကြီးကို ထိုင်၍ပင်ရှိခိုးလိုက်မိ၏။

"အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်အား ဤရွှေဤမျှကောင်းကျိုးချမ်းသာကို လိုလား၍ သနားချစ်ခင်ကြောင်း လက်တွေ့ပြတော်မူလိုက်သည်ကို တပည့်တော်ခြွင်းချက်မရှိ သိရယုံကြည်ရပါပြီဘုရား" ဟုမျက်ရည်များထွက်လောက်အောင် ကျေးဇူးတင်မိလေ၏။ ထို့ကြောင့် ရွှေတွင်းနေရာတွင် အချိန်မဖြုန်းတော့ဘဲ ရွှေတွင်းကိုစွန့်၍ တောအနက်ဆုံးဖြစ်သည့် ဂနိုင်တွင်းသို့ မကြောက်မရွံ့ ရဲရဲတင်းတင်း ဝင်သွား လေတော့ရာမကြာမီအတွင်း အရောင်တဝင်းဝင်းတောက်ပနေသည့် ပတ္တမြားကျောက်သံအတိပြီးသော ရတနာတောင်မြတ်ကို တပ်တပ်ထင်ထင် တွေ့မြင်စိုးပိုင်လိုက်ရလေတော့သတည်း။

ဤ၀တ္ထုဖြင့် ရာမာခရစ်ရှနာဘုန်းတော်ကြီးသည် မဂ်လေး၀ ဖိုလ်လေးတန်ကို အဆင့်ဆင့်တက်ကြရန် ရည်ညွှန်းကြောင်း ထင်ရှားလှပါသည်။ စန္ဒကူးတောနှင့်တူသော သောတာပတ္တိမဂ်ဖိုလ်၊ ငွေတွင်းနှင့်တူသော သကဒါဂါမိမဂ်ဖိုလ်၊ ရွှေတွင်းနှင့်တူသော အနာဂါမိမဂ်ဖိုလ်၊ ပတ္တမြားတောင်ကြီးနှင့်တူသော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ပင် ဖြစ်သည်။

အများအားဖြင့် အိန္ဒိယပြည်တွင် ယောဂီအများအပြားသည် သမထ ၀ိပဿနာလုပ်ရာ၌ လောကီချမ်းသာနှင့်မွေ့လျော်၍ တစ်သက်လုံး နစ်သိမ့်ကျေနပ်ကြသည်ကို ရှေ့ခရီးအဆင့်ဆင့်တက်အောင် ရည်ဆောင်ဆုံးမဟန်တူပါသည်။ မည်သည့်နေရာ မည်သည့်ဒေသက ယောဂီပင်ဖြစ်စေ၊ အဆုံးစွန်သော ခရီးပန်းတိုင်အရောက် အောင်မြင်ပြီးမြောက်အောင်ကြိုးစားမှ ဗုဒ္ဓ၏စေတနာကို လေးစားရာရောက်လျက် ကိုယ့်ကိစ္စ ကိုယ့်တရားပါ အစသတ်ပေလိမ့်မည်။

ယုံကြည်မှုသဒ္ဓါ ကြိုးစားသောဝီရိယဖြင့် တစ်ဆင့်ထက် တစ်ဆင့်တက်လာနိုင်ပုံကို ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးက ကိုယ်တွေ့တရားအကျဉ်းအားဖြင့် ဤသို့ဟောကြားခဲ့ပါသည်။

"အဲဒီလိုချည်း ထိ၊ သိ၊ သတိနဲ့မပြတ် ရှုရှိုက်အားထုတ်ပါများလာတော့ ခန္ဓာကိုယ်ပေါ်မှာ ဝေဒနာတွေပေါ်လာတယ်၊ အဲဒီပေါ်လာတဲ့ဝေဒနာမှာ သတိကပ်ပြီးလိုက်ပါများလာတော့ မိမိခန္ဓာကိုယ်ကို မှန်ထဲမှာမြင်ရ သလို ဥဒယဗ္ဗယဉာဏ်(ဖြစ်ပျက်မှုကိုသိသောပညာ) အမြင်သန်လာပြီး အူအသည်းနှလုံးစသည်တို့ကို ရင်ခွဲပြသကဲ့သို့ သေချာစွာမြင်ရတော့တယ်။ (ယင်းသို့မြင်ပြီးသည့်နောက် ၁၂၈၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့ ည ၁၀ နာရီအချိန်လောက်မှာ ပထမအကြိမ်တရားထူးကို ရတော်မူသည်။)

"နောက်ဆက်ပြီး တရားအားထုတ်ပြန်ရာ ဝေဒနာပေါ်မှာ သတိ

လိုက်ပါ များသည်ထက်များလာတော့ တစ်စထက် တစ်စ သည်းခံနိုင်လာတယ်၊ မကြိုက်တဲ့စိတ် ခံပြင်းတဲ့စိတ် မုန်းတီးတဲ့စိတ်တွေဟာ ဒေါသ ပါကလားလို့ တပ်အပ်သိလာတယ်၊ သိတော့ ပြန်သိမ်းနိုင်လာတယ်၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံဆိုတာတွေဟာလည်း သာယာသမျှ လောဘတွေပဲဆိုပြီး သညာနဲ့ဖြတ်နိုင်လာတယ်၊ အဲသလိုဖြတ်လို့ ပြတ်သွားတာတွေရတာနဲ့ပဲ အတော်သဘောပေါက်လာတယ်"

(ဒုတိယတရားထူးကို ၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့ည ၁၀ နာရီလောက်အချိန်တွင် ရ,တော်မူပြန်လေသည်။)

"တရားထူးကြီး နှစ်ကြိမ်ရပြီးတော့ စကားပြောရာ၌ ကြီးကျယ်လာပြီး သဘာဝကို ကောင်းကောင်းကြီးဝေဖန်နိုင်တယ်၊ ရပ်ရွာထဲမှာလည်း အမြင်မှန်တွေပြောလွန်းလို့ စကားမပြောရဲကြလောက်အောင် ဖြစ်လာတယ်၊ ဒါပေမဲ့ ဘယ်သူ့မှဂရုမစိုက်ဘဲ မိမိတရားအလုပ်ကိုသာ ကြိုးစားပြီး မလျှော့တမ်း ဇွဲသန်သန်နဲ့ အားထုတ်နေခဲ့ရာ ၁၂၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ည ၁၀ နာရီအချိန်လောက်တွင် တစ်ကိုယ်လုံးရှိသမျှအကြောတွေပြတ်သွားတော့မတတ် အလွန်ပြင်းပြလှတဲ့ ဝေဒနာကို သည်းခံပြီးနောက် တတိယအကြိမ် တရားထူးကို ရတော်မူပြန်တယ်"

"နောက်တစ်နေ့ မိမိရှေ့မှာ မိုးကြိုးကျသော်လည်း အလျှင်းပင် မတုန်မလှုပ် မထိတ်လန့်တော့ကြောင်း တွေ့ရတယ်၊ ဒါနဲ့ဆက်လက်ပြီး တရားအားထုတ်ခဲ့ပြန်ရာ သတ္တဝါတွေ အာရုံနောက် တကောက်ကောက် လိုက်နေကြတာကို တွေ့မြင်ရတော့ ကြောက်လန့်တုန်လှုပ်ပြီး လူကြားထဲ မနေလိုသောစိတ်၊ ရဟန်းပြုလိုသောဆော ပြင်းထန်စွာဖြစ်ပေါ်လာတယ်၊ ဤသို့နှင့် ရှင်သာမဏေဝတ်ပြီးလျှင် အရိုးကြေကြေ အရေခန်းခန်း မပြတ် မလပ် မလျှော့တမ်း တရားအားထုတ်ခဲ့ရာ ၁၂၈၂ ခုနှစ်၊ သီတင်းကျွတ် လပြည့်

ကျော် ၁၃ ရက်၊ အင်္ဂါနေ့ည ၁၀ နာရီအချိန်လောက်တွင် စတုတ္ထ အကြိမ် ဖြစ်သော သစ္စာလေးပါးနှင့်တကွ လောကုတ္တရာကိစ္စပြီးစီးအောင်မြင်ခဲ့ သည်။

(တရား တစ်ဆင့်ပြီးတစ်ဆင့်တက်ပုံမှာ ကာလအားဖြင့် တစ်လ တိတိစီမျှသာ ကွာခြားကြောင်း သတိပြုဖွယ်ဖြစ်သည်။)

သီလအကျင့် ရှိကာမျှဖြင့် လည်းကောင်း၊ အကြား အမြင် များကာမျှဖြင့်လည်းကောင်း၊ တည်ကြည်မှုသမာဓိရကာ မျှဖြင့်လည်းကောင်း၊ ဆိတ်ငြိမ်ရာ၌နေကာမျှဖြင့်လည်းကောင်း၊ ရဟန်းသည် အာသဝေါကုန်ခန်းသောရဟန္တာအဖြစ်သို့မရောက် သေးသမျှ ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိဖိုလ် ချမ်းသာကို ရပေ၏ဟူ၍ သက်သာရာ (ရပ်နားခြင်း)သို့ မရောက်ပါစေလင့်။

သူတော်ကောင်းသည် နှစ်ပါးသော သမထ ဝိပဿနာ တရားတို့၌ ကမ်းတစ်ဖက်သို့ ရောက်၏။ ထိုအခါ တရားမှန်ကို သိသော သူတော်ကောင်းအား အလုံးစုံသော ကာမရာဂသံယော ဇဉ် စသည်တို့သည် ချုပ်ခြင်းသို့ရောက်ကုန်၏။

ဓမ္မပဒ

# ရဟန်းတို့၏ဂုဏ်

အကြွင်သူသည် မိမိ၏စိတ်နှလုံးနှင့် ဝိညာဉ်တို့ကို ဘုရားရှင်အား စွန့်လွှတ်ထားပြီးဖြစ်ပါက ၎င်းသည် ဆာဒူးရဟန်းဖြစ်၏။ တဏှာနှင့် ရွှေငွေတို့ကို စွန့်လွှတ်ထားပြီးသူသည် ရဟန်းဖြစ်၏။ ထိုရဟန်းသည် အမျိုးသမီးတို့အား မိခင်များသဖွယ် သဘောထား၏။

ရဟန်းတို့မည်သည်ကား ဘုရားရှင်အား အစဉ်အမြဲ နှလုံးသွင်း၍ ဘုရားရှင်၏အကြောင်း(ဂုဏ်တော်)ကိုသာ ပြော၏။ အခြားသောပုဂ္ဂိုလ်တို့အားလည်း မေတ္တာဖြင့် ကူညီစောင်မ၏။

ရာမာခရစ်ရှနာက ဤသို့ဟောသောအခါ တပည့်တစ်ဦးကမေး၏။

"သန့်စင်မွန်မြတ်သော ရဟန်းဘောင်၌ အဘယ်သူသည် သင့်မြတ်သူ(မွန်မြတ်သူ)အဖြစ် ရပ်တည်ပါမည်နည်း"

"အို – တပည့်၊ လောကကြီးကိုစွန့်လျက် မနက်ဖြန်တွင် မိမိဘာကိုစားမည်၊ ဘာကိုဝတ်ရမည်ကိုပင် ဂရုမထားသောပုဂ္ဂိုလ်သည် ရဟန်းကောင်းတစ်ယောက်ဖြစ်ထိုက်၏။ ထိုပုဂ္ဂိုလ်မျိုးကား သစ်ပင်ထိပ်များတောင်ထိပ်များပေါ်မှ မိမိအသက်သေမည် ရှင်မည်ကို ပဓာနမထားဘဲ နှစ်ချသူနှင့်ပမာတူ၏။ အကြွင်သူသည် မိဘ သို့မဟုတ် ဇနီးသားမယားစသည်တို့နှင့် စိတ်အစနဲ့မသင့် အဆင်မပြေသောကြောင့် ရဟန်းဖြစ်လာလျှင် ထိုသူသည် လောကနှင့်အဆင်မပြေ၊ စိတ်အစနဲ့မသင့်၍ဖြစ်လာရခြင်းပင်တည်း။ သူ၏သူတော်စင်ဘဝသည် နိုင်မြဲလိမ့်မည် မဟုတ်။

အကျိုးတစ်စုံတစ်ရာ ဖြစ်ပေါ်ဖန်တီးလာသောအခါဖြစ်စေ မိဘသားမယားက ဝန်ချတောင်းပန်လာသောအခါဖြစ်စေ ထိုအခါမျိုးတွင် ရဟန်းဘောင်က ပျော်ရွှင်စွာ ထွက်သွားမည်ဖြစ်၏။

တကယ်စစ်မှန်သော တရားရှင်သည် လောကစံ၌လည်း မတုန်မလှုပ်။ ဆိတ်ကွယ်ရာအရပ်၌ဖြစ်စေ၊ သူတစ်ပါးကဲ့ရဲ့စေမည့်အမှုမျိုးကို မပြုဘဲ ကောင်းသောကမ္မပထသာ ပြုလုပ်နေသူဖြစ်၏။ ရဟန်းရှင်တို့သည် ဘုရားရှင်အားသာ လုံးဝမှီခိုနေလေ့ရှိ၏။ သူတို့သည် မည်သည့်ဥစ္စာပစ္စည်းကိုသော်မျှ မစုဆောင်း။ ကျေးငှက်တို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း၊ မည်သည့်ဥစ္စာပစ္စည်း အစာရေစာမျှ စုဆောင်းခြင်းပြုလုပ်လေ့မရှိ။

ဘုရားရှင်အား အရူးအမူးကြည်ညိုသူများ၌ မိမိတို့၏မိဘများအားလည်းကောင်း၊ ဇနီးသည်အားလည်းကောင်း မည်သည့်တာဝန်မျှ ထမ်းဆောင်ရန် မရှိတော့ပေ။ သူ့၌ တစ်ဦးတစ်ယောက်သောသူအား ပြုလုပ်ပေးရန်ဝတ်ဟူ၍မရှိတော့ပေ။ အကြွေးဟူသမျှ ကင်းရှင်းကုန်သည်ဖြစ်၏။ ထိုအဆင့်သို့ရောက်သောပုဂ္ဂိုလ်သည် လောကကြီးကိုပင် မေ့လျော့နေ၏။

ကျွန်ုပ် အထူးချစ်ခင်တွယ်တာနေသော ဤခန္ဓာကိုယ်ကြီးကိုပင် မေ့လျော့နေပေပြီ။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သာလျှင် ရဟန်းကောင်းစစ်စစ်ဖြစ်၏။ သီလစင်ကြယ်ပြီးသော ရဟန်းကောင်းဖြစ်လာလျှင် သာ၍ပင် မကောင်းမှုကို ရှောင်ရ၏။

ဖြူသောပိတ်တွင် အစွန်းအထင်းအသေးအမွှားကလေးတစ်ခု ထင်သွားပါက အလွန်အရုပ်ဆိုး၏။ ထိုနည်းတူစွာပင် သူတော်စင်တစ်ဦး၌ မဆိုစလောက်သော အပြစ်အနာအဆာ ကပ်ငြိလာသောအခါ အလွန်ထင်ရှား၏။ အလွန် အကြည့်ရခက်ဖွယ်ဖြစ်၏။

ရာမာခရစ်ရှနာက ပဗ္ဗဇ္ဇိတသိက္ခာနှင့်ပတ်သက်၍ ဤသို့ဟော

ကြားခြင်းမှာ ဗုဒ္ဓ၏အလိုတော်ကို အတိုချုံး၍ထုတ်ဖော်သည်နှင့်တူ၏။ ဝိသုဒ္ဓိမဂ်၌ကား ရဟန်းတို့အတွက် သီလ, သမာဓိ, ပညာ ဟူသော ကဏ္ဍသုံးရပ်ဖြင့် မြတ်စွာဘုရားသည် တိတိကျကျ ဝိတ္ထာရအားဖြင့် ညွှန်ပြဆုံးမတော်မူခဲ့သည်။

မြတ်စွာဘုရားသည် ရဟန်းတို့အား လောက၏ကွန်ယက်ကို ဖြတ်ရှင်းစေရန်သော်လည်းကောင်း၊ ရောင့်ရဲမှုပြည့်စုံရန်သော်လည်းကောင်း၊ ပလိဗောဓ ကင်းကွာရေးကိုသော်လည်းကောင်း၊ မကောင်းမှုကို ပြုရန် ဆိတ်ကွယ်ရာအရပ်မရှိဟူ၍သော်လည်းကောင်း၊ မိန်းမတို့အား ရှောင်ရှား ဖဲကြဉ်စေရန်သော်လည်းကောင်း၊ သီလကို စင်ကြယ်စေကြောင်းတရားတို့ကိုသော်လည်းကောင်း အမြဲမပြတ် သတိပေးဆုံးမတော်မူလေ့ရှိ၏။ သီလစင်ကြယ်သော ရဟန်းတို့အား အမြဲချီးမွမ်းလေ့ရှိ၏။

၁။ ပါတိမောက္ခသံဝရ = အာပတ်ခုနစ်ပုံကို လုံခြုံစွာ စောင့်ထိန်းခြင်း၊

၂။ ဣန္ဒြိယသံဝရ = ဣန္ဒြေခြောက်ပါးကို လုံခြုံစွာ စောင့်ထိန်းခြင်း၊

၃။ ဉာဏသံဝရ = ပစ္စည်းလေးပါးကို ဆင်ခြင်သုံးဆောင်ခြင်း၊

၄။ ခန္တီသံဝရ = အချမ်းအပူ စသည်တို့ကို သည်းခံခြင်း၊

၅။ ဝီရိယသံဝရ = ဖြစ်ပေါ်လာသော ကာမဝိတက် စ,သည်တို့ကို လက်သင့်မခံ ပယ်လှန်အားထုတ်ခြင်း စ,သောသံဝရတရားငါးပါးမှာ မြတ်စွာဘုရား၏ဩဝါဒဖြစ်၏။

ဖြူသောအဝတ်တွင် အစွန်းအထင်း ထင်ပါက ညစ်မည်းသောအဝတ်စပေါ်၌ထင်သည်ထက် သာလွန်ရုပ်ဆိုးစေတတ်ကြောင်း ဟောပြတော်မူသောတရားကား ဆဋ္ဌနိပါတ် သိင်္ဂပုပ္ဖဇာတ်တွင် အထင်အရှားရှိ၏။

ရှေးသရောအခါ သီလစင်ကြယ်သော ရသေ့တစ်ပါးသည် ကြာ

အိုင်တစ်အိုင်၏အနီးအပါးသို့ရောက်သွားသောအခါ အလွန်မွှေးကြိုင်ပျံ့သင်းနေသော ကြာပန်း၏အနံ့များကို အမှတ်မထင် ရှူရှိုက်နေမိ၏။ ထိုအခါ ကြာအိုင်စောင့်နတ်သမီးက ဤသို့ဆို၏။

"အရှင်၊ ဤအကျင့်ကား အနံ့ကိုခိုးခြင်းအကျင့်တည်း။"

"နတ်သမီး၊ ငါသည် ကြာပန်းကို ခိုးယူသည်လည်းမဟုတ်၊ ချိုးယူသည်လည်းမဟုတ်၊ ကိုင်တွယ်ခြင်းမျှမပြု၊ အဝေးဖြစ်သော လေအောက်ကနေ၍ အနံ့ခံခြင်းမျှသာဖြစ်၏။ သို့စင်လျက် အဘယ်ကြောင့် အနံ့ခိုးသည်ဆိုနိုင်သနည်း" ဟု ရသေ့ကပြန်ပြောလေ၏။

ထိုအခိုက်တွင်ပင် တောသွားမုဆိုးတစ်ယောက်သည် ကြာမျိုးငါးပါးနှင့်တင့်တယ်သော ထိုရေအိုင်အတွင်းသို့ဆင်း၍ ရေချိုးလေ၏။ ပြီးလျှင် ကြာပန်းတို့ကိုချိုးယူလေ၏။ ကြာစွယ်တို့ကိုလည်း ဖြတ်တောက်ယူငင်၍ သွားလေ၏။ ထိုအခါ ရသေ့က–

"အို...နတ်သမီး၊ အဝေးမှအနံ့ခံသောငါ့ကို ခိုးသူဟုဆို၏၊ ကြာပန်းကြာစွယ်တို့ကို ချိုးဖြတ်ယူငင်သွားသော ထိုယောကျ်ားကိုကား အဘယ့်ကြောင့် ဘာတစ်ခွန်းမျှ မဆိုလိုက်သနည်း" ဟု မေးလေသော် နတ်သမီးက

"ရှင်ရသေ့၊ မကောင်းမှုများစွာရှိသော ထိုယောကျ်ားကိုကား သီလမရှိသူဖြစ်၍ တစ်စုံတစ်ရာဆိုဖွယ် မရှိတော့ချေ၊ ရှင်ရသေ့ကဲ့သို့ အပြစ်မရှိ၊ သီလစင်ကြယ်နေသော သူတော်ကောင်းတို့၌ကား သေးငယ်သော အပြစ်မျှပင် အလွန်ကြီးမားသည် ထင်မှတ်၏" ဟုဆိုလေရာ ရသေ့သည် နတ်သမီး၏စကားကြောင့် ထိတ်လန့်တရားရ၍..

"အဘယ်နတ်သမီး၊ သင်သည် ငါ့အကျိုးကိုစောင့်ရှောက်ပေ၏၊ နောင်အခါ၌ ငါ့တွင်အပြစ် တစ်စုံတစ်ရာမြင်သော် ဤသို့ပင် သတိပေးပါလော့" ဟုဆို၏။

"ရှင်ရသေ့၊ သင့်အားစောင့်၍ပြောကြားနေရန် ငါသည် သင်၏

အစားမဟုတ်၊ မိမိပြုအပ်သောအမှုကို မိမိပင် သတိပြုလေလော့" ဟုဆိုကာ နတ်သမီးကွယ်လေ၏။

ဤသုတ္တန်သည် အဝတ်ဖြူစတွင် အညစ်အမည်း အနည်းငယ်မျှ ထင်၍ အရုပ်ဆိုးသည်ဟူသော ဥပမာနှင့်ထပ်တူထပ်မျှဖြစ်သည်။ ထို့ ကြောင့် မြတ်စွာဘုရားသည် သိက္ခာသီလ၌ သေးငယ်သည်ဟုထင်သော အပြစ်တို့ ကိုပင် သတိပြု၍ဆင်ခြင်ထိုက်ကြောင်း ဓမ္မပဒ၌ ဤသို့ဟောတော်မူ၏။

"အနည်းငယ်သော မကောင်းမှုသည်(ငါ့အား)အကျိုးရောက်လိမ့် မည်မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ သူမိုက်သည် အနည်း ငယ်မျှသော မကောင်းမှုကို ပြုမူဆည်းပူးဖန်များလတ်သော် မကောင်းမှုဖြင့် ပြည့်၏။"

ထိုမှတစ်ပါး ဝိသုဒ္ဓိမဂ်၌ 'ရစ်မသည် မိမ၏ဥကို အသေခံ၍စောင့် သည်။ စာမရီမည်သော သားသည် မိမိ၏အမြီး ချုငြသည်ကို အသေခံ၍ စောင့်သည်။ သားတစ်ယောက်သာရှိသော သူကြွယ်သည် မိမိ၏သားချစ် ကို အထူးစောင့်သည်။ မျက်စိတစ်လုံးသာရှိသောသူသည် မိမိ၏မျက်စိကို အထူးစောင့်သည်' ဟု တင်စားဟောပြတော်မူပြန်သေးသည်။

သိက္ခာတော်အတွက် ဤသို့အသက်စွန့်ပုံဖြစ်ရပ်များမှာ -

မဟာဝတ္တနိမည်သောတောအုပ်ကြီး၌ ခိုးသူတို့သည် မထေရ် တစ်ပါးကို နွယ်ငန်းဖြင့်တုပ်နှောင်၍ တုံးလုံးလှဲထားခဲ့ကုန်၏။ မထေရ်သည် နွယ်ကိုမဖြတ်ဘဲ လျောင်းလျက်သာ ခုနစ်ရက်ပတ်လုံး ဝိပဿနာပွားသဖြင့် အနာဂါမ်တည်၍ ပျံလွန်သွားရှာသည်။

သီဟိုဠ်ကျွန်း သီရိလကာ၌လည်း မထေရ်တစ်ပါးကို ခိုးသူတို့က ဆင်သမနွယ်ဖြင့် တုပ်လှဲထားကုန်၏။ မထေရ်သည် တောမီးလောင်လာ သော်လည်း နွယ်ကိုမဖြတ်၊ ဝိပဿနာကိုသာ အထပ်ထပ်ပွားရင်း တောမီးထဲ

တွင် သမသီသီရပဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံ၏။

ကျွန်တော်တို့၏ခေတ်၌လည်း သီလသိက္ခာကို လွန်စွာချစ်မြတ်နိုးကြကုန်သော သီလဝန္တ သိက္ခာကာမ ပုဂ္ဂိုလ်ကျော်ကြီးများ အများအပြားပင် ရှိတော်မူကြသည်။

တောရပုဂ္ဂိုလ် ဘုန်းတော်ကြီး ဦးသီလ၏ထေရပ္ပတ္တိတွင် ဤသို့တွေ့ရ၏။ ၁၂၄၄ ခုနှစ်လောက်တွင် ဘုန်းတော်ကြီးဦးသီလသည် ရွှေကျင်ဆိပ်ကလေး တောကျောင်း၌သီတင်းသုံးနေတော်မူ၏။ အခါတစ်ပါး ဝမ်းခနိမ်ရွာသို့ နံနက်စောစော ဆွမ်းခံအသွား တောလမ်း၌ ခြေတော်ကို ညှတ်ကွင်းမိလေ၏။ (သားငယ် တောတိရစ္ဆာန်ကလေးများကို ထောင်ထားသော ညှတ်ကွင်းဖြစ်သည်) ဆရာတော်သည် ထိုနေရာတွင်ပင် ရပ်တန့်ကာနေတော့၏။ နေမြင့်လေသော် ညှတ်ကွင်းကိုထောင်ထားသောရွာသားက ဘုန်းတော်ကြီးအား ညှတ်ကွင်းမိနေပုံကိုမြင်သော်လည်း ဘာမျှမလုပ်ဝံ့ဘဲ အခြားသူများအား သွား၍ပြော၏။

ဤတွင် အခြားလူတစ်ယောက်က ဆရာတော်၏ခြေမှ ညှတ်ကွင်းကို လာ၍ဖြုတ်မည်ပြုရာ...

"ဟဲ့..ဒကာ၊ ဒါ နင့်ညှတ်ကွင်းလား" ဟု မေးတော်မူ၏။

"မဟုတ်ပါ ဘုရား"

"ဒါဖြင့် နင်မဖြုတ်နဲ့"

ဒကာသည် ညှတ်ကွင်းရှင်အား သွား၍တိုက်တွန်းမှ ညှတ်ကွင်းရှင်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် လာ၍ဖြုတ်ပေးကာ နောက်တစ်သက်ပတ်လုံး ဤအမှုကိုမပြုတော့ပါဘုရားဟု ဝန်ခံလျက် ညှတ်ကွင်းကိုပင် လှူလိုက်သောဟူ၏။ ထိုနေ့ကား မွန်းလွဲသွားသဖြင့် ဆရာတော်ဘုရား ဆွမ်းဘုဉ်းပေးတော်မမူတော့ချေ။

ဤအကြောင်းနှင့်ပတ်သက်၍ ဗဟုသုတလိုလားသော ဒကာ

တစ်ယောက်က ဤသို့မေးလျှောက်၏။

"ညွတ်ကွင်းမိ၍ မဖြုတ်ဘဲနေခြင်းသည် အကျိုးအပြစ် ဘယ်ပုံရှိပါသလဲ၊ သိပါရစေဘုရား"

"ဖြုတ်ခဲ့လျှင် ညွတ်ကွင်းသမားအတွက် မိသင့်မိထိုက်သောသားကောင်များ လွတ်သွားသည့်အတွက် ဘဏ္ဍာစားပေးလျော်ရသည်။ (ဘုန်းကြီးရဟန်းများမှာ ပေးလျော်စရာ ငွေလည်းမရှိ။ တိရစ္ဆာန်သားကောင် လည်းမရှိ) ဖြုတ်ပြီး ပကတိအတိုင်းပြန်ထားခဲ့လျှင် ပါဏာတိပါတ၏အင်္ဂါ ပယောဂ ဖြစ်သည်။ မဖြုတ်ဘဲနေလျှင်ကား မိမိသေသော်လည်း အပြစ်မရောက်"ဟု ဝိနည်းအဋ္ဌကထာအတိုင်း ဖြေတော်မူခဲ့သည်။

**ပါတိမောက္ခ သံဝရသီလကို သုတ်သင်သော (စောင့်ထိန်းသော) ရဟန်းသည် အသက်ကို စွန့်သော်လည်း စွန့်ရာ၏၊ မြတ်စွာဘုရား ပညတ်အပ်သော သီလစောင့်ထိန်းခြင်းကို မဖျက်ရာ။**

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ

ထို့ကြောင့် ရဟန်းအဖြစ်၌ ဉာဏ်နုံ့၍ ဗဟုသုတ ဂန္ထဓုရမကြွယ်ဝစေကာမူ လုံခြုံပါက သီလအတွက် နှစ်သက်ချီးမွမ်းအပ်၏။ သီလမရှိပါက ဂန္ထဓုရ မည်မျှကြွယ်ဝစေကာမူ မချီးမွမ်းကြဘဲ၊ သီလသုတ စွယ်စုံပုဂ္ဂိုလ်ဆိုလျှင်ကား နတ်လူ ကောင်းချီးပေး၏ဟု ပညာရှိကြီးများက အဆုံးအဖြတ်ပေးကြရာ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာတွင် ဤသို့ဖော်ပြထားလေသည်။

**နုံ့သည့်ဉာဏ၊ သုတမရှိ၊ သီလရှိက၊ သီလအတွက်၊ နှစ်သက်ကုန်ကြ၊ ချီးမွမ်းရ၏။ သီလမရှိ၊ သုတရှိသော်၊ တတ်သိချည်းနီး၊ ကျိုးမပြီးဟု၊ မချီးမွမ်းကြ၊ ကဲ့ရဲ့ရ၏၊ သုတသီလ၊ စွယ်စုံလှမူ၊ ထိုသသူကို၊ နတ်လူကောင်းချီး၊ အံ့မပြီးဘဲ၊ မငြီးရှု**

**မျှော်၊ ရှိပူဇော်၍၊ ကော်ရော်ဦးခိုက်၊ ချီးမွမ်းထိုက်ရှင့်။**

ထိုမှအပ စတုမ္မသာရပို့တွင်ကား–

**ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏။**

ဟုဆိုလေသေးသည်။ ဤတွင် ရဟန်းကျင့်ဝတ် တစ်ပါးဟူသည် သီလ, သမာဓိ, ပညာဟူသော အစုအပေါင်းတည်းဟု အဓိပ္ပာယ် ဖွင့်ဆိုတော်မူကြသည်။

# ဂုရု (တရားပြဆရာ)

အကြင်သူတစ်ဦးသည် ဘုရားရှင်အား အကယ်ပင်ချစ်မြတ်နိုးလျက် တရားအားထုတ်မည်ဟု ဆည်းကပ်မှုများပြုလုပ်ရန် စိတ်ထက်သန်မှုရှိပါက ဘုရားရှင်သည် သူ့အား တရားပြမည့်ဆရာတစ်ဦးကို လွှတ်ပေးမည်မှာ ဧကန္တဖြစ်၏။ တရားပြဆရာ မတွေ့မရှိမည်ကို ပူစရာမဟုတ်ပေ။

လူနာကု ဗိန္ဒောဆေးဆရာ သုံးမျိုးသုံးစားရှိသကဲ့သို့ ကမ္မဋ္ဌာန်းတရားပြဆရာလည်း သုံးမျိုးသုံးစား ရှိလေသည်။

ဆေးဆရာတစ်ယောက်သည် လူနာ၏သွေးတိုးနှုန်းကို တစ်ခါသာကိုင်ကြည့်လျက် သင့်တော်မည်ထင်သောဆေးကို ပေးခဲ့ပြီးလျှင် ထွက်ခွာသွားတော့၏။ လူနာ၏အခြေအနေ၊ ရောဂါ၏အတက်အကျကို နောက်ထပ် တစေ့တစောင်းမျှ စေ့ငုစူးစမ်းခြင်းလည်း မရှိ။ မိမိပေးခဲ့သောဆေးကို သောက်သည်၊ မသောက်သည်လည်း ဂရုမထားတော့ချေ။

ထိုဆေးဆရာကဲ့သို့ တရားပြဆရာလည်း ရှိ၏။ အကြင်တရားပြဆရာ ဥပနိဿယဂုရုသည် တရားအားထုတ်သောယောဂီအား တစ်ကြိမ်တစ်ခါသာတရားပြပြီးလျှင် နောက်ထပ်ဆက်လက်၍ စောင့်ရှောက်ကြည့်ရှုခြင်း မပြု။ စမ်းသပ်စစ်ဆေးခြင်းလည်း မရှိ။ ထိုတရားပြဆရာသည် အထက်ကဆေးဆရာကဲ့သို့ဖြစ်သောကြောင့် တတိယတန်းစားနှင့်တူပေသည်။

ဒုတိယတန်းစား ဆေးသမားမှကား မိမိ၏လူနာကို ဖြည်းညင်း

သာယာစွာဆက်ဆံ၍ ဆေးမသောက်ချင်သည်ကို ချော့မော့ဖျောင်းဖျကာ ဆေးသောက်ဖြစ်အောင် သောက်စေ၏။ ဆေးသောက်ပြီးသည့်နောက် လည်း ရောဂါဝေဒနာ အတက်အကျ အခြေအနေကို အမြဲဂရုစိုက်ကြည့်၏။ ထိုကြားထဲတွင် မသင့်သောအစားအစာ အာဟာရများကို ရှောင်ကြဉ်ရန်၊ သင့်သောဓာတ်စာ အာဟာရများကို သုံးဆောင်ရန် အမြဲသတိပေးနှိုးဆော်၍ မိမိ၏ လူနာ ဝေဒနာပျောက်သည်အထိ ကြပ်မတ်ကုသပေး၏။

ထိုသဘောကဲ့သို့ တရားပြဆရာ ဥပနိဿယသည် ယောဂီအား တရားပြပြီးသည့်နောက် ဖြည်းညင်းသာယာစွာ စောင့်ကြပ်ကြည့်ရှုပြောဆို လျက် သူ၏ သမာဓိ မည်ရွေမည်မျှရှိလာပြီကို စမ်းသပ်ခြင်း စစ်ဆေးခြင်းပြု ၏။ ဤတရားပြဆရာကား ဒုတိယတန်းစား မည်သတည်း။

ပထမတန်း ဆေးဆရာအနေကား လူနာကိုကုသရာ၌ အထက် ပါ ဆရာများကဲ့သို့ မဟုတ်။ လူနာ၏စိတ်ဓာတ်ကို မိမိအလိုကျ ဆွဲဆောင် လေ့ ရှိသော ပုဂ္ဂိုလ်ဖြစ်၏။ ရောဂါဝေဒနာခံစားရသော လူနာတို့မည်သည် ကား မိမိအား ပြင်းပြစွာနှိပ်စက်သောဝေဒနာကို ပျောက်ကင်း ချမ်းသာ အောင် ဆေးဆရာကို ပင့်သည်ကား မှန်၏။ သို့သော် ကြမ်းတမ်းသောဆေး၊ အရသာဆိုးသောဆေး၊ ပင်ပန်းဆင်းရဲစွာသော အနေအထိုင်တို့ကို မိမိ ဝေဒနာ အရ ပြုရ၊ စားရ၊ သောက်ရအံ့သောအခါတွင် မိုက်မဲစွာ ရှောင်ဖယ် ငြင်းဆန်တတ်ကြပြန်သည်။ ဝေဒနာသည်ဟူသမျှကား သေခါနီးမတ္တ လောက်တွင်သာ ဆရာ၏သဘောရှိ စိမံသမျှကို နာခံလိုက်လျောတတ်ပေ ၏။ ထိုအချိန်မှ ဆိုသော် ဆရာ့အဖို့မှာ အချိန်နှောင်းပြီဖြစ်ခြင်းကြောင့် အပ် နှင့်ထွင်းရမည်ကို ပုဆိန်ဖြင့်ပေါက်၍ကုသရသောကြောင့် လူနာမှာ ချမ်းသာ တော့မည် မဟုတ်ချေ။ သေရသည်ချည်းသာဖြစ်၏။

ထို့ကြောင့် နာနာရောဂတောဝါကို လူနာထက်အတိုင်းမသိ ကျွမ်း ကျင်မြော်ခေါ်တတ်သောဆရာက နည်းအမျိုးမျိုးဖြင့်ကုသရာသည်။ ပထမ၊

လူနာအား ဤဆေး ဤအစာ ဤအကျင့်ကို သောက် စား ကျင့်သုံးခြင်းအားဖြင့် လောလောဆယ် ခံစားနေရသော အနာရောဂါမှ လျင်မြန်စွာ ထမြောက်လတ္တံ့ဟု အားပေးစကားဖြင့် ဖျောင်းဖျနှစ်သိမ့်၏။

ကျန်းမာခြင်း၏ အကျိုးကျေးဇူးများကိုလည်း လူနာ၏အာလယ၌ တောင့်တလာအောင် သတိပေးပြောဆို၏။ ဤသို့နှင့်မှ ဆေးဆရာ၏ ဩဝါဒကို မလိုက်နာဟုဆိုလျှင် ဆရာကိုယ်တိုင် လူနာ၏ရင်ဘတ်ပေါ်တွင် ဒူးထောက်၍ မညှာမတာ အနိုင်အထက် ခံတွင်းကိုကန့်လန့်ခံ၍ ဆေးကို လောင်းချရန် ဝန်မလေးသူဖြစ်၏။ သူ့အတွက် လူနာ၏စိတ် ငြိုငြင်ခြင်း၊ ဆင်းရဲခြင်း၊ ရက်စက်သည်ဟု ပြောဆိုရေရွတ်စွပ်စွဲခြင်း၊ ဒေါသဖြစ်ခြင်းတို့ကို စေတနာနှင့် ပြုံး၍ရွှင်စွာခံယူလျက် လူနာအားသေဘေးမှကယ်တင်ခြင်းသာ ပဓာနပြုလေသည်။

ထိုပထမတန်းစား ဆေးသမားနှင့်တူသော တရားပြဆရာ ပထမတန်းစားတို့သည်လည်း လောကတွင် ထင်ရှားပေါ်ပေါက်လာတတ်သည်။

လတ်တလောအားဖြင့် ဉာဏ်အနည်းငယ်ရှိသူသည် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်လိုသော သမ္မာဆန္ဒရှိတတ်ကြသည်။ ထိုအခါ သံသရာမှလွတ်မြောက်လိုသည့်စိတ်ဖြင့် သမ္မာကမ္မဋ္ဌာန်းဟူသော တရားရှာခြင်း၊ တရားကျင့်ခြင်း၊ တရားထိုင်ခြင်းဟုဆိုအပ်သည့် သမထ ဝိပဿနာလုပ်ငန်းကို စ,တင်ကြိုးစားတတ်ကြလေသည်။

သို့သော် လူတို့၏စိတ်သည် ပုထုဇဉ်ပီပီ ပြောင်းလဲတတ်သဖြင့် သမထဝိပဿနာကြောင့် အနည်းငယ်သောဆင်းရဲနှင့်တွေ့လျှင်တွေ့ချင်း လုပ်လက်စဖြစ်သော သမထဝိပဿနာအလုပ်ကို စွန့်လွှတ်ပြီးကာ ငြီးငွေ့ကြောက်ရွံ့ပါသည်ဆိုသော သံသရာဝဋ္ဋသာ ဘဝဇာတ်သိမ်းလိုသောဆန္ဒဖြစ်ပေါ်လာတတ်ပြန်သည်။

ထိုအခါ ရောဂါဝေဒနာပျောက်ကင်းချမ်းသာအံ့သော လူနာကို

ဆရာသိသကဲ့သို့ သံသရာမှထွက်မြောက်နိုင်လတ္တံ့သော ယောဂီ၏ သမာဓိ အခြေအနေကို အကဲခတ်တတ်သည့် တရားပြဆရာသည် ဝဋ္ဋဒုက္ခတို့၏ အကြောင်းကို ထိတ်လန့်စက်ဆုပ်အောင်ဟောကြားရင်း အမြိုက်နိဗ္ဗာန်၏ ကောင်းကျိုးချမ်းသာကို ချီးကျူးဟောပြလေသည်။ ဤသို့ဖြင့် တရားအား ထုတ်ရာက မိမိ၏ယောဂီတက်ကြွလွန်းလျှင် ဖိနှိပ်ပေး၍၊ ဆုတ်နစ်လွန်း လျှင် တက်ကြွအောင်အားပေးကာ စောင့်ရှောက်တတ်သည်။

ယုတ်စွအဆုံး၊ သမာဓိလမ်းရောက်ဖို့ရာအတွက် ရက်လောက် အောင်၊ ကြောက်လောက်အောင် ရန့်ရင်းကြမ်းတမ်းစွာ အပြစ်တင်၍တိုက် တွန်းတန်လျှင် တိုက်တွန်းရသည်။ ချော့၍သော်လည်းကောင်း၊ ခြောက်၍ သော်လည်းကောင်း၊ အာဏာပြ၍သော်လည်းကောင်း၊ သြဇာပေး၍သော် လည်းကောင်း ယောဂီအား ပြုပြင်ယူရသည်။ ထိုပုဂ္ဂိုလ်ကား ပထမတန်း ဂုရုဆရာပေတည်း။

*

ရာမခရစ်ရှနာ၏ အထက်ပါအာဘော်မှာ ဗုဒ္ဓမြတ်စွာ၏ ဝေနေ ယျသတ္တဝါတို့ကိုကယ်တင်ရာ နည်းနာနိဿယကို အမှီပြု၍ဟောကြားခြင်း ဖြစ်သည်။ မြတ်စွာဘုရားကား လိမ္မာသောဆေးကုဆရာကြီးနှင့် ပမာနှိုင်းရ သော ပုဂ္ဂိုလ်ကြီးပင်တည်း။ သံသရာဝဋ္ဋနာမှ ထမြောက်အောင်မြင်အောင် ကုသ၍ပေးတော်မူပေသည်ဟု ချီးကျူးကြရလေသည်။ သတိပဋ္ဌာန်လေး ပါး၊ သမ္မပ္ပဓာန်လေးပါး၊ မဂ္ဂင်ရှစ်ပါးစသည်တို့ကား မြတ်စွာဘုရား၏ ပေါင်းစပ်ပေးသော ဆေးဘက်ဖော်နည်းကား ဖြစ်ပေသည်။ ဤဆေးကို တိုက်ကျွေးပြီးသောအခါ ကသိဏ်းဆယ်ပါး၊ ဘာဝနာလေးဆယ် စ,သည် တို့ဖြင့် လူမမာနာလန်ထကို ကယ်မပေးတော်မူပြန်သည်။

လူနာနှင့်တူသော ဝေနေယျတို့အား ဆုံးမတော်မူသည့်အခါ၌

လည်း သတ္တဝါတို့၏ ကြွေအနအရင့်ကို အကဲခတ်ကာ အလိုအာသယကို လိုက်လျော၍ ချော့တန်သည်ကို ချော့သည်။ ခြောက်တန်သည်ကို ခြောက်သည်။ ပြိုင်တန်သည်ကို ပြိုင်သည်။ နှိမ့်ချမောင်းမဲတန်သည့်ပုဂ္ဂိုလ်ကို နှိမ့်ချ မောင်းမဲသည်။ ချီးမွမ်းဂုဏ်ပြုပေးအပ်သောပုဂ္ဂိုလ်ကို ချီးမွမ်းဂုဏ်ပြုပေးသောအားဖြင့် ကိုယ်ကျိုးမဟုတ်သော သတ္တဝါတို့၏ အကျိုးသက်သက်မျှကို မဟာကရုဏာတရားဖြင့် ကယ်မသွားတော်မူခြင်းတို့မှာ ကိုယ်တော်မြတ်၏ ဘဝခရီးတစ်လျှောက် အလွန်တရာစိတ်ဝင်စားဖွယ်တို့ဖြင့် ပြည့်နှက်နေသည်နှင့်အမျှ အလွန်တရာ ကျေးဇူးတင်ဖွယ် ဖြစ်ပါဘိသည်။ သူ၏ တစ်ကိုယ် တစ်ပါးချမ်းသာကို လိုဘိမူကား အလောင်းတော် သုမေဓာဘဝကပင် နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ ကိုယ်လွတ်ရုန်းတော်မူနိုင်ခဲ့ပါသည်။ သို့စင်လျက် အသင်္ချေချေ တွက်ရေမဆုံး ဘဝပေါင်းများစွာ၌ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ဖြင့် အရင်းတည်တော်မူခဲ့ရာသည်မှာ လူနာတွေနှင့်တူသောလောကီသားတို့အတွက် စင်စစ်ဖြစ်လေ၏။

အထက်ကဆိုခဲ့သောစကားအရ ဝေနေယျတို့၏ အာသယာနုသယ အလိုကိုလိုက်ကာ ကယ်ချွတ်ရသော နည်းဥပါယ်များစွာတို့အနက် အချို့တစ်ဝက်ကို လေ့လာကြည့်လျှင်ပင် အလွန်ကြည်ညိုဖွယ်ရာ ရှိပေသည်။

မြတ်စွာဘုရားသည် သတ္တဝါတစ်ဦးတစ်ယောက်ကို ပရမတ္ထ (အလွန်မြတ်သော အကျိုးအနက်ပြသောတရား) တရားကို နိဒါန်းမခံဘဲ ဟောတော်မူလေ့ မရှိပေ။ စိတ်ဝင်စားဖွယ်ရာစကား၊ စိတ်ဝင်စားဖွယ်ရာ အပြုအမူဖြင့် ပြောဆိုပြုလုပ်ပြသပြီးမှ ထိုပုဂ္ဂိုလ်၏ အာရုံအညီတ်တွင် သိစေလိုသော သံသရာဝဋ်မှထွက်ကြောင်းတရားကို ဟောတော်မူလေ့ရှိသည်။

အင်္ဂုလိမာလသူခိုးကြီးကား အလွန်အပြေးအလွှားမြန်ဆန်သူဖြစ်ရာ ဗုဒ္ဓမြတ်စွာသည် ထိုသူထက် ပြေးနေသည်ဟုထင်မြင်အောင် သရုပ်

ဆောင်ပြလေသည်။ ဤတွင်မှ...

"ရဟန်းကြီး မပြေးနှင့်" ဟု အင်္ဂုလိမာလက တား၏။

"ငါကားမပြေး၊ ရပ်နေ၏၊ သင်သာပြေးနေ၏" ဟု ဘုရားကပြန်ပြော၏။

"သင်ပြေးနေလျက်နှင့်မပြေးဘူးဟု ပြောရသလော၊ ရဟန်းတို့သည် မုသားပြောရသလော"ဟု မမိနိုင်သော အင်္ဂုလိမာလက အပြစ်တင်၏၊ စွပ်စွဲလိုက်၏။

ထိုအခါမှ ရပ်နေသူနှင့်ပြေးနေသူနှစ်ယောက်အကြောင်းကို အကျယ်ဝိတ္ထာရချဲ့ပြတော်မူလေသည်။ ထိုအခါတွင်ပင် အင်္ဂုလိမာလ တရားရ၏။

အာဠဝကဘီလူးကို ချွတ်တော်မူသော နည်းဥပါယ်ကိုလည်း လေ့လာကြည့်ဖွယ် ကောင်းလှသည်။ မိမိ၏တန်ခိုးရှိန်စော်နှင့် အလွန်ခက်ထန်ကြမ်းကြုတ်လှသော အာဠဝကဘီလူးအား ဘုရားကိုယ်တော်တိုင် ဟောတော်မူသည့် အမျက်ရှိသူကို အမျက်မရှိခြင်းတရားဖြင့် အနိုင်ယူလိုက်ခြင်းဖြစ်သည်။ အာဠဝကက မြတ်စွာဘုရားအား ဒေါသချင်းပြိုင်၍ဒေါသ အရသာကိုခံစားချင်သူဖြစ်သည်။ သို့မှသာ နိုပ်စက်၍ကောင်းသည်ဟု ယူဆဟန်တူသည်။

ဘုရားမြတ်စွာအား ညဥ့်သုံးယံ ကုန်ခန်းအောင် လက်နက်ကြီးကိုးမျိုးဖြင့် တိုက်ခိုက်၏။ ဘုရားမှာ ဗြဟ္မဝိဟာရတရားဖြင့် သည်းခံကာ အန္တရာယ်အဝဝကင်းစင်စေ၏။ မေတ္တာလက်နက်ဖြင့် တုံ့ပြန်နေသည်ကိုသိသော အာဠဝကသည် မေတ္တာပျက်အောင် ဘုရားအား ညြဲဇာပေး၏။

"ရဟန်းကြီး၊ ငါ့ဗိမာန်ထဲမှ ယခုပင် ထွက်သွား" ဟုနှင်ထုတ်၏။

"အချင်း အာဠဝက၊ သင်က မနေစေလိုသော် ငါယခုပင်သွားအံ့" ဟု မြတ်စွာဘုရားသည် သူ့ညြဲဇာ သူ့အမိန့်ကို နာခံသည့်အလား ဗိမာန်

အပြင်သို့ ကြွသွားတော်မူသည်။

ထိုအခါ တစ်ညလုံးလုံး ပင်ပန်းကြီးစွာ လက်နက်ကြီးများဖြင့် တိုက်ခိုက်နေခဲ့ရသည်မှာ အာဠဝကအတွက် အလဟဿသဖွယ် ဖြစ်သွားကြောင်း စဉ်းစားမိလေ၏။

"ရဟန်းကြီး၊ ပြန်ဝင်ခဲ့" ဟု စူးစမ်းလိုက်ပြန်၏။

"သင်က ဝင်စေလိုလျှင် ဝင်ခဲ့မည်" ဟု မြတ်စွာဘုရားက လိုက်လျောတော်မူသည်။

"ရဟန်းကြီး၊ ပြန်သွားတော့"

"ကောင်းပြီ၊ ငါပြန်သွားအံ့" ဟုဆိုကာ ပြန်ကြွတော်မူ၏။

ဤမှစ၍ အာဠဝက၏စိတ်ဝင်စားမှုကို ရအောင်ပြုမူဖန်တီးယူလိုက်သည်။ သူ့အား နူးညံ့သွားစေသည်။ နောက်တွင် အာဠဝကက ပြဿနာများကို မေးမြန်းသည်အထိ ခရီးရောက်၍ ပြဿနာများကို ဖြေကြားကာ ဆုံးမကယ်တင်တော်မူလိုက်သည်။

ဤအခြင်းအရာများကား သမုဒ္ဒရာထဲတွင် မိုးပေါက်ကျသကဲ့သို့ အလွန်နည်းပါးသေး၏။ ထိုမှတစ်ပါး ဉာဏ်ထိုင်းလွန်း၍ အားလျော့နေသော စူဠပန်မထေရ်ကြီး၏ဆုတ်နစ်သည့်စိတ်ကို အလွယ်ဆုံးသောဂါထာဖြင့် ဝိပဿနာအထိရောက်အောင်ဟောခြင်း၊ အတိုဆုံးသောတရားဂါထာမျှသာ နာကြားလိုသော ပုဏ္ဏားကြီးအား 'ကိုယ်ကြိုက်တာသာ ကိုယ်က လုပ်' ဟူသောတရားမျိုးဟောခြင်း၊ နတ်သမီးရလိုသော နန္ဒမင်းသားရဟန်းပျိုအား ပရိယာယ်ဖြင့်ကျွတ်တမ်းဝင်စေခြင်း စ,သည်တို့မှာ အတိုင်းမသိများပြားလှပါသေး၏။ လေ့လာ၍ ကရားရှာဖွယ်များ ဖြစ်ပါဘိသည်။

*

ရာမာခရစ်ရှနာက တရားပြဆရာနှင့်ပတ်သက်၍ ဤသို့ဟော

သေး၏။

"မရောက်ဘူးသေးသောတစ်နိုင်ငံသို့သွားသည့်အခါ ရောက်ဖူးသူတစ်ဦး၏လမ်းညွှန်မှုကို ခံယူခြင်းသည် ကောင်း၏။ တစ်ဦးထက်ပို၍ လူများစွာ၏လမ်းညွှန်ခြင်းကို ခံယူမှုကား ရှုပ်ထွေးသွားနိုင်၏" (သဒ္ဒါနှင့်ဝိရိယ ပုံပြင်တွင်ကြည့်။)

တရားပေါက်မြောက်ရန် အားထုတ်ရာ၌ အကြင်သူတစ်ဦးသည် ဆရာတစ်ဦးတည်း၏ အဆုံးအမကိုသာ ကောင်းစွာနားထောင်လိုက်နာရသည်။ တရားတပည့်သည် တရားဆရာ၏စကားကို ဝေဖန်ငြင်းခုန်ခြင်း မပြုအပ်ပေ။ သူသည် ဆရာ၏စကားကို မြေဝယ်မကျ နားထောင်လိုက်နာရာ၏။ ဤအချက်နှင့်ပတ်သက်၍ ဘင်္ဂါလီ ကဗျာတစ်ပုဒ်က ဤသို့ဆို၏။

"ကျွန်ုပ်၏ဂုရုသည် တည်းခိုအိမ်တစ်ခုသို့ ဝင်သွားစေကာမူလည်း ကျွန်ုပ်၏ဂုရုကား သန့်စင်မွန်မြတ်သော နိကနန္ဒာဖြစ်ပေသေးသည်။" (ဤကဗျာ၌ တည်းခိုအိမ်ဆိုသည်ကား ပြည့်တန်ဆာမ၏အိမ်ဟု ဆိုလိုဟန်ရှိပါသည်။)

ဂုရုဆိုသည်မှာ စေ့စပ်ဖျန်ဖြေပေးသူဖြစ်၏။ သူသည် လူသားနှင့် ဘုရားရှင်တို့အား ပေါင်းစပ်ပေးသူဖြစ်သည်။ ကမာခွံထဲမှ ပုလဲလုံးကိုယူ၍ ကမာခွံကို လွှင့်ပစ်ပါလော့။ ထိုနည်းတူစွာ ဆရာသခင်၏အကြံပေးချက်ကိုယူ၍ ထိုဆရာ၏ လူသားတို့နည်းတူ ပျော့ညံ့ချက်များကို ဖယ်ရှားပါလော့၊ တစ်စုံတစ်ယောက်က သင့်ဆရာအားဝေဖန်လျှင် နားမထောင်ပါနှင့်။ ဝေဖန်သူ၏ရှေ့မှ ချက်ချင်းထသွားပါလေ။

သာမန်လူတို့သည် ဘာသာရေးအကြောင်းကို တစ်လှေကြီးပြောကြ၏။ သို့သော် တစ်ချွေးသားမျှ မလုပ်ကြ။ ပညာရှိတို့ကား အနည်းငယ်သာပြော၍ တစ်ဘဝလုံး စွန့်လွှတ်ဆောင်ရွက်ကြသည်။

မိမိ၏ဆရာသခင်၏ အတိုင်းမသိဖြစ်သောတန်ခိုးစွမ်းအားကို သိ

၍ ခိုင်မြဲစွာယုံကြည်သောတပည့်တစ်ဦးသည် မိမိ၏ဆရာအမည်ကို တမ်းတသရဏဂုံဆောက်တည်ပြီးလျှင် မြစ်ပြင်ရေပေါ်၌လမ်းလျှောက်သွားလေ၏။ ဤအဖြစ်ကိုမြင်၍ တပည့်အား အံ့ဩစွာမေး၏။

"မင်း . . ရေပေါ်သို့လမ်းလျှောက်စဉ် ဘယ်အာရုံကို ပြုဘိသနည်း။" ထိုအခါ တပည့်ဖြစ်သူက...

"ကျွန်တော်သည် ဆရာ့အမည်ကိုသာအာရုံပြုလျက် လျှောက်ပါသည်။"ဟုဆိုလေသော် ဆရာဖြစ်သူက 'ငါ၏အမည်တွင် ဤမျှတန်ခိုးသက်ရောက်နေပါပြီကော။ ငါသည် တန်ခိုးအာဏာ အလွန်တရာကြီးမားနေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ငါ၏အမည်ကို သရဏဂုံရုံနှင့် ထိုတပည့်သည် ရေပြင်၌ မြေပြင်သဖွယ်လမ်းလျှောက်နိုင်သေးသည်ဖြစ်လျှင် ငါကိုယ်တိုင်မူကား ရေပေါ်တွင်ပြေးမည်ဆိုလျှင် ပြေးနိုင်တော့လတ္တံ့' ဟု ယုံကြည်စိတ်ချပြီးလျှင် နောက်တစ်နေ့၌ 'ငါ-ငါ-ငါ' ဟုရေရွတ်ကာ မြစ်ပြင်ပေါ်သို့ လမ်းလျှောက်သည်နှင့်တစ်ပြိုင်နက် ရေထဲတွင် စုံးစုံးမြုပ် နစ်သွားလေသည်။

ယုံကြည်အားထားမှုဟူသည်မှာ အံ့ဖွယ်သရဲအဖြစ်အပျက်များကို ဖန်တီးနိုင်ပါ၏။ သို့သော် ဝင့်ဝါခြင်း၊ ငါတကောကောခြင်းတို့ကား လူ၏သေဆုံးပျက်ပြားမှုပင် ဖြစ်တော့၏။

ရာမာခရစ်ရှနာ၏ဆိုလိုရင်းမှာ ဆရာနှင့်တပည့် ဆက်ဆံပုံကို ဖော်ပြခြင်းဖြစ်လေ၏။ ပထမအချက်က မိမိသည် ဆည်းကပ်နည်းယူခဲ့ရသောဆရာကို အထင်မသေးသင့်ကြောင်းနှင့် ဆရာ၏ပျော့ညံ့အားနည်းချက်များကိုတွေ့လျှင် ထိုအချက်များကို လျစ်လျူပြု၍ သူ့ပညာကိုသာယူလျက် သူ့အား အရိုအသေ အကြည်အညိုမပျက်လေအောင် သတိပြုရန်ဖြစ်သည်။ သူ့ထံမှရသော 'အရသာ' သည် မိမိအတွက် တန်ဖိုးအကြီးဆုံး ဆုလာဘ်ဟု အမှတ်ထားနိုင်လျှင် သူ့အား မထီမဲ့မြင် ပြုနိုင်စရာမရှိတော့ချေ။

မည်သို့ပင်ဖြစ်စေ ဆရာသည် ဆရာသာလျှင်ဖြစ်ကြောင်း သတိပေး ဆုံးမထားသည်။

ဆရာကို တိရစ္ဆာန်ဖြစ်နေသောကြောင့် ဖော်မပြလို၍ ဒုက္ခရောက်ရသော လုံသမားတစ်ယောက်အကြောင်းကို ဗုဒ္ဓမြတ်စွာက ဟောတော်မူဖူးသည်။

လူတစ်ယောက်သည် ဖျိုင်းတစ်ကောင်က ငါးကိုမြှောက်ပြီး နှုတ်သီးဖြင့်ခံ၍စားသည်ကို အတုယူ၍ လှံကိုမြှောက်၍ နှုတ်ခမ်းဖြင့်ကိုက်ချီသောအတတ်ကို ပြနိုင်လေ၏။ ထိုသူ နာမည်ကျော်ကြား၍ မင်း၏ရင်ပြင်နန်းတွင်းဝယ်ပြသစေရာ အလွန်တရာချီးကျူးထောမနာပြုကြကုန်၏။ "ဤအတတ်ကို မည်သည့်နည်းဖြင့် မည်သည့်ဆရာထံတွင် သင်ကြားခဲ့ပါသနည်း"ဟု မေးသော် တိရစ္ဆာန်ဉဖျိုင်းငှက်ကို ဆရာအဖြစ်ထုတ်ဖော်ပြောပြခြင်းငှာ ရှက်စဖွယ်လိလိဖြစ်သည်ဟုထင်၍ "ကျွန်ုပ်မှာဆရာမရှိပါ၊ ကျွန်ုပ်ကိုယ်တိုင် ထိုးထွင်း၍တတ်မြောက်ကျွမ်းကျင်လာခြင်းဖြစ်ပါသည်" ဟုဆို၏။ သို့နှင့် နောက်တစ်ဖန် ကစား၍ပြသရာ အာခံတွင်းလှံစူး၍သေရလေသတည်း။ ထိုပုံဝတ္ထုကို အကိုးအကားပြု၍ လောကဝေါဟာရတွင် 'ဆရာကာပြန်၍ အာလှံစူးသည်' ဟု ဆိုစမှတ်ပြုကြလေသည်။

**ဆရာကိုပယ်၊ ကိုယ်ဝယ်လှံစူး၊ အထူးမျက်မှောက်၊ မန္တန်**
**ပျောက်နှင့်၊ အုတ်ကျောက်ခဲပြို၊ မြေခွဲမို့၍၊ ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခ**
**ဖြစ်ကြောင်း၊ ထုံးဟောင်းထင်စွာ၊ ကျမ်းဍ္ဍလာ၏။**

**မဃဒေဝလင်္ကာ**

ရာမာခရစ်ရှနာဘုန်းတော်ကြီးသည် ဆရာများအတွက်လည်း သတိပေးသောဉပဒေသ ပါဝင်အောင် ဖွဲ့နှောင်းထားလေသည်။ မိမိ၏နည်းနာနိဿယဖြင့် ကြီးပွားအောင်မြင်သွားသောတပည့်က မိမိကိုကျိုးနွံနေခြင်းကြောင့် မိမိကိုယ်တိုင် 'ငါ' ဟူသော မာနမတက်ကြွစကောင်းပေ။ မိမိက

နည်းနာပေး၍ မိမိကိုယ်တိုင် ၎င်းနည်းနာအရ အောင်မြင်သည်အထိ မလုပ်သေးသမျှကာလပတ်လုံး ကိုယ့်ကိုယ်ကိုယ်အထင်ကြီးစရာမဟုတ်သေးဟု ဖော်ပြထားလေသည်။

မြတ်စွာဘုရားလက်ထက်တော်အခါက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူနေစဉ် ပိဋကတ်သုံးပုံကို နှုတ်ငုံ၍ အကြားအမြင်နှင့်ပြည့်စုံသဖြင့် ရဟန္တာငါးရာကို စာပေပို့ချလျက်နေသော ပေါဋ္ဌိလအမည်ရှိ ပုထုဇဉ်မထေရ်အား မြတ်စွာဘုရားက "တရားအနှစ်မရှိ၊ အချည်းနှီးဖြစ်သော ပေါဋ္ဌိလ" ဟု သံဝေဂရစိမ့်သောငှာ တုစ္ဆပါဒဖြင့် ဆုံးမတော်မူဖူးသည်။

ဆုံးမတော်မူသည့်အတိုင်းလည်း သတိသံဝေဂရ၍ ကမ္မဋ္ဌာန်းနည်းယူပုံမှာ အလွန်ကြည်ညိုဖွယ်ရှိလှသည်။ ဆရာမာန် ရှိနေသေးသော ပေါဋ္ဌိလမထေရ်သည် ဇေတဝန်ကျောင်းတော်မှ ယူဇနာတစ်ရာ့နှစ်ဆယ်ကွာဝေးသော သုံးကျိပ်သောရဟန်းတို့၏နေရာ တောအရပ်သို့ဝင်ပြီးလျှင် အကြီးဆုံးဖြစ်သော ရဟန္တာအရှင်မြတ်၏ထံ၌ လက်အုပ်ချီလျက် ဆောင့်ကြောင့်ထိုင်၍ ကမ္မဋ္ဌာန်းစီးဖြန်းရန် အဆုံးအမကို တောင်း၏။ သံဃာ့ထေရ်တို့သည် ထိုရဟန်းကား စာပေတတ်မြောက်ခြင်းတည်းဟူသော ပရိယတ္တိကိုမှီ၍ မာန်ရှိသည်ကိုသိသဖြင့် အစဉ်အတိုင်း ငယ်သောရဟန်းထံတောင်းရန် အောက်သို့ညွှန်ကြသဖြင့် အငယ်ဆုံးဖြစ်သော၊ အသက်ခုနစ်နှစ်မျှရှိသော ရဟန္တာဖြစ်သော သာမဏေထံ ရောက်လာခဲ့ရ၏။

ထို သာမဏေ ရဟန္တာလေးထံ ပေါဋ္ဌိလရဟန်းသည် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီ၍ ကမ္မဋ္ဌာန်းအဆုံးအမကို တောင်း၏။ ထိုအခါ သာမဏေ ရဟန္တာက–

"ကျွန်ုပ်၏ဆုံးမတိုင်းကို လိုက်နာပါမည်လော" ဟု မေးလျှင်

"ကျွန်ုပ်ကို မီးတွင်းသို့ ဝင်ရမည်ဆိုလျှင် ဝင်ပါမည်" ဟု ဝန်ခံ၏။

သာမဏေလည်း အလိုစမ်းလို၍ -

"အရှင်ဘုရားသည် ဤဝတ်ရုံလျက်ရှိသည့်အတိုင်းပင် ဤရေကန်သို့ ဆင်းသက်လော့" ဟု ဆို၏။ မထေရ်လည်း တစ်ခွန်းတည်းသောစကားဖြင့် ဆင်းသွားလေ၏။ သင်္ကန်းအနားကို ရေစွတ်ရုံရှိသောအခါ-

"အရှင်ဘုရား၊ ဒီကိုလာခဲ့"ဟု ခေါ်ပြန်လျှင် တစ်ခွန်းတည်းသောစကားဖြင့်ပင် လာခဲ့၍ လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်၏။

ဤသို့သောနည်းဖြင့် ပရိယတ္တိမာန် လုံးဝကျပြီးခါမှ ကမ္မဋ္ဌာန်းတရားကို အစဉ်အတိုင်းပြ၍ ခဏာသ၀ ရဟန္တာဖြစ်စေတော့သတည်း။

ဤသဘောတရားသည် အလွန်သိမ်မွေ့၏။ အလွန်သတိထားနိုင်ဖို့ ခက်၏။ ဆရာဖြစ်သူတို့၌ အလွန်မာနမတက်ဘဲ ရှိနေဦး၊ မိမိ၏ ဥပနိဿယဖြင့် အောင်မြင်သွားသော တပည့်တို့ကိုကြည့်ကာ အားရ ကျေနပ်နှစ်သိမ့်မှု ပီတိဖြင့်ပင် မိမိကိုယ်ကို ကိုယ်တိုင်အောင်မြင်သည်အထိ ကိုယ်တိုင်လုပ်ဖို့ကိစ္စကို မေ့ပျောက်သွားနိုင်၏။ မလုပ်ဖြစ်ဘဲ ရှိတတ်၏။ တပည့်များစွာတို့အနက် အလွန်လိမ္မာသော၊ ဆရာ၏အကျိုးကို အလွန်လိုလားသော၊ ကျေးဇူးသိတတ်သော တပည့်ရှိလျှင်ကား မိမိ၏ဆရာကို ဥပါယ်တံမျဉ်ဖြင့် ပြန်၍ စောင့်ရှောက်ကျေးဇူးပြုနိုင်ပေ၏၊ သက်သေကား-

ဥစ္စာဝါလိကဝါသီ မဟာနာဂ မထေရ်ကြီးသည် နှစ်ပေါင်းခြောက်ဆယ်လုံးလုံး မိမိကိုယ်ကို ရဟန္တာဟုထင်မှတ်နေခဲ့သူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူ၏နည်းနာကို ခံယူကျင့်ဆောင်သော တပည့်ပေါင်းများစွာမှာ ရဟန္တာစင်စစ်ဖြစ်သွားကြသောကြောင့်ပင်ဖြစ်၏။ တပည့်ရဟန္တာများ၏ဆရာကား ရဟန္တာဖြစ်ရမည်မှာ သေချာ၏။ ဤသို့ထင်မှတ်နိုင်ခြင်း၏အထောက်အပံ့ကလည်း မထေရ်ကြီးကိုယ်တိုင် လောကီ အဘိညာဉ်တရားများကိုမူ လက်ဆုပ်လက်ကိုင် ပိုင်နိုင်နေသောကြောင့်ပင် ဖြစ်၏။

ဆရာမထေရ်ကြီးကိုယ်တိုင် ရဟန်းကိစ္စပြီးမြောက် အောင်မြင်ခြင်း မရှိသေးဟု တပည့်ရဟန္တာများ သိကြ၏။ သို့သော်မည်သူမျှ ဆရာကြီး အား အမှန်ကိုမြင်အောင် မပြုစွမ်းနိုင်ကြပေ။ သို့စဉ် တပည့်ရဟန္တာဖြစ်သော ကဋ္ဌက်ဝါသီ ဓမ္မဒိန္နမထေရ်သည် ဆရာ့အားလျစ်လျူမရှုနိုင်ဘဲ တစ်နေ့သ၌ ဆရာ့ထံရောက်လာလေ၏။ ဆရာ့အား ပြဿနာတစ်ထောင် မေး၏။ ဆရာမထေရ်ကြီးကလည်း တစ်ထောင်လုံးသော ပြဿနာကို မငြိမတင် ဖြေဆိုတော်မူလိုက်၏။ ထိုအခါ တပည့်ရဟန္တာမထေရ်က–

"အရှင်ဘုရား ဉာဏ်တော် အလွန်ထက်မြက်တော်မူပါသည်။ တရားကို ဘယ်အခါက ရပါသနည်း"ဟု မေး၏။

(ရဟန္တာ ဘယ်အခါက ဖြစ်ပါသနည်းဟု မေးခြင်းဖြစ်၏။ တရား မရသေးဟုသိသော်လည်း ဆရာမထေရ်က တရားရပြီးပြီဟု ထင်မှတ်၍၊ ဝန်ခံခြင်းကို အလိုရှိ၍ မေးခြင်းဖြစ်၏။)

"ငါ့ရှင်၊ နှစ်ပေါင်း ၆၀ ရှိပေပြီ" ဟု ဆရာကဖြေ၏။

"အရှင်ဘုရား၊ သမာဓိအရာ၌ဝန်မလေးလျှင် ဆင်ကြီးတစ်စီး ဖန် ဆင်းပြတော်မူပါ"ဟု တောင်းပန်၏။

လောကီအဘိညာဉ်ဖြင့် ဝန်မလေးသော ဆရာမထေရ်ကြီးသည် ချက်ချင်းပင် ဖန်ဆင်းပြလိုက်လေ၏။ ဖန်ဆင်းထားသောဆင်ကြီးကား လှပ၏၊ ကြီးမား၏၊ သိမ်မွေ့၏၊ ကျက်သရေအပေါင်းနှင့်ပြည့်စုံ၏၊ ချစ်နှစ် ဖွယ် အမူအရာရှိ၏။ ထိုအခါ တပည့်ရဟန္တာက–

"အရှင်ဘုရား၊ ယခုဆင်ကြီးကို ကြောက်မက်ဖွယ်အားဖြင့် တပည့်တော်တို့ထံ ရန်ပြုပြေးလာဟန် ဖန်ဆင်းပြတော်မူပါအုံး"ဟု တောင်း ပန်ပြန်၏။

ဆရာကြီးကား တပည့်အလိုအတိုင်း ဖန်ဆင်းလိုက်ရာ ဆင်ကြီး သည် သိမ်မွေ့နူးညံ့သောအမူအရာများပျောက်၍ ကြောက်စဖွယ်အသံဖြင့်

ထိုးအုံ၊ နင်းအုံသော အခြင်းအရာဖြင့် မိမိတို့ရှိရာသို့ တစ်ဟုန်တည်းပြေးဝင်လာတော့၏။

ဤတွင် ဆရာမထေရ်ကြီးမှ မိမိဖန်ဆင်းထားသော ဆင်ကိုပင် လျှင် ရွံ့ရှားကြောက်လန့်၍ တုန်လှုပ်ချောက်ချားကာ ထပြေးရန်အားထုတ်၏။ ထိုအခိုက်တွင်မှ ဓမ္မဒိန္နမထေရ်က "အရှင်ဘုရား၊ ရဟန္တာမည်သည် ကြောက်ခြင်း မရှိကောင်းပါဘုရား" ဟု ရိုသေစွာလျှောက်ကြားလိုက်၏။

ဤတွင် မဟာနာဂမထေရ်ကြီးသည်–

"အင်း၊ စင်စစ်ကား ငါရဟန္တာမဟုတ်သေး၊ ရဟန်းကိစ္စကြွင်းကျန်ခြင်း ရှိပါသေးတကား" ဟု ချက်ချင်းသံဝေဂရလိုက်ကာ ဝိပဿနာ တစ်ဆင့်တက်ရန် တရားအားထုတ်တော်မူနေကျဖြစ်သောစကြံသို့ တက်တော်မူ၏။ စင်္ကြံပေါ်တွင် ခြေလှမ်းသုံးဖဝါးလှမ်းမိသည်တွင် ရဟန္တာစင်စစ် ဖြစ်တော်မူလေသည်။

**အကြောင်းအားလျော်စွာ(တရားကို)သိ၍ ကိလေသာမှ လွတ်သော၊ ငြိမ်သက်သော၊ ဖောက်ပြန်ခြင်းသဘောမရှိသော၊ ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်လည်း ငြိမ်သက်၏။ နှုတ်အမှုအရာသည်လည်းကောင်း၊ ကိုယ်အမှုအရာသည် လည်းကောင်း ငြိမ်သက်၏။**

**ဓမ္မပဒ**

ဤဝတ္ထုသည် ရာမာခရစ်ရှနာဘုန်းတော်ကြီး၏ အာဘော်အပြည့် အဝပါရှိ၏။ ရာမာခရစ်ရှနာ၏ ဟောပြောချက်များမှာ တပည့်များအတွက် ဆင်ခြင်ရန် ဩဝါဒများသာမဟုတ်။ ဆရာလုပ်သူများအတွက်လည်း သတိ ပေးစကားများပါရှိသည်။

လောကဌ် ဆရာနှင့်တပည့် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးမှာ အလွန်အရေးကြီး၏။ ဆရာသည် တပည့်နှင့်ကင်း၍ ဆရာဟုမဖြစ်နိုင်သကဲ့

သို့ တပည့်သည်လည်း ဆရာနှင့်ကင်း၍ တပည့်ဟု အခေါ်မခံနိုင်ချေ။ ထို့ကြောင့် တပည့်မရှိလျှင် ဆရာမဖြစ်နိုင်၊ ဆရာမရှိဘဲ တပည့်မဖြစ်နိုင်ကြောင်းကို သိသာနိုင်ပြီ။ ထို့အတူ ဆရာကြောင့် တပည့်တွင် အကျိုးဖြစ်သည်လည်း ရှိ၏။ တပည့်ကြောင့် ဆရာတွင် အကျိုးဖြစ်ပေါ်သည်လည်း ရှိပြန်သည်။ ထိုမျှမက ဆရာရော တပည့်ပါ ပြိုင်တူအကျိုးခံစားရပုံများလည်း ရှိနိုင်သေးသည်ဖြစ်ရာ မိလိန္ဒပဥှာပါ ရှင်နာဂသေနနှင့် ဒါယိကာမကြီးတစ်ဦး၏ဝတ္ထုမှာ ထင်ရှားသော သက်သေဖြစ်လေ၏။

ရှင်နာဂသေနသည် သူ၏ဆရာတစ်ဆူဖြစ်သော အရှင်အဿဂုတ္တမထေရ်ကြီး၏ကျောင်းတွင် လာရောက်ဝါဆိုတော်မူ၏။ ဝါကျွတ်သောနေ့တစ်နေ့တွင် အရှင်အဿဂုတ္တမထေရ်ကြီးအား နှစ်ပေါင်းသုံးဆယ်လုံးလုံး ဆည်းကပ်လုပ်ကျွေးလာသော ဒါယိကာမကြီးအိမ်သို့ ရှင်နာဂသေနပါပင့်၍ အတူဆွမ်းစားကြွကြ၏။ ဆွမ်းစားပြီးသော် ဒါယိကာမကြီးအား ဆွမ်းအနုမောဒနာပြုရန် တာဝန်ပေး၍ အရှင်အဿဂုတ္တမထေရ်သည် ကျောင်းသို့ ပြန်ကြွသွား၏။

ဒါယိကာမကြီးက ရှင်နာဂသေနအား ဤသို့လျှောက်၏။

"ချစ်သား၊ ငါကား အသက်ကြီးလှပြီ၊ သိမ်မွေ့နက်နဲသောတရားကို ဟောကြားပါလော့"ဟု တောင်းပန်ရာ ရှင်နာဂသေနက လောကမှ လွတ်မြောက်နိုင်သော'သုညတ တရား'ကို ဟောကြား၏။ လောကတွင် ပုဂ္ဂိုလ်သတ္တဝါယောကျ်ားမိန်းမဟူ၍ ဘာမျှမရှိ ဟူသောအကြောင်းဖြစ်၏။ ထိုတရားကိုကြားနာရသော ဒါယိကာမကြီးသည် အလုံးစုံသော ဖြစ်ခြင်းသဘောသည် ချုပ်ခြင်းသဘောသာရှိသည်ဖြစ်၍ သုညချည်းဟုသာအမြင်ပေါက်လျက် အညစ်အကြေးကင်းသည့် သောတာပတ္တိဉာဏ်ရောက်သွားလေ၏။ အရှင်နာဂသေနသည်လည်း သူဟောကြားနေသောတရားကိုပင်လျှင် ဟောကြားရင်း ပြန်လည်သုံးသပ် ဝိပဿနာဆင်ခြင်၍ ထိုင်ရာမထ

သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ အရှင်အသဃုဂုတ္တမထေရ်ကြီးသည် ကျောင်းမှပင် ထိုသူ နှစ်ဦးစလုံး သောတာပတ္တိ ဉာဏ်အမြင်ရသွားကြောင်း ကောင်းစွာသိတော်မူသည်ဖြစ်၍-

"ကောင်းလေစွ၊ မြားတစ်စင်းဖြင့်ပင် နှစ်ခုသော ပစ်ကွင်းကို ဖောက်ထွင်းနိုင်ပေစွတကား"ဟု ကောင်းချီးနမော် သာဓုခေါ်တော်မူလေ၏။

# လှေနံ့ဓားထစ်

တောတစ်ခုတွင် တပည့်ပေါင်းများစွာနှင့် သီတင်းသုံးနေသော သူတော်ကောင်းတစ်ယောက် ရှိလေ၏။

"တပည့်တို့၊ လောကတွင် သတ္တဝါဟူသမျှ ဘုရားသခင်က ဖန်ဆင်းထားသည်ဖြစ်သောကြောင့်၊ တစ်နည်းအားဖြင့်ဆိုရသော် ဘုရား၏ ရုပ်ပွားတော်များသာ ဖြစ်ကြသည်။ ထို့ကြောင့် သတ္တဝါတိုင်းကို ကိုင်းညွတ်သောစိတ်ဖြင့် ရှိသေရမည်၊ ကြင်နာရမည်" ဟု ဆုံးမလေ့ရှိ၏။ (ဟိန္ဒူဘာသာ အရ ဘုရားသည်ပင် တရားဖြစ်၍ တရားကိုလည်း ဘုရားဟု ရံဖန်ရံခါ ခေါ်လေ့ရှိ၏။)

ထိုအဆုံးအမကို လှေနံ့ဓားထစ်မှတ်သားထားသော တပည့် တစ်ယောက်သည် တစ်နေ့သ၌ မီးပူဖော်ရန်အလို့ငှာ တောတွင်းသို့ ထင်းရှာသွားလေရာ–

"ဖယ်ကြ၊ ရှောင်ကြ၊ ဆင်ဆိုးလာသည်၊ ဆင်ဆိုးလာသည်"ဟု အော်သံကြားလေ၏။ ထိုတပည့်မှအပ အခြားသောတပည့်အပေါင်းများစွာလည်း ဘေးလွတ်ရာသို့ အသက်ဆံဖျား ပြေးလွှားတိမ်းရှောင်ကြလေ၏။

ထင်းခွေသောတပည့်မှာမူ ဆင်ထိန်းက မနိုင်မနင်းမောင်းနှင်လာသောဆင်ကိုမြင်ရသော်လည်း ဤဆင်သည်လည်း ဘုရားသခင်က ဖန်ဆင်းထားသော သတ္တဝါဖြစ်သည်၊ ဘုရား၏ရုပ်ပွားတော်ဖြစ်သည်ဟု တွေးတော၍ မိမိနေရာတွင် ခတုန်မလှုပ်ရပ်တည်ကာ ဆင်ကိုဦးညွတ်ပြီးလျှင်

ဘုရားဂုဏ်တော်များကို ချီးမွမ်း ရင့်ကျူးနေလေ၏။

"ဟေ့လူ–ဖယ်ပေး၊ ရှောင်ပေး၊ မြန်မြန်ပြေး"ဟု ဆင်ဦးစီးက အသံကုန်ဟစ်ကာ ပြောကြားသော်လည်း ထိုလူမှာ ထိုနေရာမှမရွေ့၊ ရပ်မြဲရပ်နေစဉ် အနားသို့ရောက်လာသောဆင်က နှာမောင်းဖြင့်ပက်ယူ၍ ဘေးသို့ပစ်လိုက်လေ၏။ ထင်းခွေယောက်ျားမှာ ဒဏ်ရာဒဏ်ချက်များဖြင့် သတိမေ့လျော့သွားတော့ရကား အခြားတပည့်များက ပျာပျာသလဲ ကူပ နှာနှပ်ယူရလေသတည်း။

"မင်းနှယ်ကွာ၊ ဆင်လာမှန်းသိလျက်နဲ့ ဘာကြောင့်ရှောင်မပြေးတာလဲ၊ မသေကောင်း မပျောက်ကောင်း၊ ကံကြီးပေလို့"ဟု တပည့် တစ်ယောက်က ကရုဏာ ဒေါသဖြင့် အပြစ်တင်လေရာ ထိုတပည့်က ရှုံ့မဲ့သောမျက်နှာဖြင့်–

"ဆရာက သတ္တဝါတိုင်း ဘုရားသခင်က ဖန်ဆင်းထားတဲ့ ဘုရားရုပ်ပွားတော်တွေပဲလို့ ဆုံးမထားတယ် မဟုတ်လား၊ ဒါကြောင့် ငါလည်း ဆင်ကို ဘုရားထင်ပြီး မပြေးဘဲနေတာပေါ့"ဟု ပြန်ဖြေလေ၏။

ထိုအခါ ဆရာဖြစ်သူက လှေနံဓားထစ် မှတ်ထားသောတပည့်အား–

"အေး...အရာရာဟာ ဘုရားသခင်ချည့်ပဲဆိုတာ မင်းမှတ်ထားရင် ဖယ်ပေး, ရှောင်ပေးလို့ တကြော်ကြော် အော်လာတဲ့ ဆင်ဦးစီးကိုကော ဘုရားရဲ့ရုပ်ပွားတော်ပဲလို့ယူဆပြီး သူ့စကားကို နားထောင်ဖို့ မကောင်းဘူးလား"ဟု ပြန်ပြောလေ၏။

*

ဤဝတ္ထုတွင် ရာမာခရစ်ရှနာက ဘုရားသခင်သည် မြင့်မြတ်သူ၊ ယုတ်နိမ့်သူ၊ ဖြောင့်မတ်သူ၊ ကောက်ကျစ်သူ၊ ရက်စက်သူ၊ သိမ်မွေ့သူ

စသည်အားဖြင့် လူအားလုံး၏စိတ်ဝယ် ကိန်းအောင်းနေသည်မှန်သော်ငြား လည်း လူဆိုး လူညစ်များအား အကျွမ်းတဝင် မပေါင်းသင်းရ၊ မယုံကြည်ရ၊ လုံးဝရှောင်ဖယ်၍ နေရမည်ဟု အထက်ပါဥပမာဖြင့် ဆုံးမခြင်းဖြစ်လေ သည်။

# တရားရှာ ကိုယ်မှာတွေ့

အခါတစ်ပါး၌ ငှက်တစ်ကောင်သည် ရွက်သင်္ဘောတစ်စင်း၏ တိုင်ဖျားပေါ်တွင်နားလေရာ သင်္ဘောသည် ဂင်္ဂါမြစ်ကိုစုန်၍ ပင်လယ် သမုဒ္ဒရာအလယ်သို့ရောက်ခဲ့လေ၏။ ထိုအကြောင်းအရာကို သတိမထားမိသောငှက်ငယ်သည် ပင်လယ်သို့ရောက်မှ သတိရကာ မြောက်ဘက်သို့ ကုန်းမြေ ရှိလိုရှိငြား ပျံသွားသော်လည်း ကုန်းမြေကို မတွေ့ရ၊ ရေပြင်ချည်းသာဖြစ်သောကြောင့် နားနေရာမတွေ့နိုင်ဘဲ မူလနေရာ သင်္ဘောဆီသို့ ပြန်ခဲ့ရလေ၏။

အနည်းငယ် နားနေအပန်းဖြေပြီးသော် တောင်အရပ်သို့ ကုန်းမြေတွေ့နိုးနိုး တစ်ဟုန်ထိုးပျံကြည့်ပြန်လေ၏။ သို့သော် ကုန်းမြေဆို၍ ငှက်တစ်ကောင်နားနေနိုင်လောက်စရာပင် မတွေ့သောကြောင့် အတောင်မညောင်းမီ သင်္ဘောသို့ အရောက်ပျံခဲ့ရလေ၏။

ဤသို့ဖြင့်ငှက်ငယ်သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာ ခိုကိုးစရာရှာပါသော်လည်း မူလသင်္ဘောသို့သာ ပြန်၍ပြန်၍ ပျံလာခဲ့ရလေ၏။ စင်စစ်မှာကား ပင်လယ် သမုဒ္ဒရာအလယ်တွင် ဤသင်္ဘောသာ သူ့အတွက် အားကိုးစရာ မဟုတ်ပါလော။

ထို့အတူ လူတို့၌ ဘုရားသခင်သည် ဟိုမှာသည်မှာ ရှိနိုင်နိုးဖြင့် အားကိုလွဲကာ ဖွေရှာနေတတ်ကြသည်။ ဘုရားသခင်သည် ဟိုမှာသည်မှာ

မဟုတ်၊ မိမိ၏ကိုယ်မှာသာရှိကြောင်း မသိသမျှကာလပတ်လုံး ထိုသူသည် အဝိဇ္ဇာဖုံးနေသူသာဖြစ်လိမ့်သတည်း။

*

ရာမာခရစ်ရှနာ၏အာဘော်သည် သတ္တလောက၊ သင်္ခါရ လောက ဆိုသည်မှာ မိမိခန္ဓာသာဖြစ်ကြောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည်မှာလည်း မိမိ၏ပဉ္စက္ခန္ဓာဟုဆိုအပ်သော ခန္ဓာငါးပါးသာတည်း ဟူသည့် ဗုဒ္ဓမြတ်စွာ၏အဘိဓမ္မာဒေသနာတော်ကို မှီးရာပုံပြုရာရောက်သည် ဆိုနိုင်ပေသည်။

'တရားရှာကိုယ်မှာတွေ့' ဟူသောစကားစဉ်ကား ဤသဘောတရားပင်ဖြစ်သည်။

# ခြောက်သင့်လျှင်ခြောက်

အခါတစ်ပါး ရွာတစ်ရွာအနီးတွင် နွားကျောင်းသားတို့ နွားကျောင်းရာ မြက်ခင်းပြင်တစ်ခုဝယ် အလွန်အဆိပ်ပြင်းထန်သော မြွေ တစ်ကောင်ရှိလေ၏။ နွားကျောင်းသားများမှာ ထိုမြွေကို ကြောက်လန့်ကြသောကြောင့် အလွန်သတိထားကြရလေ၏။

တစ်နေ့သော် ဗြဟ္မစာရီပုဂ္ဂိုလ်တစ်ဦး ထိုမြက်ခင်းကိုဖြတ်၍သွားမည်ပြုရာ နွားကျောင်းသားများက သူတော်မြတ်အား ဝိုင်း၍ဟန့်တားကြလေ၏။

"အရှင်ဘုရား၊ ဤခရီးဖြင့် မသွားပါလေနှင့်၊ ထိုနေရာတွင် အလွန်အဆိပ်ပြင်းသော မြွေကြီးတစ်ကောင်ရှိပါသည်။ ထိုမြွေက အရှင် ဘုရားအား အန္တရာယ်ပေးပါလိမ့်မည်"

"မစိုးရိမ်ပါနှင့်ကလေးတို့၊ ထိုမြွေသည် ငါ့ကို အန္တရာယ်တစ်စုံတစ်ရာမပေးနိုင်ပါ၊ ငါ့တွင် မြွေကို မကြောက်ရသော ဂါထာမန္တန်ရှိပါသည်"ဟု ဆိုပြီးလျှင် သွားမြဲတိုင်းသွားလေရာ နွားကျောင်းသားများသည် စိုးရိမ်ကြီးစွာနှင့်ပင် လက်လျှော့လိုက်ကြရလေ၏။

ဗြဟ္မစာရီသည်လည်း ထိုခရီးဖြင့် သွားမြဲသွားလေသော် တစ်နေရာ၌ ပါးပျဉ်းထောင်၍မာန်စောင်ကြွကာ ပေါက်မည့်အခြင်းအရာနှင့်ထွက်လာသော မြွေကိုတွေ့ရလေ၏။ ထိုအခါ ဗြဟ္မစာရီက ဂါထာမန္တန်ကို ရွတ်လိုက်လေ၏။ ခဏချင်းပင် မြွေသည် ပါးပျဉ်းထောင်ရာက ဗြဟ္မစာရီ၏

ခြေရင်းတွင် ခေါင်းချဝပ်စင်းနေတော့သည်။

"အသင် ဘာကြောင့်ဒေါသကြီးရသနည်း၊ ဘာကြောင့် ရန်ရှာရသနည်း၊ လာလော့၊ သင့်အား မြင့်မြတ်သော စကားတစ်ခွန်း သင်၍ပေးမည်၊ ထိုစကားကိုလိုက်နာလျှင် သင့်၌ဒေါသတရားပယ်ပျောက်သွားလိမ့်မည်" ဟု ဗြဟ္မစာရီက ဆိုဆုံးမလေ၏။

သူတော်ကောင်းတရားကို ကြားနာရသောမြွေသည် သတိသံဝေဂ ရလျက်...

"အရှင်ဘုရား၊ ကျွန်ုပ် ဒေါသမဖြစ်လိုပါ၊ အရှင်ဘုရားသင်ပေးသော စကားကို လက်ခံနာယူပါတော့မည်၊ သင်ပေးပါလော့"ဟု တောင်းပန်လေ၏။

"သင် မည်သူ့ကိုမှမပေါက်ပါနှင့်၊ မည်သူ့ကိုမှ ရန်ရှာခြင်း မပြုပါလေနှင့်၊ သည်းခံခြင်းသည် ဒေါသကိုပယ်နိုင်သောတရားပေတည်း"ဟု သူတော်စင်က ဟောပြောရာ မြွေသည်လည်း အာမဘန္တေခံလိုက်ပြီးလျှင် 'သည်းခံခြင်းသည် မြတ်၏'ဟု အမြဲရွတ်ဆိုလျက် ထိုနေ့မှစပြီး မည်သူ့ကိုမျှ ရန်မရှာတော့ဘဲ တီကောင်တစ်ကောင်ပမာ ကျင့်သုံးသွားတော့၏။

နေ့ရက်အတန်ကြာသောအခါ နွားကျောင်းသားများသည် အမှတ်မထင် မြွေကိုမြင်လိုက်ကြရ၏။ သို့သော် မြွေ၏ပြောင်းလဲသွားသော အမူအရာကြောင့် အံ့သြစွာ တစ်ဦးကိုတစ်ဦး ပြောမိကြလေ၏။ မြွေအား အဝေးမှနေ၍ တုတ်နှင့်ပစ်၊ ခဲနှင့်ပေါက်ကြည့်သော်လည်း မြွေသည် ယခင်ကဲ့သို့ ပါးပျဉ်းထောင်ကာ ရန်မူသည့်အခြင်းအရာမျိုးမပြတော့ဘဲ မတုန်မလှုပ်သာ သည်းခံ၍နေလေ၏။

"ဟေ့ဟေ့၊ ဒီမြွေဟာ တို့ကို ဒုက္ခမပေးတော့ဘူးကွ"

"အေး ဟုတ်တယ်၊ အလျင်တုန်းကဆိုရင် ကို့ကို မြင်တာနဲ့ထွက်လိုက်တာပဲ၊ အခုတော့ တို့ ခဲနဲ့ပေါက်လို့ထိတာတောင် လှည့်မကြည့်တော့

ဘူး၊ ကေန္တ ဟိုတစ်လောက ဗြဟ္မစာရီကြီးက ဒီမြွေရဲ့အဆိပ်တွေကို ဂါထာမန္တန်နဲ့ ထုတ်သွားပြီထင်တယ်၊ ဗြဟ္မစာရီကြီးဟာ တန်ခိုးရှိတာ အမှန်ပဲ"

"ဒါဖြင့် ဟုတ်မဟုတ် သိရအောင် အနားကပ်ပြီး တုတ်နဲ့ရိုက်ကြည့်ရအောင်"

တစ်ဆင့်ထက်တစ်ဆင့် ရဲတင်းလာသောနွားကျောင်းသားတစ်ယောက်က မြွေအနားသို့လာ၍ တုတ်နှင့်ရိုက်ပုတ်ရာ မြွေကား မလှုပ်မရှားနေမြဲနေလေ၏။

"ဟော့ ဟုတ်တယ်ကွ၊ ဒီမြွေမှာ အဆိပ်မရှိတော့ဘူး၊ ငါတို့ သူ့ကို လုံးဝကြောက်စရာမဟုတ်ဘူး၊ ဒီမှာကြည့်"

နွားကျောင်းသားသူငယ်သည် မြွေကို အမြီးမှကိုင်ကာ လေထဲတွင် ဝှေ့ယမ်းပြလေ၏။ အခြားသောနွားကျောင်းသားများက ဆူညံစွာသြဘာပေးနေစဉ် မြွေကို မြေကြီးနှင့်ကိုင်၍ရိုက်ပြလေ၏။ မြွေ၏ပါးစပ်မှသွေးများထွက်လာကာ သတိမေ့လျော့သွားတော့၏။ ဤတွင်မှ နွားကျောင်းသားတို့က သေပြီအထင်မြင့် မြက်ခင်းထဲသို့ လွှင့်ပစ်လိုက်လေ၏။

"အေး...အခုမှ တို့တစ်တွေ သူ့ရန်ကအေးတော့တယ်၊ စိတ်ချလက်ချ နွားကျောင်းနိုင်ကြပြီ"ဟု ဝမ်းသာအားရ တစ်ယောက်တစ်ပေါက်ပြောဆိုကာ ထွက်သွားကြလေ၏။

မြွေသည် ထိုနေ့ညနေ အလွန်မိုးချုပ်သောအခါမှ သတိပြန်ရလာပြီးလျှင် မိမိနေရာတောင်ပို့သို့ ပင်ပန်းကြီးစွာ ပြန်ခဲ့ရလေ၏။ အရိုးများကျိုး၍ အသားများမှာ ကြေမွကုန်ကြပြီဖြစ်၏။ အစာရှာဖို့လည်း မထွက်နိုင်တော့ရကား နေ့ရက်မကြာမီ အရိုးပေါ်အရေတင်မျှသာ ကျန်တော့၏။

အနည်းငယ် ကျန်းမာလာသောအခါ နွားကျောင်းသားများနှင့်တွေ့မည်စိုး၍ နေ့ဘက်၌အစာရှာမထွက်ဝံ့။ ညဘက်မှ အစာရှာထွက်ရသော်လည်း ဆရာဗြဟ္မစာရီ၏ဩဝါဒကို ခံယူလျက် သူတစ်ပါး၏ အသက်ကို

ရန်မရှာဘဲ မြေမှုန့်များ၊ သစ်ရွက်များ၊ ကြွေကျသောသစ်သီးများကိုသာ မဝ ရေစာ စားလျက် အသက်ရှင်ရရှာလေ၏။

တစ်နှစ်ကြာသွားသောအခါ ဗြဟ္မစာရီသည် ဤလမ်းခရီးဖြင့်ပင် ပြန်လာခဲ့လေရာ နွားကျောင်းသားများနှင့်တွေ့၍ မြွေအကြောင်းကို စုံစမ်းကြည့်မိလေ၏။

"ဟာ...ဒီမြွေကြီး သေသွားပြီ ဘုရား၊ တပည့်တော်တို့ မြေကြီးနဲ့ ရိုက်သတ်လိုက်ကြတာပေါ့"ဟု ဝမ်းသာအားရ ပြောကြလေသော်...

"နေပါအုံး၊ အစကတော့ မင်းတို့ သူ့အနားတောင် မသွားဝံ့ကြဘူး မဟုတ်လား"

"ဟုတ်တယ်ဘုရား၊ အစကတော့ သူရှိရာနားတောင် မသွားဝံ့ကြဘူး၊ ဒါပေမဲ့ အရှင်ဘုရားနဲ့တွေ့ပြီးကတည်းက ဒီမြွေကြီးဟာ တီကောင်ကြီးဖြစ်သွားတယ် ဘုရား၊ ပါးပျဉ်းလည်း မထောင်တော့ဘူး၊ ရှူးရှူးရှားရှားနဲ့လည်း ထွက်မလိုက်တော့ဘူး၊ ဒါနဲ့ တပည့်တော်တို့ ခဲနဲ့ပေါက်ကြည့်တယ်၊ သူက ဘာမှပြန်မလုပ်ဘူး၊ တုတ်နှင့်ရိုက်ကြည့်တော့လည်း ငြိမ်ခံနေတယ်၊ ဒီတော့ တပည့်တော်တို့က မြေကြီးနဲ့ရိုက်သတ်လိုက်တာပေါ့၊ အခုမှ တပည့်တော်တို့ဘေးကင်းတော့တယ်"ဟု အားရပါးရ ပြောကြလေ၏။

ဗြဟ္မစာရီသည် မြွေအတွက် အလွန်စိတ်မချမ်းမသာ ကရုဏာဖြစ်သည့်အတိုင်း နွားကျောင်းသားကလေးများအား များစွာအပြစ်တင်ပြီးလျှင် ခရီးဆက်လက်၍ သွားလေ၏။ မြွေနေသောတောင်ပို့နားသို့ရောက်သောအခါ မြွေကိုတွေ့ရလေ၏။ သူ၏ကိုယ်မှာလည်း ပိန်ချုံးချည့်နဲ့လျက် အားအင်ကုန်ခမ်းနေကြောင်း မြင်ရပေသည်။

"အသင် ပိန်လှချည့်လား"ဟု ဗြဟ္မစာရီက မေးသောအခါ-

"အရှင်ဘုရား ဩဝါဒအတိုင်း မည်သူ့အသက်ကိုမျှရန်မရှာဘဲ

သစ်သီးသစ်ရွက်များကိုသာ စားသုံးနေခြင်းကြောင့် ပိန်ဟန်တူပါသည် ဘုရား"ဟု လျှောက်ထားလေ၏။ အမှန်စင်စစ်ကား ဒေါသတရား ပယ်ဖျောက်ပြီးဖြစ်သောကြောင့် သူ့ကိုသေမတတ်ပြုလုပ်ခဲ့သော နွားကျောင်းသားများ၏ရက်စက်ပုံကိုပင် လုံးဝမေ့လျော့နေပြီ ဖြစ်လေသတည်း။

"ဤမျှပိန်ချုံးချည့်နဲ့ခြင်းသည် အစားအစာကြောင့်မဟုတ်နိုင်၊ အခြားသော ဝေဒနာရှိလိမ့်အံ့မည် ငါထင်သည်၊ စဉ်းစား၍ ငါ့အား လျှောက်တင်ပါဦး"ဟု သတိပေးမှ–

"သြော်...အရှင်၊ တစ်ခုတော့ရှိပါသည်၊ မသိ မိုက်မဲသော နွားကျောင်းသား ကလေးသူငယ်များသည် တပည့်တော်အား မြေကြီးပေါ်သို့ ကိုင်ရိုက်၍ကစားကြပါသည်။ သို့တိုင်အောင် တပည့်တော်သည် သူတို့အား တစိုးတစိမျှ ဒေါသ၏အရိပ်အရောင် မပြခဲ့ပါ၊ အရှင်ဘုရားဆုံးမသည့်အတိုင်း သည်းခံ၍သာနေခဲ့ပါသည်။ ဤဒဏ်ရာဒဏ်ချက်များကြောင့် တပည့်တော်ချည့်နဲ့နေခြင်းဖြစ်ပါလိမ့်မည် ဘုရား"ဟု လျှောက်မှ–

"အို . . . မြွေမိုက်၊ သင့်ကိုယ်သင် ကာကွယ်ရမည်ကို မသိပေသလော၊ ငါပြောခဲ့သည်မှာ မည်သူ့ကိုမျှ ရန်မရှာနှင့်၊ မပေါက်နှင့်ဟုသာ ငါပြောခဲ့သည်၊ မိမိကိုယ်ကို ရန်ပြုသော နွားကျောင်းသားကလေးများအား အဘယ်ကြောင့် 'ရှူးရှူး' ဟု နှာမှုတ်သံထုတ်၍မခြောက်လှန့်သနည်း" ဟု အပြစ်တင်လေ၏။

ဤအကြောင်းကိုထောက်၍ 'သင်တို့သည် လူဆိုးလူညစ်များကို နှာမှုတ်၍ပစ်ရမည်။ သင်တို့အား ရန်မရှာနိုင်အောင် ခြောက်လှန့်ကာကွယ်ခြင်း ပြုရမည်။ သူတို့ကိုယ်ပေါ်သို့ မိမိ၏အဆိပ်မရောက်စေရုံလောက်သာ သတိရှိလျှင် ခန္တီတရား မြဲနိုင်ပေ၏'ဟု ရာမာခရစ်ရှနာက နိဂုံးချုပ်လေသတည်း။

# အတုမြအစစ်သို့

သူခိုးတစ်ယောက်သည် ညဥ့်သန်းခေါင်ယံအချိန်တွင် ဘုရင်တစ်ပါး၏နန်းတော်သို့ဝင်ရာ ရှင်ဘုရင်နှင့်မိဖုရား လျှို့ဝှက်ပြောကြားနေသော စကားတစ်ခုကို ကြားရလေ၏။

ထိုစကားကား သားယောက်ျားနန်းဆွန့်နန်းလျာ မရှိသဖြင့် သမီးတော်အား မြစ်ကမ်းအနီးတစ်ဝိုက်တွင် သီတင်းသုံးနေကြသည့် ပညာရှိရသေ့တစ်ဦးဦးနှင့်ပေးစား၍ နန်းလျာထားမည်ဟူသောအကြောင်းဖြစ်လေ၏။ ထိုအခါ သူခိုးက ဤသို့တွေးမိ၏။

'ငါကား ဘေးအန္တရာယ် များပြားလှသော ခိုးမှုဝှက်မှုဖြင့် အသက်မွေးခဲ့ရသည်။ တစ်နေ့မမိ တစ်နေ့မိ၍ မင်းပြစ် မင်းဒဏ် ခံရသော် ငါ့မှာ အကျိုးနည်းဖို့သာ ရှိသည်။ အကယ်၍ နက်ဖြန်ကစပြီးလျှင် ဘုရင်ပြောကြားသောမြစ်ကမ်းနား၌ ရသေ့အယောင်ဆောင်နေလျှင် ဘုရင့်သမီးတော်အား ရ,ကောင်းရ,လတ္တံ့။ ကံအားလျော်စွာ ဘုရင့်သမီးတော်ကို ရပါက ငါ၏တစ်သက်မှာ ဆင်းရဲငြိုငြင်စွာ နေရတော့မည်မဟုတ်'

သူခိုးသည် ဤသို့စိတ်ဆုံးဖြတ်လိုက်ပြီးလျှင် နောက်တစ်နေ့နံနက်မှစ၍ မြစ်ကမ်းနဖူးဝယ် အခြားသော သူတော်ကောင်းရသေ့တို့အနီးအပါး၌ တရားကျင့်နေသည့် ယောဂီယောင်ဆောင်နေလိုက်လေ၏။

သူခိုးထင်သည့်အတိုင်းပင် များမကြာမီ နန်းတွင်းမှ မှူးကြီး မတ်

ကြီးများသည် ရသေ့များရှိရာသို့လာပြီးလျှင် ဘုရင့်သမီးတော်အား လက်ခံသိမ်းပိုက်တော်မူရန် အကြီးဆုံးဖြစ်သော ရသေ့ကြီးအား လျှောက်ထားတောင်းပန်လေ၏။ ရသေ့ကြီးက–

"ဒကာတို့၊ သည်းခံကြလော့၊ ငါကား ဃရာဝါသမှုကို ရှောင်ကြဉ်ပြီးဖြစ်၏"ဟု ငြင်းဆန်လိုက်၏။ သို့နှင့် တစ်ဆင့်တစ်ဆင့် တစ်ပါးစီလျှောက်ထားရာ အားလုံးက ငြင်းဆန်ကြသောကြောင့် အယောင်ဆောင်ရသေ့ သူခိုးထံရောက်လာကြလေ၏။

"အရှင်ဘုရား၊ ဘုရင်မင်းမြတ်သည် သူတော်ကောင်းပညာရှိရသေ့တစ်ဦးဦးနှင့် သမီးတော်အားလက်ထပ်ထိမ်းမြားရန် ဆန္ဒရှိပါသည်။ ထိုထိုသော ရသေ့များက လက်မခံဘဲ ငြင်းဆန်ကြသောကြောင့် အရှင်ဘုရား တစ်ပါးသာ လျှောက်ထားရန် ကျန်ပါတော့သည်။ ဘုရင်ဧကရာဇ်မင်းမြတ်၏ဆန္ဒကို လိုက်လျောတော်မူပါ"ဟု မှူးမတ်များကလျှောက်ထားကြရာ သူခိုးသည် သူ၏ရည်ရွယ်ချက်အထမြောက်တော့မည်ဟု ဝမ်းသာအားရဖြစ်လှသော်လည်း ဣန္ဒြေမပျက်အောင် ဟန်ဆောင်၍ တုဏှိဘာဝေအားဖြင့် လက်ခံကြောင်းအသိအမှတ် ပြုလိုက်လေ၏။

မှူးမတ်များသည်လည်း ဝမ်းသာအားရ နန်းတော်သို့ပြန်ကြပြီးလျှင် ဘုရင်မင်းတရားအား အောင်မြင်ခဲ့ပြီဖြစ်ကြောင်း လျှောက်ထားကြကုန်၏။ သူခိုးရသေ့မှာလည်း ထိုနေ့ည တစ်ညလုံး ဘုရင့်သမီးတော်နှင့် ပေါင်းသင်းရတော့မည့်အရေးကိုတွေး၍ ဝမ်းသာမဆုံး တပြုံးပြုံးနှင့် မအိပ်နိုင်အောင်ရှိလေ၏။

နံနက်မိုးသောက် အလင်းရောက်လတ်သော် မှူးကြီးမတ်ကြီးများခြံရံလျက် ဘုရင်မင်းမြတ်၊ မိဖုရားနှင့်သမီးတော်ပါ များစွာသော အခြံအရံအဆောင်အယောင် ဝေါယာဉ်အခမ်းအနားဖြင့် မြစ်ကမ်းပါးသို့ ထွက်ကြွတော်မူလာလေရာ မိုလ်ပါပရိသတ်တို့၏အစုအဝေးကား ကြီးမားသော

ကျက်သရေအပေါင်းနှင့်ပြည့်စုံနေလေ၏။

ထိုကဲ့သို့ အံ့သြဘနန်း ခမ်းနားကြီးကျယ်စွာသော အခြင်းအရာကို မြင်လိုက်ရသည့် သူခိုးရသေ့သည် တစ်ခဏချင်း ဤသို့တွေးမိလေ၏။

'ကြည့်လော့၊ ငါကိုယ်တိုင်ကား တိုင်းပြည်အတွင်းဝယ် အခြေအနေ အမဲ့ဆုံး၊ ကိုယ်ကျင့်တရား အပျက်ဆုံးသော သူခိုးဒုဿီလ စင်စစ်ဖြစ်သည်။ သို့သော် ဤလျှော်တေသင်္ကန်းကိုဝတ်၍ သူတော်ကောင်းတို့၏ သိက္ခာပုဒ် အဆောင်အယောင်ကို လိမ်လည်လှည့်ဖြား၍နေလိုက်ရုံမျှနှင့် တိုင်းပြည်၏ အထွတ်အထိပ်ဖြစ်သော ဘုရင်မင်းတရားကိုယ်တိုင် သူ၏ ချစ်မငြီးသည့် သမီးရတနာကို ငါ့အားဆောင်နှင်းရန် ယခုလောလောဆယ် ငါ့ထံသို့ အရောက်လာကြလေပြီ။ အကယ်၍ ယုတ်မာကောက်ကျစ် စဉ်းလဲသောဘဝမှ အစစ်အမှန် သူတော်ကောင်းတရားကို သဒ္ဓါယုံကြည်စွာ ကျင့်ဆောင်အားထုတ် ဆောက်တည်နေပါမူကား အဘယ်မျှလောက် ကြည်ညို လေးစား အမွန်အမြတ်ထား၍ ကိုးကွယ်ကြရှာမည်နည်း။ တော်ပြီ၊ ယနေ့မှ အစပြု၍ ငါသည် အတုအယောင်ဘဝမှ အစစ်အမှန်ဘဝသို့ ရေးရှုလိုက်တော့မည်'ဟု သန္နိဋ္ဌာန်ချကာ၊ တကယ့်သူတော်စင်တို့၏ဣန္ဒြေနှင့် နေ့သန့်နေစဉ်တွင် ဘုရင်မင်းတရားသည် သမီးတော်နှင့်တကွ ထိုရသေ့၏အနားသို့ရောက်ခဲ့လေသည်။

"အရှင်ဘုရား၊ သမီးတော်အား တပည့်တော်ဆောင်နှင်းပါ၏၊ လက်ခံတော်မူပါ"ဟု ဦးညွှတ်ရိုကျိုး ရှိခိုးလျှောက်ထားသောဘုရင်မင်းမြတ်အား–

"မဟာရာဇာ၊ ငါသည်ကား ယခုကလေးတွင်ပင် ကာမစ္ဆန္ဒနီဝရဏတို့ကို အပြီးအပိုင်သုတ်သင်ပြီးလေပြီ၊ သည်းခံလော့၊ မနေ့က အတုဖြစ်သော်လည်း ယခု အစစ်ဖြစ်လေပြီတကား"ဟု တကယ့်စေတနာနှင့် ငြင်းဆန်လိုက်သောအခါ ရှင်ဘုရင်နှင့်တကွသော ပရိသတ်များသည် ဆတက်

ထမ်းပိုးတိုး၍ကြည်ညိုကာ ဦးအကြိမ်ကြိမ်ချ၍ ပြန်ကြလေသတည်း။

ဤသို့အားဖြင့် ထိုအချိန်ကာလကစ၍ ခိုးသားရသေ့သည် ဘုရားတရား အကြည်ညိုဆုံးဖြစ်သော တကယ့်ရသေ့တစ်ပါးဖြစ်သွားလေ၏။

အကောင်းကိုတုခြင်းသည် တစ်ခါတစ်ရံ မမျှော်လင့်ဘဲ အကျိုးအစစ်ကိုပေး၏ဟု ရာမာခရစ်ရှနာက ဟောကြားပြီးလျှင် ဤဝတ္ထုနှင့်ဆင်တူသော ပုံဝတ္ထုတစ်ခုပါ ဆက်၍ဟောကြားပေးသေးသည်။

တစ်နေ့သောညဝယ် တံငါသည်တစ်ယောက်သည် မင်း၏ဥယျာဉ်သို့ဝင်၍ မင်္ဂလာရေကန်၌ ငါးများကိုကွန်ပစ်၍ တိတ်တဆိတ်ခိုးကာဖမ်းလေ၏။ ဥယျာဉ်မှူးသည် ရေကန်တွင်းသို့ ကွန်ပစ်သံကြားရသောအခါ သူ၏တပည့်လက်သားများနှင့် မီးတုတ်မီးရှူးများကို ကိုင်ဆောင်ကာ ဖမ်းဆီးရန်လာကြလေ၏။ ထိုသို့အော်ဟစ်ကြိမ်းမောင်း၍လာကြသောအသံကို တံငါသည်ကြားလျှင် ထို ရေကန်ကား ဘုရင်မင်းတရား၏ငါးတို့ကို ဘေးမဲ့ပေး၍ အလှမွေးထားသည်ဖြစ်သောကြောင့် ဖမ်းဆီး၍မိလျှင် အသက်သေသည်အထိ အပြစ်ပေးခံရတော့မည်ကို အထိတ်တလန့်ဖြစ်ကာ ရေကန်တွင်းသို့ ကွန်ကိုပစ်ချခဲ့ပြီးသော် သူ့ကိုယ်သူ ပြာများသုတ်လိမ်းပြီးနောက် သစ်ပင်တစ်ပင်အောက်၌ ကမ္မဋ္ဌာန်းထိုင်နေသည့်ယောဂီကြီးအလား မလှုပ်မယှက် နေလိုက်လေ၏။

သူခိုးလိုက်သော လူစုလူဝေးသည် သူခိုးကိုကား မတွေ့။ သူတော်ကောင်းယောင်ဆောင်နေသော တံငါကမ္မဋ္ဌာန်းသမားကိုသာတွေ့ရသောကြောင့် တကယ့်ယောဂီကြီးတစ်ပါးဟုထင်မှတ်ကာ သူ့အနီးမှ ရိုသေကိုတ်ဆိတ်စွာ ထွက်ခွာသွားကြလေ၏။ သို့သော် စိတ်မကျေနိုင်သော လူတစ်စုသည် ဥယျာဉ်တွင်းဝယ် လှည့်လည်ရှာဖွေလျက်ပင် ရှိနေကြသေးရကား တံငါသည်သည် နံနက်လင်းသည့်တိုင်အောင် ထွက်ပေါက်မမြင်ဘဲ ကမ္မဋ္ဌာန်းထိုင်မြဲသာ ထိုင်နေရလေ၏။

နံနက်လင်းသောအခါ တံငါသည်မှာ အလွန်တရာအံ့ဩရလေ၏။ အကြောင်းမူကား ဥယျာဉ်မှူးထံမှ တစ်ဆင့်စကား တစ်ဆင့်နား ကြားရသည်ဖြစ်၍ မြို့သူမြို့သားများသည် ကောင်းမွန်သောဆွမ်းဘောဇဉ်များကို ယူဆောင်လာကာ ထိုရသေ့အား အဖူးအမြော် အလှူအတန်းရောက်လာကြခြင်း ဖြစ်လေ၏။ ပန်း၊ သစ်သီး စသည်တို့ဖြင့်လည်း သဒ္ဓါကြည်ညိုစွာ ပူဇော်ကြလေ၏။ တစ်ချိန်ထက် တစ်ချိန် ဥယျာဉ်တွင်း၌ သက္ကောဋ္ဌေယျဖြစ်ကာ လူစုလူဝေးသည် များသည်ထက်များလာလေတော့၏။ ထိုအခါ တံငါသည်က အထိတ်တလန့် သံဝေဂရ၍ တွေးမိလေ၏။

"ဘယ်လောက် ဆန်းကြယ်ဘိသနည်း၊ ငါကား လတ်တလောရောက်အံ့သောဘေးကြောင့် အယောင်ဆောင်နေရုံမျှဖြင့် ဤ၍ ဤမျှ အရိုအသေ အပူဇော်ကို ခံယူနေရပေပြီ။ အကယ်၍ တရားတော်ကို အမှန်ကျင့်၍ သူတော်ကောင်းအမှန်ဖြစ်ဘိမူကား အဘယ်ဆိုဖွယ်ရာရှိတော့မည်နည်း။ ကောင်းပြီ၊ ယနေ့မှစ၍အသက်ထက်ဆုံး အတုဘဝမှ အစစ်ဘဝသို့ရောက်အောင် ငါနေသွားတော့အံ့"ဟု သက်န်းကိုမချွတ်တော့ဘဲ ဘယာပဗ္ဗဇ္ဇိတမှ သဒ္ဓါပဗ္ဗဇ္ဇိတသို့ ရောက်သွားလေတော့သတည်း။

# မိန်းမ ယောကျ်ား မဟုတ်ပြား

ရှေးသရောအခါ(ဒုက္ကူလနှင့်ပါရိကာကဲ့သို့)တောထွက်၍ တရားကျင့်နေကြသော ဇနီးခင်ပွန်း နှစ်ဦးရှိလေ၏။ သူတို့သည် သစ်ခက်တဲကျောင်းကလေး ကိုယ်စီဖြင့် တစ်ဦးနှင့်တစ်ဦး မနီးမဝေးနေကြကာ ကမ္မဋ္ဌာန်းထိုင်လေ့ရှိသည်။ တစ်ခါတစ်ရံသာ အနီးကရွာကလေးတစ်ရွာသို့ ချဉ်, ဆားအလှူခံအုံ့သောငှာ လာတတ်ကြသည်။

တစ်နေ့သောအခါ ထိုယောဂီနှစ်ဦး ရွာအနားသို့ချဉ်းကပ်ခဲ့ကြလေ၏။ ယောကျ်ားလုပ်သူက ရှေ့ဆောင်သွားနေလျက် မယားလုပ်သူက ရှိသေသောအားဖြင့် လင့်နောက် ခပ်လှမ်းလှမ်းမှလိုက်ခဲ့စဉ် ရှေ့မှသွားနေသောယောကျ်ားသည် ရွာအဝင်မြေလမ်းပေါ်၌ အရည်အသွေး အလွန် ကောင်းမွန်သော စိန်တစ်လုံးကို အမှတ်တမဲ့ မြင်လိုက်ရလေ၏။

ထိုအခါ ယောကျ်ားက အထိတ်တလန့် ဤသို့တွေးလိုက်မိလေသည်။

'ဒုက္ခပဲ၊ ဒီလောက်အရောင် တဖျပ်ဖျပ်ဖြစ်နေတဲ့ စိန်ရတနာကိုငါ့မယားဟောင်းယောဂီတွေ့လိုက်လျှင် မိန်းမပီပီ နှစ်သက်သောလောဘထွက်၍ တရားကျင့် ပျက်တော့မှာပဲ၊ သူရောက်မလာခင် စိန်ကို မြေကြီးနှင့်ဖုံးလွှမ်းဖုက်ထားလိုက်မှ တော်မယ်'ဟု ဆုံးဖြတ်ပြီးလျှင် ခြေမနှင့်မြေကြီးကိုကော်ကာ စိန်အပေါ်သို့ ဖုံးအုပ်နေလေ၏။

ထိုအခိုက်တွင်ပင် ယောဂီအမျိုးသမီးက သူ့နောက်ပါးသို့ရောက်လာလေ၏။

"အရှင်...ဘာလုပ်နေပါသလဲ"

ယောဂီအမျိုးသားလည်း မုသားဝါဒကို စက်ဆုပ်၍ အမှန်အတိုင်းပင် ဤသို့ပြော၏။

"စိန်တစ်လုံးကိုတွေ့၍ မြေကြီးနှင့်ဖုံးနေပါသည် ရှင်မ"

"အဘယ်ကြောင့် ဤသို့ ဖုံးပါသလဲ အရှင်"

"ရှင်မ၊ မမြင်နိုင်အောင် ဖုံးနေခြင်းဖြစ်ပါသည်"

"အဘယ့်ကြောင့် ကျွန်တော်မကို မမြင်စေလိုပါသနည်း"

"သင်တို့မိန်းမမည်သည်ကား အဝတ်တန်ဆာရတနာများကို တပ်မက်ကြသည် မဟုတ်လော၊ အသင်လည်း ဤကျောက်မျက်ရတနာအပေါ်၌ နှစ်သက်ခြင်းလောဘဖြစ်၍ ကျင့်နေဆဲတရား ပျက်ပြားသွားမည်ကို စိုးရိမ်သဖြင့် သင် မမြင်မတွေ့ရလေအောင် ဖုံးနေခြင်းဖြစ်သည်"

ယောကျ်ားယောဂီက ဤသို့ပြောလိုက်သောအခါ အမျိုးသမီးသည် သူ့ခင်ပွန်းအား တအံ့တသြငေးမောကြည့်ရှုရင်း ဤသို့ပြန်ပြောလိုက်လေ၏။

"အို...အရှင်၊ အရှင်သည် ကျွန်တော်မနှင့်အတူ တရေးကျင့်ခဲ့ပါသည်၊ အရှင့်အား ယောကျ်ားပီပီ ကျွန်တော်မထက် တရားသဘော ထက်မြက်ပေါက်ရောက်နေပြီဟု ထင်မိပါ၏။ ယခုသော်ကား အရှင်သည် မြေကြီးသည်လည်း ပထဝီ၊ စိန်သည်လည်း ပထဝီပင်ဖြစ်ကြောင်း သတိ လက်လွတ်ဖြစ်လေစွတကား၊ ကျွန်တော်မအဖို့ကား အရှင်သည် ပထဝီ တစ်ခုကို ပထဝီနှင့်ဖုံးနေခြင်းသာဟု မြင်ပါသည်"

ဤသို့ အမျိုးသမီးက ယထာဘူတပြောပြလိုက်မှ အမျိုးသားသည် ယောဂီမအား ကြည်ညိုမြတ်နိုးစွာ ချီးကျူး၍ သာဓုခေါ်လိုက်ရပေ

သတည်း။

ရာမာခရစ်ရှနာက ဤပုံပြင်ကလေးဖြင့် ဝိပဿနာတရားဆိုသည်မှာ မိန်းမယောကျ်ားမဟူ လူတိုင်းလူတိုင်းတွင် ပညာသာ အဓိကဖြစ်ကြောင်း ကောင်းစွာဖော်ပြထားပေသည်။

အိန္ဒိယတိုင်းရင်းသားများသည် လူမှုရေးတွင် မိန်းမသားများအား ယောကျ်ားများနှင့် တန်းတူအခွင့်အရေး မပေး၊ အဖိအနှိပ် အချုပ်အချယ် အနှိမ့်အချခံရမှုရှိသော်လည်း ဘာသာရေးဘက်တွင်မူကား ရှေ့တန်းက တင်ထားကြသည်ကို တွေ့နိုင်ပေသည်။

မိန်းမသည် ကျေးဇူးရှင်၊ မိန်းမသည် မွေးသမိခင်၊ ဘုရားသခင်ပင်လျှင် မိန်းမဘာဝအဖြစ်ဖြင့် ကာလီနတ်သမီးကို ကိုးကွယ်ကြသည်။ မိန်းမအဖြစ် ဘုရားက ကိုယ်ပွားတော်ပြုသည်ဟု လက်ခံကြသည်။ ထို့ကြောင့် မိန်းမများကို ဘာသာရေးလိုက်စားသည့်ပုဂ္ဂိုလ်များက ကြီးငယ်မဟူ အမိသဖွယ် ဆက်ဆံကြရမည်။ ဤသို့ဆက်ဆံနိုင်မှ ဗြဟ္မစာရီ ဟူသတည်း။

အထက်ပါ ဝတ္ထုပုံပြင်အရ မိန်းမတို့သည် ယောကျ်ား၏နောက်ပါးက လိုက်နေရသည့်တိုင်အောင် ဝိပဿနာဉာဏ်အမြင်၌ ယောကျ်ားထက် သာလွန်ထက်မြက်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာကလည်း အပဒါန်နှင့် ဇာတ်နိပါတ်အချို့တွင်–

"နေရာတိုင်းတွင် ယောကျ်ားများသာ ပညာ ရှိကြသည်မဟုတ်၊ မိန်းမများသည်လည်း ပညာရှိကြသည်ဖြစ်၏"ဟု ဟောတော်မူသည်။

ဥတ္တရာနှင့်ဝိသာခါတို့က မိမိတို့၏ လင်ယောကျ်ားများကိုသော်လည်းကောင်း၊ ယောက္ခမကိုသော်လည်းကောင်း မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိဖြစ်

အောင် တရားလမ်းပြ ဆုံးမနိုင်စွမ်းရှိခဲ့ကြသည့်အတွက် တစ်အိမ်ထောင်လုံးတွင် မိခင်ကြီးအရာက စီမံပိုင်ခွင့်ရရှိကြလေသည်။

ကြံ့ခိုင်သော သမာဓိတရားနှင့်ပတ်သက်၍ မလ္လိကာမှာ ထင်ရှားအံ့ဩဖွယ်ဖြစ်လေ၏။ ဗန္ဓုလစစ်သူကြီး၏မယားဖြစ်သော မလ္လိကာမှာ ဗုဒ္ဓကို ကြည်ညိုသူဖြစ်၍ ရှင်သာရိပုတ္တရာနှင့် သံဃာအပေါင်းအား အိမ်၌ဆွမ်းလုပ်ကျွေးနေစဉ် အခိုင်းအစေတစ်ယောက်၏ပေါ့ဆမှုကြောင့် ပန်းကန်တစ်ခု ကျ၍ကွဲသွားလေသည်။ ထိုအခါ မလ္လိကာက အမှတ်မထင် လှည့်၍ကြည့်မိ၏။ ထိုအခါ ရှင်သာရိပုတ္တရာက...

"အရာဝတ္ထုတိုင်းသည် မခိုင်မြဲသောသဘောတရားရှိပေ၏။ မခိုင်မြဲသဖြင့် ကွဲရခြင်းကြောင့် စိတ်တွင်ပူပန်ခြင်း မဖြစ်သင့်ပေ"ဟု မလ္လိကာအား သတိပေး၏။ မလ္လိကာက တစ်စုံတစ်ရာ စိုးရိမ်သောက မရှိသောမျက်နှာဖြင့်..

"တပည့်တော်မ သတိထားလျက်ရှိပါသည်ဘုရား၊ လှည့်ကြည့်မိသည်မှာ ပန်းကန်ကွဲခြင်းကို နှမြောရ၍မဟုတ်၊ အရှင်ဘုရားများ၏ဆွမ်းပွဲ၌ မပြည့်မစုံဖြစ်လေမည်လားဟု ကြောင့်ကြမိခြင်းသာ ဖြစ်ရပါသည်ဘုရား" ဟု လျှောက်၏။

"အိမ်း...ဒါယိကာမကြီး သမာဓိ အကြီးသားပါကလား"ဟု ဆိုပြန်ရာ...

"တပည့်တော်မ၏ မတုန်မလှုပ်သော သမာဓိကို ဤစာဖြင့်ထင်ရှားပါလိမ့်မည် ဘုရား"ဟု ခါးကြားမှစာကိုဖတ်၍လျှောက်လိုက်၏။

စာကား သုံးကျိပ်နှစ်ယောက်သော အမြွာမွေးသားများနှင့်အတူ လင်သည်ဖြစ်သော ဗန္ဓုလစစ်သူကြီးမှာ ပြည့်ရှင်မင်းကအထင်လွဲ၍ ညကပင် အားလုံးအသတ်ခံရကြောင်း ပေးပို့လိုက်သောစာ ဖြစ်ပေ၏။

(သား သုံးဆယ့်နှစ်ယောက်တွင် တစ်ယောက်တစ်ယောက်၌

တပည့်တပန်းများစွာ ခြံရံလျက်ရှိ၏။ ဖခင်ဖြစ်သော ဗန္ဓုလစစ်သူကြီး၌ကား အခြံအရံပိုရှိများ၏။ သားအဖအားလုံး နောက်လိုက်နောက်ပါ တပည့်တပန်း အခြွေအရံစစ်သား စသည်များဖြင့် ဘုရင်မင်းတရားထံ ညီလာခံဝင်သောအခါတပ်ကြီးတစ်တပ်စာမျှ ခမ်းနားကြီးကျယ်၏၊ ပရိသတ်များ၏၊ ထို အခြင်းအရာကို ဗန္ဓုလစစ်သူကြီးအား မရှုဆိတ် မနာလိုသောအမတ်က ဘုရင်အား ဤလူစုလူဝေးဖြင့် လုပ်ကြံနိုင်စရာရှိပါသည်ဟု ကုန်းချောသောကြောင့် ဖမ်းဆီးသတ်ဖြတ်လိုက်ခြင်းဖြစ်၏။)

သားအဖိုးတန် သုံးဆယ့်နှစ်ယောက်စလုံးသာမက ကိုးကွယ်အားထားရာဖြစ်သော လင်ယောကျ်ားပါ တစ်စုတဝေးကြီး အသတ်ခံရကြောင်း သိပြီးလျက်နှင့် ဆွမ်းကျွေးမပျက်သော မလ္လိကာဒါယိကာမကြီးမှာ အလွန်ချီးမွမ်းဖွယ်ကောင်း၏။

ကျေးရူးရှင်စွန်းလွန်းဆရာတော်ကြီးက ဒါယိကာမများနှင့်ပတ်သက်၍ သူတို့၏သမာဓိကို ဤသို့ချီးကျူးဖူး၏။

"ဝိပဿနာကိုလက်တွေ့ပြတဲ့အခါ ယောဂီဒါယိကာမများက လူဒါယကာယောဂီတွေထက် တရားအတွေ့လွယ်သကွဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရဟန်းတော်များနှင့် လူဒါယကာများက တတ်သင့်သလောက်တတ်ထားကြတဲ့ ကျမ်းဂန်ပညာဗဟုသုတ ရှိကြတာကလား၊ အဲဒီစာတွေကလေးနိုင်းချိန်စဉ်းစားနေကြတာနဲ့ ကုက္ကုစ္စဖြစ်ပြီး တရားအတွေ့ နောက်ကျနေတတ်ကြတယ်" ဟူသတည်း။

# ဘုရား၏ရယ်ခြင်း

ဘုရားသခင်သည် နှစ်ခါသာ ရယ်ဖူး၏။

တစ်ခါမှာ ဆေးဆရာတစ်ယောက်သည် လူမမာ၏ မိခင်အား "မစိုးရိမ်ပါနဲ့၊ သင့်သားငယ်ကို ကျွန်ုပ် ချမ်းသာအောင် ကုသပေးပါမည်၊ မသေစေရပါဘူး "ဟု ပြောစဉ်က ဖြစ်၏။ ထိုအခါ ဘုရားသခင်က "ဤသူငယ်၏အသက်ကို ငါယူအံ့ဆဲဆဲ ဆေးဆရာက ငါ့ကို အန်တုရှ၍ အသက်ကို လုယူမည်ဆိုခြင်းမှာ သူကသာ သတ္တဝါတို့၏အရှင်သခင် ဖြစ်နေကြောင်း ကြွားဝါကြိမ်းမောင်းသကဲ့သို့ ဖြစ်နေပါကလား "ဟု တွေးကာ ရယ်ခြင်းဖြစ်၏။

နောက်တစ်ကြိမ်မှာ လယ်သမား ညီအစ်ကိုနှစ်ယောက်သည် ပေကြိုးတစ်ချောင်းဖြင့် မြေကိုတိုင်းတာရင်း–

ဤအစိတ်အပိုင်းကား ငါ့မြေ၊ ထိုအစိတ်အပိုင်းကား သင့်မြေဟု မှတ်လေလော့ "ဟု လယ်မြေကို ပိုင်စိုးပိုင်နင်း ခွဲဝေနေကြစဉ်ဖြစ်၏။ ဘုရားသခင်သည် သူတို့၏အဖြစ်ကိုကြည့်ကာ "သင်းတို့၏အသက်ခန္ဓာသည် ကမ္ဘာနှင့်ချီ၍ တည်မြဲနေကြတော့မည့်အလား မဟာပထဝီမြေကြီးကို ခွဲဝေသိမ်းယူနေကြပုံမှာ ရယ်ဖွယ်လိလိဖြစ်တော့သည် "ဟု ကြည့်ကာ ရယ်မိလေ၏ ၈,သည်ဖြင့် ရာမာခရစ်ရှနာက ပုံပြ၍ ဟောလေသည်။

*

ဤပုံပြင်ကလေးမှာ တိုပင်တိုသော်လည်း လူပြိန်းများအဖို့ အလွန်ထိရောက် နားလည်လွယ်သော ဓမ္မရသ သင်္ခါရတရားအပြည့်အဝ ပါရှိလေသည်။ အကြောင်းအရာ နှစ်ခုစလုံးမှာ သေခြင်းတရားက အရိပ်ပမာ အမြဲစိုးမိုးနေသည့်သဘောကို၊ မေ့မေ့လျော့လျော့ဖြစ်နေကြသည့် အန္ဓ ပုထုဇဉ်တို့၏သဘောကို ဖော်ပြရာဖြစ်၏။

ဗုဒ္ဓမြတ်စွာက ယောဂီအပေါင်းအား အမြဲမပြတ် ဆင်ခြင်ကြစေရန်–

"မေ၊ ငါ့အား။ မရဏံ၊ သေခြင်းသည်။ ပစ္စုပဋ္ဌိတံ၊ ရှေးရှုတည်နေ၏"ဟု မရဏာနုဿတိ သတိပေးလေ့ရှိ၏။ ဘုရားရဟန္တာသော်မှ လွတ်ကင်းခွင့်မပြုသော မရဏာသန္တမင်းအား သမားဟူရာဆေးသမားများက အနိုင်ယူ၍ ရနိုင်စွမ်းမရှိပုံကို မန်လည်ဆရာတော်ဘုရားက မဃဒေဝ လင်္ကာတွင် ဤသို့ရေးသားဆုံးမတော်မူသည်။

"သန္ဓေစက၊ စေ့ငကုန်အောင်၊ ယူဆောင်မကြွင်း၊ သေစာရင်း၌၊ သွင်း၍အညီ၊ မှတ်ပြီးပြီကြောင့်၊ ဇော်ဂျီဆရာ၊ ဝိဇ္ဇာယောက်ျား၊ သမားဆေးတတ်၊ နတ်ဇီဝက၊ သမ္ဘရနှင့်၊ မယ်အသူရာ၊ ဣန္ဒာဇာဖြင့်၊ မာယာအတတ်၊ လှည့်ပတ်ထွေပြား၊ ပြုတုံငြားလည်း၊ ကုစားမရ။

သိဒ္ဓိပြီးငြား၊ ဓာတ်ဆေးဝါးနှင့်၊ ပြဒါးသံပြား၊ စားကာမျိုပြု၊ လုပ်ရပ်မှုဖြင့်၊ အာယုသမား၊ ဆရာများတို့၊ ထင်ရှားခုထိ၊ ဘယ်မှာရှိခဲ့"

ထို့အတူ နှစ်သိန်းလေးသောင်းအထုရှိသည့် မဟာပထဝီမြေကြီးအား အစွန့်ရှည်စွာ ခန္ဓာအသက် နေ့ဆက်ရှည်လျား တည်ငြားလိမ့်နိုးအထင်မျိုးနှင့် ကိုယ်ကျိုးကိုယ့်ကိစ္စ ကိုယ်ပိုင်ရတော့မည့်နှယ် လယ်ကိုခွဲဝေနေကြသော ညီအစ်ကိုနှစ်ဦး၏ဖြစ်ထွေမှာလည်း ရယ်ဖွယ်တစ်ခုသာ ဖြစ်ပေလိမ့်မည်။

ထိုသဘောနှင့်တူညီစွာ လောက၌ ရယ်ဖွယ်သုံးခုရှိသည်ဟု

စိန္တကျော်သူ ဦးဩက ဩဝါဒထူးပို့တွင် ပြဆိုဆုံးမခဲ့သည်။

၁။ မယား၏ရှေ့ဝယ် သားငယ်ကို နမ်းရှုပ်နေသော ယောကျ်ားအား သူ့သားအစစ်ထင်၍ ချစ်ကြင်နာစွာ နမ်းနေရှာသည်ဟု မယားက ရယ်ခြင်း။

၂။ ဘူမိမြေလွှာ ကမ္ဘာတည်ငြား ထုထည်အားကို ငါ့လယ် ငါ့မြေတာဟု လက်ဖျစ်တစ်တွက် အသက်ရှည်နိုင်မှုသာဖြစ်သော လယ်သမားက ကြိမ်းဝါးနေသည်ကို မဟာပထဝီမြေကြီးက ရယ်ခြင်း။

၃။ တစ်ယောက်လက်မှ တစ်ယောက်လက်သို့ ရွှေ့ပါး၍ ခရီးသွားအာဂန္တုသဖွယ် လှည့်လည်နေကြသော ရွှေငွေရတနာများအား ခဏ ခေတ္တ ပိုင်ဆိုင်ထားရသော ပစ္စည်းရှင်က ဘယ်အခါမကွဲ အမြဲပိုင်ကြပြီဟု မာန်တဝင့်ဝင့်ရှိနေပုံကို ရွှေငွေဘဏ္ဍာတို့က ရယ်ခြင်းဟူ၍ ဖြစ်သတည်း။

ထို့ကြောင့် ဓမ္မပဒတွင် ဗုဒ္ဓကဖော်ပြထားသည်ကား-

**"လူမိုက်သည် ငါ့အား သားသမီးတို့ရှိကုန်၏။ ဥစ္စာတို့သည်လည်း ရှိကုန်၏။ (စွဲလမ်းမှုတဏှာဖြင့်) ဆင်းရဲပင်ပန်းရ၏။ အမှန်သော်ကား မိမိအား အတ္တာသည်ပင် မရှိပါဘဲလျက် အဘယ်မှာ သားသမီးရှိအံ့နည်း၊ အဘယ်မှာလျှင် ဥစ္စာရှိပါအံ့နည်း"**

# စာတွေနှင့်ငါတွေ

တစ်ရံရောအခါ ကျမ်းဂန်စာပေ အလွန်တတ်မြောက်သော ဗြာဟ္မဏတစ်ယောက်သည် ဘုရင့်နန်းတော်သို့ ဝင်ရောက်ခဲ့စားလာလေ၏။

"အို၊ ပဏ္ဍိတ်ကြီး၊ ဘာအလို့ငှာ ရောက်လာပါသနည်း" ဟု ဘုရင်ကြီးက မေး၍–

"မဟာရာဇာ၊ ကျွန်ုပ်သည် ဘဂဝါဂီတတရားကို နှံ့စပ်ကြေညက်သူဖြစ်ပါသည်၊ ထို့ကြောင့် အသင်မင်းကြီးအား ထို ဘဂဝါဂီတကျမ်းဂန်ကို ကောင်းစွာသင်ချပေးလိုပါသည်"ဟု လျှောက်ထားလေ၏။ ထိုအခါ ပညာရှိဖြစ်သောဘုရင်က ဤသို့စဉ်းစားမိလေ၏။

"ဘဂဝါဂီတတရားကို အမှန်စင်စစ် အပြီးတိုင်တတ်မြောက်သူဖြစ်ပါမူ ငါ၏နန်းတော်သို့ဝင်၍ ဂုဏ်သရေနှင့်လာဘ် ပကာသနကို ရှာကြံမည့်အစား မိမိ၏အတ္တတရားမှန်ကိုသာ ရှာကြံစရာရှိသည်"ဟု ဆင်ခြင်၍–

"အို၊ ပဏ္ဍိတ်ကြီး၊ အသင်သည်ပင် ဘဂဝါဂီတတရားကို လေ့လာပါချေဦး၊ နောက်ကာလမှ သင့်ထံ ငါတပည့်ခံပါအံ့"ဟု အမိန့်ရှိ၍လွှတ်လိုက်လေ၏။

ပဏ္ဍိတ်ကြီးလည်း ဤသို့နှင့် မကျေနပ်ဘဲ နန်းတော်မှပြန်ခဲ့ပြီး

"နှစ်ပေါင်းများစွာ ဘဂဝါဂီတတရားကို ငါဖတ်နေကြောင်းသိမြင် ပါလျက် ဤတရား၌ မကြေညက်သေးဟု ငါ့အားပြောလိုဟန်ရှိသည်၊ အလွန်မိုက်မဲတွေဝေလေစွ'ဟု အောက်မေ့ပြီးကာ ဘဂဝါဂီတကျမ်းကို နှံ့နှံ့ စပ်စပ်ပြန်၍ ဖတ်ပြန်လေ၏။ ထိုအခါ ပဏ္ဍိတ်ကြီးသည် ကျမ်း၏ အပိုင်း ကဏ္ဍတိုင်း ရေရေလည်လည်ရှိပြီဟု ကျေနပ်မိ၏။ သို့နှင့် ရက်များမကြာမီ ဘုရင့်ထံဝင်ပြန်တော့၏။

ဘုရင်ကလည်း ရှေးနည်းအတိုင်းပြော၍ လွှတ်လိုက်ပြန်လေ၏။ ထို့ကြောင့် ပဏ္ဍိတ်ကြီးသည် စိတ်အပျက်ကြီးပျက်၊ ရက်လည်း ရက်လှဖြင့် အိမ်သို့ရောက်သည့်ကာလ ဘာမျှမလုပ်နိုင်ဘဲ မှိုင်တွေချကာ စဉ်းစား၍ နေမိလေ၏။ သို့စဉ်အတွင်း ဘုရင်ကြီး၏စကား ထူးခြားပုံကိုတွေးမိသဖြင့် အနက်အဓိပ္ပာယ်တစ်ခုခု ရှိလိမ့်မည်ဟု အိမ်တံခါးများကို အလုံပိတ်ကာ ဘဂဝါဂီတကျမ်းစာကို စေ့စေ့ငုငု လေ့လာမိလေ၏။

ဤသို့ သတိသမ္ပဇဉ်ဖြင့် လေ့လာသောအခါမှ အမည်ကျော်စော ခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း၊ ဂုဏ်သရေရှိခြင်း၊ ထီးနန်းအစရှိသော ချမ်းသာ သုခဟူသမျှ၏ ရေပွက်နှင့်တူသည့် သဘောတရားကိုသိလာကာ ဘဂဝါ ဂီတ၏အရသာကို စာတွေမဟုတ်၊ ငါတွေအဖြစ် ဆင်ခြင်စဉ်းစား ခံစား လိုက်ရလေတော့၏။

ထိုနေ့မှစ၍ ဘုရင့်ထံမသွားတော့ဘဲ ပရမတ္ထတရားပေါက်အောင် အားထုတ်ခြင်းဖြင့်သာ အချိန်ရှိသရွေ့ နေလေတော့၏။

နှစ်ပေါင်းအနည်းငယ်ကြာသောအခါ ဘုရင်ကြီးသည် ပဏ္ဍိတ် ကြီးအား သတိရ၍ နန်းတော်သို့မလာတော့သော ဆရာကြီးထံ ကိုယ်တိုင် ကြွ၍ကြည့်ရလေ၏။ သူ့အိမ်သို့ရောက်သည်ဆိုလျှင်ပင် အရိယာပုဂ္ဂိုလ်တို့ ၏ရောင်ခြည်တို့ဖြင့် ရံခ၍ မေတ္တာတန်ခိုးဝေဖြိုးလျက်ရှိသော ဗြာဟ္မဏ ဆရာကြီးကို ဖူးမြော်ရသောအခါ ဘုရင်ကြီးလည်း ဒူးထောက်ရှိခိုး၍...

"အရှင် ဗြာဟ္မဏ၊ အရှင်ဘုရားသည် ယခုကျမ်းဂန်စာပေမှ အရ သာစစ်စစ်ကို အမှန်သိမြင်ပါပြီ၊ သနားသောအားဖြင့် တပည့်တော်အား သင်ကြားပို့ချတော်မူပါတော့ဘုရား"ဟု ရိုသေစွာလျှောက်ထားလိုက်လေ၏။

*

ရာမာခရစ်ရှနာသည် စာပေကျမ်းဂန်ပရိယတ္တိသင်ကြားခြင်းနှင့် ပတ်သက်၍ ချွတ်ယွင်းချက်များကို သူ့တပည့်အား ဟောကြားဆုံးမလိုဟန် ရှိသည်။ အထက်ပါဝတ္ထု၌ ပညာရှိပဏ္ဍိတ်ကြီးသည် အစပထမက နန်း တော်တွင်းသို့ဝင်၍ မင်းဧကရာဇ်၏ဆရာကြီးတစ်ဦးဖြစ်ချင်သော ဆန္ဒ အလိုရမ္မက်အကြောင်းကိုပြ၍ နောက်မှသတိရကာ ပရိယတ္တိ၏အကျိုးကို ကိုယ်တွေ့ခံစားရကြောင်း ထင်ရှားအောင် ပြသထားသည်။

ဤသဘောတရားမှာ ပိဋကတ်သုံးပုံကို သင်ယူခြင်း သုံးမျိုးရှိ ကြောင်း၊ ဗုဒ္ဓကဟောကြားသည့်အတိုင်းပင် ရာမာခရစ်ရှနာက ပုံဝတ္ထု တန်ဆာဆင်ဟန်ရှိသည်။

၁။ လာဘ်ကိုရလိုခြင်း၊ ကျော်စောထင်ရှားလိုခြင်း၊ သူတစ်ပါးကို ချုပ်ချယ်နှိပ်စက်လိုခြင်းတို့ကြောင့် စာသင်ခြင်းသည် မြွေဖမ်းယောကျ်ား အား မြွေကပြန်၍ကိုက်ဘိသကဲ့သို့၊ ကိုယ် သင်ထားသော စာပေအတွက် ကိုယ့်၌ အပြစ်ဒုက္ခဖြစ်တတ်သဖြင့် 'အလဂဒ္ဒူပမာ'ဟု ပုံနှိုင်း၏။

၂။ သီလ, သမာဓိ, ပညာ နည်းနာတို့ကို နားလည်အောင်လေ့လာ ၍ ကျမ်းစာအတိုင်း မဂ်ဖိုလ်ရောက်အောင်ကျင့်နိုင်ဖို့ရာ သင်ခြင်းသည် သံ သရာမှထွက်မြောက်အောင် သဘောဖြစ်သဖြင့် 'နိဿရဏတ္ထာ' မည်၏။

၃။ ရဟန္တာများ သင်ခြင်းသည် ကျင့်ဖို့ မဟုတ်တော့ပေ။ သို့သော် အဆက်အနွယ်မပျက်ရလေအောင်၊ တရားဓမ္မများ မပျောက်ကွယ်ရလေ

အောင် စောင့်ရှောက်ထိန်းသိမ်းခြင်းသဘောသာဖြစ်သောကြောင့် ဘဏ္ဍာစိုး ဘဏ္ဍာစောင့်နှင့်တူသဖြင့် 'ဘဏ္ဍာဂါရိကာမည်၏'ဟု စာပေကျမ်းဂန်သင် နည်း သုံးမျိုးကို ခွဲခြားဟောပြထားလေသည်။

ထိုမှတစ်ပါး သူတစ်ပါးကို သင်ပြဆုံးမလိုသူတို့မှာ မိမိကိုယ်တိုင် သင့်လျော်သောအကျင့်၌ တည်စေရမည်ဟု ဓမ္မပဒ၌ အတိအလင်း ဤသို့ ဟောကြားထားပြန်သည်။

"ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သောအကျင့်၌ တည် စေရာ၏။

ထိုနောက်မှ သူတစ်ပါးကို ဆုံးမရာ၏။

ပညာရှိသည် သူတစ်ပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ"ဟု ဟော တော်မူခဲ့ရာ စာရေးဆရာများ၊ ကျမ်းပြုပုဂ္ဂိုလ်များ၊ ဓမ္မကထိကများ၊ တရား နည်းပြဆရာများ သတိထားစရာ အလွန်ကောင်းလေသည်။

မကြာမြင့်သေးမီကာလက ဤသဘောတရားနှင့်တိုက်ရိုက်စပ် လျဉ်းသော ဩဝါဒတစ်ခုကို ကျွန်ုပ်ကိုယ်တိုင် နာကြားလိုက်ရပါသည်။

မော်လမြိုင် ဖားအောက်တောရကျောင်းတွင်ဖြစ်၏။ ရန်ကုန်မြို့မှ ဒါယကာတစ်ဦးသည် ဆရာတော်အား ဝိပဿနာတရားကျင့်စဉ်စာအုပ်များ ကို အတွဲလိုက်လာ၍ လှူဒါန်းလေသည်။ ဆရာတော်နှင့် ထိုဒါယကာကား လူ့ဘဝတွင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြ၏။

"အိမ်း...ဒကာကြီးက အဖိုးတန်အလှူကို လာလှူတော့ ဘုန်းကြီး ကလည်း အဖိုးတန် တရားလက်ဆောင်ပြန်ပြီး ချီးမြှင့်ရပေမပေ့ါ၊ တရား စာအုပ်တို့၊ တရားဟောပြသင်ချခြင်းတို့ဟာ အလှူဒါနမှာ အမြတ်ဆုံး အအောင်နိုင်ဆုံးလို့ ဘုရားက ဟောထားတယ်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗ ရသံ ဓမ္မရသော ဇိနာတိ၊

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှာက္ခယော သဗ္ဗ ဒုက္ခံ ဇိနာတိ။

"အလှူဒါနအပေါင်းတွင် တရားအလှူက အောင်နိုင်၏။ အရသာတကာတို့တွင် တရားအရသာက အောင်နိုင်၏။ မွေ့လျော်ခြင်းတကာတို့တွင် တရား၌မွေ့လျော်ခြင်းက အောင်နိုင်၏၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံသော ဆင်းရဲအပေါင်းကို အောင်နိုင်၏။ အဲဒီတရားကို ဒကာကြီးကြားဖူးရဲ့နော်။

အဲ ကြားဖူးတာတော့ ဟုတ်ပြီ၊ ဘယ်လို နားလည်ထားသလဲ၊ ဘုန်းကြီးက နားလည်စေချင်တဲ့သဘောကို ပြောမယ်၊ ဘုရားကိုယ်တော်မြတ်က ဟောတာ 'တရားအလှူသည် အလှူဒါနအပေါင်းတို့တွင် အမြတ်ဆုံး'လို့ ဆိုပြီး ရပ်နေတာမဟုတ်ပါဘူး၊ ရှေ့ကိုတစ်ဆင့်တက် ဟောတော်မူသေးတယ်၊ 'တရားအရသာဟာ အရသာအပေါင်းတို့မှာ အမြတ်ဆုံး' တဲ့။

ဒီတော့ ဒကာကြီးနားလည်အောင် လောကီဥပမာနဲ့ပြောမယ်၊ ဘုန်းကြီးတို့ကို ဆွမ်းလှူတယ်ဆိုပါတော့၊ တစ်လက်စထဲချက်ထားရတဲ့ အတူတူ ဒကာကြီးတို့ကော ဒီထမင်းကို နောက်ပိုင်းမှာ ဝင်မစားကြဘူးလား"

"စားကြပါတယ် ဘုရား"

"အေး အဲသလို လှူလည်း လှူ၊ စားလည်း စားကြသလို ကိုယ်လှူတဲ့ တရားဒါနကို ကိုယ်ကပါဝင်ပြီး အရသာယူတတ်ကြရမယ်၊ နို့မဟုတ်ရင် တစ်ပန်းရှုံးတယ်၊ ဒါကိုရည်ရွယ်ပြီး 'အရသာတကာတို့တွင် တရားတည်းဟူသောအရသာက အောင်နိုင်၏' လို့ ဘုရားကိုယ်တော်မြတ်က ဆက်ဟောတာ၊ အဲဒီလို အရသာခံပါများလာတော့ အရသာကို သိလာတယ်၊ သိလာတော့ အဲဒီအရသာကိုချည်းပဲ မွေ့လျော်လာပါလေရော၊ အဲဒါက 'မွေ့လျော်ခြင်း အထူးထူးတွင် တရား၌မွေ့လျော်ခြင်းက အောင်နိုင်၏' လို့ ဘုရားကဆက်ဆိုတော်မူပြန်တာ ကြားရဲ့လား"

"မှန်ပါဘုရား"

"အေး၊ မွေ့လျော်လို့ နောက်ဆုံး တရားစစ်တရားမှန်လည်းပေါက်ရော၊ တဏှာလည်း ကုန်ရော၊ အရဟတ္တဖိုလ်လည်း တည်ပါလေရော၊ အရဟတ္တဖိုလ်တည်တော့ ဒုက္ခဆိုသမျှတွေလည်း အပြီးအပြတ် အောင်နိုင်လိုက်ပါလေရော၊ နားလည်ပလား"

"မှန်ပါဘုရား"

"အဲဒါကြောင့် တရားအလှူဟာ အလှူအပေါင်းတို့အနက် အမြတ်ဆုံး အကောင်းဆုံး ဆိုတာကလေးနဲ့ တင်းတိမ်ရောင့်ရဲပြီး ရပ်မနေနဲ့၊ ဘုရားသတိပေးတော်မူတာက ရှေ့တစ်ဆင့်တက်၊ နောက်တစ်ဆင့်တက်ရအောင် ဟောတာ၊ လှူလည်းလှူ စားလည်းစားကြ ဆိုတာမျိုးလို လှူမှဖြင့် တစ်လက်စတည်း စားကြရော့၊ အရသာ ခံကြရော့၊ မွေ့လျော်ကြရော့၊ တဏှာကုန်တဲ့အထိ ကျင့်ကြရော့၊ အဲဒီတော့ ကိုယ်လှူတဲ့ ဝိပဿနာစာအုပ်မျိုး ကိုယ်လည်းပြန်ဖတ်၊ ကိုယ်လည်း ပြန်ပြီး အရသာယူ၊ ကိုယ်လည်း ကျင့်၊ အဲဒါမှ ဘုရားအလိုတော်ကျဖြစ်လိမ့်မယ်ဗျား"

# ဘ၀ဟူသည် အိပ်မက်၅သည်

ရှေးသရောအခါ ရွာတစ်ရွာ၌ ပညာရှိလယ်သမားတစ်ယောက် ရှိလေ၏။ ထိုလယ်သမားကား အိမ်ရာတည်ထောင်၍ လူတို့ဘောင်၌သား တစ်ယောက်ရကာ ချမ်းသာကြွယ်ဝနေသော်လည်း တရားဓမ္မနှင့်အမြဲတမ်း မွေ့လျော်သူဖြစ်၏။ ထို့ကြောင့် တစ်ရွာလုံးက ထိုလယ်သမားသားအမိ သား အဖကို အလွန်တရာချစ်ခင်မြတ်နိုးကြသည်။

လယ်သမားက ကြင်နာတတ်သည်။ သူတစ်ပါးအား ကူညီတတ် သည်။ သဘောသကာယကောင်းသည်။ လယ်သမား၏မယားက အိမ်နီး ချင်းများကို စောင့်ရှောက်တတ်သည်။ ပေးကမ်းရက်ရောမှုရှိသည်။ သားငယ် ကလေးက လိမ္မာရေးခြားရှိသည်။ ရုပ်ဆင်းသဏ္ဌာန် လှပချောမွေ့သည်။ ပိယဝါစာ စကားပြောတတ်သည်။ ချစ်စရာကောင်းသော ရှစ်နှစ်သား အရွယ်ကလေး ဖြစ်သည်။

တစ်နေ့သော် လယ်ထဲတွင်လယ်ထွန်နေသော လယ်သမားထံ အိမ်နီးချင်းတစ်ဦးအဆောတလျင်ပြေးလာ၍ အိမ်ကသားလေးမှာ ကာလ ဝမ်းရောဂါ ရုတ်တရက်ဖြစ်နေကြောင်း ပြောလေသည်။ လယ်သမားသည် လယ်ထွန်ခြင်းကိစ္စကို ချက်ချင်းရပ်၍ ထိုအိမ်နီးချင်းနှင့်အတူ အလျင်အမြန် ပြန်ခဲ့လေ၏။ အိမ်တွင် ကလေးအမေကား ငိုကြီးချက်မနှင့် အိပ်ရာထဲက သားငယ်ကို ပြရာလေ၏။ သားငယ်ကား အိပ်ရာပေါ်တွင် တလူးလူး

တလိှမ့်လိှမ့် ဝမ်းအကြိမ်ကြိမ်လျှောနေပြီ ဖြစ်လေ၏။

လယ်သမားသည် ရွာထဲရှိ သမားဟူးရားကိုပြေး၍ ပင့်ခေါ်၏။ ဆေးဆရာများကလည်း သူတို့စွမ်းပကားရှိသမျှ ကြိုးစား၍ကုသကြကုန်၏။ သို့သော် သားငယ်မှာ ထိုညနေပင် ထိုရောဂါဖြင့်သေဆုံးသွားတော့ရာ မိခင်ဖြစ်သူမှာ ပဋာစာရီလူး ဖြစ်ရှာတော့၏။ အိမ်နီးနားချင်းများပင် နှမြောတသ၍ ငိုကြွေးကြသည်မှာ တစ်အိမ်လုံးဆူညံလျက်ရှိလေ၏။

လယ်သမားမှာ မျက်ရည်တစ်စက်မျှမကျဘဲ အသုဘကိစ္စကိုသာ လျင်မြန်စွာ သင်္ဂြိုဟ်ဆောင်ရွက်လေသည်။ နောက်တစ်နေ့နံနက်တွင်ကား လယ်သမားသည် ယမန်နေ့က မပြီးပြတ်သေးသောလယ်ထွန်ခြင်းအမှုကို ပြုရန် လယ်တောသို့ဆင်းဖို့ စီမံလေ၏။ ထိုအခါ တစ်ရွာလုံးကအံ့အားသင့်နေကြလျက် သားငယ်၏မိခင်ကမူကား လင်သည်ကို ရှုံ့ကြီးတင်င် အပြစ်တင်ရင်း ငိုမစဲအောင်ဖြစ်လေတော့သတည်း။

"ရှင် တယ်ပြီးအကြင်နာတရား ကင်းပါးကလား၊ ချစ်စရာသားငယ်အပေါ် ရက်စက်နိုင်စွမ်းရှိလှချေတကား၊ မိဘကိုထား၍ တစ်ရွာလုံးက သားငယ်ကို ချစ်ကြင်နာကြသဖြင့် ပရိဒေဝတောက်လောင်ကြပါသည်။ ဖခင်အရင်းဖြစ်သော သင့်မှာကား မျက်ရည်တစ်စက်မျှမကျ၊ ငိုကြွေးခြင်း၊ ပူပန်ခြင်း၊ နှမြောစုံမက်ခြင်းလည်းမရှိ၊ သားကလေးအလောင်း မြေကျ၍ ကျောမှ အငွေ့မပျောက်သေးခင် လယ်ထဲသို့ဝင် အလုပ်လုပ်သည်ဆိုခြင်းမှာ ဖခင်၏နှလုံးသားမျိုးမှ ရှိပါလေစ"ဟု ရင်ဘတ်စည်တီး ငိုကြီးချက်မ ရေရွတ်မြည်တမ်းလေ၏။

ထိုအခါ လယ်သမားက ပူပန်လွန်းလှသောမယားကို ဤသို့ ချော့သာစွာ ဖျောင်းဖျ၏။

"ဘယ်ကဲ့သို့ပြောပါသလဲရှင်မ၊ ငါ့သားကို ငါချစ်ပါသည်၊ ငါ့သားကို ငါကြင်နာပါသည်၊ ထို့ကြောင့်သာ သား၏သတင်းကို ကြားလျှင်

ကြားချင်း လယ်ထဲမှလိုက်လာကာ တတ်စွမ်းသမျှသောဆေးသမားနှင့် ကြိုးစားကုစ၍ကုသခဲ့သည် မဟုတ်ပါလား၊ သို့သော် သေမင်းကို ဘယ်သူမျှ မနိုင်နိုင်သောကြောင့်၊ ငါ့သားကို ငါပစ်လိုက်ရချေပြီ၊ ဤအတွက် ငါမငို သည့်အကြောင်းကိုတော့ မင်းကိုငါပြောပြပါမည်။ သဘောကျ နားထောင် ပါ၊ တစ်ခါက ငါအိပ်မက်မက်ဖူးပါသည်၊ အိပ်မက်ထဲတွင် ငါကားဘုရင် တစ်ပါးဖြစ်၏၊ ငါ့၌ အလွန်လိမ္မာသော၊ အလွန်လှပသော၊ စွမ်းပကားနှင့် ပြည့်စုံသော သားရတနာ ရှစ်ယောက်ရှိပါသည်။ ငါသည် အလွန်ချစ်သော သားတော်များက ဝန်းရံခ,စားနေကြသောအခါ အတိုင်းမသိ ပျော်ရွှင်ကြည် နူးမိပါ၏။ ထိုသို့ ပျော်ရွှင်ကြည်နူး၍မှ မဆုံးမီ အိပ်ရာမှလန့်နိုး၍ ထိုအိပ် မက်ကောင်းကြီးတစ်ခု ပျောက်ပျက်သွားရပါတော့သည်။ အို...ရှင်မ၊ မင်းပဲ ငါ့ကိုပြောစမ်းပါတော့၊ ယခု စွန့်ပစ်လိုက်ရသော သားငယ်တစ်ယောက် အတွက် ငါငိုရမည်လား၊ သို့မဟုတ် အိပ်မက်နှင့်အတူ ပျောက်ကွယ်သွား ကြသော သားရှစ်ယောက်အတွက် ငိုရမည်လား၊ ငါတော့ ခွဲခြား၍မတွေး တောနိုင်အောင် ဖြစ်နေရပါပြီ"ဟု ပြန်ပြောလိုက်လေ၏။

*

ရာမာခရစ်ရှနာသည် ဤဝတ္ထုဦလည်း မတည်မြဲသောဘဝဆို သည်ကို လူပြိန်းများ နားလည်သဘောပေါက်အောင် ပုံပြင်နှင့်တန်ဆာဆင် လိုက်ခြင်း ဖြစ်ပေသည်။ ဗုဒ္ဓနှင့်တကွသော ပညာရှိကြီးများသည် တို တောင်းလှသောဘဝကို ရေပွက်နှင့်သော်လည်းကောင်း၊ ရေစည်ပေါင်းနှင့် သော်လည်းကောင်း၊ အိပ်မက်နှင့်သော်လည်းကောင်း၊ မီးခိုးနှင့်သော်လည်း ကောင်း၊ တိမ်ရိပ်နှင့်သော်လည်းကောင်း နှိုင်းယှဉ်၍ ပျက်လွယ်ခြင်းအနက် ကို ဥပမာတင်တော်မူကြသည်။

ဤသခါ်ရ၊ ကိုယ်ကစ၍၊ ဝဋ္ဋနိုသိ၊ လောကီကိုးခက်၊
တိုးမနက်ဘူး၊ အိပ်မက်အလား၊ အငှားဥစ္စာ၊ သူ့ဟာတမျှ၊
စိုးမရတည့်။

ခန္ဓာမီးခိုး၊ တိမ်ရိပ်မျိုးကား၊ အစိုးမရ၊ တစ်ခဏတည်း။

မဃဒေဝလင်္ကာ

# တဏှာကွန်ရက်

မနုဿလူသားများကို လေးမျိုးလေးစား ခွဲခြားနိုင်ပေသည်။ ၎င်းတို့မှာ–

တဏှာသံယောဇဉ်ဖြင့် အနှောင်အဖွဲ့ ခံနေရသူများ။

ထိုအနှောင်အဖွဲ့မှထွက်မြောက်ရာ ဝိမုတ္တိရသကို ရှာကြံနေသူများ။

ထိုသို့ ရှာနေကြရာက ဝိမုတ္တိရသ ရသွားကြသူများ။

မူလကပင် ဝိမုတ္တိရသကို ရခဲ့သူများဟု ဆိုရပေမည်။

ဝိမုတ္တိရသကို ရပြီးသူများက ပုထုဇဉ်လူသားများကို အမှန်တရားပြ၍ ကောင်းကျိုးဖြစ်ထွန်းစေရန် လူ့ဘောင်လောက၌ အသက်ရှင်နေကြခြင်းဖြစ်သည်။

သံယောဇဉ်ဖြင့် အနှောင်အဖွဲ့ခံနေရသူများမှာ လူမှုရေးရာ ဃရာဝါသ သမ္မာဝ၌ နစ်မွန်းလျက် ဘုရားသခင်အား အမေ့ကြီးမေ့လျော့၍ ယောင်ယမ်းကာမျှ သတိမရကြသော လူစားများဖြစ်သည်။

ဝိမုတ္တိရသကို ရှာဖွေသူတို့ကား သံယောဇဉ်နှောင်ကြိုးကို ကြိုးစား၍ ဖြတ်နေကြသူများဖြစ်လျက် တချို့ကအောင်မြင်၍ တချို့ကား ရှုံးနိမ့်နေသော လူစားမျိုးဖြစ်၏။

ပမာအားဖြင့် ရေအိုင်တစ်အိုင်အတွင်းသို့ တံငါသည်က ကွန်ပစ်လိုက်သောအခါ ကွန်မအုပ်မိခင် အရှောင်အတိမ်း ကျင်လည်ကုန်သောငါး

တို့ကား ဝိမုတ္တိရသကို မူလကတည်းက ရနေသူများနှင့်ပမာတူ၏။

ကျန်သောငါးများအဖို့ကား ပိုက်ကွန်ထဲတွင် ငြိတွယ်ဖုံးအုပ်ခြင်း ခံနေကြရလေပြီ။ ထိုသည့်အနက်မှ အချို့သောငါးသည် လွတ်မြောက်အောင် ခုန်ပျံလူးလွန့်ကြိုးစားနေကြ၏။ ထို ငါးသတ္တဝါတို့ကား ဝိမုတ္တိရသကို ရှာကြံနေကြသောလူစားမျိုးတည်း။

ကြိုးစားနေကြသော ငါးအနည်းငယ်သည် (ကံ, ဉာဏ်, ဝီရိယ အားလျော်စွာ) ပိုက်ကွန်ထဲမှ ထွက်ပေါက်တွေ့၍လွတ်မြောက်ကာ ရေထဲသို့ရှန်းထွက်သွားသောအသံများ ဖြစ်ပေါ်စေလေ၏။ ထိုအခါ တံငါသည်များက–

"ဟောဟိုမှာ ငါးကြီးတစ်ကောင် လွတ်သွားပြီဟေ့" ဟု ဟစ်အော်လိုက်၏။ ထိုငါးသတ္တဝါမှာ ဝိမုတ္တိရသကို ရှာဖွေကြိုးစားအောင်မြင်သွားသူနှင့် တူပေသည်။

ကျန်ရှိသော ငါးများတို့ကား ရွံ့ညွန်ထဲတွင်သာ မိမိတို့ကိုယ်ကို နှစ်မြှုပ်ငြိမ်သက်၍ ပါးစပ်ပေါက်များတွင် ကွန်တန်းလန်းရှိနေကြရာက–

'ငါတို့ ကြောက်စရာမရှိပါဘူး၊ ယခုနေရာတွင် လုံခြုံစိတ်ချရပါတယ်'ဟု ကိုယ့်အဖြစ်ကိုကိုယ် မထိတ်မလန့် ယုံကြည်နေကြလေသည်။ သို့သော် ထိုသနားစရာ ငါးသတ္တဝါများကား မကြာမြင့်မီပင် တံငါသည်များက ပိုက်ကွန်နှင့်တကွ ဆွဲတင်၍ ယူငင်ကြလိမ့်မည်ကို မသိရှာကြလေကုန်။ ထိုငါးတို့မှာ လောကတွင် စိတ်ချလက်ချ အနှောင်အဖွဲ့ခံနေကြသော ပုထုဇဉ်တို့နှင့် တစ်သဝေမတိမ်း တူညီကြလေကုန်၏။

*

ဤပုံပြင်မှာ ပေါ်လွင်ထင်ရှားလှသောကြောင့် အကျယ်လင်းပါးဖွယ် မလိုတော့ပေ။ သာဝတ္ထိပြည်တွင် မြတ်စွာဘုရားသီတင်းသုံးစဉ်က

နတ်သားတစ်ဦးသည် ဤသို့လာရောက်မေးလျှောက်ဖူးလေသည်။

"အရှင်ဘုရား၊ အတွင်းအပ၌ ဖွဲ့ယှက်ရှုပ်ထွေးရစ်မြွေးတတ်စေသော တဏှာကွန်ရက်ကို အဘယ်သူသည် ခုတ်ဖြတ်ဖောက်ထွင်း ဖြေရှင်းနိုင်ပါအံ့နည်း"

ထိုအခါ မြတ်စွာဘုရားက–

"ဒေဝပုတ္တနတ်သား၊ ဘုံသုံးပါးလုံး ဝန်းကျင်ဖွဲ့ချုပ်သော တဏှာကွန်ရက်ရှုပ်ကို သီလ သမာဓိ ပညာကိုပွားသော၊ တည်ကြည်သော၊ ခိုင်လုံသော၊ သံသရာဘေးကိုရှုလေ့ရှိသော ထိုသူသည် ခုတ်ဖြတ်ဖောက်ထွင်း ဖြေရှင်းနိုင်၏"ဟု နတ်သား၏သံသယကို ငြိမ်းတော်မူစေခဲ့၏။

ဤကား ဝိသုဒ္ဓိမဂ်၏ နိဒါန်းတည်း။

# တန်ဖိုး

မြို့တစ်မြို့ရှိ သူဌေးတစ်ဦးသည် တစ်နေ့သောအခါ သူ့အစေခံအား ခေါ်၍ စိန်တစ်လုံးပေးပြီး ဤသို့ခိုင်းစေ၏။

"ဤစိန်ကို ဈေးသို့ယူသွား၍ ပိန်းဥရောင်းသူထံ ရောင်းချေ၊ သူပေးလိုသောဈေးကို ငါသိချင်၏။ သူက ပေးလိုသောအဖိုးထက် အနည်းအကျဉ်း ပို၍ရကောင်းရအောင် တောင်းကြည့်ပါ၊ ထို့နောက် ငါ့ထံသို့ အမြန် ပြန်လာခဲ့လော့"

အစေခံသည် သူဌေး မိန့်ကြားသည့်အတိုင်း ပိန်းဥသည်ထံသွား၍ ရောင်း၏။ ပိန်းဥသည်က စိန်ကို အတုလော အစစ်လောဟု မဝေခွဲနိုင်ဘဲ အသေအချာကြည့်ရာက–

"ဒီဟာအတွက် ပိန်းဥ ကိုးပိဿာ ပေးမည်"ဟု ဆိုလေ၏။

"နည်းနည်း ပိုပေးပါလားဗျာ၊ ခွက်တစ်ဆယ်လောက်ဆိုရင်ကော"

"အမယ်လေး၊ ကိုးပိဿာဆိုတာတောင် လွန်လှပြီ၊ ကျုပ်က တန်ဖိုးထက် ပိုပေးတာပါ"ဟု ပြောလိုက်လေ၏။

အစေခံက သူဌေးထံပြန်လာပြီး ပိန်းဥသည်၏ ဈေးကိုပြောသော အခါ သူဌေးက အားရပါးရ ရယ်၍...

"ကဲ – ကဲ၊ အထည်သည်ထံ သွားရောင်းကြည့်ပါအုံး"ဟု ခိုင်းပြန်၏။

"ငွေ ကိုးရာပေးမယ်"ဟု အထည်သည်က ဈေးဖြတ်၏။

"နည်းနည်းပိုပေးပါလားဗျာ၊ မသကာ တစ်ထောင်လောက် အထိ"

"ဟင့်အင်း–ဟင့်အင်း၊ အခု ကျုပ်ပေးတာက ပေါက်ဈေးအတိုင်း အမှန်ပဲ၊ ဒီထက် နည်းနည်းမှ ပိုမပေးနိုင်ပါဘူး"

အစေခံသည် သူဌေးထံပြန်လာ၍ ပြောရပြန်၏။ သူဌေးက ခပ်ပြုံးပြုံးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီးမှ...

"ကဲကွာ၊ ဒီတစ်ခါတော့ စိန်ကုန်သည်ထံ သွားပြပါတော့"ဟု စေလိုက်၏။

စိန်ကုန်သည်သည် စိန်ရတနာကို တစ်ချက်မျှသာကြည့်လိုက်ပြီး "တစ်သောင်းပေးမယ်"ဟု ရဲဝံ့ပြတ်သားစွာ ချက်ချင်း ဈေးဖြတ်လိုက်လေ၏။

ဤပုံပြင်ကလေးကို ရာမာခရစ်ရှနာက အမြိုက်တရား၏တန်ဖိုး အစစ်ကို မခွဲခြားတတ်သူနှင့် ခွဲခြားတတ်သူ နှိုင်းယှဉ်၍ပြထားသော သဘောဖြစ်သည်။ အတုလော အစစ်လောဟု ကွဲပြားစွာမသိသော မိမိ၏ ပညာအတိုင်းအတာအရ လက်ဝယ်ရောက်လာသော ရတနာကို မသုံးဆောင်ရခြင်း အဓိပ္ပာယ်လည်း ပါရှိလေသည်။ ထို့ကြောင့် ဓမ္မပဒ၌...

**"အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ် မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှုလျှင် အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏"ဟု ဗုဒ္ဓမြတ်စွာက ဟောတော်မူသည်။**

# သမထတန်ခိုးကို
# လောကီပဒေကြိုးနှင့်မတိုင်းသင့်

အခါတစ်ပါး ယောဂီပညာရှိတစ်ယောက်သည် တောအဝင်ဝ လမ်းဘေးတစ်ခုတွင် သမာဓိတရားကို ပွားများရင်း အာရုံစူးစိုက်၍ လဲလျောင်းနေလေ၏။

သူခိုးတစ်ယောက်သည် ထိုလမ်းကို ဖြတ်သွားသောအခါ ယောဂီကြီးအား တွေ့လေရာ...

"ဤသူသည် ငါကဲ့သို့ သူခိုးတစ်ယောက် ဖြစ်ပေလိမ့်မည်၊ လွန်ခဲ့သောညများက အိမ်များကို ခိုးယူဖောက်ထွင်းပြီးနောက် မောမောပန်းပန်းနှင့် အိပ်ပျော်နေခြင်း ဖြစ်ပေလိမ့်မည်"ဟု တွေးတော၍ ကိုယ်ချင်းစာကာ အနှောင့်အယှက်မပေးဘဲ ထွက်ခွာသွားလေ၏။

သူခိုးထွက်သွားပြီးနောက် မကြာမြင့်မီပင် သေတင်းကုပ်မှမူး၍ ပြန်လာသော အရက်သမားတစ်ဦးက ယောဂီကြီးအားတွေ့ပြန်သော်...

"ဟား ဟား ဟား ဟား၊ ဒီလူ့နှယ် ဘယ်လောက်များ သောက်လာလို့ အောက်ခြေလွတ်နေတာပါလိမ့်၊ ငါနဲ့များ ကွာလိုက်တာကွာ၊ ကြည့်စမ်းပါ၊ တို့များတော့ ဘယ်လောက်သောက်သောက် ဣန္ဒြေတောင် မပျက်ပေါင်"ဟု ခပ်ယိုင်ယိုင်လျှောက်ရင်း ပြောသွားလေ၏။

ယောဂီတစ်ဦးက တွေ့သောအခါမှ သမထဝင်စားနေကြောင်း ချက်ချင်းသိ၍...

"ငါ့ထက် သမာဓိခိုင်လုံနေပါကလား"ဟု အနားသို့ချဉ်းကပ်ကာ သမာဓိမှ မထမချင်းစောင့်နေပြီးလျှင် တပည့်ခံ၍ ခြေဆုပ်လက်နယ်အမှုမျိုးပြုကာ ရိုသေကျိုးနွံစွာ ခံစားနည်းယူလေသတည်း။

ထိုဥပမာလေးနှင့်စပ်လျဉ်း၍ ရာမာခရစ်ရှနာက ဟောကြားသည်မှာ...

"အို...အချင်းတို့၊ ကျွန်ုပ်တို့၏ ယောဂီအာရုံများသည် မိမိသန္တာန်နှင့်လျော်ညီစွာ တွေးတောယုံမှားကြသောကြောင့် မြင့်မြတ်သော အမှန်တရားကို မမြင်တွေ့နိုင်အောင် ဖြစ်ရသည်။ ထို့ကြောင့် တပည့်တို့သည် ဉာဏ်အမြင်ပွင့်လင်းအောင် ကြိုးစားကြရမည်" ဟူသောစကားဖြစ်၏။

*

ဤပုံပြင်ကား 'မသိသူကျော်သွား၊ သိသူဖော်စား' ဟူသည့် စကားပုံကလေးကို ချဲ့ထွင်တင်ပြထားခြင်း ဖြစ်သည်။ ထိုသဘောတရားကို ငုံမိသောပုံဝတ္ထုတစ်ခုမှာ အဖိုးတန်စိန်တစ်လုံးကို ဝယ်ယူသူ အမျိုးမျိုးအစားစားထံ အရောင်းခိုင်းလိုက်သော သူဌေးပုံပြင်နှင့်တူ၏။ စိန်ကဲကျောက်ကဲ မခတ်တတ်သောလူတို့အဖို့ တန်ရာတန်ဖိုးဖြင့်ပေး၍ ဝယ်ယူနိုင်သောအင်အားမရှိသလို ယခုဝတ္ထုက ထို့ထက်သဘောပေါက်အောင် ဖော်ပြထားခြင်း ဖြစ်သည်။

လောကုတ္တရာတရားကို လမ်းပေါ်၌အဆင်သင့်တွေ့ရငြားသော်လည်း တရားမှန်မသိသော သူခိုးနှင့် သေသောက်ကြူးတို့၏ဆုံးရှုံးပုံကို ဥပမာ တင်စားထားလေသည်။ လောကုတ္တရာတန်ခိုးကို ကျွန်ုပ်တို့၏ ဉာဏ်ပေကြိုးကလေးဖြင့် တိုင်းကြည့်ရိပ်မိနိုင်ရန် ကျွန်ုပ်တို့၏ကိုယ်ခံအသိတရားလေးရှိထားပါမှ တွေ့မြင်နိုင်ကြသည်။ ထိုသို့သော အသိတရားကလေး ရှိလောက်အောင်မှာမူ ကိုယ်ကျင့် အလေ့အထုံများက အရင်းတည်ကြရသည်။

ထိုအလေ့အထုံကို ပါရမီဟုခေါ်ကြသည်။ စာကောင်းပေကောင်းကို ဖတ်ခြင်း၊ ပညာရှိ သူတော်ကောင်းကို ပေါင်းသင်းဆည်းကပ်ခြင်းတို့ရှိလျှင် အသိတရားကလေးများ ဝင်စားနိုင်လေသည်။ ထိုအခါ အားကိုးလောက်သောတရားအစစ်ကို ကိုယ်တိုင်တွေ့လျှင် ကိုယ်တိုင်ဆင်ခြင်၍ အကျိုးတရားတိုးပွားနိုင်လေသည်။ ထိုအရည်အချင်းမှကင်းကွာလျှင်ကား သေရည်သမားနှင့်ခိုးသားကဲ့သို့ လောကုတ္တရာရတနာပိုင်ရှင် မြင်တွေ့လျက်နှင့် ကျော်လွှားသွားလိမ့်မည်မှာ ယုံမှားဖွယ်ရာ မရှိချေ။

ထိုအကြောင်းကိုရည်ရွယ်၍ မန်လည်ဆရာတော်ဘုရားကြီးက ဤသို့ဆို၏။

> ရတနာဟူတုံ၊ တစ်စုံတစ်ခု၊ ဝတ္ထုအမျိုး၊ အဖိုးနှုန်းပြည့်၊ ပြည်တန်မှည့်လည်း၊ သုံးမည့်သူက၊ သုံးမကျလျှင်၊ မြေမှ ထင်စွာ၊ ကြက်ယက်ရာ၌၊ ရတနာ ပတ္တမြား၊ ပေါ်သော်လားသို့၊ သုံးစား မဝင်၊ ကဲမထင်ဘူး။
>
> မဃဒေဝလင်္ကာ

လောကီဉာဏ် သိပ္ပံပညာကလေး စိုးတဝါးဖြင့် ဘုရားသံဃာများကို ယုံမှားသကာ စစ်ဆေးစူးစမ်းနေခြင်းကြောင့် ကိုယ်ကျိုးဆုတ်ယုတ်တတ်လေသည်။ အထူးသဖြင့် တရားပြဆရာ ကမ္မဋ္ဌာန်းဆရာတို့ကား လောကီသမား ပညာတတ်အသိုင်းအဝိုင်း၏ ယုံကြည်လေးစားမှုကို ခံယူကြရန်ခဲယဉ်းလှတော့၏။ ပျောက်စေဆရာ၊ မှော်ဆရာ၊ ဂိုဏ်းဆရာ၊ အယောင်ဆောင်ဆရာ၊ ကိုယ်ကျင့်ပျက်နေသော တောင်ပို့ဆရာများအကြားတွင် သောကောရောကော အထင်သေးခံနေရတတ်သည်။ ဤသို့အထင်သေးမှုကြောင့် တကယ့်တရားဆရာမှာ ဆုံးရှုံးနစ်နာမှု မရှိ။ မိမိမှာသာ ရလတ္တံ့သော လာဘ်ကြီးရတနာများနှင့် လွဲချော်သွားတတ်ကြောင်း သတိပြုစရာကောင်း၏။

ကျွန်ုပ်၏ဦးလေးတော်သူ တရားသမားကြီးတစ်ဦးက ဤသို့ပြောဖူးလေသည်။

"အေး...လူကိုမယုံတတ်တဲ့အကျင့်ဟာ မင်းတို့အဖို့ လူလိမ်ခံရခြင်းမှလည်း လွတ်နိုင်တယ်၊ တကယ်အစစ်နဲ့လည်း လွဲနိုင်တယ်" ဟူသတည်း။

# ရဟန်းခံ လူသန့် လိုဘိတောင်း

ကြက်တူရွေးတစ်ကောင်အား အသက်ကြီးရင့်၍ လျှာထူနေသော အခါမှ စကားပြောသင်လျှင် မဖြစ်နိုင်ချေ။ လျှာပါးနေစဉ် ငယ်သောကာလ၌ သင်ကြားရာ၏။

နို့ချဉ်များကို ထောပတ်ဖြစ်စေရန် မိုးမလင်းမီ ပြုပြင်ကျိုချက်ရာ၏။ နေထွက်ပြီးနောက်မှလုပ်ရလျှင် ကောင်းသောထောပတ်များ မဖြစ်နိုင်တော့ပေ။

မှည့်ဝင်းသော သရက်သီးကား ဘုရားအားကပ်လှူရန်သော်လည်းကောင်း၊ သူတော်စင်တို့အား လှူဒါန်းရန်သော်လည်းကောင်း အသုံးချနိုင်၏။ ငှက်တို့ထိုးသုတ်ပြီးသောအခါမှဆိုလျှင် လှူဒါန်းဆက်ကပ်ရန်လည်း မထိုက်၊ မိမိကိုယ်တိုင် စားသုံးရန်လည်း မသင့်တော့ပေ။

အထက်ပါ ရာမာခရစ်ရှနာ၏စကားပုံသုံးခုမှာ ငယ်ရွယ်နုပျိုစဉ်အခါက အမွန်မြတ်ဆုံးသော လောကုတ္တရာတရားကို အားစိုက်ခွန်စိုက်ကျင့်ကြံကြရန်တိုက်တွန်းသော ဥပမာဖြစ်လေ၏။ စိတ်နှလုံးသန့်စင်ကြည်ဖြူသောလူငယ်တို့သည် မိမိတို့၏စိတ်ထားမညစ်ညူးမီ ဖြူစင်သောမဂ္ဂင်တရားများကို ကြိုးစားနိုင်ကြလျက် အသက်ကြီးရင့်၍ လောကီ၏မကောင်းသောစိတ်ဓာတ်များလွှမ်းမိုးအုပ်စိုးလာသည်နှင့်တစ်ပြိုင်နက် အနှစ်သာရမဲ့သောအကြောင်းတို့သည် အရိပ်ပမာမိုး၍ လိုက်နေတော့သည်ဖြစ်သော

ကြောင့် ကောင်းမှုကုသိုလ်များပြုလုပ်နိုင်ရန် ခက်ခဲကြောင်း ဖော်ပြထားလေသည်။

*

ဤစကားနှင့်တိုက်ရိုက်အကျုံးဝင်သော စတုဓမ္မသာရပျို့၌ ဤသို့ အရှင်မဟာရဋ္ဌသာရဆရာတော်က ရေးသားဖော်ပြထားသည်။

ယစ်မူးစည်းစိမ်၊ မေ့တိမ်ကုသိုလ်၊ ဝန်တို ဆို့ပိတ်၊ ရမ္မက်စိတ်ဖြင့်၊
ညစ်ကြိတ်ယန္တရား၊ ကြံဖတ်လားသို့ မြေးသားမြစ်စည်၊ မျော်တာရှည်၍၊
ချစ်ရည်ခန်းခြောက်၊ အိုမင်းရောက်မှ၊ စွန့်မြောက် လှူသော်၊ တော
ထွက်သော်လည်း၊ မလျော်လည်းကောင်း၊ ဇရာ ထောင်းသော်၊ ယျောင်း
ယျောင်းညုံ့ညုံ့၊ ငါးဆော်အုံ့ဟု၊ မခံ့လုံ့လ၊ ထကြွပြင်းထိုင်း၊ လိုတိုင်းမပါ၊
ပညာမေတုံး၊ နှလုံးလည်းငြိ၊ နှုတ်သီး လှုပ်ဆန်း၊ စီးဖြန်းဘာဝနာ၊
များစွာ မပြန့်၊ မှိတ်တုံ့ ကြန့်ခဲ၊ တောင်ညွှန့် ကုန်းတက်၊ ကမ်းရိုး
သက်ဝယ်၊ အနက် ပြည့်ဖြိုး၊ ရေပြည့်အိုးကို၊ ကြိုးကြိုး ပမ်းပမ်း၊
မဖိတ်ထမ်းသည်၊ လှူစွမ်းသဖွယ်၊ ပျိုနုနယ်က၊ စင်ကြယ် သိမ်မွေ့၊
ရသေ့ရဟန်း၊ ဖြစ်ထွန်းလေငြား၊ ထိုသူအားကို၊ ဘုရားက စ၊
ပဏ္ဍိတတို့၊ လွန်လှကြည်ညို၊ ချီးမွမ်းဆို၏။

ထို့ကြောင့် ရှေးဆရာတော်ကြီးများဆုံးမတော်မူရာ၌ တရားဓမ္မကျင့်ရန် ရဟန်းခံသောပုဂ္ဂိုလ်သည် ပျိုမြစ်နုနယ် အင်အားရှိသောအရွယ်သည် အကောင်းဆုံးဟုဆို၍ 'ရဟန်းခံ လူသန်လိုတိတောင်း'ဟု ဆောင်ပုဒ်ကလေးတစ်ခု ပြုစုတော်မူခဲ့ကြသည်။

# ဟီရို ဩတ္တပ္ပ

ရာမခေရစ်ရှနာဘုန်းတော်ကြီးသည် လောကုတ္တရာတရားသာ မဟုတ်၊ လောကီကိုယ်ကျင့်တရားနှင့်ပတ်သက်၍လည်း ဥပမာ ဥပမေယျ ခပ်ဆန်းဆန်းကလေးများဖြင့် တန်ဆာဆင်၍ ဟောတတ်ပေသေးသည်။ သူ၏တင်စားချက်များမှာ နက်နဲစွာစဉ်းစားလေ အဓိပ္ပာယ်ပေါက်လေချည်းပင်။ ကာမေသုမိစ္ဆာစာရအကျင့်နှင့်ပတ်သက်၍ အောက်ပါပုံပြင်တစ်ခုကို ပြောဖူး၏။

အခါတစ်ပါး အိမ်ထောင်ရှင်သူဌေးကတော်တစ်ယောက်သည် မူဆလမန်ယောကျ်ားတစ်ယောက်အား ကာမဝိတက်ဖြင့် စွဲလမ်းတမ်းတနေလေ၏။ တစ်နေ့သ၌ ထိုမိန်းမသည် ဥပါယ်တံမျဉ်ဖြင့် ထိုယောကျ်ားအား ဖိတ်ခေါ်၍ အိမ်တွင်းတွင် တွေ့ပြီးသော် သူ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုလေ၏။

မူဆလမန်ယောကျ်ားကား သူဌေးကတော်၏အချီးအမြှောက် အမအစ ကျေးဇူးမကင်းခဲ့သော ဩဇာခံတစ်ယောက်ဖြစ်စေကာမူ ကိုယ်ကျင့်သီလဖြောင့်သူဖြစ်သောကြောင့် မိန်းမ၏အလိုသို့လိုက်ကာ မပြစ်မှားဝံ့ချေ။

မိန်းမက အတင်းအကျပ် သွေးဆောင်တိုက်တွန်းသောအခါ ရှင့်သီးစွာလည်း မငြင်းလိုသဖြင့် –

"ကောင်းပါပြီ၊ သူဌေးကတော်အလိုသို့ ကျွန်တော်လိုက်ပါတော့မည်၊ သို့သော် ယခုလောလောဆယ် ကျွန်တော်ကိုယ်လက်သုတ်သင်လိုပါသေးသည်။ ထို့ကြောင့် အိမ်သို့ပြန်၍ ရေကရား(အိမ်သာ၌ကိုယ်လက်သုတ်သင်ရာတွင်သုံးသောရေကရား) ယူပါချေဦးမည်"ဟု ပြောသောအခါ အိမ်

ရှင်မက သူ့အိမ်တွင် ရေကရားအသင့်ရှိပါသည်။ ထိုကရားနှင့်ပင် သုံးပါဟု ဆိုလေ၏။

"ခင်ဗျားရေကရားနှင့်ကျွန်တော် ကိုယ်လက်သုတ်သင်၍မဖြစ်နိုင်ပါ၊ ကျွန်တော်၏ အင်္ကျီကြီးငယ်ကို တွေ့ဖူးကြုံဖူးသော ရေကရားအဟောင်းမှသာ ကျွန်တော်သုံးဝံ့ပါမည်"ဟု ပြောပြောဆိုဆို ထွက်သွားလေ၏။ ထိုအခါမှ သူဌေးကတော်သည် သူ့စကား၏အဓိပ္ပာယ်ကို ရိပ်မိကာ ဟီရိဩတ္တပ္ပ သံဝေဂ ဖြစ်ပေါ်ခဲ့လေသတည်း။

*

ဤ၀တ္ထုသည် မူဆလမန်ယောကျ်ား၏ ပရိယာယ်မှာ လွယ်လွယ်နှင့် ဟီရိဩတ္တပ္ပတရားကို ဖော်ပြရာရောက်သည်။ စဉ်းစားမိသော သူဌေးကတော်အတွက် ချက်ချင်းသတိသံဝေဂရနိုင်သည်။ ရာဂနှင့်တူသော မီးသည် မရှိဟူသော တရားအတိုင်း ရာဂမီးလောင်နေသော မိန်းမ တစ်ယောက်အား ပဋိပက္ခလုပ်ရန်မှာ အန္တရာယ်ကြီးမားလှပေသည်။ ကာမေသုမိစ္ဆာစာရ၏အပြစ်များကို ပြောဟောကန့်ကွက်နေခြင်းသည် ထိုကဲ့သို့သော အခိုက်အခါမျိုး၌ အနာပေါ်တုတ်ကျသကဲ့သို့ ရန်မီးပွားစရာရှိနိုင်သည်။ ချစ်သော် သက်နှုန်း၊ မုန်းသော် ရန်သူ ဟူဘိသကဲ့သို့ အကြံမတူသော ယောကျ်ားအား မိန်းမတို့၏အာဃာတပရိယာယ်ဖြင့် နိပ်စက်နိုင်လေသည်။

ထိုမှတစ်ပါး ဤ၀တ္ထုပါ မူဆလမန်ယောကျ်ားကဲ့သို့ သူ၏အိမ်ရာကို မပြစ်မမှား ရှောင်ရှားဖယ်စွန့်ခြင်းကို သင်ခန်းစာရ, ယူနိုင်အောင် ရည်ဆောင်ချက်လည်း ရှိပေလိမ့်မည်။

ညစ်ကျူးယုတ်မာ၊ သူ့အိမ်ရာကို၊ မိစ္ဆာ စွန်းငြိ၊ မခိုက်ထိ
နှင့်၊ မသိကျိုးကျွန်၊ မမြင်ဟန်သို့၊ သားမွန်ရှေ့ရုပ်၊ ဉာဏ်ထိန်းအုပ်
၍၊ စောင့်ချုပ်မပြ၊ ကိလေသာဖြင့်၊ ပညာကင်းဘိ၊ သတိကင်း

ဝေး၊ သူ့သက်ပေးအား၊ မျက်မွေးထော်လော်၊ တစ်ကြိမ်သော်မျှ၊ မျှော်ကာမရှု၊ ဆင်ခြင်ပြုလော့။

မဃဒေဝလင်္ကာ

မိမိကိုယ်ကို စောင့်မှလုံခြုံသည်ဟု ဗုဒ္ဓမြတ်စွာက ကောသလမင်းကြီးအား ဤသို့ဟောဖူး၏။

ဒကာတော် မင်းကြီး၊ ကာယကံနှင့် ဖြစ်စေ၊ ဝစီကံနှင့် ဖြစ်စေ၊ မနောကံနှင့်ဖြစ်စေ မကောင်းမှုကိုပြုသောသူသည် မိမိကိုယ်ကို မိမိ စောင့်ရှောက်သူများ မဟုတ်ချေ။ ထိုသူတို့သည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ကြီးများဖြင့် စောင့်ရှောက်ထားစေကာမူ မိမိကိုယ်ကို မိမိ စောင့်ရှောက်ထားသူများမဟုတ်။ ထို စစ်တပ်များကား အပြင်အပ အစောင့်အရှောက်များသာတည်း။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကို ကိုယ်နှုတ်နှလုံး သုံးပါးစလုံး စောင့်စည်းသည့် အရှက်ရှိသောသူကို မိမိကိုယ်မိမိ စောင့်ရှောက်သူ ဟု ဆို အပ်၏။

ဓမ္မပဒ

# လောကထဲမှ မထွက်နိုင်သေးလျှင်

ရာမာခရစ်ရှနာ ဘုန်းတော်ကြီးသည် တရားဓမ္မကို ကြည်ညိုသူတိုင်း တောထွက်၍တရားကျင့်နိုင်ကြမည်မဟုတ်ဟု သိထားသူဖြစ်သည်။ ထိုသို့ လောကီနယ်တွင်းမှ စွန့်ခြင်းကြီးစွန့်ကာ တောမထွက်နိုင်ကြသေးသော် လူ့ဘဝလူ့ကိစ္စထဲတွင်ပင် သတိမမေ့မလျော့နေနိုင်ကြရန် ဥပမာကလေးများဖြင့် ဤသို့ညွှန်ပြတော်မူခဲ့သေး၏။

"လောကကြီးထဲမှ မထွက်နိုင်သေးပါဟုဆိုလျှင် လောကကြီးထဲတွင်ပင် ကျင့်ကြံနေထိုင်ပါ။ သို့သော် လောကီအညစ်အကြေးတွေကို သတိနှင့်ကင်းစင်နိုင်သမျှ ကင်းစင်အောင် ရှောင်ကြဉ်အားထုတ်ပါ။ ရေပေါ်မှပျံတက်သောငှက်တို့သည် အတောင်ကို ရေပေါ်တွင် တဖျပ်ဖျပ်ခတ်ပြီး ရေစင်အောင်ပြု၍ ပျံတက်ကြသည်။ ရွှံ့ထဲတွင်နေထိုင်သောငါးသည် ရွှံ့နှင့်မရောနှောပါ။ (ဝါ) ရွှံ့ပေကျံခြင်း မရှိပါ"

"ပိန္နဲသီးကိုခွဲပြီးလျှင် ဆီကိုသုံး၍ အတွင်းသားကို ကိုင်တွယ်ပါက အစေးကပ်မည်ကို စိုးရိမ်ရတော့မည် မဟုတ်။ ထိုအခါ ပိန္နဲသီးအရသာကို အနှောင့်အယှက်မရှိ ခံစားသုံးဆောင်နိုင်၏"

"သင်သည် ဖိနပ်စီးထားလျှင် ဆူးပေါ်သို့နင်း၍ လျှောက်နိုင်၏။ ဘာသာရေးအသိပညာ ရှိထားလျှင် အန္တရာယ်များသည့် လောကအတွင်းဝယ် ဘေးကင်းစွာကျက်စားနိုင်၏"

"နွားနို့တွင်ရေရောသော် ရေသည်နွားနို့နှင့်မကွဲပြား အတူနေနိုင်

သေး၏။ နွားနို့မှတစ်ဆင့်တက်၍ ထောပတ်ဖြစ်လာသောအခါကား ရေနှင့် ရောသော်လည်း ရေနှင့်အတူမနေတော့ဘဲ ရေပေါ်သို့သာ ထောပတ်က တက်လာပါလိမ့်မည်။ ထို့အတူ စိတ်သည် အကျင့်မရှိသေးခင်သာ မကောင်းမှုအဝိဇ္ဇာနှင့်ရောပြွမ်းနေသော်လည်း အကျင့်ရှိ၍ စိတ်အဆင့်တက် လာသောအခါ အကုသိုလ်အဝိဇ္ဇာနှင့် ရောယှက်၍မနေတော့ပေ"

"ကြေးအိုးများကို နေ့စဉ်မတိုက်မချွတ်သော် ကြေးညှိတက်၍ အသွေးအရောင် ပျက်လတ္တံ့။ ထို့အတူ စိတ်ကို နေ့စဉ်လျစ်လျူပြုထားက အဝိဇ္ဇာအညှိတက်၏"

"ချောမွေ့သော မှန်အပြင်ဝယ် မည်သည့်အရာမျှ မထင်နိုင်ပေ။ သို့သော် လိုအပ်သောဓာတုဗေဒပစ္စည်းတို့ဖြင့် မှန်သားကိုအုပ်လိုက်သော အခါ ဓာတ်ပုံမှန်သားဖြစ်လာ၍ ၎င်းအပေါ်တွင် ကိုယ်လိုချင်သောအရုပ် သဏ္ဍာန် အမှန်ပေါ်ထင်လာနိုင်၏။ ထိုနည်းတူစွာ လူတို့၏နှလုံးသားကို တရားနှင့်မွမ်းမံလျှင် ဘုရားရှင်၏ ပုံပန်းသဏ္ဍာန် ထင်ရှားစွာပေါ်လာနိုင် လေသည်"

# အသိနှင့်အမြင်

လူတို့၏ သိပ္ပံပညာတွင် ဘုရားသည် လူ့အသွင်ကိုဖန်တီးနိုင်သည်ဟု မပါရှိသောကြောင့် ဘုရားကို မယုံကြည်မှုများရှိကြ၏။ မှချရှိကုန်၏။ ဥပမာဆိုအံ့၊ လူတစ်ယောက်သည် မိတ်ဆွေတစ်ဦးအား အရေးတကြီးလာ၍ သတင်းတစ်ခုပြောကြား၏။

"အိမ်တစ်ဆောင် ဝုန်းခနဲပြိုကျသွားတာကို ယခုပဲ ငါမြင်ခဲ့တယ်"

ထိုအခါ အင်္ဂလိပ်စာတတ်ဖြစ်သော သူ့မိတ်ဆွေက -

"မင်းပြောတာနေပါဦး၊ ငါသတင်းစာထဲ ရှာကြည့်ပါအုံးမယ်"ဟု သတင်းစာကို ရှာဖွေဖတ်ရှုလေ၏။ သို့သော် ထိုသတင်းကား သတင်းစာထဲတွင် မပါချေ။ ထိုအခါ-

"မင်းစကားကို ငါမယုံနိုင်ဘူး၊ သတင်းစာထဲမှ မပါဘဲ၊ ဒီသတင်းမှားတယ်"ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏"

*

ညအခါကောင်းကင်၌ ကြယ်တာရာပေါင်းများစွာကို တွေ့ရ၏။ သို့သော် နေထွက်လာသော နေ့အချိန်တွင်မူ ထိုကြယ်အပေါင်းကို မမြင်နိုင်တော့ပေ။ သို့ဖြစ်သည့်အတွက် ကောင်းကင်၌ ကြယ်တာရာများ မရှိဟုဆိုနိုင်ပါမည်လော။ ထိုနည်းတူပင် သင်တို့၌လည်း အသိအမြင် မရှိစဉ်

ကာလ၌ ဘုရားရှင်ကို မတွေ့မြင်ရသည်ဖြစ်ခြင်းကြောင့် လောက၌ ဘုရား ဟူ၍မရှိဟု မပြောအပ်ပေ။

ထိုပြဿနာကို မိလိန္ဒမင်းကြီးအား ရှင်နာဂသေန ဖြေခဲ့ဖူးပေပြီ။ မိလိန္ဒမင်းကြီးက ဤသို့မေး၏။

"အရှင်ဘုရားသည် ဘုရားရှင်ကို မြင်ဖူးပါ၏လော"

"မင်းကြီး၊ ငါသည် ဘုရားရှင်ကို မမြင်ဖူးချေ"

"အရှင်ဘုရား၏ဆရာတို့သည် မြင်ဖူးပါသလော"

"ငါ၏ဆရာတို့သည်လည်း မမြင်ဖူးကုန်"

"ထိုသို့တပြီးကား ဘုရားမရှိခဲ့ပါတကား"

"အရှင်မင်းကြီး အသို့ဆိုသနည်း၊ ဟိမဝန္တာ၌ ဥဟာအမည်ရှိသော မြစ်ကို မင်းကြီး မြင်ဖူးပါ၏လော"

"ဥဟာအမည်ရှိသောမြစ်ကို တပည့်တော် မမြင်ဖူးပါ"

"မင်းကြီး၊ သင်၏အဖသည် မြင်ဖူးလေသလော"

"တပည့်တော်၏အဖသည်လည်း မမြင်ဖူးပါချေ"

"ထိုသို့တပြီးကား ဥဟာမည်သောမြစ်သည် မရှိခဲ့တကား"

"အရှင်ဘုရား၊ ဥဟာမည်သောမြစ်ကို တပည့်တော်နှင့်တပည့် တော်အဖ မမြင်ဖူးသော်လည်း ဥဟာမြစ်ကား အမှန်ပင်ရှိပါ၏"

"မဟာရာဇာ၊ ထို့အတူပင် ဗုဒ္ဓကို ငါနှင့်ငါ့ဆရာ မမြင်ဖူးသော် လည်း ဘုရားရှင် အမှန်ပင်ရှိ၏"

*

ရာမာခရစ်ရှနာက ဘုရားနှင့်ပတ်သက်၍ သူ၏အာဘော်ကို ဤ သို့ရှင်းပြ၏။

ဘုရားရှင်သည် အမည်နာမတော် မြောက်များစွာရှိ၏။ ဘုရားရှင်

အား သိမြင်နိုင်ရန် ပုံပန်းသဏ္ဍာန်အမျိုးမျိုးဖြင့်လည်း ကွဲပြားပေသည်။ မည်သို့ပင် အမည်တပ်၍ မည်သို့သောပုံပန်းသဏ္ဍာန်ဖြင့် မိမိတို့စိတ်ကူးသည် ဖြစ်စေကာမူ မိမိ၏ ရည်မှန်းသည့်အတိုင်း ဘုရားရှင်အား တွေ့ကြရမည်ဖြစ်၏။

ရေကို ဘာသာအသီးသီးဖြင့် 'ရေ' ဟူ၍လည်းကောင်း၊ 'ဝါးတား' ဟူ၍လည်းကောင်း၊ 'ဝါရိ' ဟူ၍လည်းကောင်း၊ 'အက်ကွာ' ဟူ၍လည်း ကောင်း အသီးသီးအမည်ပေးကြသော်လည်း သောက်သုံးရာတွင် တူညီသော အရသာနှင့်အကျိုးကို ပေးမည်သာတည်း။

ဇာတ်နိပါတ် ဘာသာရပ်များအမျိုးမျိုးတွင်ရှိသော ဘုရားအဆူဆူမှာ အမြင်ကျဉ်းသူတို့၏ စိတ်ဓာတ်မှ ဖြစ်ပေါ်လာသော တစ်ဆူတည်းသော ဘုရားကို မြင်ပုံအမျိုးမျိုးသာဖြစ်သည်။ 'ကောင်းကင်ကဘုရား'၊ 'ထာဝရဘုရား'၊ 'နိဗ္ဗာန်အမတ'၊ 'လင်းရောင်ခြည်'၊ 'တရားတော်'၊ 'တမန်တော်' ဆိုသည်များမှာ ဘုရားတစ်ဆူကို မြင်ရသော ရှုမြင်ကွက်အမျိုးမျိုးသာဖြစ်၏။

ရွှေကို အဆင်တန်ဆာ ရတနာအမျိုးမျိုးပြုလုပ်ကာ အမည်အမျိုးမျိုးဖြင့် လက်ကောက်၊ နားဆွဲ၊ နားကပ်၊ ဆွဲကြိုး၊ ဘယက်ဟုခေါ်ကာ ဝတ်ဆင်ကြသကဲ့သို့ တစ်ဆူတည်းသောဘုရားအား တိုင်းပြည်အမျိုးမျိုး ခေတ်အဆက်ဆက်မှစ၍ အမည်ပုံပန်းသဏ္ဍာန်အမျိုးမျိုးဖြင့် ကိုးကွယ်ခဲ့ကြသည်။ အချို့က ကြည်ညိုလွန်းသဖြင့် 'ဖခင်ကြီး' ဟုခေါ်၏ အချို့ကလည်း (မွေးသမိခင် ကျေးဇူးရှင်အလား) 'မယ်တော်ကြီး' ဟုခေါ်၏။

ဘာသာတိုင်းတွင် သုတ်, ဝိနည်း, အဘိဓမ္မာဟူ အခန်းသုံးခန်း ရှိပေသည်။ အဘိဓမ္မာဆိုသည်မှာ ဘာသာတရား၏ အုတ်မြစ်ဖြစ်ပြီးလျှင် သုတ်နှင့်ဝိနည်းမှာ အပေါ်ယံအလွှာများဖြစ်ပေ၏။ (ဤနေရာတွင် ဘာသာတရား၏ အုတ်မြစ်သည် သာသနာ၏ အုတ်မြစ်နှင့်ကွဲပြားကြောင်း သတိပြု

စရာရှိမည်ထင်ပါ၏။ (စာပြုသူ)

သုတ်, ဝိနည်းတွင် ဘယ်သောအခါမျှ (တိုင်းပြည်၊ လူမျိုး၊ ဝါဒ စရိုက်များအရ) ညီညွတ်မှုမရှိနိုင်ချေ။ ထိုတရားနှစ်ခုသည် သာမန်လူတို့ နားလည်အောင် (ဆောက်တည်နိုင်အောင်) အဘိဓမ္မာတရားကို အကောင် အထည်(အထောက်အပံ့) ဖော်ခြင်းသာဖြစ်သည်။

လူတို့၏(ယောဂီတို့၏)စိတ်တွင် ဖြူစင်သေဝပ်လာပြီး ဘာသာ တရား၏အနှစ်သာရအစစ်အမှန်ကို သိမြင်သည်နှင့်တစ်ပြိုင်နက် ဝိနည်းနှင့် သုတ်တို့ကို မလိုလားထိုက်တော့ပေ။

ဘာသာတရားနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ကြခြင်းမှာ (ကော ဓမ္မော)ဘာသာတရား၏လိုရင်းအချက်ကြောင့်မဟုတ်ဘဲ စကားလုံး ရှင်း လင်းချက်များ၊ အဋ္ဌကထာဋီကာများအပေါ်တွင်မူတည်၍ ကောက်ချက်ချကာ ပြကာမှအစပြု၍ အငြင်းပွားရခြင်းဖြစ်သည်။ တောင်းအကြောင်းငြင်းခုံ ကြစဉ် တောင်းထဲ၌ပါလာသောပစ္စည်းများမှောက်ကျကုန်သည်နှင့်တူပေသည်။

# လောကီအပုပ်နံ့

အခါတစ်ပါး တံငါသည်၏မယားတစ်ယောက်သည် ရွာတစ်ရွာသို့လာကာ ငါးများကို တောင်းနှင့်ရွက်၍ရောင်းချလေရာ ညနေစောင်းမှ ငါးများကုန်သောကြောင့် တံငါတဲသို့ပြန်ရန် အချိန်မရှိလေရကား ထိုရွာတွင်နေသူ မိတ်ဆွေမအိမ်သို့ တစ်ညတာတည်းခိုအိပ်စက်ရန် လာခဲ့၏။ သူ့မိတ်ဆွေမကား ပန်းစိုက်ပျိုး၍ရောင်းချသောဥယျာဉ်မှူး၏မယားတည်း။

သူငယ်ချင်း အချင်းချင်းတွေ့ကြသောအခါ အချိန်ကြာမြင့်စွာ ကွဲကွာနေရသူများဖြစ်ခြင်းကြောင့် အိမ်ရှင်ပန်းသည်မက ဝမ်းသာအားရဖြင့် ဧည့်ခံကျွေးမွေးလေ၏။

အိပ်ချိန်တန်သောအခါ ပန်းစီးများထားရာ အခန်းကလေးထဲ၌ ကောင်းမွန်စွာအိပ်ရာပြုပြင်၍ သိပ်လေ၏။ သို့သော် တံငါသည်မကား ပန်းရနံ့များလှိုင်နေသည့်အတွက် အိပ်မပျော်နိုင်ဘဲ တပြောင်းတပြန်နှင့် နေမထိ ထိုင်မသာဖြစ်နေလေ၏။

ဤအချင်းအရာကို အိမ်ရှင်မကမြင်သောအခါ...

"ဟော့...သူငယ်ချင်း၊ ဘာဖြစ်လို့ အိပ်မပျော်နိုင်တာလဲ"ဟု မေးလေရာ...

"မသိပါဘူး သူငယ်ချင်းရာ၊ ပန်းအနံ့တွေကပဲ အိပ်မပျော်နိုင်အောင် ဖြစ်နေရော့သလား မပြောတတ်ဘူး။ ဒါနဲ့အေ၊ ငါ့ ငါးထည့်လာတဲ့ တောင်းကလေးများ လွယ်ရင် ပေးစမ်းပါ၊ ဒီတောင်းရရင် ငါ အိပ်ပျော်နိုင်

ကောင်းပါရဲ့"ဟု ဆိုသောကြောင့် ပန်းသည်မက သူ့ငါးတောင်းကိုပေးလိုက်ရာ တံငါသည်မသည် သူ၏ဈေးတောင်းကိုရေဖျန်း၍ အပါးမှာထားကာ တောင်းမှထွက်သောအနံ့အသက်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ရာတော့သတည်း။

*

ဤဝတ္ထုတွင် အန္ဓပုထုဇဉ်မည်သည် စက်ဆုပ်ဖွယ်သောလောကီ၏ အပုပ်အစပ်ကို ရွံရှာဖို့ထား၍ အပါးမှ မခွာချင်အောင် စုံမက်နေတတ်ကြောင်း လွယ်လွယ်ကလေးနှင့် ပေါ်လွင်စေပါသည်။ ထိုအတိုင်းပင် မန်လည်ဆရာတော်ဘုရားကြီးက သူ၏မဃဒေဝတွင် သေသောက်ကြူးသည် ချဉ်စော်ပုစပ်သော သေအရက်ကိုမရွံတတ်ခြင်း၊ ဘိန်းစားသည် စိမ်းရွှေရွှေ စပ်ခါးခါးဖြစ်သော ဘိန်းကို မရွံတတ်ခြင်း၊ ငါးပိကြိုက်သူသည် ပုပ်ဟောင်သောငါးပိကို မရွံတတ်ခြင်း၊ အန္ဓပုထုဇဉ်တို့သည် အသုဘဖြစ်သော အတ္တဘောကို မရွံတတ်ခြင်းဟု မရွံတတ်သူလေးဦးကို ဤသို့စပ်ဆိုဟောကြားထားသည်။

"လူတွင်အထူး၊ သောက်ထုပ်ကြူးတို့၊ အမူးအမက်၊ သေအရက်ဒ္ဓိ၊ နှစ်သက်လိုလား၊ သောက်စားမြဲမြဲ၊ ခါတစ်ရံမျှ၊ မရွံတတ်ခြင်း။ နံဖျင်းလွန်စွာ၊ ပညာရှားပါး၊ လူ့ဘိန်းစားလည်း၊ စပ်ခါးစိမ်းဆွဲ၊ ဘိန်းနံ့နံ့ကို၊ မရွံတတ်ခြင်း။ ခံတွင်းလျှာကျိုး၊ အမျိုးစရိုက်၊ ငါးပိကြိုက်သူ၊ ထိုသည့်လူလည်း၊ သိုးအူနံ့လှောင်း၊ ထောင်းထောင်းပွက်လျှံ၊ ငါးပုပ်နံ့ကို၊ မရွံတတ်ခြင်း။ အလင်းမယှဉ်၊ ပုထုဇဉ်တို့၊ အစဉ်မိုက်မှား၊ တဏှာအားဖြင့်၊ ယောက်ျားမိန်းမ၊ ကိုယ်ကာယ၏၊ အသုဘစစ်၊ ပုပ်ဟောင်ညစ်ကို၊ လွန်ချစ်ရောပြွမ်းသက်လုံးနှံ၍၊ မရွံတတ်ခြင်း။ ဤလေးသင်းကား၊ မယွင်းတူမျှ၊ ဟုစကြ၏"

# အမှန်တရား

စကြဝဠာ ကမ္ဘာလောကကြီးဟာ ရွေ့လျားနေမယ်ဆိုရင် နေလိမ့်မည်။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးအစုစုတွေဟာလည်း တစ်ခုနဲ့တစ်ခု မာန်တု၍ ခြားနားနေလိမ့်မည်။

လူ သတ္တဝါ ကမ္ဘာသူ ကမ္ဘာသားတွေ ကိုယ်တိုင်လည်း အမြဲ ဖောက်ပြန်ယုတ်မာ၍ နေချင်နေလိမ့်မည်။

ဒါပေမဲ့ အမှန်တရားဆိုသည့် ဖြောင့်မှန်ခြင်းကတော့ သန့်ရှင်းစွာနဲ့ မဖောက်မပြန် မပြောင်းမလဲ၊ အမြဲထာဝရ တည်တံ့လျက်ရှိပေသည်။

အသက်အရွယ် နှစ်ဆယ်ကမကျော်သေးသော မိန်းမပျိုလေး တစ်ယောက်သည် ဂင်္ဂါမြစ်ကမ်းနဖူးမှာစုံရပ်၍ တသွင်သွင် တဝေါဝေါစီး ဆင်းနေတဲ့ ကမ်းအပြည့်ရေပြင်ကြီးကိုကြည့်နေသည်၊ တစ်ဖက်ကမ်းက တောင်ညိုညိုခါးစောင်းမှာ နီမောင်းသည့်နေဝန်းကြီး၏ အရောင်အဆင်း ကလည်း ဂင်္ဂါမြစ်ရေအလျဉ်ကို ရွှေပြင်ကြီးဖြစ်သွားအောင် ဖန်တီးနေပေ သည်။ ကလေးမ၏ ခါးဝတ်တန်ဆာ ငွေလွှာဇာပြင်ကလေးတွေနှင့် ဆံနွယ်ဉ် ပိတုန်းမျှင်ကေသာမှာ လေလာရာ လွင့်ပါးပြီး တဖွားဖွားပျံ့လွင့်နေ သဖြင့် မြစ်ဂင်္ဂါစောင့်ကြပ်သည့် ရေနတ်သမီးကလေး ကိုယ်ထင်ပြပြီး အလှ ကျက်သရေ ဆောင်နေရော့လေသလားဟု ထင်မှားစရာပင် ကောင်းပေ သည်။

ဂင်္ဂါမြစ်ကြီးကလည်း မြစ်ဖျားခံရာ အညာဒေသက ပြင်းထန်

သည့်မိုးလေဝသကြောင့် မနေ့ကစပြီး တဝေါဝေါ တဒီးဒီးရေကြီး၍ စီးဆင်းနေသည်။ ဤအခါမျိုးမှာ မြစ်အောက်ကျသည့် မြို့ရွာလယ်မြေများမှာ မြစ်ရေကြောင့် တာကျိုးပြီး အခါဆိုးကြီးဖြစ်သွားနိုင်ပေသည်။ လယ်ယာ၊ အိုးအိမ်၊ ကျွဲနွား၊ လူသတ္တဝါတို့အသက်စည်းစိမ်သည် ဂင်္ဂါမြစ်ရေ လျှံလာမည်ကိုသာ စိုးရိမ်စွာစောင့်စားနေကြရသည်။

ထို့ကြောင့် ကလေးမရပ်နေရာ ပါဋလိပုတ်မြို့ကြီးနှင့်တကွ ဓမ္မာသောကမင်းကြီးပင်လျှင် အစီအရင်အမျိုးမျိုးနှင့် ရေတိုးမလာဖို့ ကာကွယ်နေကြရသည်။ ကမ်းပါးကိုမြေဖို့၊ တချို့ကလည်း နတ်ကိုကိုး၊ တချို့ကလည်း အင်းတွေမြှုပ်၊ တချို့က ဂါထာမန်း အဘက်ဘက် အလမ်းလမ်းက အစွမ်းရှိသမျှ အားထုတ်ပြီး အလုပ်လုပ်နေကြရသည်။ သို့သော် ယူဇနာ ငါးရာအလျား ရှိသည့် ဂင်္ဂါမြစ်ရေသည် တိုးသည်ထက်သာတိုးနေ၍ တာရိုး တွေကျိုးမတတ်ဖြစ်နေတော့သည်။ ဂင်္ဂါရေကလည်း ကျိုက်ကျိုက်ဆူသောလှိုင်းတံပိုး ထ,နေပြန်သည်။ ဤအခါမှာ ကြံရာမရသည့်ပြည့်ရှင်မင်းက အမတ်တွေကိုမေးသည်။

"အချင်းအမတ်တို့၊ ဤဂင်္ဂါမြစ်၏စီးသောရေကို အညာသို့ တစ်ဖန် ပြန်စီးစိမ့်သောငှာ စွမ်းနိုင်သော တစ်စုံတစ်ယောက်သောသူသည် ရှိအံ့လော"

"အရှင်မင်းကြီး အလွန်ပြုနိုင်ခဲပါ၏"

အမတ်တို့က စိုးရိမ်သောက ပြင်းပြခက်ထန်နေသော မင်းကြီးအား ခေါင်းငုံ့ခ,စားရာမှ ဤသို့သာ တုံ့ပြန်လျှောက်ထားဝံ့ကြတော့သည်။

ကမ်းနဖူးပေါ်မှ မိန်းမပျိုကလေးသည် ဓမ္မာသောကမင်းကြီးနှင့် အမတ်များ၏ အမေးအဖြေစကားကိုကြားလိုက်ရသည်။ အညာကိုတစ်ဖန် ရေပြန်၍စီးခြင်းငှာ တစ်စုံတစ်ယောက်မျှ မတတ်နိုင်သည့်အဆုံး အမှန်တရားကိုသုံး၍ လူလုံးပြလိုက်ချင်သည်။

"ငါပြုနိုင်၏၊ အညာကိုတစ်ဖန် ရေဆန်၍စီးနေသောဂင်္ဂါမြစ်ကြီးကို သင်တို့အား ငါပြုနိုင်၏၊ ငါပြုနိုင်၏၊ ရှုလော့ ရှုလော့"

လုံမပျိုသည် ဤသို့ကြွေးကြော်ရင်း မင်းပရိသတ်များစွာတို့ကြည့်ရှုနေကြဆဲပင် မြစ်ထဲသို့ဆင်းလေ၏။ တစ်စုံတစ်ရာသော စကားကိုလည်း ရေစပ်နားအရောက်တွင် ကြည်လင်သောအသံနှင့် မြွက်ကြားနေလေ၏။

မင်းကြီးကား ထိုမိန်းမပျိုကို ထူးခြားစွာအမှတ်ပြုမိလေ၏။

"အချင်းအမတ်တို့၊ ပျိုမျစ်နုနယ် နှစ်လိုဖွယ်အဆင်းနှင့်ပြည့်စုံသော ထိုမိန်းမငယ်သည် အဘယ်သူဖြစ်လေသနည်း၊ သူဌေး သူကြွယ်တစ်ဦးဦး၏ အထူးချစ်မြတ်နိုးအပ်သောသမီး ရင်သွေးရတနာကလေးပင် ဖြစ်လေသလော၊ သို့တည်းမဟုတ်၊ မင်းမျိုးမင်းနွယ် နန်းလယ်ပျော်မှီး တစ်ပါးသောဘုရင်၏သမီးပင် ဖြစ်တုံသလော၊ ရှုချင့်စဖွယ် တင့်တယ်လှပဟန်တကား"ဟု ချီးကျူးကာ စစ်မေး၏။

ထိုအခါ အမတ်တို့သည် မင်းကြီး၏အမေးကို ဤစကားဖြင့် ကွဲလွဲစွာ လျှောက်ထားကြ၏။

"ဘုန်းတော်သခင် အရှင်မင်းကြီး၊ ထိုသူငယ်ပျိုမသည် သူဌေးရိုးရာ သမီးကညာလည်း မဟုတ်၊ သူကြွယ့်ရင်သွေး သမီးကလေးလည်းမဟုတ်၊ နန်းလယ်ပျော်မှီး မင်း၏သမီးလည်းမဟုတ်၊ စင်စစ်သော်ကား အရှင်ဘုရား၏ ပါဋလိပုတ်မြို့တော်တွင်ပင် မှီတင်းနေထိုင်၍ အဆင်းအရောင် ဖြင့်သာ စီးပွားရှာခြင်းပြုနေသော၊ ကာမအရာကို အသပြာနှင့်သာ ဖောက်ကားနေသော ဗိန္ဒုမတီအမည်ရှိ ပြည့်တန်ဆာမကလေးပင်ဖြစ်ပါသည်"ဟု လျှောက်တင်ကြ၏။

အမတ်တို့စကားကား ယွင်းမှားမရှိ မှန်၏။ ရေနတ်သမီးနှင့် ထင်ယောင်ဝိုးဝါး ယိုးမှားတွေးဖွယ် အကြင်ကလေးသူငယ်မသည် ပါဋလိပုတ်

မြို့ကြီး၏ ပြည့်တန်ဆာမကလေးပင်ဖြစ်ပါသည်။ ကာမဂုဏ်လိုက်စား သော မြို့နေယောကျ်ား ရာဂသမားများအဘွက် ဤဗိန္ဒုမတီ၏အမည်သည် ကျော်ကြားလှစွာ၏။ ယောကျ်ားတို့၏စိတ်ကို ယိုဖိတ်ဆွဲငင်နိုင်လောက် သော အဆင်းလည်းရှိ၏။ တင့်တယ်လှပစွာသော အဝတ်တန်ဆာများကို ဝတ်ဆင်လျက် မျက်လုံးမျက်ဖန်ရွှင်ရွှင် ရွှေရင်ဖွံ့ထွား ယောကျ်ားတို့၏ နှလုံးကို ပြုံးရွှင်ကြည်နူးအောင် ပျံ့ပျူးချိုအေးစွာသောစကားကိုလည်း ဆို တတ်၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၌လည်း လိမ္မာ၏။ အကြင်သူ သည် သတ်မှတ်အပ်သော အဖိုးနှုန်းထား ဥစ္စာအသပြာကို ပေးသွင်းအံ့။ ထိုသူသည် လှပနူးညံ့စွာသော ဗိန္ဒုမတီနှင့် တစ်ညတာမျှ ပျော်ပါးမွေ့လျော် ရကုန်၏။ ကာမရောဂါ ကိုယ်တွင်းနာကို သက်သာအောင် ကုစားနိုင်ကြ၏။

မင်းကြီးလည်း ကြေးစားပြည့်တန်ဆာမဟုသိရသောအခါ ချီး ကျူးမိသောစိတ်သည် တောင်ထိပ်မှကျသောရေကဲ့သို့ တစ်ခဏချင်း နိမ့် လျှောသွားလေ၏။ မစင်ဘင်ပုပ်ကဲ့သို့ ရွံရှာစက်ဆုပ် အော့နှလုံးနာမိလေ၏။

အောက်တန်းကျသဖြင့်လည်း မင်းပွဲစိုးခွင် ဝင်မည့်သူ ကင်းကွာ လျက် တစ်ကိုယ်တည်းရောက်လာရခြင်းပင်ဖြစ်တော့သည်။ ဝိုင်းပယ်ဖွန့် ထား၍ အရပ်တစ်ပါး၌သာ နေခဲ့ရရှာသည်။ ယောကျ်ားတို့၏နှလုံးကို ယူ ကျုံးနိုင်သည်ဟုဆိုရငြားလည်း အကြင်ယောကျ်ားတို့မှာ ကာမဝိတက် ရာဂ အရှိန်တက်စဉ်တွင်သာ ဖက်လဲဘနန်းပြုလို ပျော်လိုကြပေသည်။ ပျော်ပွဲရွှင်ပွဲ လူထုထဲတွင်မူကား အဖက်မတန် ဆက်ဆံမည့်သူမရှိ။ သိလျက်နှင့်ပင် အရောတဝင် ခေါ်ငင်ပေါင်းသင်းခြင်းမှ ရှောင်ကွင်းခဲ့ကြသည်။

ဗိန္ဒုမတီ ပြည့်တန်ဆာမသည် ရေစပ်နားတွင်း စကားဆိုမြွက် လက်ဖြင့်ရေကိုကိုင်လိုက်၏။ ထိုခဏအတွင်းဝယ် ဂင်္ဂါရေသည် လှိုင်း

အလိပ်လိပ်ဖြစ်ကာ အညာသို့တစ်ဖန် ပြန်၍စီးလေ၏။ ဝဲတံပိုးအပေါင်နတို့သည်လည်း ကြီးစွာသောအသံဖြင့် မြည်ဟည်းကြလေ၏။ မင်းပရိသတ်များစွာတို့မှာ ထူးကဲစွာသော အခြင်းအရာကိုမြင်လတ်၍ ရင်သပ်ရှုမောအံ့သြကြွေးကြော်လျက် တစ်ခဲနက်သောအသံဖြင့် ပြောဆိုကြလေ၏။

"အသို့နည်း၊ ဤဗိန္ဒုမတီ ပြည့်တန်ဆာမသည် စုန်းကဝေအတတ်ပင် တတ်လေသလော"

"အသို့နည်း၊ ဤဗိန္ဒုမတီ ပြည့်တန်ဆာမသည် ဂါထာမန္တန်အတတ်ပင် တတ်လေသလော"

"ယုတ်မာစွာသော ကိလေသာကာမ၌ တန်ခိုးသတ္တိနှင့်ပြည့်စုံသော နတ်ကောင်းနတ်မြတ်များ ယှဉ်ကပ်နိုင်သည်ဖြစ်အံ့လော"

လူတို့သည် သဲသဲရတ်ရတ် အထင်အမျိုးမျိုးနှင့် တီးတိုးပြောဆိုကြကုန်၏။

မင်းကြီးလည်း ဤသို့လျှင် အံ့ဖွယ်သူရဲ ဖြစ်ထောင့်ဖြစ်ခဲသောအချင်းအရာကို မြင်သောအခါ ထိတ်လန့်တုန်လှုပ်စွာသောနှလုံးနှင့် အမတ်တို့အား မေးပြန်၏။

"ဟယ် အမတ်တို့၊ ဤမိန်းမယုတ်ကား အဘယ်အလုပ်ဖြင့် ဂင်္ဂါရေကို အညာသို့ပြန်၍စီးစေသနည်း။ ဓမ္မတာမဟုတ်သောတရားကို ဤမိန်းမသားက ဆန့်ကျင်စေနိုင်သောအကြောင်းအရာ တစ်စုံတစ်ခု ရှိလေသလား"

မှူးမတ်တို့သည် မင်းကြီး၏အလိုအတိုင်း စုံစမ်းထောက်လှမ်း၍

"မြတ်သောမင်းကြီး၊ ဗိန္ဒုမတီ ပြည့်တန်ဆာမကား အမှန်တရားစကားဆိုခြင်းဖြင့်သာ ဂင်္ဂါရေကိုပြန်၍စီးစေသည်ဟု သိရ၏"ဟု ဆိုကုန်၏။

မင်းကြီးသည် မြင်းမိုရ်တောင်သည် မိမိမျက်မှောက်၌ပင် ကွဲပြိုလဲ

ကျသွားသည်ကို မြင်လိုက်ရသကဲ့သို့ သာလွန်အံ့သြစွာဖြင့် ပြည့်တန်ဆာမ ရှိရာသို့ အလျင်တဆော ကိုယ်တိုင်ကြွ၍ မေးမြန်းရလေ၏။

"ဟယ်...ကျွန်မ၊ သင်သည် အမှန်တရား စကားဆိုခြင်းပြု၍ ဂင်္ဂါရေကို အညာသို့ပြန်စီးစေသည်ဆိုခြင်းမှာ မှန်သလော"

ပြည့်တန်ဆာမသည် ထိုအမေးစကားကို ကြားရသောအခါ ရိုသေစွာရှိခိုး၍ ဤသို့ နားတော်တင်လျှောက်၏။

"မြတ်သောဘဝသခင် အရှင်မင်းကြီး၊ ကျွန်ုပ်သည် မှန်သော စကားဆိုခြင်းပြု၍ ဂင်္ဂါရေကို အညာသို့တစ်ဖန် ပြန်၍စီးစေခြင်းမှာ အမှန်ပင် ဖြစ်၏"

"ဟယ် ပြည့်တန်ဆာမ၊ အဘယ်ကြောင့်လျှင် သင်ကျွန်မအား အမှန်စကားဆိုခြင်းဖြင့် အစွမ်းသတ္တိရှိလေသနည်း၊ အဘယ်သူသည် သင်၏စကားကို နာခံလေသနည်း"

"အသင်မင်းကြီး၊ လောကသည် ဖောက်လွဲသော်လည်း အမှန်တရားကား မဖောက်မလွဲ၊ အမှန်တရားကို နှစ်သက်သူအပေါင်းသည် အမှန်တရားကို နာခံသည်မည်၏။ ထို့ကြောင့် ဂင်္ဂါရေသည် အမှန်တရား စကားကို ဆိုရုံမျှနှင့် ဆန်တတ်လေ၏"

"ဟယ် ကျွန်မ၊ သူ့လင် သူ့သားကို ခိုးသဖြင့် ကာမဂုဏ်ကို ကျူးလွန်သဖြင့် အမှတ်မရှိ၊ သူ့သား သူ့လင်ကို လုယက်သဖြင့်၊ ယုတ်မာသဖြင့်၊ ပျက်ကျိုးသောသီလရှိသဖြင့်၊ ဟိရိဩတ္တပ္ပ အရှက်အကြောက်ကို ကျူးလွန်သဖြင့် လုလင်မိုက်တို့ကို ဖြားယောင်းသဖြင့် အဘယ်သို့လျှင် သင့်၌အမှန်တရား၏အစွမ်းသတ္တိရှိအံ့နည်း"ဟု မင်းကြီးကဆိုလျှင် ကျွန်မသည် ဤသို့ တစ်ဖန် တုံ့ပြန်လျှောက်တင်ပြန်၏။

"အသင်မင်းကြီး အသို့ထင်သနည်း၊ ချိုမြိန်သောအရသာရှိသည့် ကြံပင်တို့၌စွဲ၍အံ့ပြုသော ပျားလပို့မှရအပ်သောပျားရည်သည် ချိုမြိန်၍၊ တမာ

အစရှိသော ခါးသောအရသာ၊ ညှံဖျင်းသောအပင်၌စွဲ၍အုံပြုသော ပျားလပို့မှ ရအပ်သောပျားရည်သည် ခါးသောအရသာနှင့်ပြည့်စုံရအံ့လော။ စင်စစ် သော်ကား ပျားရည်သည် အစဉ်အမြဲ ချိုမြိန်၏။ ပျားလပို့၏စွဲတည်ရာသည် ပဓာနမဟုတ်ပါတကား၊ လောက၌ အကြင်သူသည် ယုတ်မာနိမ့်ကျသော အသက်မွေးမှုရှိ၏။ သို့ရှိရုံမျှနှင့် ထိုသူ၌ အမှန်တရားစကားဆိုနိုင်ခြင်းမှ ကင်းကွာရအံ့လော။ အသင်မင်းကြီး အသို့ထင်သနည်း။ အကျွန်ုပ်သည် အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ နတ်နှင့်တကွသော လောကကိုပင် ထိုအမှန်တရား ဆိုစကားဖြင့် လှမ်းနိုင်ရာ၏"

ထိုအခါ ဓမ္မသောကမင်းကြီးသည် ပြည့်တန်ဆာမ၏စကားကို နှစ်သက်၏။

"အို မိန်းမငယ်၊ သင် အမှန်တရားအလို့ငှာ နှလုံးသွင်းအဘယ်သို့ ရှိသနည်း။ ဤနှလုံးသွင်းသော အမူအရာကို ငါ့အားကြားလော့"

မင်းကြီးသည် လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက်စုဝေးဝိုင်းဝန်းကြည့်နေသည့်အကြားမှာပင် ဗိန္ဒုမတီအား ဤသို့တောင်းပန်ရ၏။ ထိုအခါ ပြည့်တန်ဆာမ မိန်းမပျိုက မချိုမချဉ်မျက်နှာထားရှင်ရှင်နှင့် ဆောလျင်စွာပြန်ကြား၏။

"မြတ်သောမင်းကြီး၊ အကျွန်ုပ်ကား ပြည့်တန်ဆာတည်း။ အကျွန်ုပ်အား အကြင်မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ သူဆင်းရဲစသည့် တစ်ယောက်ယောက်သောသူသည် ဥစ္စာကိုပေးအံ့၊ ထိုပေးသောသူအား အမျှပင်လျှင် ကိလေသာဖြင့် လုပ်ကျွေးလိုက်၏။ မင်းသားဟူ၍ အထူးမရှိ၊ သူဆင်းရဲဟူ၍ မထီမဲ့မြင်မပြု၊ ချစ်ခြင်းမုန်းခြင်းမှလွတ်၍ ဥစ္စာရှင်ကို ကာမဖြင့် ရောင့်ရဲစေ၏။ မြတ်သောအရှင်သခင်မင်းကြီး၊ ဤစကားသည် အမှန် တရားစစ်စစ် ဖြစ်သည်။ ထိုစကားကြောင့် ဤဂင်္ဂါမြစ်ရေသည် အညာသို့ ဆန်တက်ပါစေသတည်းဟု ကျွန်ုပ် အာရုံပြု၍မြွက်ဆို၏။ ဤသို့မြွက်ဆိုသည့်အတိုင်းပင်

ဂင်္ဂါမြစ်ရေသည် မင်းကြီးမြင်သည့်အတိုင်း ဆန်တက်ခဲ့၏။ မြတ်သော မင်းကြီး၊ ကျွန်ုပ်၏အမှန်စကားကား ဤအတိုင်းပင်တည်း" ဟု ဆိုလေ၏။

ဓမ္မာသောကမင်းကြီးသည် ကိုယ်ကျင့်တရားအားဖြင့် ယုတ်မာနိမ့်ကျသော ဗိန္ဒုမတီပြည့်တန်ဆာမထံမှ မှန်ကန်သောသူ၏စကားကို နားနှင့်ဆတ်ဆတ်ကြားရ မှတ်ရလေတော့၏။ ဤနည်းဖြင့် ဗိန္ဒုမတီအမျိုးသမီးသည် အမှန်တရား၏သတ္တိကို ပြလိုက်ရလေ၏။

(မိလိန္ဒပဉှာ)

သုခီ အတ္တာနံ ပရိဟရန္တု

သု ခ

# ပါရမီစာပေက ထုတ်ဝေခဲ့သည့် ဦးသုခ၏စာအုပ်များ

၁။ သုခမှတ်စု
၂။ ချယ်ရီအလှ စာအလှ
၃။ ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ
၄။ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ
၅။ လောကနိတိ
၆။ ရာမာခရစ်ရှနာပုံပြင်များ
၇။ မေတ္တာသုတ်
၈။ မင်္ဂလသုတ်
၉။ သုခဝတ္ထုတိုများ
၁၀။ ရတနသုတ်
၁၁။ စိတ်ဆိုသောစိတ်နှင့်ဝဋ္ဋနာဒီပနီ
၁၂။ အမေ
၁၃။ သုတ ရသ ဓမ္မစာစုံ
၁၄။ ကံ ကံ၏အကျိုးနှင့်အခြားဝတ္ထုတိုများ
၁၅။ ဂုဏ်ရည်မတူလို့လား
၁၆။ ဧယျတသဗ္ဗမင်္ဂလံ
၁၇။ သုခနှင့်သုခ
၁၈။ ဓမ္မကထာ စာပဒေသာ
၁၉။ သဗ္ဗေသတ္တာ
၂၀။ တေဘုမ္မာအဖွင့်
၂၁။ သည်ဆောင်းဟေမန်
၂၂။ ရုပ်ရှင်လောကဘာဝသံသရာ
၂၃။ ဓိဝကနှင့်ကိုယ်ပိုင်ဂုဏ်(ဒေါက်တာမတင်ဝင်းနှင့်)

# မကြာမီက ထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | |
|---|---|
| ၂၅၅။ သာမဏေကျော် | ဝိပဿနာဟူသည် |
| ၂၅၆။ မောင်အုန်းဖေ | ဒီဟာအစ ဒီလိုဗျ |
| ၂၅၇။ သာမဏေကျော် | ဝိပဿနာဉာဏ်နှင့်အမေရိကန် |
| ၂၅၈။ ဒေါက်တာမတင်ဝင်း | ဆရာကိုချစ်မှ စာကိုချစ်သည် |
| ၂၅၉။ ရဝေထွန်း | ဘာသာရေးပြဿနာများ(၂) |
| ၂၆၀။ သာမဏေကျော် | အရှင်မဟာမောဂ္ဂလ္လာန် |
| ၂၆၁။ မစန္ဒာ | အရိပ် |
| ၂၆၂။ မန်းတင် | ခရီးသည်မောင်ပြုံးချို |
| ၂၆၃။ ထက်ခေါင် | စွမ်းအားရှင် |
| ၂၆၄။ သာမဏေကျော် | လူငယ်တို့အတွက်ဗုဒ္ဓအကြောင်း |
| ၂၆၅။ ရဝေထွန်း | ဘာသာရေးပြဿနာ(၁) |
| ၂၆၆။ မစန္ဒာ | ငယ်သူမို့ မသိပါ |
| ၂၆၇။ သာမဏေကျော် | နိဗ္ဗာန်ခရီး မှတ်တမ်း |
| ၂၆၈။ ခင်စောတင့် | စိတ်ကွန်းခိုရာ |
| ၂၆၉။ သာမဏေကျော် | အလှူကြီး ၅ လှူ |
| ၂၇၀။ ဒေါက်တာမတင်ဝင်း | မိမိကိုယ်ကိုသတ်သေသူများ |
| ၂၇၁။ သာမဏေကျော် | မြန်မာတို့နှုတ်ဖျားက ပါဠိစကားများ |
| ၂၇၂။ ဒေါက်တာမတင်ဝင်း | သစ်ပင်စိမ့်စမ်း ချစ်စမ်းစေချင် |
| ၂၇၃။ ဒေါက်တာမတင်ဝင်း | ရေနံစွမ်းအင် ပထမကမ္ဘာစစ်တွင်း ဝင်ခဲ့ပြီ |
| ၂၇၄။ သာမဏေကျော် | ပစ္စေကဗုဒ္ဓါ |
| ၂၇၅။ ဒေါက်တာမတင်ဝင်း | လှပချင်ရင် ရုပ်ကိုလည်းပြင် စိတ်လည်းပြင်ပါ |
| ၂၇၆။ ပန်းဒကာကိုတင်မြင့် | အိမ်ကြီးရှင်များ ကြားပါစေ |

| | |
|---|---|
| ၂၇၇။ ချစ်နိုင်(စိတ်ပညာ) | သိတာရေစင်ပမာ |
| ၂၇၈။ ဒေါက်တာမတင်ဝင်း | ဘယ်လိုလုပ်ရပါ့ |
| ၂၇၉။ သာမဏေကျော် | ကောင်းကင်ယံက ကံထူးရှင်များ |
| ၂၈၀။ မောင်ထင် | မြန်မာ ၁၂ လ အကြောင်း |
| ၂၈၁။ သာမဏေကျော် | ဒါလေးတွေမှ သိပါလေစ |
| ၂၈၂။ ဦးမောင်မောင်လေး | ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်(ပ) |
| ၂၈၃။ ဒေါက်တာမတင်ဝင်း | စာပေထဲမှရတနာများ |
| ၂၈၄။ ဦးအုန်းဖေ | အမျိုးသမီးများအတွက်ဥပဒေ |
| ၂၈၅။ သာမဏေကျော် | သန်းခေါင်ယံမှအလင်းများ |
| ၂၈၆။ ဒေါက်တာမတင်ဝင်း | ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးခြင်း |
| ၂၈၇။ ဒေါက်တာမတင်ဝင်း | ကိုယ်တွေ့နဲ့နော<br>ပြောချင်တဲ့အကြောင်းကလေးတွေ |
| ၂၈၈။ သာမဏေကျော် | လူငယ်တို့အတွက်အလင်းတိုင် |
| ၂၈၉။ Khin Myo Chit | 13 Carat Diamond |
| ၂၉၀။ ဦးသော်ဇင် | ဝိသုဒ္ဓိမဂ် |
| ၂၉၁။ ခင်စောတင့် | ဘဝအဓိပ္ပာယ် |
| ၂၉၂။ သာမဏေကျော် | ဗုဒ္ဓဟောကြားသတိပဋ္ဌာန်တရား |
| ၂၉၃။ မာဂဓိ(သာစည်) | ပရိတ်ကြီးပါဠိတော်မြန်မာပြန် |
| ၂၉၄။ ဦးမောင်မောင်လေး | ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်(၃) |
| ၂၉၅။ ဒေါက်တာမတင်ဝင်း | နေခြင်း သေခြင်းနှင့် လွတ်မြောက်ခြင်း |



ရာမာခရစ်ရှနာသည် ဟိန္ဒူဘုန်းကြီးဘဝဖြင့်
မွဆလင်ဘာသာထဲ ဝင်ကြည့်သည်။
ခရစ်ယာန်ဘာသာထဲ ကူးပြောင်းကြည့်သည်။
နောက်ဆုံး၌ အမည်နာမ အမျိုးမျိုး
တတ်ထားသော်လည်း အမှန်တရားမှာ
တစ်ခုတည်းသာဖြစ်၏ဟု သူသဘောပေါက်သွားသည်။
ရာမာခရစ်ရှနာသည် သူ၏ ဘဝကျွမ်းဂန်းထဲမှ
စာမျက်နှာများဖြစ်ကြသော တရားဒေသနာများစွာကို
ဟောကြားပြသသွားခဲ့သည်။
ဆရာသုခက ရာမာခရစ်ရှနာ၏ ဟောကြားချက်များ၊
ပုံပြင်များကို ဇာတ်နိပါတ်များဖြင့်လည်းကောင်း၊
ပိဋကတ်တော်လာ တရားဥပဒေများဖြင့်လည်းကောင်း၊
မြန်မာ့သာသနာဝင် အဖြစ်အပျက်များဖြင့်လည်းကောင်း၊
ရှင်းလင်းဖြည့်စွက် အမွှမ်းတင်ပြထား၏။ သို့ဖြစ်၍
ရာမာခရစ်ရှနာ၏ ပုံပြင်များသည်
ဗုဒ္ဓဘာသာပါးဝနေသည့် မြန်မာပရိတ်သတ်အဖို့
ပိုမိုတောက်ပြောင်သွားဖွယ်ရာ ရှိပေ၏။

(ပါရဂူ၏ အမှာမှ)

# ရာမာခရစ်ရှနာ၏ ပုံပြင်များ

## သုခ

Than Myint Aung 2005